www.burmeseclassic.com

# ရင်မိုး

(ဝေးတာဏ္ဏသိုလ်)

## အဓိပ္ပာယ်ရှိသောရင်ခုန်သံ



BURMESE CLASSIC .com

Design L လင်း

www.burmeseclassic.com

www.burmeseclassic.com







# ရှင်ဖိုး
## (ဆေးတက္ကသိုလ်)



# အဓိပ္ပာယ်ရှိတဲ့ ရှင်ခုန်သံ


စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







အလုပ်ပြီးခါနီးလေးမှာ အလုပ်ရှင်ဘော့(စ)ဖြစ်သူ ဒေါ်မိုးမြတ်နွယ်ထံမှ ဖုန်းဝင်လာသည်။ ဆိုင်းဆိုင်း ချက်ချင်းပဲ ကောက်ကိုင်နားထောင်လိုက်ပါသည်။

"ညို့ဆိုင်းဆိုင်းလားဟေ့"

"ဟုတ်ပါတယ် မမ"

"ဒီနှစ် နယူးရီးယားပါတီအတွက် စီစဉ်စရာတွေ ပြီးပြီလား"

အလုပ်မှာ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဒီဇင်ဘာလ၏ နောက်ဆုံးရက်ဖြစ်သော (၃၁)ရက်နေ့ရဲ့ ညဦးပိုင်းမှစပြီး ညဆယ့်နှစ်နာရီထိုး၍ နှစ်သစ်ကူးတဲ့အထိ ပျော်ပွဲရွှင်ပွဲ ပါတီပွဲ ကျင်းပပေးလေ့ရှိရာ ထိုပွဲဖြစ်မြောက်ရေး၊ အောင်မြင်ရေးကိစ္စအဝဝကို ဦးဆောင်ရသူမှာ ဆိုင်းဆိုင်းပဲ ဖြစ်ပါသည်။

"ပြီးပါပြီ မမ"



www.burmeseclassic.com

www.burmeseclassic.com



"အားလုံး သူ့အဆင့်နဲ့သူ သင့်တော်တဲ့ presents (ပရဲဆင့်(စ))တွေလည်း လောက်ပေါတယ်နော်"

"လောက်ပေါတယ်၊ ဆိုင်းဆိုင်း အကုန်စိစဉ်ပြီးပါပြီ၊ စိတ်ချပါ"

"ဟုတ်ပြီ၊ မမက သေချာချင်လို့ ဖုန်းဆက်မေးတာပါ၊ ဆိုင်းဆိုင်း ရုံးဆင်းတော့မလား"

"အလုပ်တွေ ပြီးသလောက် ဖြစ်နေပြီမို့ ဆင်းတော့မယ် မမ။ မမ ဘာခိုင်းစရာများ ရှိသေးလို့လဲ"

ပုံမှန်အလုပ်ချိန်ကတော့ မနက်ကိုးနာရီ အရောက်လာ ညနေငါးနာရီ ဒေါင်ခနဲထိုးတာနဲ့ ပြန်ကြရုံပဲပေါ့၊ သို့သော် ဆိုင်းဆိုင်း အပါအဝင် ရာထူးခပ်ကြီးကြီးကို ယူထားရသောတခြားငါးယောက် ခြောက်ယောက်မှာတော့ ရုံးပြန်ချိန်ရယ်လို့ ပုံမှန်မရတတ်ပါ။

ဒေါ်မိုးမြတ်နွယ် လက်စွဲတွေ၊ ဒေါ်မိုးမြတ်နွယ် အရေးပေးခံထားရသူတွေ၊ ဒီခေတ်ဒီအခါမှာ နိုင်ငံခြားငွေဒေါ်လာနဲ့ လခရထားသူတွေ အတွက်ကတော့ ဒေါ်မိုးမြတ်နွယ် ပြန်နိုင်းသည့် အချိန်မှသာ ပြန်ကြရသူတွေဖြစ်သည်။ အထူးသဖြင့် အလုပ်လုပ်ရာမှာ စွဲကြီးလှသော ဒေါ်မိုးမြတ်နွယ် ရုံးက မပြန်ချင်း သူတို့လည်း မပြန်ရဲကြသောသူတွေ ဖြစ်ပါသည်။





ဒေါ်မိုးမြတ်နွယ်၏ အိမ်တွင်းအလှဆင်ပစ္စည်း တင်သွင်းသော ကုမ္ပဏီမှာ ထိုင်းလူမျိုး သူဌေးတစ်ဦးနှင့် ဖက်စပ်ရှယ်ယာထည့်ပြီး ဖွင့်ထားသော ကုမ္ပဏီကြီးတစ်ခုလည်းဖြစ်သည်။ မြန်မာပြည်မှာရော ထိုင်းနိုင်ငံမှာပါ နာမည်ရ အောင်မြင်သောအခြေခိုင်သော ကုမ္ပဏီလည်းဖြစ်ရာ လခလည်း ကောင်းသလိုဝန်ထမ်းတွေအပေါ်လည်း အခွင့်အရေး တော်တော်ပေးသဖြင့် လုပ်ချင်သူများလှပါသည်။

ဒါကြောင့် နေရာရပြီးသား၊ အလုပ်ရပြီးသား ဝန်ထမ်းတွေမှာ ကိုယ့်နေရာမြဲဖို့အရေး၊ အစွမ်းကုန် ကြိုးစားနေကြသည်မှာလည်း အပြိုင်အဆိုင်မို့ ဘယ်သူကမှ အလုပ်ပြန်ချိန် ပမှန်သည်ကို အရေးလုပ်ပြီး ထည့်ပြောမနေတတ်ကြချေ။

"ခိုင်းစရာမရှိပါဘူး၊ မနက်ဖြန် မနက်စောစောလေးကို လာခဲ့ဖို့ မှာချင်လို့ပါ"

"ရုံးကို ဘယ်နှနာရီအရောက် လာပေးရမလဲ မမ"

"ရှစ်နာရီခွဲ ရောက်နိုင်မလား"

"ဟုတ်ကဲ့ ... ရပါတယ်"

"တို့ ဆိုင်းဆိုင်းကို အသိပေးစရာလေး ရှိလို့ပါ"

"ဟုတ်ကဲ့ မမ၊ ဆိုင်းဆိုင်း လာခဲ့နိုင်ပါတယ်"

မနက်ဖြန်က ဒီဇင်ဘာ(၃၁)ရက်နေ့ပဲ ဖြစ်သည်။ နှစ်ကုန်ဆိုင်လှစွာ စနေနေ့လည်း ဖြစ်တာမို့ ညဘက် ပါတီမှာ



www.burmeseclassic.com

www.burmeseclassic.com




ညဥ့်နက်ပြီးလျှင် မနက်ကျ စောစောထ,စရာလည်းမလို။ တနင်္ဂနွေနေ့မို့ စိတ်ကြိုက်အိပ်နိုင်သည်။ မနက်ဖြန်မနက် ခပ်စောစောလာခိုင်းတယ်ဆိုတာ ဘာကိစ္စများပါလိမ့်။ အသိပေးစရာရှိသတဲ့။ ရှိရင် အခု ဖုန်းပြောရင်း အသိပေးလည်း ရသားပဲ။ ဘာကြောင့်များ ပဟေဠိလုပ်ထားခဲ့သလဲ မသိဘူး။

ဆိုင်းဆိုင်း တစ်ယောက်တည်း ကွန်ပျူတာပိတ်၊ အံဆွဲသော့ခတ်၊ ပစ္စည်းတွေသိမ်းရင်း ဒေါ်မိုးမြတ်နွယ် ဘာပြောမှာပါလိမ့် ဆိုတာကို အဖြေရှာနေမိလေသည်။

ဌ ❋ ဌ







# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com



## ၁

ညို့ဆိုင်းဆိုင်းသည် ရင်တထိတ်ထိတ်ဖြစ်လျက် ပေါင်ပေါ်တင်ထားသော ကိုယ့်လက်ကိုယ် ခိုး၍အသာဆိတ်ကြည့်မိပါသည်။ အသားတော်တော်ကြီး နာသွားမှ ဒါ အိပ်မက်မဟုတ်ဘူးဟု ဝမ်းသာအားရ တွေးမိလေသည်။

"တို့ ဝန်ထမ်းအားလုံးကို နှစ်သစ်ကူးလက်ဆောင် ပေးတဲ့အထဲမှာ ဆိုင်းဆိုင်းကို ပေးတဲ့ လက်ဆောင်ကတော့ အကောင်းဆုံး ထင်ပါရဲ့"

"ဟုတ်ပါတယ်၊ အကောင်းဆုံးပါပဲ မမ၊ ကျေးဇူးတင်ပါတယ်၊ ဟို ... ဆိုင်းဆိုင်း ဘယ်လိုပြောပြရမှန်းတောင် မသိပါဘူး"

"ရတယ် ... ရတယ်၊ တို့ကို ပါးစပ်ကနေ တဖွဖွ ကျေးဇူးတင်ပြတာကို တို့ မကြိုက်ဘူး၊ အလုပ်နဲ့ပဲ သက်သေပြ၊





ဟုတ်ပြီလား။ ဒီသုံးလအတွင်းမှာ ဆိုင်းဆိုင်း အလုပ်ပိုကြိုးစားရင်ပဲ တို့ ကျေနပ်ပြီ။ ကဲ ... ကဲ ... ကိုယ့်စားပွဲကိုယ် ပြန်သွားတော့"

ဆိုင်းဆိုင်းမှာ ခြေထောက်နဲ့ ကြမ်းခင်းကြွပြားပင် မထိတော့သလို ခံစားနေရလေသည်။ စားပွဲမှာ ဝင်ထိုင်လိုက်တော့ ဆိုင်းဆိုင်းနှင့် ခပ်လှမ်းလှမ်း မျက်နှာချင်းဆိုင်စားပွဲမှာ အလုပ်လုပ်လျက်ရှိသော ဖူးပွင့်ထံမှ ...

"ဟေ့ ... ဘာအကြောင်းထူးလဲ၊ ပြောပါဦး"

ဆိုသော e-mail စာသားတစ်ခု ဝင်နေကြောင်း ကွန်ပျူတာကြည့်လိုက်တာနဲ့ တန်းမြင်ရသည်။

အလုပ်ထဲမှာ ဝန်ထမ်းတွေ အလကားနေရင်း စကားပြောတာ မကြိုက်သောကြောင့် အချင်းချင်း ဆက်သွယ်လိုကြလျှင် e-mail ဖြင့်သာ အဆက်အသွယ်လုပ် ပြောကြပါသည်။ ဆိုင်းဆိုင်းလည်း ခပ်မြန်မြန်ပဲ ပြန်ရိုက်လိုက်သည်။ ဖူးပွင့်က ဆိုင်းဆိုင်းနဲ့ အတွဲဆုံး သူငယ်ချင်းလည်း ဖြစ်သဖြင့် ခုလောလောဆယ်မှာ ဆိုင်းဆိုင်း စကားအများကြီး ပြောလိုသူကား ဖူးပွင့် တစ်ယောက်ပဲ ဖြစ်နေလေသည်။

"အဘွားကြီး ငါ့ကို ဘာခေါ်ပြော်တယ်ထင်လဲ"

ဆိုင်းဆိုင်းနဲ့ ဖူးပွင့်တို့ရဲ့ မကောင်းတဲ့အချက်က ဒေါ်မိုးမြတ်နွယ်ကို ကွယ်ရာမှာ အဘွားကြီးဟု ခေါ်တာပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည်လေ၊ အသက်ငါးဆယ့်ငါးနှစ်အရွယ် အန်တီကြီး၊ ဆိုင်းဆိုင်းရဲ့အမေထက်ပင် အသက်ကြီးသူကြီးကို "မမ"ဟုခေါ် နေရသည်မှာ အတော် ရယ်စရာတော့ ကောင်းနေသည်လေ။ ဒေါ်မိုးမြတ်နွယ်က သူ့သားအရွယ် သမီးအရွယ်ပဲတွေ့တွေ့၊ မြေးလောက်အရွယ်ပဲတွေ့တွေ့ သူ့ကိုယ်သူ"မမ"၊ "မမ"နှင့် နာမ်စားသုံးပြောသဖြင့်သာ အားလုံးက အထာပေါက်ပြီး သူ့စိတ် ကြိုက်လိုက်ပြီး "မမ"ဟု ရှေ့မှာခေါ်ရတာဖြစ်သည်။ ကွယ်ရာမှာ ကျ တချို့က အန်တီကြီး၊ တချို့က ဘော့(စ)အပျိုကြီးခေါ်ရင် ခေါ်မှာပေါ့။ ဆိုင်းဆိုင်းနဲ့ ဖူးပွင့်တို့ကတော့ အဘွားကြီးတဲ့ ... ကဲ ...။

"ဟိဟိ ... သူစုထားတဲ့ စိန်သေတ္တာကြီး ပေးမယ်တဲ့လား"

ဟုတ် ... မဟုတ်တော့ မသိ။ ဒေါ်မိုးမြတ်နွယ်မှာ တစ်ကိုယ်တည်း အပျိုကြီး ကျိကျိတက်အောင်လည်း ချမ်းသာလေ ရာ စိန်တွေ သေတ္တာလိုက် စုထားကြောင်း ယုံတမ်းပုံပြင်လို ပြောသူတွေက ပြောကြပါသည်။

"စိန်သေတ္တာတော့ မဟုတ်ဘူး"

"ဒါဖြင့် ဘာသေတ္တာလဲ"

"ဗန်ကောက်၊ စင်ကာပူ၊ မလေးရှား သုံးနိုင်ငံကို နောက် သုံးလအကြာမှာ သူသွားတဲ့အခါ အကျွန်ုပ်ကို ခေါ်ပါမည် တဲ့"





"Wow !"

ဟူသော ဖူးပွင့်ထံမှ အံ့ဩဟန် တုံ့ပြန်စာလုံးရိုက် အပြီးတွင် ဖူးပွင့်ဟာ ဆိုင်းဆိုင်းကိုလှမ်း၍ မျက်လုံးချင်းဆုံအောင် ကြည့်လိုက်ပါသည်။ အသံမထွက်ဘဲ နှုတ်ခမ်းလှုပ်ရုံလေးနဲ့ "တကယ်လား"ထပ်မေးနေသေးသဖြင့် ဆိုင်းဆိုင်းကလည်း "တကယ်"ဟု အသံတိတ် ပြန်ဖြေလိုက်ပါသည်။

"Congratulation"

ဟူသော စာသားလေးကို ပြန်ပို့သော ဖူးပွင့် မျက်နှာ နည်းနည်းတော့ မှုန်သွားမှန်း ဆိုင်းဆိုင်း သိပါသည်။ အလုပ်ထဲရောက်မှ သိကျွမ်းခင်မင်ရတဲ့ သူငယ်ချင်း မဟုတ်ပါဘဲ ကျောင်းမပြီးခင် ကွန်ပျူတာသင်တန်းတက်ရင်း ခင်ခဲ့ရသော သူငယ်ချင်း ဖူးပွင့်နဲ့ ခင်မင်တာ သုံးနှစ်နီးပါး ရှိပြီမို့ ကိုယ့်အပေါ် ဘယ်လိုစိတ်သဘောမျိုး ထားတတ်တယ်ဆိုတာကို ဆိုင်းဆိုင်း ရိပ်မိပြီးသားဖြစ်သည်။

ဖူးပွင့်နဲ့ ကွန်ပျူတာသင်တန်းတင်မက အင်္ဂလိပ်ရှိ စပီကင်းသင်တန်း၊ LCCI ဖြေဖို့ သင်တန်းတွေမှာသာ အတူတူ တက်ခဲ့တာမို့ သင်တန်းတက်ကြတဲ့ကာလမှာ ခင်တာက တစ်နှစ် နီးပါး။ အလုပ်အတူတူ လျှောက်တော့လည်း ကံကောင်းတာလား၊ တိုက်ဆိုင်တာလား၊ ဖူးပွင့်နဲ့ပဲ‹ရေစက်ပါတာလားတော့သည်။ ဒီ ကုမ္ပဏီတစ်ခုတည်းမှာပဲ တစ်ပြိုင်တည်းခန့်ခြင်း ခံရသူတွေဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တာမို့ ပို၍ရင်းနှီးခဲ့ကြလေသည်။ သို့သော် ငယ်ပေါင်းတွေမဟုတ်ဘဲ အသက်ကြီးမှ ပေါင်းခဲ့သော မိတ်ဆွေသူငယ်ချင်းမို့ ခင်မင်မှုက မစစ်မှန်ဘူးပဲလားတော့ မသိ။ ဆိုင်းဆိုင်း ကိုယ်တိုင်ကရော ဖူးပွင့်ကရော အပြင်ပန်း ဘယ်လောက်ပဲ ခင်မင်ပြပါစေ အတွင်းစိတ်တွေထဲမှာတော့ တစ်ယောက်နဲ့ တစ်ယောက် ကျိတ်ပြိုင်၊ ကျိတ်မနာလိုနေတာတော့အမှန်။

ငယ်ရွယ်ပြီး ရုပ်ချော၊ ပညာတတ်၊ လခကောင်း အလုပ်ရထားသူခြင်း မိန်းကလေးတွေပီပီ ပြိုင်ကြ ဆိုင်ကြ၊ မနာလိုကြတာလည်း သိပ်တော့မဆန်းလှ။

အခုတစ်ခါမှာတော့ အလုပ်ရှင်က ဆိုင်းဆိုင်းကိုမှ ရွေးပြီး သူ့ရဲ့နိုင်ငံခြားခရီးကို ခေါ်ပါမည်ဟူသော အချက်သည် ဖူးပွင့်ကို အပြတ်အသတ်ကြီး အနိုင်ရသလို ခံစားရကာ ဆိုင်းဆိုင်း တစ်ယောက် တစ်နေကုန် စိတ်ချမ်းသာ ပျော်ရွှင်နေတော့လေသည်။

ထမင်းစားချိန်လောက်မှာတော့ ဆိုင်းဆိုင်းကို သုံးနိုင်ငံခရီး ခေါ်သွားမည့်သတင်းသည် တစ်ရုံးလုံးကို ပြန့်နေပြီဖြစ်သည်။

"ဘော့(စ)က ဒီနယူးရီးယားမှာ ညို့ဆိုင်းဆိုင်းကိုပေးတဲ့ ပရဲဆင့်က အကောင်းဆုံးပဲဟေ့"

"မနာလိုဘူး၊ မနာလိုတော့ဘူး"





"ထင်တော့ ထင်သားပဲ၊ ဘော့(စ)က ညို့ဆိုင်းဆိုင်းကို တော်တော် သဘောကျနေတာ၊ သုံးနိုင်ငံခရီးကို ဝန်ထမ်းထဲက တစ်ယောက်ခေါ်မယ် လေသံပစ်ကတည်းက ညို့ဆိုင်းဆိုင်းကိုပဲ ခေါ်မယ်ဆိုတာ သိကိုသိနေတယ်"

"ခေါ်သင့်ပါတယ်လေ၊ ညို့ဆိုင်းဆိုင်းက စပီကင်းသိပ်ကောင်းတာ၊ ဒီရုံးထဲမှာ သူ့ကိုမီအောင် ဘယ်သူမှ လိုက်မပြောနိုင်ဘူးလေ"

ဟူသော ချီးမွမ်းသံ၊ ဝေဖန်သံတွေ ကြားမှာ ဆိုင်းဆိုင်းတစ်ယောက် အမြောက်ကြီး မြောက်နေမိလေသည်။ အလုပ်က ဒီနေ့လိုနေ့မျိုးဆိုရင် စောစောစီးစီးပဲ ရုံးဆင်းပေးပေမဲ့ ဘယ်သူမှ အိမ်မပြန်ကြဘဲ ညနေခြောက်နာရီလောက်မှာ စတင်မည့် နယူးရီးယားပါတီပွဲကို ဆင်နွှဲဖို့ အားလုံးတက်ကြွနေကြလေသည်။

ခြောက်နာရီထိုးတာနဲ့ ဒေါ်မိုးမြတ်နွယ်က အားလုံးကို လာနှုတ်ဆက်စကားပြောကာ ဖူးပွင့်နဲ့ ဆိုင်းဆိုင်း စီစဉ်ဝယ်ခြမ်းပေးထား၊ ထုပ်ပိုးပေးထားသော လက်ဆောင်ထုပ်တွေကို သူကိုယ်တိုင် ဝေပေးပါသည်။ လက်ဆောင်ထုပ်အားလုံး ဝေပေးပြီးသောအခါမှာ စားသောက်ဆိုင်ကြီးတစ်ခုမှ မှာထားသည့် စားသောက်စရာ ဟင်းလျာတွေ၊ အဖျော်ယမကာတွေဘက် လှည့်ကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... အားလုံးပဲ သနေစာ စားသောက်လို့ ရပါပြီ။ အားလုံး ပျော်ရွှင်ရတဲ့ နှစ်သစ်ဖြစ်သလို အန္တရာယ်ကင်း ကင်းနဲ့ ကျန်းကျန်းမာမာနဲ့ အိမ်ပြန်ရောက်ရတဲ့ နှစ်သစ် ကို ပိုင်ဆိုင်ပါစေလို့ ကြိုဆုတောင်းခဲ့မယ်နော်"

ဒေါ်မိုးမြတ်နွယ်က ယောက်ျားဝန်ထမ်း အများစု ဘက်ကို တစ်ချက်ဝေ့ကြည့်ပြီး ပြောဆိုနှုတ်ဆက်သွားသောစကား မှာ အဓိပ္ပာယ်ပါလှသည်။ ယောက်ျားအများစုက ရေခဲစိမ်ပေး ထားသော ဘီယာဘူးတွေကို အသေအကြေ သောက်ကြဖို့လောက် သာ ခေါင်းထဲ ထည့်နေမှန်းသိ၍ သတိပေးစကား ပြောသွားတာ လည်း ပါပါသည်။ ဘီယာတွေ နင်းကန်သောက်၊ မူးပြီးအိမ်ပြန် တဲ့အခါ မတော်တဆ အက်ဆီးဒင့်တစ်ခုခုနဲ့ ကြုံမှာ။ ဒါမှမဟုတ် ညက အသောက်များသွားလို့ မနက်ကျ နေထိုင်မကောင်းဖြစ်ပြီး အရက်နာကျမှာတွေကို ဒေါ်မိုးမြတ်နွယ်က အပူကြီးပေမဲ့ ကြိုသိ နေပုံရသည်။

ဒေါ်မိုးမြတ်နွယ် ပြန်သွားတော့မှ အားလုံး ကြောင် မရှိ၊ ကြွက်ထ ဆိုသလို စိတ်လွတ်ကိုယ်လွတ် ပျော်ပါးသောက် စားကြလေတော့သည်။ အစားအသောက်ကတော့ ဘူဖေးစနစ်နဲ့ ကိုယ့်ဘာသာ ထည့်စားရတာမျိုးဖြစ်သလို ပန်းကန်တွေ ဇွန်းတွေ ခွက်တွေလည်း ဆေးစရာမလိုအောင် တစ်ခါသုံး ပလတ်စတစ် ပန်းကန်တွေ၊ ဇွန်းခက်ရင်းတွေ၊ ရေခွက်တွေသာ သုံးထားပါသည်။





မူးမွှင့်နဲ့ ဆိုင်းဆိုင်းတို့ ပလတ်စတစ်ပန်းကန်ပြား လေးထဲ စားစရာ နည်းနည်းစီ အတူထည့်ရင်း ...

"ဆိုင်းဆိုင်း ... နင်က ဒီမှာ ဆယ့်နှစ်နာရီထိုးတဲ့အထိ နေ မှာလား"

"နေရမှာပေါ့၊ နှစ်တိုင်းလည်း နေနေကျပဲဟာ၊ ပြန်ဖို့လည်း စိတ်မပူရဘူးလေ။ ဒေါ်မိုးမြတ်နွယ်က မီနီဘတ်စ်နှစ်စီး ငှားပေးထားတာပဲ၊ တက်လိုက်သွားရုံပဲ"

ကုမ္ပဏီမှာ ဖယ်ရီအတွက်သုံးသော အမိုးတင်ထား သည့် Lite Ace ကားနှစ်စီးရော ဒရိုင်ဘာရော ရှိပါသည်။

သို့သော် ဒီနေ့လိုနေ့မျိုးမှာ အဲဒီဖယ်ရီမောင်းသမား တွေပါ ဒီထဲဝင်ပါပြီး သောက်နေကြတာမို့ ဒေါ်မိုးမြတ်နွယ်က ထိုသူတွေကို ကားပေးမမောင်းတော့ပါ။ သီးသန့် မီနီဘတ်စ် နှစ်စီးငှားပေးပြီး ဝန်ထမ်းတွေ အိမ်ပြန်ဖို့ စီစဉ်ပေးပါသည်။

"မူးတဲ့လူမောင်းတဲ့ကားကိုစီးရင် ဘာတွေဖြစ်လာမလဲဆို တာ ကြိုသိတယ်လေ။ ဒါကြောင့် မူးချင်တဲ့သူလည်း စိတ် ကြိုက်မူးလို့ရအောင်၊ ပျော်ချင်တဲ့သူတွေလည်း အန္တရာယ် ကင်းကင်းနဲ့ ပျော်လို့ရအောင် ကားငှားပေးလိုက်ပါ ဆိုင်းဆိုင်း"

ဟု ဒေါ်မိုးမြတ်နွယ် ကိုယ်တိုင် အမိန့်ပေးသဖြင့် သီးသန့်ကားနှစ်စီး ငှားပေးထားလေရာ ပြန်ဖို့လည်း မပူရပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအလုပ်ထဲမှာ ပါတီလုပ်ရတာ ပျင်းဖို့ကောင်းပါတယ်"

"ဒါဖြင့် အိမ်ပြန်တော့ရော ဘာပွဲရှိမှာမို့လဲ၊ အိမ်မှာဆို ပိုတောင်ပျင်းဖို့ကောင်းသေးတယ် ဖူးပွင့်ရဲ့။ ငါ့အဖေအမေတွေက ကိုးနာရီခွဲဆို မီးပိတ်အိပ်ကြပြီ။ ငါ့အစ်မ ဆရာဝန်ပေါက်စကလည်း ဘွဲ့ရပြီးလည်း မရပ်နိုင်သေးဘူး။ နောက်တစ်ဘွဲ့ယူရဖို့ သူ့အခန်းမှာသူ တံခါးပိတ်ပြီး စာကြည့်နေပြီ။ သူက လောကကြီးကိုဘာမှ မခံစားတတ်ဘူး။ သူ့ဆေးစာတွေနဲ့ပဲ လူလုပ်နေတာလေ"

"ငါ့အိမ်လည်း ဒီလိုပါပဲ။ ငါ့အစ်မကဆို တကယ် ကန့်လန့်ကြီး သိလား။ တစ်ရက်ပြီးတစ်ရက် ပြောင်းသွားတယ်၊ တစ်လပြီးတစ်လ ကုန်သွားတယ်၊ တစ်နှစ်ကုန်လို့ တစ်နှစ် သစ်သွားတယ် ဆိုတာဟာတဲ့ လူတွေလုပ်နေတာပါတဲ့။ လူတွေ ဖန်တီးတဲ့ ပြက္ခဒိန်ဆိုတဲ့ နေ့ရက်ဇယားကြီးရှိနေလို့ ပြောင်းလဲနေတာပါတဲ့။ တကယ်တော့ ဘာမှမဆန်းပါဘူးတဲ့၊ အဲဒီလိုပြောပြီး သူ့များဖိလင်ကို လိုက်ဖျက်တာလေ"

ဖူးပွင့်နဲ့ဆိုင်းဆိုင်း ဘယ်လောက်များ တူလိုက်သလဲဆိုရင် ကိုယ်စီမှာ အစ်မတစ်ယောက်စီ ပိုင်ဆိုင်တာချင်းလည်း တူပါသည်။





မဟုတ်တာဆိုလို့ ဖူးပွင့်က အသားဖြူဖြူ မျက်ဆန်အညိုရောင်နဲ့ နက်ပြာရောင်လည်ပင်အညိုရောင်ဖြစ်တဲ့ ပုံစံလေးနဲ့လှပသလို ဆိုင်းဆိုင်းကျတော့ အသားညိုဝါဝါ စိုလက်လက်လေးနဲ့ မျက်လုံးမျက်ဖန်တွေ တအားကိုလှကာ ဇစ်တိုးရိုးယားဘက်(ခ)ဟာမ်းဆံပင်ပုံစံမိုက်မိုက်လေးနဲ့ လှပသူဖြစ်သည်။ နှစ်ယောက်စလုံး ချပ်ချောချောလေး ဖြစ်တာခြင်း တူပေမဲ့ တစ်ယောက်ကတော့ ဖြူဆွတ်ဆွတ်၊ တစ်ယောက်ကတော့ ညိုလက်လက်လေး ဖြစ်တာက ကွဲပြားခြားနားလေသည်။

"အိမ်တော့ မပြန်ပါဘူးဟယ်၊ ဒါပေမဲ့ ငါ့မေ-ဒိနမဝမ်းကွဲတွေအိမ်မှာတော့ ပါတီအကြီးအကျယ်ပေးမှာရှိတယ်၊ အဲဒီသွားရင် ကောင်းမလားလို့ စဉ်းစားနေတာ"

"အရင်နှစ်တွေက သူတို့ မလုပ်ဘူးလား"

"ဘာဖြစ်လို့ မေးတာလဲ ဆိုင်းဆိုင်းရဲ့"

"နင်က ဒီနှစ်မှ အဲဒီအကြောင်း ပြောလာလို့ပါ"

"အရင်နှစ်တွေက မလုပ်ဘူး။ အားလုံး club တွေဆီပဲရောက်နေကြတာလေ။ ဒီနှစ်မှ ဘာလို့သူတို့ခြံထဲမှာ လုပ်လဲဆိုတော့ ငါ့အဒေါ်က ဒီနှစ် ဘယ်သားသမီးမှ အပြင်မထွက်ရဘူး၊ အိမ်မှာပဲ လုပ်ရမယ်လို့ အမိန့်ချလို့ပေါ့။ ဘာကြောင့်လဲဆိုတော့ မနှစ်က ငါ့မောင်ဝမ်းကွဲတစ်ယောက်အပြန်မှာ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆေးရုံရောက်သွားလို့ရလို့ လူကြီးတွေ လန့်ကုန်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဟုတ်လား၊ ဘာဖြစ်သွားသေးလဲ"

"အသက်အန္တရာယ်တော့ မထိခိုက်လိုက်ပါဘူး၊ ဒါပေမဲ့ ဆေးရုံမှာ တစ်လကျော်လောက် နေလိုက်ရတယ်လေ။ ခေါင်းပေါက် နံရိုးကျိုး ခြေကျိုး လက်ကျိုး အစုံပေါ့၊ တစ်ကိုယ်လုံး ဒဏ်ရာချည်းပဲ၊ သေလောက်တဲ့ဒဏ်ရာမရ ပေမယ့် အရိုးတွေ ကျိုးကုန်တော့ ခွဲစိတ်သင့်တာခွဲစိတ်၊ စတီးချောင်းပြန်ထည့်တဲ့နေရာထည့်နဲ့၊ လူလည်းခံရလိုက် ရတာ မနည်းဘူး။ ပိုက်ဆံလည်း ကုန်လိုက်တာ သောက် သောက်လဲပေါ့။ ပိုက်ဆံကုန်တာထက် လူကို ထိခိုက်ဒဏ် ရာရတာကို အဒေါ်လည်း ကြောက်သွားပြီး အားလုံး အပြင်ထွက်မပျော်ရ၊ အိမ်ထဲမှာပဲ ပျော်ကြလို့ ခွင့်ပြုတာလေ"

ဆိုင်းဆိုင်း သိထားသလောက်ကတော့ ဖူးပွင့်တို့ ဆွေမျိုးစုထဲမှာ ထိုအဒေါ်ကတော့ အတော့်ကို ချမ်းသာကာ သူဌေးရပ်ကွက်မှာ ခြံနဲ့ဝင်းနဲ့ နေနိုင်သူလည်းဖြစ်သည်။ ဖူးပွင့် တို့ကတော့ ဆိုင်းဆိုင်းတို့လိုပဲ သာမန်အလယ်အလတ်တန်းစား စားနိုင် သောက်နိုင် သုံးနိုင်သော အဆင့်လောက်သာ ဖြစ်ပါသည်။ ဒါကြောင့်လည်း ဆိုင်းဆိုင်းနဲ့ ဖူးပွင့်ဟာ အဆင့်အတန်း အတူတူ ချင်း၊ အရွယ်အတူတူချင်းတွေမို့ ပိုပြီးပြိုင်လို့ကောင်းနေတာလည်း ဖြစ်လေသည်။ လူဆိုတာက ကိုယ်နဲ့ သိပ်အဆင့်ကွာနေရင်တော့ မနိုင်နိုင်မှန်းလည်းသိ၊ မယှဉ်နိုင်မှန်းလည်းသိပြီး မပြိုင်ဘဲ နေကြ





ပေမယ့် အဆင့်တူနေရင်တော့ ငါ သူ့ထက် ဘယ်လောက်များ ပိုသာမလဲဆိုပြီး ပြိုင်ကြ ဆိုင်ကြတာမျိုးပဲ ဖြစ်သည်။

"ငါသွားရင် နင်လိုက်မလား ဆိုင်းဆိုင်း"

"ဟယ် ... ငါ့မှမဖိတ်တာ"

"မဖိတ်ပေမဲ့ ငါနဲ့အတူတူ နင်ပါလာလည်း သူတို့ကအပြစ် မပြောပါဘူး။ အားလုံးကို freedom (ဖရီးဒမ်း)ပေးထား တာတဲ့၊ ပျော်ချင်တဲ့သူလာခဲ့။ အဖော်ခေါ်ချင်ရင်လည်း ခေါ်လာခဲ့တဲ့"

"သွားတာက ဟုတ်ပါပြီ၊ အပြန်ကျ နင်နဲ့ငါ နှစ်ယောက် တည်း တက္ကစီစီးပြီး ပြန်လို့ဖြစ်ပါ့မလား"

"မဖြစ်ရင်လည်း ငါ့အဒေါ်အိမ်မှာ ခဏအိပ်၊ မိုးလင်းမှ ထပြန်ရတာပဲ"

"ဟယ် ... မဖြစ်သေးပါဘူး၊ ငါ့မိဘက ခွင့်ပြုမှာမဟုတ် ဘူး၊ နင့်အိမ်မှာအိပ်ရင် အကြောင်းမဟုတ်ဘူး။ အခုကျ သူတို့ဘာမှမသိထားတဲ့ အဒေါ်အိမ်မှာ အိပ်မှာဆိုတော့ ကြိုက်မှာမဟုတ်ပါဘူး"

"ငါက သဘောပြောတာပါ၊ အိပ်လို့မဖြစ်ရင်လည်း ကား ကြုံတစ်စီးစီးတော့ ရှိမှာပေါ့။ အဲဒီအိမ်မှာ စုကြမှာ ငါတို့ အမျိုးတွေချည်းပဲ၊ ကားပါတဲ့သူရှိရင် လိုက်ပို့ခိုင်းလို့ရတာ ပဲ လိုက်ခဲ့ပါ ဆိုင်းဆိုင်းရဲ့။ သွားရအောင်ပါ၊ အလ



www.burmeseclassic.com

www.burmeseclassic.com



မှာက ဘာမှထူးထူးခြားခြား မရှိဘူး၊ ပျင်းစရာကောင်းတယ်"

ဆိုင်းဆိုင်းဟာ အသက်နှစ်ဆယ်ကျော်အရွယ် တက်ကြွဖျတ်လတ်ပြီး အရာရာကို စူးစမ်းသိမြင်ကြည့်ချင်သော မိန်းကလေးတစ်ယောက်ပီပီ သူဌေးရပ်ကွက်တွေထဲမှာလုပ်သော ပါတီပွဲတစ်ပွဲလောက်ကို သွားဖူးချင်လာသည်။ သာမန်အသိုင်းအဝိုင်းတွေရဲ့ ရုံးတွေမှာလုပ်သော နယူးရီးယားပါတီပွဲနဲ့ သူဌေးတွေရဲ့ ခြံထဲမှာလုပ်သော ပါတီပွဲက ဘယ်လိုကွာခြားသလဲ။ ဘယ်လိုပျော်စရာတွေရှိလဲ။ ဘာအသစ်အဆန်းတွေ တွေ့ရမလဲ။ ဆိုင်းဆိုင်းသည် ဗနက်က ဘော့(စ)ထံမှ ကြားထားရသော သတင်းကောင်းကြောင့် အပျော်ကြီး ပျော်နေသူပီပီ အပျော်ဓာတ်ခံကြောင့် ဘာတွေထပ်ပျော်ရဦးမလဲဟု ရှာကြံကြည့်ချင်နေခဲ့ပြန်ပါသည်။





## ၂

ခြံရှေ့မှာ တက္ကစီရပ်လိုက်တာနဲ့ ခြံအတွင်းမှ တဒုန်းဒုန်း ထုနေသော သီချင်းသံကျယ်ကျယ်ကို စပြီးကြားနေရသည်။ ညကိုးနာရီအချိန်ရှိပြီမို့ တော်တော်လေး အရှိန်ရနေကြပုံပင်။ ရယ်သံများ၊ စကားသံများကလည်း သီချင်းကျယ်ကျယ်နဲ့အတူ ပျံ့လွင့်နေလေသည်။

ဖူးပွင့် နောက်မှ စေ့ထားသော ခြံဝင်းသံတံခါးအလေးကြီးကို အတူတွန်းဖွင့် ဝင်လိုက်ပြီးမှ ကိုယ့်ကိုယ်ကိုယ် ပြန်သတိရသွားသည်။

"ဟယ် ... ငါတို့က ရုံးယူနီဖောင်းတွေနဲ့နော်"

"လှပါတယ် မမရယ်၊ စိတ်မပူပါနဲ့"

"မလှမှာစိုးလို့ ပြောတာမဟုတ်ဘူး။ သူတို့ကြားထဲ တင်မျိုးကြီး ဖြစ်နေမှာစိုးလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"လဲချင်ရင် ငါ့အစ်မဝမ်းကွဲဆီမှာ တောင်းပေးမယ်"

ဒီလိုဆိုတော့လည်း ဆိုင်းဆိုင်းက ကိုယ်နဲ့သိပ်မရင်းနှီးဘဲ ငှားဝတ်ရမှာ အားနာသွားပြန်သည်။

"ရတယ် ... မလဲတော့ပါဘူး"

ဖူးပွင့်ကပြုံးပြီး ရှေ့က ထွက်သွားနှင့်သည်။ ကုမ္ပဏီက ဝတ်စုံမှာ မြန်မာဝတ်စုံလေးတွေဖြစ်သည်။ နီညိုရင့်ရောင်ဖြောင်ရင်စေ့ ခါးတင်လက်တံတောင်အရှည်အင်္ကျီနှင့် ဒူးအောက်နားမှာ ချိတ်လိုင်းလေးနှစ်လိုင်းလောက်ပါသော လုံချည်ရှည်ကိုမိန်းကလေးတွေ ဝတ်ရပြီး ယောကျ်ားလေးတွေကတော့ ရှပ်အဖြူလက်တိုဖြစ်ဖြစ်၊ လက်ရှည်ဖြစ်ဖြစ်နှင့် နီညိုရင့်ရောင်ပေါ်မှာ အနက်ရောင် ခြင်းလုံးပုံလေးတွေပါသော ယောပုဆိုးကို ဝတ်ရပါသည်။

ကိုယ့်ရုံးထဲမှာတော့ ဒီဝတ်စုံတူတွေချင်းမို့ အကြောင်းမဟုတ်ပေမဲ့ အပြင်မှာလုပ်တဲ့ပွဲကို လာ‌ဘဲ့အခါကျတော့ ဒီဝတ်စုံတွေက သိပ်များအောက်နေသလားလို့ မိန်းကလေးပီပီ တွေးပူမိလေသည်။ ဖူးပွင့်ကတော့ အဒေါ်ဖြစ်သူကို နှုတ်ဆက်ရန် အိမ်ကြီးထဲ အရင်ဝင်သွားသဖြင့် ဆိုင်းဆိုင်းပါ ဝင်လိုက်လာရပါသည်။

အိမ်ခြံဝင်းကြီးထဲမှာတော့ မီးရောင်စုံတွေ၊ ဆလိုက်မီးတွေနှင့် DJ တီးလုံးသံဆူဆူရော၊ ရောင်စုံဖြစ်နေသော လူငယ်တွေကိုရော အိမ်ထဲမှ လှမ်းတွေ့ရသည်။ အိမ်ကြီးကတော့ နှစ်ထပ်တိုက်ကြီးဖြစ်ကာ အတွင်းအပြင်အဆင်ကလည်း တော်တော်ခမ်းနားပါသည်။ ရုပ်ရှင်၊ ဗီဒီယိုတွေထဲမှာ တွေ့ဖူးသောပုံစံမျိုးလို အိမ်ထဲမှာ လူရှင်းနေသည်။ ညှေ့ခန်းထဲမှာ ပရိဘောဂတွေကလွဲရင် ဘယ်သူမှပင်မရှိ။





"ဒီအချိန်ဆို အိမ်နောက်ဖေး ထမင်းစားခန်းမှာ ဝိုင်းကောင်းနေပြီထင်တယ်"

"ဘာဝိုင်းလဲ"

"ဖဲဝိုင်းလေ ဟီး ဟီး၊ ဦးဦးနဲ့ အန်တီလေးက သူတို့မိတ်ဆွေတွေနဲ့ အမြဲအပျော်တမ်းဖဲဝိုင်းဖွဲ့နေကျလေ၊ ငါးဆယ်တစ်ရာကြေးပေါ့၊ သိပ်မများပါဘူး"

"ဟယ် ... ငါတို့ ဝင်သွားလို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ လာပါဟဲ့၊ နင်ကလည်း စိုးရိမ်တတ်လိုက်တာ ကြဲဖန်ပြီး"

ဖူးပွင့် ပြောပြောဆိုဆိုပဲ ဝင်သွားသဖြင့် ဆိုင်းဆိုင်းလည်း ပေါလစ်ရှပ်ရောင့်ပြောင်နေသော သစ်သားကွက်ကြမ်းခင်းတွေကို ဖွဖွနင်းပြီး လိုက်ဝင်လာခဲ့မိသည်။ ကိုယ့်အိမ်မှာလည်း ခြေနင်းတော့ မကြမ်းတတ်ပေမဲ့ သူများအိမ်ထဲ ကိုယ်ကလျှောက်ရသည်မို့ အသံမထွက်အောင် အထူးဂရုစိုက်မိတာမျိုးလည်းဖြစ်သည်။

"ဟော ... ဘယ်သူများလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



မျက်မှန်ကိုင်းလှလှ တပ်ထားသော အန်တီကြီးက ထမင်းစားခန်းထဲ ဝင်လာသည့် ဖူးပွင့်ကိုမြင်လျှင် ဝမ်းသာအားရ နှုတ်ဆက်လိုက်သည်။ ဖူးပွင့်နောက်မှ ပါလာသော ဆိုင်းဆိုင်းကိုလည်း မသိမမြင်ဘူးပေမဲ့ လူကြီးပီပီ အသိအမှတ်ကြုပြုပြီး ပြုံးပြပြီးသား ဖြစ်နေသည်။

"တီတီ ... ဒါ ဖူးပွင့်သူငယ်ချင်းပဲ၊ အလုပ်မှာ အတူတူလေ၊ ညို့ဆိုင်းဆိုင်းတဲ့ သူ့နာမည်က၊ အဲဒါ နယူးရီးယားပါတီ ပျော်ဖို့ ခေါ်လာတာ"

ဖူးပွင့် မိတ်ဆက်ပေးပုံမှာ အစီအစဉ် မကျနလှပေမဲ့ အန်တီကြီးက နားလည်ပါသည်။

"သြော် ... သြော် ... အေးကွယ်၊ နာမည်ကြားဖူးတာတော့ ကြာပါပြီ။ ဖူးပွင့် ခဏ ခဏ ပြောပါတယ်၊ လူတော့ ခုမှပဲ တွေ့ဖူးတော့တယ်၊ သမီးက ချစ်စရာလေးပဲ။ ရုံးဝတ်စုံလေးနဲ့လည်း လှတာပဲ"

"အဟင်းဟင်း ... အန်တီက မြှောက်နေပြီ။ ဆိုင်းဆိုင်း အန်တီတို့အတွက် မုန့်တောင်မဝယ်လာမိဘူး"

"တကယ်ပြောတာပါကွယ်၊ မြှောက်တာ မဟုတ်ပါဘူး၊ ကဲ ... ကဲ ... ပါတီကတော့ ခြံထဲမှာ ကြားတဲ့အတိုင်းပဲ အရှိန်တက်နေပြီ။ သွားလိုက်ကြဦး ဘာမှ အားမနာနဲ့။ ပျော်ပျော်ပါးပါး နေကြပေါ့၊ ဟုတ်ပြီလား သမီးတို့"





လူကြီးတွေကို နှုတ်ဆက်ပြီးမှပဲ ခြံထဲဆင်းလာခဲ့သည်။ ခြံရှေ့မှာ ပွဲလုပ်တာမျိုး မဟုတ်ဘဲ ခြံဘေးဘက်နဲ့ နောက်ဘက်မှာ လုပ်တာဖြစ်သဖြင့် အိမ်ရှေ့ပေါက်မှဆင်းလျှင် ဘေးကိုပတ်လျှောက်သွားရမှာ ဖြစ်ပေမဲ့ ဖူးပွင့်ကတော့ နောက်ဖေး မီးဖိုချောင်အပေါက်မှ ထွက်သဖြင့် ခြံနောက်ဘက်ကို တန်းရောက်သွားပါသည်။

မိန်းကလေးတွေ အကုန်လုံး စကတ်တို၊ ဘောင်းဘီတို လက်ပြတ်တွေ ကျောပိုက်တွေ ခါးပေါ်တွေ ဝတ်ထားသလို ယောကျ်ားလေးတွေကျတော့လည်း ကိုယ်ပေါ်မှာ အဆမတန်ပွယောင်း ပခုံးတွဲကျသော အင်္ကျီ၊ ကြီးမားပွယောင်းသော ဘောင်းဘီများကို ဝတ်ထားတဲ့ ဟစ်(ပ)ဟော့(ပ)ပုံစံတွေကြားထဲ ဖူးပွင့်နဲ့ ဆိုင်းဆိုင်းကတော့ ထင်းထင်းကြီး ကွဲပြားနေတော့သည်။

ဖူးပွင့်က သူ့မောင်နှမဝမ်းကွဲတွေနဲ့ တစ်ယောက်ချင်း မိတ်ဆက်ပေးပါသည်။ အားလုံးကလည်း အရေးတယူ ဖော်ဖော်ရွေရွေ နှုတ်ဆက်ကြသဖြင့် ဆိုင်းဆိုင်း အခုမှ ရဲရဲပြုံးရဲ၊ ရယ်ရဲတော့လေသည်။ အစကတော့ ကိုယ် လုံးဝမသိရှိ၊ မရင်းနှီးသော အသိုင်းအဝိုင်းထဲ စွန့်စားပြီး ဝင်လာကြည့်ရသဖြင့် အနည်းငယ် စိုးရွံ့နေခဲ့တာတော့ အမှန်ပင်။

"ပျော်ချင်လို့လာတာ ပျော်ပျော်နေနော်၊ ဘာမှအားမနာနဲ့ စားချင်တာ ထည့်စား"



www.burmeseclassic.com

www.burmeseclassic.com



ဖူးပွင့်၏ အစ်မဝမ်းကွဲဟု သိထားသော အစ်မတစ်ယောက်က ထိုင်နေသော ဆိုင်းဆိုင်းကို လာပြောသည်။ ထိုအစ်မမှာ ဖူးပွင့်ပြောတော့ အသက်သုံးဆယ်ရှိပြီ ဆိုပေမဲ့ သုံးဆယ်လို့ပင် လုံးဝမထင်ရပါ။ ကိုယ်လုံးသေးသေး၊ ပိန်သွယ်သွယ်၊ ဖြူဥဥလေးနဲ့ ကိုယ်ကျပ်တီရှပ်တို အနက်လေးဝတ်ကာ သရီးကွာတား အနီရောင်ရဲရဲလေးနဲ့၊ ခြေသလုံးမှာ ကြိုးတွေရစ်ပတ်ထားသော ဒေါက်မြင့်လေးနဲ့ အသက်ဆယ့်ရှစ်နှစ်လောက်လေးလို ဖြစ်နေသည်။

"ဆိုင်းဆိုင်းတို့ ဘာမှ မစားချင်တော့ဘူး မမ၊ ရုံးမှာစားလာပြီးနေပြီမို့ ဗိုက်ပြည့်နေပါပြီ၊ ကျေးဇူးပါပဲ"

"ဒါဆို က,လေဟယ်၊ လာ ... လာ ...၊ ထိုင်ငေးမနေနဲ့ ပျင်းစရာကြီး။ က,တဲ့အုပ်စုထဲ ရောပါလိုက်"

"ဆိုင်းဆိုင်းက ရှက်တတ်တယ် မမရဲ့။ က,မှာမဟုတ်ဘူး"

"ဘာရှက်စရာရှိလဲ၊ လူတွေကြားထဲရောပြီး သူတို့ခြေထောက်ရွှေ့သလို လိုက်ရွှေ့ရင်း ပျော်လာမှာ၊ ဪ ... သိပြီ ... သိပြီ ... ပျော်လာအောင် အရင်ဆုံး ဝိုင်တိုက်မှထင်တယ်"

"ဟုတ်သားပဲ ဆိုင်းဆိုင်း၊ ဝိုင်မသောက်ပါလား"

"ဟယ် ... မူးနေပါ့မယ် မသောက်ပါဘူး"

"မမူးပါဘူးဟဲ့၊ ငါလည်း သောက်မှာပါ၊ White Wine သောက်မလား၊ Red Wine သောက်မလား"





"ငါ မသိဘူး။ ငါ တစ်ခါမှ မသောက်ဖူးဘူး"

"ချိုတာသောက်ချင်ရင် White Wine သောက်၊ ခါးတာကြိုက်ရင် Red Wine သောက်"

"ဘယ်ဟာက မူးတတ်လဲ"

"မမူးပါဘူးဟယ်၊ တစ်ခွက် နည်းနည်းလေးသောက်ရင် အစာကြေ ဗိုက်ချောင်ပြီး ဗိုက်တောင်ပြန်ဆာလာဦးမှာ"

"နင့်အစ်မ ပြောသွားတော့ ဝိုင်သောက်ရင် ပျော်လာမယ်ဆို၊ ဒါဆို မူးလာလို့ ဖြစ်မှာပေါ့"

"မမူးပါဘူး စိတ်ချ၊ ငါ တစ်ယောက်လုံး အာမ,ခံတယ်"

အသစ်အဆန်းကို စူးစမ်းချင်တာနဲ့ပဲ ဆိုင်းဆိုင်းသည် ဖူးပွင့်ထည့်လာပေးသော ပလတ်စတစ် အကြည်ဖြင့် လုပ်ထားသည့် ဝိုင်ခွက်လေးထဲမှာ အဖြူရောင်ဝိုင်ကို မြည်းစမ်းကြည့်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

"သောက်ပါဟဲ့၊ ချိုပါတယ်"

ဖူးပွင့်က ရယ်ပြီး သူမ အရင်စပြီးသောက်ပြပါသည်။ ဆိုင်းဆိုင်းလည်း တစ်ငုံသောက်ကြည့်လိုက်လျှင် ချိုပြီး သစ်သီးနံ့မွှေးသော အရည်တစ်မျိုး၏ အရသာ အသစ်အဆန်းကို ခံစားမိလိုက်လေသည်။

မြည်းစမ်းသောက်ရင်းနဲ့ တစ်ခွက်ကုန်သွားသော အခါ သွေးထဲမှာ ဖျွေးလာပြီး ရိုဝီတီ ခံစားချက်နဲ့ ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ပျော်လာသလိုလို၊ ဘာလိုလို ဖြစ်လာသည်။ ဖူးပွင့် လက်ဆွဲလာခေါ်တော့ မငြင်းဆန်ဘဲ ထ,လိုက်လာမိကာ က,နေသော အုပ်စုတွေထဲ ဆိုင်းဆိုင်းပါ အလိုလို ဝင်ပါမိရက်သား ဖြစ်သွားပါသည်။

လက်ထဲမှာကိုင်လျက်ပါလာသော အဖြူရောင်ဝိုင်ခွက်ထဲ ဝိုင်တွေ ထပ်ဖြည့်ပေးမည်ဆိုကာ ယူသွားပေးသော ဘယ်သူမှန်းမသိသည့် ဖူးပွင့်တို့ထဲက သူတစ်ယောက်မှန်းသာ မှတ်မိသည့် သူထံမှ ဝိုင်နောက်တစ်ခွက်ကို ထပ်ကုန်အောင်သောက်မိသောအခါ ဆိုင်းဆိုင်း ခေါင်းတွေပိုပြီး ရီဝေမူးနောက်သွားပါသည်။

ခြေထောက်တွေရှေ့ရင်း တေးသွားအလိုက် ယိမ်းထိုးက,ရင်း ဆိုင်းဆိုင်းကို မျက်နှာချင်းဆိုင်မိလာသော လူတစ်ယောက်ထံမှ ...

"နာမည်ဘယ်လိုခေါ်လဲ"

ဟူသော မေးလိုက်သံကို သီချင်းသံ ဆူညံကြားမှ ကြားလိုက်ရ၏။

စိတ်ထဲမှာ အပျော်ခဏခံ ဝင်နေပြီဖြစ်သောကြောင့် ထိုသူ့ကို အသာမော့ကြည့်ရင်း ...

"ဆိုင်းဆိုင်း"

ဟု ရယ်မောဖြေလိုက်မိသည်။





ဆံပင်ကောက်ကောက်၊ မျက်နှာခပ်ဖောင်းဖောင်းပြည့်ပြည့်နှင့် မဖြူမညိုမျက်နှာမှာ နှုတ်ခမ်းမွေး ပါးမြိုင်းမွေးတွေ ရိတ်ထားသော်လည်း ခပ်ညိုညို အရိပ်ထင်နေသောကြောင့် ရုပ်ရည်ကြမ်းသယောင် ထင်ရသူသည် တကယ်တော့ အသက်သိပ်မကြီးသေးပါ။ ဆိုင်းဆိုင်းနဲ့ဆို ရွယ်တူလောက်ပဲလား ရှိမှဲ့ပုံပင်။ သို့သော် သူ့ရုပ်ရည်က သူ့အဲသက်ထက်တောင် ရင့်ပုံပေါ်နေသည်။

ပြီးတော့ ဗိုက်လည်း နည်းနည်းထွက်နေကာ ကိုယ်ခန္ဓာ ခပ်ဝဝနှင့် ဘယ်လိုမှ ကြည့်မကောင်းသော၊ ဆွဲဆောင်မှုမရှိသော၊ စိတ်ဝင်စားစရာ တစ်စက်မှ မရှိသော ကောင်လေးမျိုးကို သာမန်အချိန်မှာဆိုလျှင် ဆိုင်းဆိုင်းဟာ အဖက်တောင်လုပ်ပြီး စကားပြောမှာ မဟုတ်ပါ။ ရုပ်ချောချော၊ အသားဖြူဖြူ၊ အရပ်မြင့်မြင့်ကိုမှ ရွေးမယ်လို့ ရွေးမယ်ရယ်လို့ စိတ်ကူးထားတဲ့ ဆိုင်းဆိုင်းအတွက် ဒီလို မသားမနားပုံနဲ့ ကောင်လေးတွေဟာ သူငယ်ချင်းမိတ်ဆွေအဆင့်မှာတောင် သတ်မှတ်မခံရတာတ်ပါ။

သို့သော် ဘာတွေထည့်သားမှန်းမသိသော ဝိုင်အရက်ချိုချိုတွေ တစ်ခွက်ပြီးတစ်ခွက် သောက်ကောင်းကောင်းနဲ့သောက်ထားမိတဲ့ အရှိန်က ဆိုင်းဆိုင်းရဲ့စိတ်ကို ပြောင်းစေလျက် အရာရာတိုင်းကို စိတ်သဘောကောင်းကောင်းနဲ့ အမြင်ကြည်နေစေသလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနာမည် မဖြစ်နိုင်ဘူးထင်တယ်၊ သူ ညာပြောတာ … ဟား ဟား"

ကောင်လေးက ခပ်ဝဝပေမဲ့ အရပ်တော့ မြင့်သဖြင့် ဆိုင်းဆိုင်းကို မိုးကြည့်နေသလိုတော့ ထင်ရစေသည်။ လက်ထဲမှ ဘီယာဘူးကိုမော့ရင်း ကောင်လေးက မယုံသလို ပြန်ပြောသည်။ လှုပ်ရှားယိမ်းထိုးပြီး က,နေသော ကောင်လေးကို မော့ကြည့်ရတာ ပိုတောင်မူးလာသလိုလို၊ ပျော်လာသလိုလို။

"မညာတတ်ပါဘူး တကယ်ပြောတာ၊ တို့နာမည် ဆိုင်းဆိုင်း"

"စိုင်းစိုင်းဟုခေါ်သည် ဆိုတာ သီချင်းနာမည်ပဲ ရှိတယ်။ ပြီးတော့ မိန်းကလေးက စိုင်းစိုင်း ဆိုတဲ့နာမည်ပေးမယ် မထင်ဘူး"

"ဩော် … အဟား ဟား … သူ စာလုံးပေါင်းမှားပြီး စွတ်ပြောနေတာကိုး"

"ခင်ဗျာ"

"တို့နာမည်က ဆလိမ်တစ်ချောင်းငင် လုံးကြီးတင် သေတ် ဝစ္စနှစ်လုံးပေါက် ဆိုင်းနဲ့ပေါင်းတာ"

"ဩော် … ဒီလိုလား"

"သေချာအောင် ထပ်ပြောလိုက်ဦးမယ်၊ တို့နာမည်က ညို့ဆိုင်းဆိုင်းတဲ့"





"အစတည်းက အဲဒီလို ရှင်းရှင်းလင်းလင်း ပြောလိုက်ရင် ပြီးရော၊ အလကား ရှုပ်အောင်လုပ်ပြီးပြောတယ်။ တီးလုံးသံနဲ့ ဘာမှမကြားရလို့ မနည်းနားထောင်နေရပါတယ်ဆိုမှဗျာ"

"ရှင်က ဘယ်သူလဲ"

"ကျွန်တော်လား … ကျွန်တော်က ပိုင်ပိုင့် သူငယ်ချင်းပါ"

"ပိုင်ပိုင် ဆိုတာ ဘယ်သူလဲ"

"ဟောဗျာ … ပိုင်ပိုင်က အစ်မကို သိတယ်တဲ့"

ကောင်လေးက "အစ်မ"ဟု ခေါ်သဖြင့် ဆိုင်းဆိုင်းစိတ်ဆိုးချင်သွားသည်။ ကြည့်ပါဦးလေ အစ်မ ခေါ်စရာလား။ ဆိုင်းဆိုင်းနဲ့သူကမှ ရွယ်တူလောက်ရှိတာ၊ သူ့ရုပ်က ပိုတောင်ရင့်သေး … ဟင်း …။

"အစ်မနဲ့ သူ့ဝမ်းကွဲအစ်မ ဖူးပွင့်နဲ့ သူငယ်ချင်းတဲ့ ပြောတယ်"

"ဩော် … ဖူးပွင့်မောင် ဝမ်းကွဲလား၊ တို့က လူစေ့တက်စေ့ သိပ်မရင်းနှီးဘူးလေ၊ ဒါကြောင့် မသိတာပါ။ တို့က ဒီနေ့မှ ဒီကိုရောက်ဖူးတာ"

"အစ်မနဲ့ ကျွန်တော် ဘေးမှာ ခဏသွားထိုင်ပြီး စကား ပြောကြရအောင် ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဆိုင်း ဖူးပွင့်ကို သတိရပြီးရှာပေမဲ့ ဖူးပွင့်ဘယ်ရောက်သွားမှန်းမသိ။ ခုနကတော့ ဒီအနားမှာ ရှိသလိုလိုပဲ။ ဘယ်မျှားရောက်သွားပါလိမ့်။ နေပါစေ သူ့မေးမနေတော့ဘူး။ ကိုယ့်ဘာသာ ဈေးအပြင်ထွက်. ထိုင်ချင်တာပဲ ထွက်ထိုင်လိုက်မယ်လေ။

"ကျွန်တော် အစ်မကို ဒီခြံထဲ ဝင်လာတည်းကတွေ့တယ်၊ အစ်မက ချောတော့ သတိထားမိတာပေါ့ ... ဟဲ ဟဲ"

ဆိုင်းဆိုင်း စိတ်မဆိုးဘဲ အသာလိုက်ရယ်နေမိသည်။ ဟယ် ... ထူးဆန်းလိုက်တာ။ ငါ့စိတ်တွေ ဘာဖြစ်နေပါလိမ့်။ စိတ်လည်းဆိုးလို့ မရဘဲ သဘောတွေ အရမ်းကောင်းနေမိပါလား။ စိတ်ထဲမှာလည်း အလိုလိုနေရင်း ပျော်နေပြီး အရာရာကို ပျော်စရာလို့ပဲ မြင်နေတယ်။ ဘာကြောင့်ပါလိမ့်။ ဒါ ဒီဝိုင်အရည်တွေ ဆက်တိုက်သောက်ပြီးမှ ဖြစ်လာတာ။ ဒီထဲမှာ ဘာတွေထည့်ထားပါလိမ့်။

"ဒီဝိုင်ထဲမှာ ဘာထည့်ထားလဲ မသိဘူး"

ဆိုင်းဆိုင်းက ဝိုင်ခွက်ကို မြှောက်ကြည့်ရင်း ပြောမိလျှင် ကောင်လေးကပါ ဝိုင်ခွက်ကို လိုက်ကြည့်လေသည်။

"ရှင် သိလား"

"မသိပါဘူး။ အစ်မ စိတ်ထဲ ဘယ်လိုဖြစ်နေလို့ မေးတာလဲ"





"တို့က အခုလောက် သဘောမကောင်းတတ်ဘူး"

"ဘာကိုပြောတာလဲ၊ ကျွန်တော် နားမရှင်းဘူး"

"ဒီလိုလေ ... တို့က မာနကြီးတယ်။ တော်ရုံတန်ရုံနဲ့ အလွယ်တကူ မိတ်ဆွေဖွဲ့လို့လည်း မရဘူး။ လူရွေးပြီး ပေါင်းတတ်တယ်။ အဆင့်အတန်းလည်း ခွဲတတ်တယ်။ သဘောလည်း မကောင်းဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ်သိတယ်၊ ဒါပေမဲ့ အခုကျ ဘယ်လိုဖြစ်နေမှန်း မသိဘူး၊ စိတ်ထဲမှာ အလိုလို ပျော်ရွှင်တက်ကြွနေပြီး သဘောလည်း အရမ်းကောင်းနေမိတယ်။ လူတိုင်းကို ဖော်ဖော်ရွေရွေ စကားပြောမိနေတယ်၊ အခုပဲကြည့် ရှင်နဲ့ တစ်ခါမှလည်း မခင်ဘူးဘဲ စကားထိုင်ပြောမိနေတာလေ။ ဒါ တို့ရဲ့ပုံမှန်စိတ်မျိုး မဟုတ်ဘူးပေါ့။ ဒါကြောင့် ဒီဝိုင်တွေသောက်ပြီးမှ ဖြစ်လာတာမို့ ဝိုင်ထဲ ဘာထည့်ထားလဲလို့ တွေးနေမိတာ"

ကောင်လေးက သူ့နားထင်က ဝက်ခြံကို လက်ဖြင့် အသာစမ်း၍ဆွရင်း ဆိုင်းဆိုင်း ပြောသမျှ ခေါင်းတညိတ်ညိတ်လုပ်ကာ နားထောင်ပေးပါသည်။ ဟင်း ... ဒီကောင့်မျက်နှာကလည်းလေ ဝက်ခြံတွေနဲ့။ လက်လည်းအငြိမ်မနေဘူး။ ဝက်ခြံဖုတွေကို အမြဲကလိလိုက်၊ ဆွလိုက် ဖဲ့လိုက် လုပ်ပုံရတယ်။ မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာမှာ အနီးကပ်ကြည့်ရင် ဝက်ခြံရာ ချိုင့်ကလေးတွေနဲ့။ ရုပ်မချောပါဘူးဆိုမှ မျက်နှာက အသားအရေကလည်း မပြေပြစ်ပြန်ဘူး။

"ဒါက ဒီလိုရှိတယ် အစ်မရဲ့"

"အံမယ် ... အံမယ် ... နေစမ်းပါဦး၊ တို့ကို တစ်ခါတည်း အစ်မ ... အစ်မနဲ့ တစ်မတည်း မ,နေတော့တာပဲ၊ ရှင်က အသက်ဘယ်လောက်မို့လို့ အစ်မ ခေါ်တာလဲ"

"ကျွန်တော် နှစ်ဆယ့်လေးပါ၊ ပြည့်ပြီးပြီ"

"တို့လည်း နှစ်ဆယ့်လေးပဲ၊ အတူတူပဲ၊ အစ်မ မခေါ်နဲ့ မကြိုက်ဘူး"

"ဆိုင်းဆိုင်းလို့ပဲ ခေါ်ရမှာလား"

"ခေါ်ပေါ့"

"အဲဒီလိုခေါ်တိုင်း ကျွန်တော့်မျက်စိထဲ စိုင်းစိုင်းခမ်းလှိုင်ရုပ်ကြီးပဲ ပြေးပြေးမြင်တယ် ... ဟား ဟား"

"ဟယ် ... ပေါက်ပေါက်ရှာရှာ၊ နာမည်စာလုံးပေါင်းချင်း မတူပါဘူးဟယ်"

"ဆောရီး ... ဆောရီး ... အစ်မ ... အဲ ... ဟို ... ဆိုင်းဆိုင်းပဲ ခေါ်စေချင်တယ်ဆို ခေါ်ပါ့မယ်"

"ရှင့်နာမည်ကရော"





"ရွှေကျေး"

"အံမယ် ... တယ်ဟုတ်ပါလား၊ ဘယ်သူပေးတဲ့ နာမည်လဲ၊ ရွှေခဲ မဟုတ်ဘူး ရွှေကျေးတဲ့ မဆိုးဘူး"

"အဘိုးတွေ အဘွားတွေ ချစ်စနိုးခေါ်ရင်း ကျောင်းနေတော့ ဒီနာမည်ကြီး အတည်ဖြစ်သွားတာပါဗျာ။ ကျွန်တော်က တော့ လုံးဝမကြိုက်ဘူး၊ အတန်းထဲမှာ အစခံရလွန်းလို့ ပြောင်းချင်နေတာ"

"ပြောင်းလိုက်ပါလား"

"ကျောင်းသာပြီးသွားရော ကျွန်တော် ပြောင်းချင်တဲ့နာမည်ကို လူကြီးတွေ ဝိုင်းပယ်ချနေတာနဲ့ပဲ မပြောင်းဖြစ်ခဲ့ပါဘူးဗျာ"

"ဘာနာမည် ပြောင်းချင်လို့လဲ"

"ခပ်မိုက်မိုက်လေးဖြစ်အောင် မိုက်မိုက်လို့ ပြောင်းချင်တာ"

ဆိုင်းဆိုင်းမှာ ထိုနာမည်ကြားတော့ အားရပါးရ ရယ်မိလေသည်။ ရွှေကျေးက ဆိုင်းဆိုင်းကို မမိုတ်မသုန် စိုက်ကြည့်ပြီး ...

"ဆိုင်းဆိုင်းရော အဲဒီနာမည်ပြောင်းရင် သဘောကျမလား"

ဟု ဘာအဓိပ္ပာယ်မှန်းမသိ မေးလေသည်။

"အဲဒီ မိုက်မိုက် ဆိုတဲ့ နာမည်ကြီးကို မကြိုက်ပါဘူး။ မကောင်းဘူး။ မပြောင်းနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အိုဓေ ... မပြောင်းပါဘူး၊ အသက်ပဲ နှစ်ဆယ့်လေးရှိနေပြီ နာမည်တစ်ခုအတွက် ပြဿနာလုပ်နေစရာ မလိုပါဘူး။ ငယ်ငယ်ကတော့ မိန်းမဆန်တယ်၊ ပျော့တယ်ဆိုပြီး အဲဒီနာမည်ကို ပြောင်းချင်တာပါ။ အခုတော့ သိပ်စိတ်ထဲမရှိတော့ပါဘူး"

ထိုအချိန်မှာ ဖူးပွင့်အနားရောက်လာသည်။ ဆိုင်းဆိုင်းနဲ့ ထိုင်စကားပြောနေသော ချွေကျေးကို သိနေပြီးဟန်ဖြင့် ပြုံးပြီး နှုတ်ဆက်သည်။

"ဟဲ့ ... ချွေကျေး၊ နင်က ဒီမှာကိုး"

"ပိုင်ပိုင် ... ခေါ်လို့လား"

"မခေါ်ပါဘူး၊ ချွေကျေးတော့ ခေါ်မရ အော်မရ ဖြစ်နေပြီ၊ လွှတ်ထားလိုက်မယ်ဆိုပြီး နင့်ကို ဂရုမစိုက်ကြဘူးတဲ့ဟော့"

"ဖူးပွင့် ... ငါ့ခေါင်းထဲ တော်တော်မူးနေပြီ၊ ပြန်ရင်ကောင်းမယ်ထင်တယ်"

"ဟယ် ... နင်ကလည်း နယူးရီးယားတောင် မရောက်သေးဘူးလေဟယ်။ စောင့်လိုက်ပါဦး။ သိပ်မလိုတော့ပါဘူး။ နင် ဘယ်လောက်မှလဲ မသောက်ပဲနဲ့"

"သုံးခွက်တောင်ပဲ့"

"ဗိုင်ခွက်ထဲ အပြည့်မထည့်ပါဘူး။ တစ်ဝက်လောက်ပဲ ထည့်တာပါ၊ သုံးခွက်မရှိပါဘူး"





"ပြီးတော့ မူးပြီး အလိုလိုနေရင်း ပျော်နေသေးတယ်၊ အဲဒါ မှုမမှန်ဘူးထင်တယ်"

"ဟယ် ... ပျော်တာပဲ၊ မှုမမှန်ရတယ် ရှိသေး ပိုကောင်းတာပေါ့"

"နင်ကျတော့ ဘာမှမဖြစ်ပါလား"

"ဟယ် ... ငါလည်း ပျော်ပါတယ်ဟယ်၊ ဘာလဲ နင်က ဝိုင်ထဲမှာ ဘာပါတယ်ထင်လို့ မသက်ာဖြစ်နေတာလဲ"

ဖူးပွင့် တိုက်ရိုက်မေးလိုက်တော့လည်း ဆိုင်းဆိုင်း အားနာသွားပါသည်။

"ဘာမှမသက်ာမဖြစ်ပါဘူးဟယ်၊ ခေါင်းမူးပြီး ပုံမှန်မဟုတ်လို့ တစ်မျိုးကြီး ဖြစ်နေတာပါ"

"ဒါဖြင့် တစ်ခုခု စားလိုက်"

"ဗိုက်လည်း မဆာဘူး၊ မစားတော့ဘူး"

"ဂျူ့(စ)သောက်မလား"

"အေး ... ကောင်းသားပဲ၊ စပါကလင်လို ဂျူ့(စ)မျိုးရှိရင် သောက်ချင်တယ်"

"ငါယူပေးမယ်"

"ငါ လိုက်ယူပါ့မယ် ဖူးပွင့်ရဲ့"

"နင် ခေါင်းမူးတယ်ဆို ထိုင်နေလေ၊ ငါ ယူလာပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေကျေးက ဘီယာကိုသာ တစ်မော့ပြီး တစ်မော့ သောက်ရင်း မိန်းကလေးနှစ်ယောက် စကားဝိုင်းထဲ ဝင်မပါဘဲ နားထောင်နေပါသည်။ ဖူးပွင့် ပြန်ထွက်သွားတော့မှ စကားဆက် လေသည်။

"မဖူးပွင့်နဲ့ ကျောင်းနေဖက်တွေလား"

"မဟုတ်ဘူး၊ အင်း ... ဘယ်လိုခေါ်မလဲ၊ အဝေးသင်မပြီး ခင်မှာ သင်တန်းတွေ တက်ကြတော့မှ သင်တန်းမှာတွေ့ ပြီး ခင်ကြတာပေါ့။ သင်တန်းတွေ အတူတူ အဖော်ညှိ တက်ရင်း အလုပ်ရတော့လည်း တစ်ဌာနတည်း အလုပ်ရ တာ တူသွားတာလေ"

"ကျွန်တော်လည်း ကျောင်းပြီးကတည်းက ဘာလုပ်ရမှန်း ကို မသိပါဘူး။ ထိုင်နေတာကြာပြီ၊ ခုထိ ဘယ်မှာလုပ်ရ မှန်း စဉ်းစားလို့ကို မရဘူး"

"ဩော် ... ဘွဲ့ရအလုပ်လက်မဲ့ပေါ့"

"နာမည်က ဆိုးတယ်ဗျာ ... ဟား ဟား"

"ဘာလုပ်ရမလဲ စဉ်းစားနေရင် ဒီလိုပဲ သွားမှာပဲလေ။ တစ်ခုခု မြန်မြန်စ,ထားလိုက်ပေါ့၊ အရွယ်က သိပ်လည်းမ ငယ်တော့ဘူး။ သိပ်လည်း အသက်မကြီးသေးဘူးဆိုပေမဲ့ ဒီအရွယ်လောက်တည်းက အလုပ်စ,လုပ်ထားမှ အသက် သုံးဆယ်ကျော်မှာ နည်းနည်း Stable ဖြစ်သွားမှာရှေ့"





ဆိုင်းဆိုင်းက သူမ အကျင့်အတိုင်း ဆရာမကြီး လေသံနဲ့ပြောမိပေမယ့် ရွှေကျေးကတော့ ခပ်ပြုံးပြုံးသာ နားထောင် လေသည်။ သူ့ပုံစံက အလုပ်မရှိ ဟိုယောင်ယောင်၊ ဒီယောင် ယောင် ဘဝကို နေသားကျ ပျော်ရွှင်နေပုံရသည်ဟု ဆိုင်းဆိုင်းမှာ ခေါင်းမူးနေတဲ့ ကြားကတောင် ဝေဖန်ကြည့်လို့ ရသေးလေသည်။

"ဆိုင်းဆိုင်း ဒီနေ့ပဲ ဘော့(စ)ဆီက သတင်းကောင်းကြား ထားရတာလေ။ ဒါကြောင့် သိပ်ဝမ်းသာနေတာလည်းပါ တယ်၊ ဝမ်းသာတဲ့အခံနဲ့ အခုတော့ ဝိုင်သောက်ပြီး မူးပြီး ပိုပျော်နေတာဖြစ်မယ်"

ဖူးပွင့် အအေးဖန်ခွက် တစ်ခွက်ဖြင့် ရောက်လာပြီး ဆိုင်းဆိုင်းကို ကမ်းပေးရင်း ရွှေကျေးကိုပါ သတင်းပေးလေသည်။

"ဟုတ်လား ... ဘာသတင်းကောင်းလဲ"

ရွှေကျေးက မေးသည်။

"နောက်သုံးလ ကြာရင် ဘော့(စ)အန်တီကြီးနဲ့ အတူတူ ဖန်ကောက်၊ စင်ကာပူ၊ မလေးရှားကို စရိတ်ငြိမ်းလိုက်ရ မယ်လေ၊ ဖိုက်စတား(စ)ဟိုတယ်ကြီးမှာလည်း တည်းရ မယ်၊ သုံးနိုင်ငံကိုလည်း လည်ရဦးမယ်၊ ဘယ်လောက် ကံကောင်းလဲ"

ဖူးပွင့်ပြောပုံမှာ ဆိုင်းဆိုင်းကပဲ ကံတွေစွတ်ကောင်း ပြီး လိုက်ရသလိုလို ပြောနေပုံဟု ထင်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကံကောင်းလို့ မဟုတ်ပါဘူး ဖူးပွင့်ရဲ့။ ငါ့ကို ဘော့(စ)က အားကိုးတာလည်း ပါပါတယ်၊ ငါက သူ့ရဲ့ပီအေလောက် နီးနီး ဖြစ်နေပြီလေ၊ သူ ခိုင်းလိုက်ရင် ငါ့လောက်အဆင် ပြေပြေနဲ့ သူ့စိတ်ကြိုက်ဖြစ်အောင် ဘယ်သူမှ လုပ်မပေး နိုင်ဘူးလို့ သူ ခဏခဏ ပြောနေတာလေ။ ဒါကြောင့် အလုပ်ကိစ္စနဲ့သွားတဲ့ခရီးမှာ ငါ့ကို ခေါ်တာပေါ့။ ကံကောင်း ပြီး လိုက်ရတာတော့ မဟုတ်ပါဘူး"

"အံမယ်လေး ... အံမယ်လေး ... မမရယ်။ ဘေးမှာ ရွှေကျေးတစ်ယောက်လုံး အားကိုးရှိနေတော့ ကျုပ်ကိုပြန် စွာနေလိုက်တာလေ"

"ဟယ် ... မစွာပါဘူး၊ ငါက နင့်ကို ရှင်းပြပေးတာပါ။ ငါ ကံကောင်းပြီးရတာမဟုတ်ဘူးလို့ သိစေချင်လို့ပါ"

"အေးပါ ... ဟုတ်ပါတယ်၊ နင်က သိပ်တော်ပါတယ် ဆိုင်းဆိုင်းရယ်"

ရွှေကျေးသည် မိန်းကလေးနှစ်ယောက် နေရင်း ထိုင်ရင်း စကားနိုင်လုကာ ရန်လိုလာကြသည်ကို နားထောင်ရင်း ရျှေတောင်ပြန်လာသည်။ မိန်းမတွေဟာ ဘယ်လိုမှန်းကိုမသိ။ ရှုမဝှိုလောက် တည့်တဲ့အခါလည်း နှစ်ယောက်မရှိ။ သူတို့လောက် ပြိုင်တဲ့အခါလည်း နှစ်ယောက်မရှိပါလား။



"ဟေး ... အားလုံး လာကြတော့၊ count down (ကောင့် ဒေါင်း)စတော့မယ်၊ နယူးရီးယားရောက်ဖို့ စက္ကန့်နှစ်ဆယ် ပဲ လိုတော့တယ်ဗျို့"

ထိုအသံကြောင့် ရွှေကျေးလည်း ဘာမှစဉ်းစားမနေ တော့ဘဲ ဆိုင်းဆိုင်းလက်ကိုဆွဲကာ လူစုရပ်နေသော နေရာဆီ သို့ ပြေးသွားလိုက်တော့လေသည်။

ဖူးပွင့်ကား လျှို့ဝှက်စွာပြုံးရင်း လက်ချင်းတွဲ ထွက် သွားသော ထိုနှစ်ယောက်ကို ကြည့်နေခဲ့ကြောင်း သူတို့မသိ လိုက်ကြပါ။

www.burmeseclassic.com

## ၂

"ဟင် ... ဟင် ... ငါ ဘယ်ရောက်နေတာလဲ၊ ငါ ဘယ်သူ့အိပ်ရာမှာ အိပ်နေတာလဲ၊ အံမယ်လေး ... ဘုရားရေ သူက ဘယ်သူလဲ"

ဆိုင်းဆိုင်းသည် အိပ်ရာက နိုးနိုးချင်းမှာပင် ကြောက်လန့်တကြား ရေရွတ်ပြောဆိုမိရင်း ခုန်ထ,လိုက်မိပါသည်။

ဘုရားရေ ... ဘုရား ... ဘုရား ... ဟုသာ နှုတ်မှ အကြိမ်ကြိမ် တ,နေမိသည်။ အသံကုန်အော်ဟစ်မသွားမိစေရန် ကိုယ့်ပါးစပ်ကိုယ် လက်ဖြင့်ဖိပိတ်ရင်း ကိုယ့်ကိုယ်ကိုယ်လည်း အံ့သြတကြီး ယူကျုံးမရဖြစ်ကာ အော်ညည်းမိသည်မို့ အသံကတအစ်အစ်ထွက်နေပါသည်။

တခေါခေါပေါက်ကာ အိပ်ပျော်နေသူကို အသေအချာ ကြည့်လိုက်တော့ ...





"ဟင် ... ရွှေကျေး"

ဟု ယောင်ယမ်းပြီး ခေါ်မိသည်။

ငါ့ဘေးနားမှာ ငါနဲ့အတူတူ ယှဉ်အိပ်နေတဲ့သူက ရွှေကျေး။ ရွှေကျေးတဲ့။ ဘုရားရေ ... ရွှေကျေးနဲ့တဲ့။

ဘာတွေဖြစ်ကုန်တာလဲ။ ဘာတွေဖြစ်ခဲ့တာလဲ။ ညက ငါ ဘာကြောင့် အိမ်ပြန်မရောက်ခဲ့တာလဲ။ ဆိုင်းဆိုင်းသည် နံရံမှာ ကျောမှီထိုင်ချလိုက်ကာ ဒူးနှစ်ချောင်း ထောင်လိုက်ရင်း ထိုဒူးတွေကို ရင်ဘတ်မှာထိအောင် လက်ဖြင့်ပြန်ပိုက်ဖက်ကာ မှတ်မိသမျှ ပြန်စဉ်းစားကြည့်နေမိသည်။

အခုရောက်နေသော အခန်းကတော့ ဖူးပွင့်တို့ အဒေါ်အိမ် အခန်းတစ်ခန်းမှာပဲ ဖြစ်မည်။ ညက နှစ်သစ်ကူးပါတီပွဲမှာ ...

"တင်း ... ဒိုင်း ... အိပ် ... ဆဲဗင်း ..."

ဆိုသော ဆယ်စက္ကန့်အလိုမှာ နောက်ပြန်ရေတွက်ပြီးသောအခါမှာ နှစ်သစ်ကူးတဲ့အချိန်ကို ရောက်သွားတာကို ဝမ်းသာအားရ အော်ခဲ့မိတာ မှတ်မိသည်။

"ဟေး ... ဟက်ပီးနယူးရီးယား ... ဟက်ပီးနယူးရီးယား"

ဟူသော အော်သံတွေကြားမှာ ဆိုင်းဆိုင်း လက်ထဲ ဝိုင်ခွက်တစ်ခွက် ဘယ်သူလာထည့်သွားမှန်း မသိတာကို ကြည့်လိုက်သည်။

www.burmeseclassic.com



"ဟယ် ... တော်ပြီ၊ မသောက်တော့ဘူး"

"ဟာ ... မသောက်လို့မရဘူး၊ ဒါ ဝိုင်မဟုတ်ဘူး၊ ရှန်ပိန် ထည့်ထားတာ ဆိုင်းဆိုင်းရဲ့။ နှစ်သစ်ကူးပြီးရင် ရှန်ပိန် ဖောက်တဲ့အခါ လူတိုင်း သောက်ကို သောက်ရမှာနော်"

ဖူးပွင့်ကပါ တစ်ခွက်ကိုင်သောက်ရင်း ဝင်ပြောတော့ ဆိုင်းဆိုင်းလည်း စုနက ဖူးပွင့်နဲ့ ငြင်းခုံထားရသဖြင့် ပြေရာ ပြေကြောင်းဖြစ်အောင် မငြင်းလိုက်ချင်။

ဒါနဲ့ပဲ အဲဒီရှန်ပိန်တစ်ခွက်ကို သောက်ချလိုက်တာ သောက်ပြီးတဲ့နောက်မှာ ဘာတွေ ဘယ်လိုဖြစ်ကုန်မှန်း မသိတော့။ မျက်လုံးထဲမှာ ဘာမှသေသေချာချာ မှတ်မိတာလဲ မရှိတော့။

"ဆိုင်းဆိုင်း သိပ်မူးနေလား၊ ကျွန်တော် တွဲခေါ်မယ်နော်"

ဆိုသော ရွှေကျေးအသံကို ကြားပါရဲ့။

"ဟော့ကောင် ... ရွှေကျေး၊ ဘယ်လိုလဲကွ၊ ဖွင့်ပြောလိုက် ပြီလား၊ မြင်မြင်ချင်း ချစ်ရပါတယ်လို့"

ဟူသော ရယ်မောပြီး မေးသံတွေကို ရွှေကျေး ဘာ ပြန်ဖြေသလဲဆိုတာ မကြားရပါ။ ဒါပေမဲ့ ဒီလိုမေးသံဟာ ဆိုင်းဆိုင်း နဲ့ ရွှေကျေးတို့ကို ရည်ရွယ်ကြောင်း ဆိုင်းဆိုင်းမှာ ခေါင်းမထူနိုင် အောင် မူးဝေနေပေမယ့် သိလေသည်။ စိတ်ထဲမှာတောင် အံမယ် ရာရာစစ သူက ငါ့ကိုချစ်စရာ၊ ကြိုက်စရာလား။ သူ့လိုရုပ်နဲ့ကောင် ကများပဲ့ တွေးမိသေးတာ။



"ဆိုင်းဆိုင်း ... နှင် ဒီပုံနဲ့ အိမ်ပြန်လို့ဖြစ်မယ် မထင်ဘူး"

လို့ ဖူးပွင့် လာသတိပေးတဲ့အခါ ...

"အေး ... ဟုတ်တယ်၊ မိန်းကလေးဖြစ်ပြီး ရုပ်ပျက်ဆင်း ပျက် မူးလာတာတွေ့ရင် ငါ့အဖေနဲ့အမေ အရမ်းမိတ်ဆိုး ကြလိမ့်မယ်၊ ငါ ပြန်လို့မဖြစ်ဘူး"

ဟု ပြန်ဖြေမိတာကို ပြန်စဉ်းစားလို့ ရသွားပါသည်။

ဒါနဲ့ပဲ ငါ့ကို ရွှေကျေးနဲ့ တစ်ခန်းထဲ အတူတူအိပ် ဖြစ်အောင် စီစဉ်ပေးလိုက်သလား ဖူးပွင့်ရယ်။ ငါ့ကို တမင်များ လုပ်ကြံသလား။

တောက် ... ရွှေကျေး ... ရွှေကျေး ဆိုတဲ့ကောင်။ စိတ်ဓာတ်အောက်တန်းကျတဲ့ကောင်။ အခွင့်အရေးယူတဲ့ကောင်။ အောက်တန်းစားကောင်။ အဆင့်အတန်း မရှိတဲ့ကောင်။ ပြိတ္တာ ကောင်ကြီး ... ဟင်း ... ငါ့လို မိန်းကလေးကိုများ ဒီလိုနည်းနဲ့ လွယ်လွယ်ရမယ် ထင်သလား။

ဆိုင်းဆိုင်းသည် ဒေါသဖြင့် ခုန်ထလိုက်ကာ ပက် လက်လှန်လျက် တခေါခေါ အိပ်ပျော်နေသော ရွှေကျေးကို ဆံပင်တွေဆောင့်ဆွဲ၊ မျက်နှာကို ကုတ်ခြစ်ကာ ဖြတ်ရိုက်ပစ်လိုက် တော့လေသည်။

နာကျင်လှသော ရိုက်နှက်ချက်တွေကြောင့် အိပ်ငေး ကျနေဖဲ့သည့် ရွှေကျေးမှာ ဝရန်းသုန်းကား ပူးဝူးဝါးဝါးဖြေရင်း

www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြား ထလာကာ သူ့မျက်စိထဲ မည်းမည်းမြင်သော ဆိုင်းဆိုင်းကို တအားပင် ဆောင့်တွန်းပစ်လိုက်သည်။ ယောကျ်ား တစ်ယောက်၏ တွန်းအားကြောင့် ဆိုင်းဆိုင်းမှာ အခန်းထောင့် တွင် ခွေရက်သား ပုံလဲကျသွားခဲ့ပါသည်။

"ဟာ ... ဘယ်လိုလုပ်လိုက်တာလဲကွာ၊ မင်းက ဘာဖြစ် လို့ ... ဟာ ... ဟာ ... ဆောရီး ... ဆိုင်းဆိုင်းပါလား၊ ဆိုင်းဆိုင်းမှန်း မသိလို့ တွန်းထည့်လိုက်မိတာပါ"

ရွှေကျေး ကမူးရှူးထိုး ပြေးလာပြီး ထူပေးတော့မ လို့ပြင်လျှင် ဆိုင်းဆိုင်းသည် ကျားနာတစ်ကောင်လို မာန်ဖီပြီး ပြန်စိမ်းစိမ်းကြည့်လိုက်တာကြောင့် ရွှေကျေး ခြေလှမ်းတွေ ရပ် တန့်သွားပါသည်။

"နင် ... နင် ... လူယုတ်မာကောင်၊ ငါ့ဘဝကို ဖျက်ဆီး တဲ့ကောင်။ နင်နဲ့ ဖူးပွင့်တို့နဲ့ တစ်ကျိတ်တည်း တစ်ဉာဏ် တည်းပဲ မဟုတ်လား"

"ဘာတွေပြောနေတာလဲ၊ ကျွန်တော် ဘာမှနားမလည်တော့ ဘူး"

"ဘာနားမလည်တာလဲ၊ အခု ဒီအခန်းတစ်ခန်းထဲမှာ နင် နဲ့ ငါနဲ့ တစ်ခုတင်တည်း အတူတူ အိပ်ရတာလေ၊ ဘာ နားမလည်ချင်ဟန်ဆောင်နေတာလဲ။ ရှက်တယ် ... ရှက် တယ်၊ အဲဒီလို ပါးစပ်က ပြောထွက်ဝန့်ခံရတာတောင်





ရှက်တယ် သိလား။ အသိစိတ်ကင်းလွတ်ပြီး မူးနေတဲ့ မိန်းကလေးတစ်ယောက်ကို အခွင့်အရေးယူပြီး လုပ်ရက် လိုက်ကြတာ"

"မဟုတ်သေးဘူး၊ ဒါ မဟုတ်သေးပါဘူး။ ကျွန်တော် ဒီကိစ္စမှာ ဘာမှမသိပါဘူး။ ဆိုင်းဆိုင်း ရှိတဲ့ အခန်းထဲကို ကျွန်တော် ဝင်မလာမိပါဘူး။ သေချာတယ် ကျွန်တော် မူးနေပေမဲ့ အားလုံးမမေ့ပါဘူး"

"ဩော် ... ဝင်မလာဘဲနဲ့ ငါ့အခန်းထဲ ရောက်နေစရာ လား"

"ကျွန်တော် သိပါတယ် ဆိုင်းဆိုင်းရဲ့။ ဆိုင်းဆိုင်းကသာ ဘာမှမမှတ်မိပေမဲ့ ဆိုင်းဆိုင်းကို မဖူးပွင့်နဲ့ မမကြီးတို့တွဲ ခေါ်သွားတာ ဘယ်အခန်းလဲဆိုတာ မြင်လိုက်ပါတယ်။ ကျွန်တော် ဝင်အိပ်တဲ့အခန်းက ညတည်းက ဒီအခန်းပါပဲ၊ ဒီအခန်းက ပိုင်ပိုင်တို့ဦးလေး သင်္ဘောသားလူပျိုကြီး ပြန် လာရင် နေတဲ့အခန်းမို့ ကျွန်တော်တို့ ယောကျ်ားလေး ဧည့်သည်တွေလာရင် ဒီအခန်းလွတ်နေရင် ပေးအိပ်နေကျ အခန်းပါ။ ကျွန်တော် မမှားပါဘူး။ ဆိုင်းဆိုင်းကသာ ကျွန်တော့်အခန်းထဲ ရောက်လာတာပါ"

"အောင်မာ ... ရာရာစစ၊ ငါက နင့်အခန်းထဲ ဝင်လာမဲ့ မိန်းမမျိုးလား၊ စကားပြောတာ ကြည့်ကျက်ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှူး ... တိုးတိုး၊ အိမ်ထဲမှာ ဘယ်သူမှ နိုးပုံမရသေးဘူး။ ဒီအဖြစ်က ဘယ်သူမှမသိရင် ပိုမကောင်းဘူးလား"

"ဘာ ... ဘာရယ် ... နင် ငါ့ကို ဘယ်လိုကောင်မမျိုး ထင်လို့လဲ။ ငါ မိကောင်းဖခင်သားသမီးပါ"

"ဆိုင်းဆိုင်း ခဏ နားထောင်ပါဦး။ ကျွန်တော်က ဆိုင်းဆိုင်း အတွက် ပြောတာပါ၊ လူပိုသိရင် ဆိုင်းဆိုင်း ပိုအရှက်ကွဲ ရမှာစိုးလို့ပါ။ ကျွန်တော်တို့ ဘာဖြစ်ခဲ့မှန်းတော့ ကျွန်တော့် ကိုယ်ကျွန်တော်လည်း မသိဘူး၊ ဒါ အမှန်အတိုင်းပြောတာ။ ကျွန်တော်လည်း မူးနေတဲ့ကောင်လေ။ ဒီတော့ ပြန်စဉ်းစား သမျှက အမှန်တစ်ဝက် အမှားတစ်ဝက် ဖြစ်မှာပဲ။ ဒီတော့ ခေါင်းအေးအေးထားပြီး ဖြေရှင်းကြရအောင်"

ဆိုင်းဆိုင်းမှာ ကြံရာမရဖြစ်ခြင်း၊ ယူကျုံးမရဖြစ်ခြင်း၊ နောင်တရခြင်းတွေ ရောပြွမ်းလျက် ရှိုက်ကြီးတငင်ပင် ငိုချမိပါသည်။

ရွှေကျေးသည် ဆိုင်းဆိုင်းကို ပွေ့ဖက်ကာ ချော့ချင်ပေမဲ့ သူမအသားကို မထိရဲသဖြင့် ခုတင်ပေါ်မှာ ထိုင်လျက်သား နဲ့သာ အသာငေးကြည့်နေမိသည်။ ဒီမိန်းကလေး ရွှေကျေးရင်ထဲ မှာ မြင်မြင်ချင်းပဲ ရင်ထဲကို တန်းဝင်သွားအောင် သဘောကျမိတဲ့ မိန်းကလေးပါ။ သဘောကျတယ် ချစ်မိတယ် ဆိုပြီး ဘေးက သူငယ်ချင်းတွေကိုတောင် အသိပေးခဲ့တာပါ။ သွားမိတ်ဆွေဖွဲ့မယ်။





ရင်းနှီးလာအောင်လုပ်မယ်။ ပြီးရင် ဖွင့်ပြောမယ် ဆိုတဲ့ စိတ်ကူး ယဉ်မျှော်လင့်ချက်တွေနဲ့ အနီးကပ်သွားတွေ့ပြီး စကားပြော မိတ်ဖွဲ့မိခဲ့တာပါ။

ရွှေကျေး စဉ်းစားစိတ်ကူးယဉ်ထားတဲ့ ဇာတ်လမ်း က ရိုးရိုးလေး၊ ဘာမှမရှုပ်ဘူး။ ဘာပြဿနာမှလဲ မရှိဘူး။ ဘယ်သူ့သိက္ခာကိုမှလဲ မထိခိုက်ဘူး။ လူပျိုယောကျ်ားလေးတစ် ယောက်က ချစ်သူမရှိသေးတဲ့ အပျိုမိန်းကလေးတစ်ယောက်ကို ချဉ်းကပ်မဲ့ ဇာတ်လမ်းရိုးရိုးလေးသာဖြစ်ကြောင်း ဘယ်သူ့မေးမေး ကျိန်ပြောရဲပါသည်။ အခုတော့ ဘာတွေ ဘယ်လိုများ မှားကုန် သည်မသိ။ ဘာမှလဲ ပြန်စဉ်းစားမရတာ ခက်သည်။

"ကျွန်တော်တို့ အခု ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုလုပ်ရမှန်း မသိလို့ ငိုနေတာပေါ့၊ သိရင်ဒီလို တောင် မနေဘူး။ ထ,ပြန်ပြီးနေပြီ"

"ကျွန်တော်လည်း ဘာလုပ်ပေးရမှန်း မသိဘူး၊ ကျွန်တော် ကျိန်ပြီးပြောရဲတာကတော့ ဆိုင်းဆိုင်း ကျွန်တော့်အခန်းထဲ ရောက်လာပြီး တစ်ခုတင်တည်း အိပ်နေတာကို ကျွန်တော် တကယ်မသိခဲ့ပါဘူး ဆိုတာပါ"

"ဒါဖြင့် ငါက ဘယ်လိုလုပ် ဒီရောက်နေလဲ"

"တစ်ယောက်ယောက်များ နောက်ချင်လို့ လုပ်ကြသလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အို ... နောက်ချင်ရင်လည်း တခြားနည်းနဲ့ နောက်ပေါ့၊ ဒီလိုနည်းနဲ့ နောက်စရာလား၊ ဒါ လုံးဝနောက်တာ မဖြစ်နိုင်ဘူ ။ တမင် ကြံစည်ပြီးလုပ်တာ။ ငါ အသိစိတ်နဲ့ကင်းမဲ့ပြီး ဘာဖြစ်မှန်း မသိအောင် မူးနေအောင် မူးယစ်ဆေး ဝါးလိုမျိုး ဆေးတစ်ခုခုကို ငါသောက်တဲ့ ဗိုင်တွေထဲမှာ နည်းနည်းချင်း ထည့်ထားတာဖြစ်မယ်၊ တဖြည်းဖြည်းနဲ့ အရှိန်တက်လာတယ်ဆိုတာ သိလာတယ်။ ပြီးမှ ငါ့ကို ငါ အိပ်မောကျနေတုန်း ယောကျ်ားတစ်ယောက်ရှိတဲ့ အခန်းထဲကို လာထည့်ပေးတာ၊ ဟုတ်တယ် ... ဒါ တမင် လုပ်တာဖြစ်မယ်။ ငါကတော့ အဲဒီလိုပဲ တွေးကြည့်လို့ရ တယ်"

ဆိုင်းဆိုင်း ခေါင်းမူးနေပေမဲ့ ရအောင်စဉ်းစားပြီး ဖြစ်နိုင်တာကို ပြောပြလျှင် ရွှေကျေးပါ ဆိုင်းဆိုင်း ပြောတာဖြစ် တော့ဖြစ်နိုင်တယ်လို့ တွေးလို့ရသွားပါသည်။

"တမင်လုပ်ရအောင် ဆိုင်းဆိုင်းနဲ့ ဘယ်သူက ရန်ငြိုးရှိလို့ လုပ်တာဖြစ်မလဲ။ ကျွန်တော်တော့ မတွေးတတ်ဘူး"

"နင်က ဘယ်တွေးမလဲ၊ နင်တို့ယောကျ်ားတွေဘက်က တော့ ဘာပဲဖြစ်ဖြစ် အရှုံးမှမရှိတာ၊ ဒီလိုဖြစ်တာ ပိုတောင် ကောင်းသေးလို့ စိတ်ထဲမှာ တွေးရင် တွေးနေမှာပေါ့"





ထိုသို့ အပြောခံလိုက်ရသော ရွှေကျေး မခံချင်။ ချက်ချင်းပဲ လက်ကာပြီး ရှင်းပစ်လိုက်သည်။

"ဟာ ... အဲဒီလို အထင်မသေးနဲ့လေ။ ကျွန်တော့်မှာ အောက်တန်းကျတဲ့စိတ် မရှိပါဘူး။ ကျွန်တော် အခွင့်အရေး သမားလည်း မဟုတ်ဘူး"

"နင် မလိမ်နဲ့၊ နင် ငါ့ကို မြင်မြင်ချင်းပဲ သဘောကျတယ် လေး ဘာလေးနဲ့ ပြောထားတာ ငါ သိတယ်လေ။ ဒီတော့ ဒီကိစ္စမှာ နင့်အကြံရော မပါဘူးလို့ ပြောနိုင်မလား"

"ကျွန်တော် မိန်းကလေးတစ်ယောက်ကို ချစ်မိရင် ဒီလို ပုံစံမျိုးနဲ့တော့ ကိုယ့်လက်ထဲရောက်အောင် လုပ်မယူဘူး။ ကျွန်တော် ဆိုင်းဆိုင်းကို သဘောကျမိတယ်၊ ချစ်သလိုလို ဖြစ်မိတယ် ဆိုတာတော့ ဟုတ်တယ်၊ ဒါပေမဲ့ အခုလောက် အောက်တန်းကျတဲ့ အပြုအမူမျိုးနဲ့တော့ အရယူမှာမဟုတ် ဘူး။ ကျွန်တော့်ဘာသာ အေးအေးဆေးဆေး ဖွင့်ပြောပြီး ချစ်သူဖြစ်အောင် ကြိုးစားမှာ"

"အံမယ်လေး ... ငါကလည်း ပြန်ချစ်မယ် မထင်နဲ့၊ နင့် လိုပုံစံမျိုး စိတ်တောင်မကူးခဲ့ဘူး"

ဆိုင်းဆိုင်းမှာ စိတ်ညစ်နေသည့်အခံနှင့် လွှတ်ခနဲ ပြန်ရန်တွေ့လိုက်ပြီးမှ ကိုယ့်အမှားကိုယ်မြင်ပြီး ချက်ချင်းပါးစပ် ပြန်ပိတ်သွားပါသည်။ နင့်လိုပုံစံမျိုး စိတ်မကူးဘူးလို့ ပြောလို့မ



www.burmeseclassic.com

www.burmeseclassic.com



ရတော့ဘူး၊ သူနဲ့ ကိုယ်က ဘာဖြစ်ခဲ့မှန်း မသိပေမဲ့ ကိုယ့်ဘဝဟာ သူ့ပါးစပ်ဖျားက စကားတွေပေါ်မှာ မူတည်နေပြီလေ။

သူက အခွင့်ကောင်းယူပြီး လျှောက်ပြောခဲ့ရင် နစ်နာစရာရှိ ဆိုင်းဆိုင်းပဲ နစ်နာတော့မှာ။ အရှက်ကွဲမခံချင်ရင် သူ့ကို မျက်စိမှိတ် လက်ခံလိုက်ရတော့မှာ။

"စိတ်မကူးဘူးဆိုလည်း ပြီးတာပါပဲ၊ ကဲ ... အခု ဘယ်လိုလုပ်ချင်လဲ"

"နင်က ဘာလုပ်ပေးချင်လို့လဲ"

"အာ ... ကျွန်တော်နဲ့ မှားခဲ့တာ၊ ကျွန်တော့်ကို တာဝန်ယူခိုင်းရင်လည်း ယူရမှာပေါ့၊ ဒါပဲ ရှိတယ်။ ဒါမှမဟုတ်လည်း ကျွန်တော့်လိုကောင်က ဆိုင်းဆိုင်း စိတ်မကူးတဲ့ကောင်ဆိုလည်း ကျွန်တော် မနှောင့်ယှက်ပါဘူး၊ ပါးစပ်ပိတ်နေပေးပါ့မယ်"

"နင်က ပါးစပ်ပိတ်ပေမဲ့ သိတဲ့လူက သိထားပြီထင်တယ်"

"သိထားလည်း သူက ဘာရည်ရွယ်ချက်နဲ့ လုပ်မှန်းမှ မသိတာ၊ ဂရုမစိုက်ပါနဲ့။ ဆိုင်းဆိုင်းဘက်က ကျွန်တော် ရပ်တည်ပေးပါ့မယ်၊ ဆိုင်းဆိုင်းကို ကာကွယ်ပြီး ပြောပေးစေချင်ရင် ကျွန်တော် ပြောပေးပါ့မယ်"

"အခု တစ်အိမ်လုံး တိတ်ဆိတ်နေတာနော်၊ ဘယ်သူမှ မနိုးကြသေးဘူးထင်တယ်"





"မနက်လေးနာရီလောက်မှ အားလုံးအိပ်ကြတာ၊ ဒါကြောင့် မနိုးသေးတာဖြစ်မယ်"

နာရီကြည့်လိုက်တော့ မနက်ခုနစ်နာရီခွဲပြီးနေပြီ။ ဆောင်းရာသီတွင်းမို့ သိပ်အလင်းကြီး မဟုတ်သေးသလို ဒီနေ့မှ ကောင်းကင်ကလည်း ခပ်အုံ့အုံ့မို့ လင်းချင်းမနေပါ။

"အပြင်ခဏထွက်ပြီး လျှောက်ကြည့်ပေးမလား"

"ရပါတယ်၊ ကြည့်ပေးမယ်"

"ဘယ်သူမှ မနိုးသေးရင်တော့ အင်း ... ဟို ... ငါ ... ငါ တိတ်တိတ်လေးပဲ အိမ်ပြန်လိုက်ချင်တယ်ဟယ်။ ငါ ဒီလိုပြောလို့ ငါ့ကို အထင်မသေးနဲ့နော်။ ငါ အဲဒီလိုမိန်းမစားမျိုးလည်း မဟုတ်ပါဘူး။ ဒါပေမဲ့ ငါ နင့်ကိုစွတ်မှိတ်ပြီး ယူလိုက်ရတာမျိုး မဖြစ်ချင်ဘူး။ ငါ့ဘဝက တက်လမ်းတွေအများကြီး ရှိသေးတယ်။ ငါ ခုချိန်မှာ အိမ်ထောင်မကျချင်သေးဘူး။ ပြီးတော့ ... ဟို ... ပြီးတော့ ... ငါ ... ငါ ... ငါယူချင်တဲ့ ယောက်ျားမျိုးက နင့်လိုပုံစံမဟုတ်ဘူး၊ ရွှေကျေးရယ်။ ဒီလိုပြောရတာ အားတော့နာပါတယ်၊ ဒါပေမဲ့ ငါ့ကို နားလည်ပေးပါနော်"

ရွှေကျေး ရင်ထဲမှာလည်း သိပ်ပြီးခံစားရတာမျိုး မရှိတာမို့ ရယ်ရယ်ပြုံးပြုံးပင် ခေါင်းညိတ်ပြလိုက်ပါသည်။ အမှန်တော့ ရုပ်ကလေးချောပြီး လူပစမတ်ကျလှသော ပုံစံလေးနှင့် ယောက်ျားလေးပီပီ သဘောကျပြီး ချစ်သလိုလို ဘာလိုလိုရှိထဲ



www.burmeseclassic.com

www.burmeseclassic.com



ခံစားရဘာပေမဲ့ သိပ်ပြီး အသည်းအသန်ကြီး ရုပ်ရှင်တွေ၊ ဝတ္ထုတွေ၊ ဗီဒီယိုတွေထဲကလို အရှုးအမူးကြီးလည်း မဖြစ်သေးတာမို့ ဆိုင်းဆိုင်း ဆိုတဲ့ ကောင်မလေးက သူ့ကိုမချစ်နိုင်ပါဘူး၊ ဒီလိုပုံစံမျိုးကို မယူချင်ပါဘူး ပြောတော့လည်း အလွယ်တကူ နားလည်လက်ခံလိုက်လို့ ရပါသည်။

"သွားကြည့်ပေးမယ် ခဏနေဦး၊ ဘယ်သူမှမရှိရင် အသာလေး လစ်လို့ရအောင် အဆင်သင့် ပြင်ထားပေါ့၊ ဟုတ်ပြီလား"

"အေးပါဟယ်၊ ကျေးဇူးပါပဲ"

"ရပါတယ်"

ရွှေကျေး တံခါးဘု အသာလှည့်ဖွင့်ပြီး အပြင်ကိုချောင်းကြည့်ပါသည်။ ခြေဖွနင်းပြီး အိမ်ထဲ ဟိုလျှောက်ဒီလျှောက်လုပ်ပြီး လှုရိပ်လှုယောင် ကြည့်ပေးပါသည်။ အားလုံး ကိုယ့်အခန်းထဲကိုယ် အိပ်ပျော်သူကအိပ်၊ အခန်းမရသူတွေကလည်း အိမ်ရှေ့ဒရင်းဘက်(ခ)တွေမှာ၊ ဆိုဖာခုံရှည်တွေမှာ၊ တချို့ဆို ကြမ်းခင်းကော်ဇောပေါ်မှာ လှဲအိပ်နေသူတွေလည်းအပြည့်။ အိမ်ကြီးထဲမှာ နံနက်ချိန်ခါ တေးသံသာအဖြစ် တခေါခေါဟောက်သံတွေသာ လွှမ်းမိုးနေဆဲ။ ပြတင်းပေါက်ခန်းဆီးလိုက်ကာကြီးတွေလည်း ချထားဆဲဖြစ်သဖြင့် အိမ်ထဲမှာ မှောင်တာရော၊ ဆောင်းရာသီမို့ အေးနေတာရောကြောင့် အားလုံးကွေးလို့ အိပ်လို့ ကောင်းနေဆဲဖြစ်ပါသည်။





ရွှေကျေး စဉ်းစားမရတာက ဘာကြောင့်များ ရွှေကျေးနဲ့ဆိုင်းဆိုင်းကို အတူတွဲအိပ်တဲ့ပုံစံ ဖြစ်သွားအောင် ဘယ်သူကများ ဖန်တီးလိုက်သလဲ ဆိုတာပင်။ ဘာကြောင့်လဲ ? ဘာအတွက်ကြောင့်လဲ ? ဘာလို့ ဒီလိုလုပ်ရတာလဲ ? ဆိုသော Question mark (ကွက်ရှင်းမာ့ခ်)တွေ အများကြီးကို ခေါင်းထဲပြည့်နေသည်ဟု မြင်ယောင်မိအောင်ပင် ရွှေကျေး ဦးနှောက်ခြောက်အောင်တွေးမိလေသည်။

သေချာအောင် လျှောက်ကြည့်ပြီးမှ အခန်းတံခါးကို ပြန်တွန်းဝင်လိုက်တော့ အားကိုးသော မျက်လုံးဝိုင်းတွေဖြင့် စောင့်နေသည့် ဆိုင်းဆိုင်းကို တွေ့ရသည်။

"ဘယ်သူမှ မရှိဘူး မဟုတ်လား"

"မရှိဘူး မဟုတ်ဘူး။ အပြင်မှာ ဖြစ်သလို လှဲအိပ်နေတဲ့သူတွေတော့ ရှိတယ်"

"ဟယ် ... ဒုက္ခပါပဲ"

"ဒါပေမဲ့ အိုကေပါ၊ အခုချိန် သူတို့နားမှာ ဆင်အော်လို့တောင် မနိုးနိုင်ဘူး။ တိတ်တိတ်လေးသာ ထွက်သွားလိုက်"

"သေချာလို့လား"

"စိတ်ချပါ၊ ကျွန်တော် ဘာလို့ညာပြောရမှာလဲ"

"ဒါဖြင့် သွားမယ်"

ဆိုင်းဆိုင်းမှာ ရင်တထိတ်ထိတ်ဖြင့် ထွက်လာပြီး သတိရကာ ပြန်လှည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ကရော"

"ဟာ … ကျွန်တော် အိပ်ချင်သေးတယ်၊ ပြန်အိပ်နေမှာပေါ့"

"ဟင် … ဒါဖြင့် ငါ ဘယ်ရောက်သွားလဲလို့ သိနေတဲ့လူက လာမေးရင် ဘယ့်နှယ်လုပ်မလဲ"

"အဲဒီလောက် အတွေးမခေါင်နဲ့လေ။ တမင်လုပ်ကြံတဲ့သူဟာ သူ့ရဲ့မကောင်းကြံတဲ့ကိစ္စ ပေါ်သွားအောင်တော့ သူကိုယ်တိုင် လာဖွင့်မေးမှာ မဟုတ်ပါဘူး။ ကာယကံရှင်တွေက ဘာမှထုတ်မပြောရင် လုပ်ကြံတဲ့လူကလဲ ဘယ်ထုတ်ပြောရဲမလဲ။ သူ မကောင်းကြံလိုက်မှန်း အကုန်လုံးသိကုန်ကြမှာပေါ့"

"ငါ သိချင်တယ်၊ ငါ့ကို ဘယ်သူ မကောင်းကြံလဲတော့ သိချင်တယ်"

ဆိုင်းဆိုင်း ထိုသို့ ထုတ်ပြောပေမဲ့ ခြေလှမ်းတွေကတော့ ဒီအိမ်ထဲက ထွက်ပြေးသွားနိုင်ဖို့ကို ပြင်ပြီးနေပြီ။ ထွက်ပြေးချင်လှပြီလေ။ ဘယ်သူမှ မသိခင် ဘယ်သူမှမမြင်လိုက်ခင် ဘယ်သူနဲ့မှ ရင်မဆိုင်ရခင်မှာ ဘာကိုမှ မစဉ်းစားတော့ဘဲ ဒီနေရာကနေ ထွက်ပြေးချင်လှပြီ။

❦ ✻ ❦





# ၄

ရုံးပြန်တက်ရသောနေ့တွင် ဆိုင်းဆိုင်း စိတ်ထဲမှာ မဝံ့မရဲ ဖြစ်နေသည်။ နယူးရီးယားညမှာ ဖြစ်ခဲ့တဲ့ အကြောင်းအရာကို ဖူးပွင့်များ သိနေသလားလို့ စိုးရိမ်ပူပန်ကာ ဖူးပွင့်ကိုရင်ဆိုင်တွေ့ရမှာ ကြောက်နေသည်။

ဖူးပွင့်တို့အဒေါ်အိမ်မှာ ကျန်ခဲ့တဲ့ ရွှေကျေးနဲ့ ဘာတွေပြောကြသလဲ။ ဘာတွေ သိကုန်ကြသလဲ ဆိုတာ ဆိုင်းဆိုင်း ကြိုတင်ပြီး ဖြစ်နိုင်တာတွေတွေးလိုက်၊ မဖြစ်နိုင်တာတွေတွေးလိုက်ဖြင့် မျက်နှာမှာ မရွှင်လှ။ ရုံးသွားဖို့ကို မတက်ကြွနိုင်ဘဲ ဖြစ်နေသည်။

သိပ်အံ့ဩဖို့ကောင်းတဲ့ ကံကြမ္မာပဲ။ နှစ်တစ်နှစ်ရဲ့နောက်ဆုံးနေ့မှာ ငါ့လောက် စိတ်ချမ်းသာ ပျော်ရွှင်ရတဲ့သူမရှိခဲ့ဘူးလို့ လွန်ခဲ့တဲ့ နှစ်ရက်က ထင်ခဲ့တယ်။ အလုပ်ရှင်သူဌေးမ



www.burmeseclassic.com

www.burmeseclassic.com



ကြီးနဲ့အတူ နိုင်ငံခြားခရီးကို လိုက်ရမယ်ဆိုတဲ့ သတင်းကောင်းနဲ့ အားလုံးက ဝိုင်းအားကျ မနာလိုတာ ခံခဲ့ရချိန်မှာ ငါဟာ ဒီကမ္ဘာမှာ ငါ့လောက် ကံကောင်းတဲ့သူ ရှိဦးမလားဆိုပြီး လက်မထောင် မာန်တက်နေခဲ့မိတာလေ။

အပျော်လွန်၊ အမြောက်လွန်ပြီး အခုတော့ မမှားသင့်တဲ့အမှားကြီးတစ်ခုကို ကျူးလွန်လိုက်မိပြီ။ မိန်းကလေးတစ်ယောက်ရဲ့ဘဝမှာ လူသိမခံဝံ့တဲ့ အမည်းစက်ကြီးတစ်စက် စွန်းသွားသလိုပဲ စိတ်ထဲမှာ ခံစားနေရလေပြီ။ ဒီအကြောင်းကို တွေးလိုက်တိုင်း ကိုယ့်ဘဝကိုယ် ယူကျုံးမရဖြစ်ကာ ကျိတ်မျက်ရည်ကျခဲ့ရပါသည်။

"သမီး ရုံးသွားတော့မလား၊ ဒီနေ့ ပြင်ဆင်နေတာ မပြီးတော့ဘူး။ အခန်းထဲက ထွက်ကိုမလာတော့လို့ နေများမကောင်းဘူးလားလို့"

အမေက ဘာမှမရိပ်မိဘဲ အခန်းဝလာရပ်ကာ မေးပါသည်။

"နေကောင်းပါတယ် အမေ။ ဘော့(စ)မှာလိုက်တဲ့ စာရွက်စာတမ်းလေးတွေ ပြန်စစ်နေလို့ပါ"

ဟု မုသားသုံးပြီး အမေ့ကို လိမ်လိုက်ရသည်။

ငါ့ဘဝလည်း ဒီ့ထက်ပိုမကောင်းတော့ပါဘူး။ ဒီနှစ်သစ်ရဲ့ နှစ်စတဲ့ တစ်ရက်နေ့ကတည်းက အဖေအမေကို စပြီး လိမ်ခဲ့တာ။



"ညက သိပ်ညဉ့်နက်နေလို့ မပြန်လာကြတော့ဘူး ဖူးပွင့်အဒေါ်အိမ်မှာပဲ အိပ်မယ်လို့ သမီး ဖုန်းဆက်တုန်းက သမီးအသံက ဝါးနေတယ် သေသေချာချာတောင် မကြားရဘူး၊ သူတို့အိမ်ဖုန်းလိုင်း မကောင်းဘူးထင်တယ်"

ဟူ၍ အိမ်ပြန်ရောက်ရောက်ချင်း အဖေက ဆီးပြောတော့ ဆိုင်းဆိုင်းမှာ မအံ့ဩမိအောင် မနည်းဟန်ဆောင်ထားရသည်။ ဘုရားရေ ... အဖေ အမေတို့ကို ငါကိုယ်တိုင်ပဲ ဒီလို ဖုန်းဆက်ပြောခဲ့သလား။ ဘာမှကို ပြန်စဉ်းစားလို့ မရပါဘူး။ မှတ်လည်း မမှတ်မိဘူး။ ငါကိုယ်တိုင် ဆက်တာရော ဟုတ်ရဲ့လား။ ငါ့အစား တစ်ယောက်ယောက်ကများ ဟန်ဆောင်ပြီး ဆက်သလား။ အဖေပြောတော့ အသံက ဝါးနေသတဲ့။ ဒါ မသင်္ကာစရာပဲ။

"ဟုတ်တယ် အဖေ။ အားလုံးကလည်း မူးနေကြတော့ ဘယ်သူမှ ကားမမောင်းရဲကြတာနဲ့ ပြန်ပို့မဲ့သူလည်းမရှိဘူး။ ညဘက်ကြီး တက္ကစီနဲ့ ပြန်ရမှာလည်း ကြောက်လို့ ဖူးပွင့်တို့ အဒေါ်အိမ်မှာ ဖူးပွင့်နဲ့ပဲ ဝင်အိပ်လိုက်တယ်"

ဆိုသော လိမ်ညာမုသားစကားကို စပြောခဲ့ရတဲ့ ဒီနှစ်သစ်ကို တော်တော်မုန်းတီးမိလေသည်။

အခုလည်း ရုံးသွားရင် ဆုံရမဲ့ ဖူးပွင့်ကို လန့်နေတဲ့အကြောင်း အမှန်အတိုင်း မပြောရဲဘဲ အမေ့ကို ဆက်ပြီးညာမိပြန်သည်။

ဝေဝေ[illegible]

www.burmeseclassic.com

www.burmeseclassic.com



"မမသွယ် သွားပြီလား"

"သွားပြီ သမီး။ သူ့ကျောင်းသားတွေကို မနက်ခုနစ်နာရီကနေ ကိုးနာရီတစ်ချိန် သွားသင်ပြီး ခဏပြန်နားမယ်၊ ဆယ်နာရီမှာ နောက်တစ်ပိုင်း သင်ရမယ်လေ"

ဆိုင်းဆိုင်း၏ တစ်ဦးတည်းသော အစ်မ ညိုရီသွယ်ကတော့ ဘွဲ့လွန်တက်ရင်း Thesis သီးဆစ်လုပ်ရင်း အခုတည်းကပင် ဗိုင်းကျူရှင်တွေ လိုက်ပြသော အလုပ်ကို လုပ်နေပါသည်။ သီးဆစ်(စ)ပြီးရင်တော့ တက္ကသိုလ်ထဲမှာပင် ဆရာမ ဝင်လုပ်တော့မည်ဟု ပြောထားသည်။

မမသွယ်နဲ့ ဆိုင်းဆိုင်းက သုံးနှစ်မျှသာ အသက်ကွာပေမဲ့ မမသွယ်က အတော် ဆရာလုပ်တာမို့ ဆိုင်းဆိုင်းနဲ့တော့ သိပ်အပေါင်းအသင်း မဖြစ်လှ။ ညီအစ်မချင်းပေမဲ့ သိပ်ပြီး တိုင်တိုင်ပင်ပင် စကားပြောဖူးတာပင်မရှိ။ လက်ချိုးရေလို့ပင်ရသည်။ ဒီအိပ်ခန်းလေးထဲမှာ တစ်ယောက်အိပ် ခုတင်တစ်လုံးစီ ယှဉ်ချပြီး အတူတူ အိပ်ကြတယ်ဆိုပေမယ့် တစ်ယောက်နဲ့တစ်ယောက် သီးသန့်တွေလို ဖြစ်နေသည်။ မချစ်ဘူးတော့ မဟုတ်။ ချစ်တော့ ချစ်ကြပေမဲ့ သီးသန့်နေတတ်တဲ့အကျင့် ရှိကြလေသည်။

ဒီကန့်ထရိုက်တိုက် နှစ်လွှာအခန်းလေးမှာ အောက်ထပ်ကတော့ ဧည့်ခန်း၊ မီးဖိုခန်း၊ ထမင်းစားခန်းတွေထားကာ အပေါ်လွှာမှာတော့ ဘုရားခန်းရယ်။ အိပ်ခန်းနှစ်ခန်းရယ်သာရှိ





သည်။ အဖေနဲ့အမေက တစ်ခန်း။ ဆိုင်းဆိုင်းတို့ ညီအစ်မက တစ်ခန်း ဖြစ်လေသည်။ ကန့်ထရိုက်တိုက်ခန်း ခပ်ကျဉ်းကျဉ်းနှစ်လွှာခန်းပေမဲ့ မိသားစုလေးယောက်တည်း။ ပြီးတော့ အဖေရယ် ဆိုင်းဆိုင်းတို့ ညီအစ်မရယ်က မနက်မိုးလင်းတာနဲ့ အလုပ်ထွက်သွားကြတာမို့ အမေ တစ်ယောက်တည်းသာ ကျန်ရစ်ကာ ကျဉ်းတယ်ရယ်လို့ပင် မထင်ရ။ ဒါပေမဲ့ အခုကျ ဘာကြောင့်မှန်းမသိ။ ဆိုင်းဆိုင်းမှာ ငါတစ်ယောက်တည်း သီးသန့်နေလို့ရရင် သိပ်ကောင်းမှာပဲ၊ စိတ်ထဲမှာ ကျဉ်းကျပ်နေတယ်ဟု မဆီမဆိုင်တွေးတောနေမိသည်။

ကိုယ့်အပြစ်နဲ့ကိုယ်မို့ အဖေ့ကိုရော အမေ့ကိုရော မမသွယ်ကိုရော မျက်နှာချင်း ကြာကြာမဆိုင်ရဲ။ မဆိုင်ချင်။ အလိုလိုနေရင်း လိပ်ပြာမလုံကာ လန့်နေသည်။ အလုပ်ကိုသာ ထွက်လာရတယ်။ စိတ်ကမပျော်။ စိတ်ထဲမှာ လေးနေသည်။

ရုံးထဲရောက်တော့ ဖူးပွင့် ရောက်နေပြီဖြစ်ကြောင်း လက်မှတ်ထိုးတဲ့စာအုပ်မှာတွေ့လျှင် နည်းနည်းရင်တုန်သွားပါသည်။ မျက်နှာကို အတတ်နိုင်ဆုံးတည်အောင်ထားကာ ကိုယ့်စားပွဲကိုယ် ဝင်ထိုင်လိုက်တော့သည်။ မျက်နှာချင်းဆိုင် ခပ်လှမ်းလှမ်း စားပွဲမှာ ဝင်ထိုင်အလုပ်စ,လုပ်နေပြီဖြစ်သော ဖူးပွင့်က ...

"ဟဲ့ ... ဆိုင်းဆိုင်း"

ဟု ခေါ်လိုက်လျှင် ဆိုင်းဆိုင်း တုန်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ဖူးပွင့်"

"နင် ဒီနေ့ ကိုးနာရီအတိမှ ရောက်တယ်နော်"

"အင်း ... ဟုတ်တယ်"

"ခါတိုင်း ရှစ်နာရီလေးဆယ့်ငါးဆို ပုံမှန်ရောက်နေကျမို့ ဒီနေ့ စံချိန်မကိုက်တော့ဘူး၊ ငါ နင့်ကို နိုင်သွားပြီ ဟိဟိ။ ငါက ရှစ်နာရီမိနစ်ငါးဆယ်မှာ ရောက်တာ သိလား"

"သိပ်တက်ကြွနေပါလား"

"နှစ်သစ်မှာ စိတ်သစ်လူသစ်နဲ့ အလုပ်တွေ ကြိုးစားပြလိုက်ချင်လို့လေ။ ဒါမှ ဘော့(စ)လည်း ငါ့ကို မျက်စိကျပြီး သူနဲ့အဖော်လိုက်ခဲ့ဖို့ ခေါ်ချင်မလားလို့ပါ"

ဖူးပွင့်ကသာ တခြားအကြောင်းတွေ ပြောနေပေမယ့် ဆိုင်းဆိုင်း စိတ်ထဲမှာတော့ ဖူးပွင့် ငါ့အကြောင်းသိနေပြီထင်တယ် ဟု တွေးကာ ဖူးပွင့် ပြောတာတွေကို စိတ်မဝင်စားနိုင်ဘဲ ဖြစ်နေသည်။

"နင် မနေ့က အစောကြီး ပြန်သွားတယ်နော်၊ ငါနိုးလာတော့ နင်အိပ်တဲ့အခန်းတံခါးက စေ့ထားတာ တွေ့တာနဲ့ ဝင်ကြည့်တော့ နင် မရှိတော့ဘူး"

ဖူးပွင့်ပုံစံက ရိုးရိုးသားသားပြောသော ပုံစံမျိုးပေမဲ့ ဆိုင်းဆိုင်း ရင်ထဲမှာတော့ ဒိန်းခနဲ အသံကြီး မြည်သွားလေသည်။

"နင် ဘယ်နှနာရီလောက် ထ,သွားတာလဲ"





"ခုနစ် ... အဲ ... ခုနစ်နာရီခွဲထင်တယ်"

"ခေါင်းတွေ ကိုက်သေးလား"

ဆိုင်းဆိုင်းမှာ ကိုယ့်ဒုက္ခနဲ့ကိုယ် နိုးထရသူမို့ ခေါင်းကိုက်ခဲ့သလား၊ မကိုက်ခဲ့ဘူးလားပင် မသိခဲ့။

"ငါတော့ ခေါင်းတွေ သေအောင်ကိုက်တာလေ။ ငါနိုးတော့ မနက်ဆယ်နာရီ ရှိနေပြီ။ ခေါင်းကိုက်လို့ ခေါင်းမထူနိုင်ဘဲ အော်ငိုနေတာနဲ့ ငါ့အဒေါ်က အက်(စ)ပရင်ရေဆူဆေးပြားနှစ်လုံး ရေနဲ့စိမ်တိုက်လိုက်လို့ ဆယ့်ငါးမိနစ်အတွင်းမှာ ခေါင်းထူလာနိုင်တာ။ နင်ရော ဘယ်လိုများ ဖြစ်နေလဲလို့ စိတ်ပူပြီး အမြန်ပြန်လာကြည့်တာ။ နင်က နိုးပြီးပြန်သွားနှင့်ပြီ၊ တယ်ဟုတ်ပါလား ခေါင်းမကိုက်လို့ ချက်ချင်းထသွားနိုင်တာ ထင်တယ်"

"ခေါင်းကိုက်ပါတယ်၊ ဒါပေမဲ့ ငါက အိတ်ထဲမှာ နားထင်ကပ်တဲ့ ပလာစတာတွေရော၊ ရှူဆေးရော၊ ခေါင်းကိုက်ပျောက်ဆေးတွေရော အမြဲဆောင်ထားတတ်တော့ နိုးနိုးချင်း ခေါင်းကိုက်တာသိတာနဲ့ ကိုယ့်ကိုယ်ကိုယ် ဆေးကုလိုက်တယ်လေ။ နောက်ပြီး နင့်အဒေါ်အိမ်မှာဆိုတော့ အားနာလို့ အထူးတလည်နှိုးပြီး နှုတ်ဆက်မနေချင်တာနဲ့ နိုးနိုးချင်း မိုးလည်းလင်းနေပြီဆိုတော့ ထပြန်လိုက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဆိုင်းမှာ ဟန်ဆောင်ကောင်းစွာပင် စကားတွေ စီကာစဉ်ကာ ပြန်ပြောလိုက်ပါသည်။ ဖူးပွင့်ကတော့ ဆိုင်းဆိုင်းရဲ့ အဖြစ်ကို သိပင်သိပုံမရ။ ရွှေကျေး ဆိုသော နာမည်ကို ထုတ်ပင် မပြောသဖြင့် ဆိုင်းဆိုင်း ရင်ထဲမှာ နည်းနည်းအေးသွားသည်။ ရင်ထဲမှာ နည်းနည်း အေးသွားပေမဲ့ ငါ့ကို ဘယ်သူမကောင်းကြံ ခဲ့သလဲလို့ ပြန်တွေးမိလျှင် အခိက မသင်္ကာစရာအဖြစ် ရွှေကျေး ကိုပဲ ပြန်ပြီးမသင်္ကာဖြစ်လာလေသည်။ ထိုသို့တွေးမိလျှင် ရွှေကျေး ကို စိတ်ထဲမှာ ပျစ်ပျစ်နှစ်နှစ် ဆဲပစ်နေမိတော့လေသည်။

ဒီတစ်မနက်လုံး အလုပ်တွေ ပုံနေသဖြင့် ဖူးပွင့်နှင့် e-mail အပြန်အလှန်ပို့ပြီး စကားပြောတာမျိုးပင် မလုပ်နိုင်ဘဲ အလုပ်တွေ တောက်လျှောက်သာ လုပ်နေရသည်။ ဆိုင်းဆိုင်းရဲ့ စိတ်တွေမှာ ခါတိုင်းလို အလုပ်,လုပ်ရတာကို စိတ်ပါလက်ပါနဲ့ ပျော်ရွှင်တက်ကြွခြင်း မရှိသလို ဖြစ်နေသည်။ အလုပ်မှာကိုယ်က promotion ရဖို့လည်း သေချာနေသော၊ နောက်သုံးလအကြာမှာ နိုင်ငံခြားခရီးကို အလုပ်ရှင်ဘော့(စ)နဲ့ အတူလိုက်ရဖို့လည်း ပျို နေသော၊ ဘော့(စ)ဒေါ်မိုးမြတ်နွယ်ကလည်း သိသိသာသာ မျက်နှာ သာပေးကာ တစ်ချိန်လုံးနီးပါး ...

"ဆိုင်းဆိုင်းရေ ... မမ စားပွဲလာခဲ့ဦး"

ဆိုပြီး သူမရဲ့ ကိုယ်ရေးကိုယ်တာတွေပင် အသိပေး ပြီး လုပ်နိုင်းတဲ့အထိ အခွင့်အရေးပေးလှသော အခြေအနေမှာ





ဘယ်လိုမှ စိတ်ကျေနပ် ပျော်ရွှင်စွာ ခံစားလို့မရဘဲ စိတ်ထဲမှာ ညစ်ညူးနောက်ကျိနေမိသည်။ ရွှေကျေး ဆိုတဲ့ ကောင်လေးရဲ့ မျက်နှာကို ပြန်မြင်ယောင်တိုင်း ဒေါသနဲ့အတူ မုန်းတီးရွံရှာခြင်း ကပါ တွဲပြီးပါလာသည်။

နေ့လယ်စာ ထမင်းစားချိန်ရောက်တော့ ထုံးစံအတိုင်း ဖူးပွင့်နဲ့ ဆိုင်းဆိုင်းကတစ်တွဲ အတူထမင်းစုစားနေကျဖြစ်တာမို့ ဖူးပွင့် တစ်ယောက် ထမင်းချိုင့်ထုတ်ရင်း ...

"ဆိုင်းဆိုင်း ... ငါ နင့်ဘက် လာရမလား၊ နင် ငါ့ဆီလာ မလား"

ဟု လှမ်းမေးလေသည်။

ထမင်းစားချိန် ရောက်တဲ့အထိ ဆိုင်းဆိုင်းမှာ ဗိုက် မဆာဘဲ ရင်ထဲမှာ စိတ်ညစ်ညူးခြင်းတွေနဲ့ပြည့်ပြီး မရွှင်မပျဖြစ် နေမိသည်။

"ငါ့စားပွဲက ကျယ်ပါတယ်၊ နင် ငါ့ဆီလာလိုက်"

ဆိုင်းဆိုင်း စိတ်မပါစွာ ထမင်းချိုင့်ကိုထုတ်ရင်း ပြန်ဖြေလိုက်သည်။

"အလုပ်တွေ ပိနေလို့ထင်တယ်၊ တစ်မနက်လုံး နင့်မျက်နှာ မကြည်ဘူးနော်"

ဖူးပွင့်က ဝင်ထိုင်ထိုင်ချင်း ပြောလျှင် ဆိုင်းဆိုင်း ကိုယ့်အမှားကိုယ် မြင်သွားပါသည်။ ငါ ဒီလို မရွှင်မပျနေလို့



www.burmeseclassic.com

www.burmeseclassic.com



တော့ မဖြစ်ဘူးထင်တယ်။ ကြာရင် ဖူးပွင့်တင်မက ရုံးထဲကလူတွေပါ ရိပ်မိလာပြီး မေးကုန်ကြလိမ့်မယ်။ အရင်က ငါ့လောက် တက်ကြွပျော်ရွှင်လွန်းတာလည်း မရှိဘူးလေ။ ရုံးထဲက လူတွေကတောင် ...

"ညို့ဆိုင်းဆိုင်း မျက်နှာလေး ကြည့်လိုက်ရင် အမြဲပြုံးနေတာပဲဟယ်၊ ဘယ်တော့မှ စိတ်ညစ်နေတဲ့ပုံလဲ မတွေ့ရဘူးနော်"

လို့တောင် သတိထားပြီး ပြောခံထားရတာ။

ငါ ဒီရက်ပိုင်းအတွင်း အလုပ်မှာ အကောင်းတွေချည်း ဆက်တိုက်ကြုံရပါရက်နဲ့ မျက်နှာမရွှင်မပျဖြစ်နေဖို့ မသင့်ဘူးထင်တယ်။ သူများတွေ သတိထားမိကုန်လိမ့်မယ်။

"နင်က အလုပ်တွေပိရတာ တန်ပါတယ်ဟယ်၊ ဘော့(စ)က promotion လည်း ပေးမယ်၊ နိုင်ငံခြားကိုလည်း လိုက်ရဦးမယ်၊ တန်ပါတယ်၊ ငါ့မှာတော့ အလုပ်ဘယ်လောက်ပိပိ တစ်နှစ်နေရင် လခလေး နည်းနည်းပိုတိုးတာကလွဲပြီး ဘာမှမထူးခြားလာဘူး"

"အဲဒီလိုလည်း မဟုတ်ပါဘူး၊ ဘော့(စ)က သူသဘောကျရင် အလှည့်ကျခေါ်မယ်လို့ ပြောပြီးသားပဲ။ ငါ့ကို အရင်ဆုံးရွေးခေါ်သွားပေမဲ့ နောက်တစ်ခါကျရင် နင့်အလှည့်ဖြစ်ရင် ဖြစ်မှာပေါ့"





"ဟဲ ဟဲ ... ငါ နင့်ကို မနာလိုတာတော့ မဟုတ်ဘူးပေါ့ဟယ်။ ဘယ်နေရာမှာမဆို ငါပဲ အရင်ဆုံး အောင်မြင်မှုရချင်လို့ပါ။ ငါ့ကို အရင်ခေါ်ရင် ကောင်းမှာပဲလို့ တွေးမိလို့ပါ။ နောက်မှ လိုက်ရမှာလည်း လိုက်ရမှာပေါ့လေ။ ဒါပေမဲ့ နောက်မှဆိုတဲ့ အခြေအနေဟာ ဘာတွေကြုံလာရမှန်းမှ ကြိုမသိနိုင်တာ၊ ဒါကြောင့် ငါက နောက်မှဆိုတဲ့ စကားကို မကြိုက်ဘူး။ ငါပဲ အရင်ဆုံး ရချင်တယ်"

ဖူးပွင့်က ပွင့်ပွင့်လင်းလင်းပင် ရယ်မောပြောဆိုပြီး သူ့ဟင်းချိုင့်ထဲမှာပါသော ကြက်သားနဲ့ အာလူးဆီပြန်ဟင်းထဲမှ ကြက်သားတစ်တုံး အာလူးတစ်ခြမ်းတို့ကိုခပ်၍ ဆိုင်းဆိုင်းရဲ့ ထမင်းပေါ် လာတင်ပေးပါသည်။ ဆိုင်းဆိုင်းကလည်း သူမရဲ့ စတီးချိုင့်ထဲမှာပါသော ငါးခူဆီပြန်ထဲမှ တစ်တုံးကို ပြန်ခပ်ထည့်ပေးလိုက်သည်။ အရွယ်အစား အနေတော် စတီးသုံးဆင့်ချိုင့်ကိုယ်စီပါကြသော ဆိုင်းဆိုင်းနဲ့ ဖူးပွင့်တို့မှာ မိန်းကလေးတွေပီပီ အစားလည်း နည်းလှသဖြင့် ထမင်းသီးသန့်ကတစ်ချိုင့်၊ အသားဟင်းတစ်ချိုင့်နဲ့ အသီးအရွက်ကြော်ဖြစ်ဖြစ် ချဉ်ရည်ဖြစ်ဖြစ် ဟင်းချိုဖြစ်ဖြစ် တစ်မျိုးထည့်ထားတာ တစ်ချိုင့်နဲ့တင် လုံလောက်တတ်သည်။

အပိုအလိုမရှိ အမြဲတီတီကျကျ ထည့်ယူလာသော ထမင်းဟင်းတွေမှာ အမြဲတမ်းကုန်စမြဲ။ ပိုနေတာလည်းမရှိ



www.burmeseclassic.com

www.burmeseclassic.com



လိုနေတာလည်း မရှိတတ်ပါ။ သို့သော် ဒီနေ့တော့ ဆိုင်းဆိုင်းမှာ စိတ်ဆင်း ရဲနေရတာနဲ့ပင် ထမင်းစားရတာ စားမဝင်သလို ဖြစ်နေသည်။ ထမင်းတစ်ချိုင့်ကို အကြာကြီး စားနေရသလို ထင်မိလေသည်။ ဖူးပွင့်ပင် တစ်ချိုင့်ကုန်သွားပြီ။ ဆိုင်းဆိုင်းမှာ တို့ကနန်းဆိတ်ကနန်း စားသလိုဖြစ်ကာ ကုန်ပဲ မကုန်နိုင်တော့။

"ဟယ် ... ငါတောင်ပြီးပြီ၊ နင် နေးလှချည်လား မပြီးသေးဘူးလား၊ ခါတိုင်း ဒီလိုမဟုတ်ပါဘူး၊ စကားပြောရင်း စားတာ ပြီးရင် အတူတူလောက်ပါပဲ"

"ငါ မနက်ကဟယ်၊ အမေ ဈေးထဲက ဝယ်လာတဲ့ ကောက်ညှင်းပေါင်းကို အဖြူတစ်ထုပ် ငချိပ်တစ်ထုပ်ကို ပဲပြုတ်နဲ့စားတာ စားကောင်းကောင်းနဲ့ နှစ်ထုပ်လုံးစားပစ်မိလိုက်တယ်၊ ဒါကြောင့် ခုထိရင်ပြည့်နေတယ်"

ဆိုင်းဆိုင်း ညာပြောပြီး ထမင်းဘူးကို ဆက်မစားတော့ဘဲ လက်စသတ်လိုက်ပါသည်။

"ဟယ် ... အဲဒီလောက်တောင် စားရလား၊ နင်ကလည်း လုပ်လိုက်ရင် အဲဒီလိုချည်းပဲ၊ ကောက်ညှင်းတွေ ရင်မပြည့်ဘဲ နေမလား"

"ရင်ပြည့်လို့ပေါ့၊ ဒါကြောင့် ခုချိန် ငါ့ကို စားသောက်ဆိုင်ကောင်းကောင်း ခေါ်သွားပြီးကျွေးလည်း စားနိုင်မှာမဟုတ်တော့ဘူး"





"ဟုတ်တယ်ဟာ၊ ဗိုက်ပြည့်နေရင် ဘာပဲကျွေးကျွေး အရသာကို ခံလို့မရဘူးနော်။ ဗိုက်ဆာလို့ကတော့ ငါးပိထောင်းနဲ့ ထမင်းဖြူနဲ့ပဲ ကျွေးဦး၊ စားကောင်းမှာပဲ"

"ဟင်းတွေ ပိုနေတာဟယ်၊ ချိုင့်ထဲပြန်ပိတ်ထည့်သွားရင်လည်း သိုးကုန်မှာ"

"သန့်ရှင်းရေးလုပ်တဲ့ မာရိယာကို ခေါ်ပေးမလား"

"အေး ... ပေးချင်တယ်ဟယ်၊ သူ ဘယ်ရောက်နေလဲ မတွေ့ပါလား"

ရုံးခန်းတွေမှာ သန့်ရှင်းရေးလုပ်ရသော အိန္ဒိယနွယ်ဖွား အင်္ဂလိုအမျိုးသမီးကြီး မာရိယာတို့မိသားစုမှာ ယောကျ်ားဖြစ်သူက ရုံးစောင့်ဒရဝမ်လုပ်ပြီး မိန်းမနဲ့ သမီးအပျိုပေါက်နှစ်ယောက်တို့ကတော့ ရုံးခန်းသန့်ရှင်းရေး လုပ်ကြရပါသည်။ ရုံးမှာပဲအိပ်၊ ရုံးမှာပဲစားသော ထိုမိသားစုမှာ ရုံးကဝန်ထမ်းတွေ ဟိုဟာဝယ်ပေးဦး၊ ဒီဟာရှာပေးဦးဆိုလည်း ဝင်ကူရသလို ဝန်ထမ်းတွေဆီက စွန့်ကြဲသော ထမင်းဟင်း အပိုအလျှံတွေကိုပေးလည်း ဝမ်းသာအားရ လက်ခံနေကျဖြစ်သဖြင့် ခေါ်ပေးလို့ရလေသည်။

ဟင်းတွေခေါ်ပေးပြီး ချိုင့်ကိုပါဆေး၍ ပြန်သိမ်းပြီးတာနဲ့ အလုပ်တွေ ဆက်တိုက်ပြန်လုပ်ကြရတော့ ဖူးပွင့်နဲ့ဆိုင်းဆိုင်းလည်း စကားပြောဖို့ အချိန်မရှိတော့ပြန်ပါ။ ရုံးဆင်းခါနီး အလ



www.burmeseclassic.com

www.burmeseclassic.com



လည်းသိမ်းခါနီးလေးကျမှ ဒေါ်မိုးမြတ်နွယ်က ဆိုင်းဆိုင်းကို သူမ၏ ရုံးခန်းထဲခေါ်သဖြင့် ရောက်ရပြန်ပါသည်။

ရုံးခန်းထဲရောက်တော့ ဒေါ်မိုးမြတ်နွယ်ကပဲ ...

"ဒီနေ့ နှစ်အစ ရုံးစတက်ရတဲ့ရက်မို့ အလုပ်တွေပုံနေကြတယ်နော်"

ဟု စတင်ပြီး ပြောပါသည်။

"ဟုတ်ကဲ့ ... မမ။ တော်တော်လေးတော့ များပါတယ်၊ အိုဗာတိုင်ယူပြီး လုပ်ပေးဖို့ လိုလို့လားဟင်"

"အိုဗာတိုင် မယူကြပါနဲ့ဦး၊ ထားလိုက်ပါ၊ ပြန်နေကျအချိန် ပြန်ပါ ရတယ်၊ မမက ဆိုင်းဆိုင်းကို သီးသန့်လေးအသိပေးထားစရာတွေရှိလို့ ခေါ်တာပါ"

"ရပါတယ် မမ၊ ပြောပါ"

"ဩော် ... ဒီလိုပါ၊ တို့ ဆိုင်းဆိုင်းကို သုံးနိုင်ငံခရီးခေါ်တဲ့အတွက် ဆိုင်းဆိုင်းမှာ ပတ်(စ)ပို့ မရှိသေးရင် ပတ်(စ)ပို့ လိုလာမယ်၊ ကုမ္ပဏီကိစ္စအတွက်မို့ ရုံးမှာသွားတင်ရင် အဆင်ပြေမှာပါ၊ အဲဒါလေး သွားလုပ်ထားလိုက်ပါဦးလို့ မှာချင်တယ်"

"ဟုတ်ကဲ့၊ ဆိုင်းဆိုင်း မနက်ဖြန်ပဲ ရုံးကနေ ခဏထွက်သွားပြီး လုပ်လိုက်ပါ့မယ်"





"ကုမ္ပဏီတံဆိပ်ပါတဲ့ Letter Head မှာ မမကိုယ်တိုင် ရေးတဲ့စာပါ တွဲတင်နော်"

"စိတ်ချပါ၊ ဆိုင်းဆိုင်း တွဲတင်လိုက်ပါ့မယ်"

"ကျန်တာ ဗီဇာတို့၊ လေယာဉ်လက်မှတ်တို့ ဘာမှမပူပါနဲ့လေ၊ အဲဒါတွေ ဆိုင်းဆိုင်း လုပ်စရာမလိုဘူး၊ Travel Agency တွေကို ဖုန်းဆက်လိုက်ရင်ရပြီ"

ဆိုင်းဆိုင်း သိပြီးသားတွေမို့ အသာခေါင်းညိတ်ပြီး နားထောင်ရင်း စဉ်းစားနေမိသည်။ ဒါတွေ ငါသိပြီးသားပဲ။ ဘာကြောင့် တကူးတက ခေါ်ပြောနေသလဲ။ ဆိုင်းဆိုင်း အတွေးမဆုံးခင် ဒေါ်မိုးမြတ်နွယ်ထံမှ ...

"တို့ ပြောချင်တဲ့ အဓိက အချက်ကတော့ ဆိုင်းဆိုင်းကို တို့ ဘာကြောင့် ရွေးခေါ်ရသလဲဆိုတဲ့ အချက်ပါပဲ"

ဟု ပြောလိုက်သော စကားသံကြောင့် ဆိုင်းဆိုင်း စိတ်ဝင်စားပြီး နားထောင်လိုက်မိသည်။

"ဆိုင်းဆိုင်းက ရုပ်ချောတယ်၊ အပျိုလည်းဖြစ်တယ်၊ အဲဒါက နံပါတ်တစ် အချက်ပဲ၊ ပြီးတော့ ပညာအရည်အချင်း ရှိတယ်၊ ဒါက နံပါတ်နှစ်၊ နံပါတ်သုံးက အင်္ဂလိပ်ရှိစပီကင်း ကောင်းတယ်၊ နံပါတ်လေးက ယောကျ်ားလေးတွေနဲ့ ရောရောနှောနှော မလုပ်ဘူး၊ ရှင်းတယ် နာမည်ပျက်



www.burmeseclassic.com

www.burmeseclassic.com



ကင်းတယ်၊ ရည်းစားလည်း လျှောက်မထားဘူး ဆိုတဲ့ အချက်ပဲ"

ဆိုင်းဆိုင်း ရင်ထဲမှာ နံပါတ်လေးဆိုသော အချက်ကို ကြားလိုက်ရတော့ လိပ်ပြာမလုံတော့သလို ခံစားလိုက်ရလေသည်။ အခု ငါဟာ ယောကျ်ားတစ်ယောက်နဲ့ မရှင်းမလင်းသလို ဖြစ်ခဲ့ရပြီ။ သူသာ လျှောက်ပြောရင် ငါ့မှာ နာမည်ပျက်ရှိသွားရလိမ့်မယ်။

"တို့ ဒီနံပါတ်လေး အချက်နဲ့တင် ဆိုင်းဆိုင်းကိုပဲ ပြေးမြင်ပြီး ဆိုင်းဆိုင်းကိုပဲ ရွေးပစ်လိုက်တာ။ ဆိုင်းဆိုင်းနဲ့ သိပ်တွဲတဲ့ ဖူးပွင့်ကို ဘာကြောင့် မရွေးလဲဆိုတော့ အဲဒီအချက်ကြောင့်ပဲ။ တို့ ကွယ်ရာမှာ သူများအကြောင်း သိပ်တော့ မပြောချင်ဘူး၊ ဒါပေမဲ့ ဖူးပွင့် အကြောင်းတော့ ဆိုင်းဆိုင်းလည်း သိမှာပါ။ သူ့မှာ ရည်းစားက တစ်ယောက်ပြီးတစ်ယောက်လေ။ ဒါ့ကြောင့် တို့ မကြိုက်ဘူး။ တို့ရဲ့ Personal assistance ဖြစ်ရမဲ့လူဟာ တို့နဲ့အနီးစပ်ဆုံး အကျင့်စရိုက် တူရမယ်လေ။ ဆိုင်းဆိုင်း သိပါတယ်။ တို့မှာ ရည်းစားလည်း မရှိခဲ့ဖူးဘူး။ ယောကျ်ားတွေကိုလည်း အထင်မကြီးဘူး၊ စိတ်မဝင်စားဘူး၊ ဒါကြောင့် ရည်းစားလုံးဝမထားခဲ့ဘဲ ခုထိ တစ်ယောက်တည်း နေခဲ့တာပဲ။





တစ်ယောက်တည်း နေရတာကို ကြိုက်လည်းကြိုက်တယ်လေ၊ ဒါကြောင့် နေခဲ့တာပါ။ အင်း ... ဒါတွေထားပါတော့၊ တို့က ဆိုင်းဆိုင်း ပုံစံလေးကို တို့နဲ့အနီးစပ်ဆုံး တူတယ်ဆိုပြီး သဘောကျလို့ ရွေးတယ်လို့ပဲ ပြောပြချင်တယ်"

ဆိုင်းဆိုင်း ခေါင်းညိတ်ရတာ အသက်မပါတော့ဘူးထင်ပါရဲ့။

"ဖူးပွင့်ကတော့ နံပါတ်တစ်၊ နှစ်၊ သုံး အချက်တွေမှာ ဆိုင်းဆိုင်းနဲ့ တန်းတူပါပဲ၊ ဒါပေမဲ့ သူနဲ့ဆိုင်းဆိုင်း မတူတာက နံပါတ်လေးအချက်ပဲ၊ ဒါကြောင့် ဆိုင်းဆိုင်းကို ခေါ်ပြီး သတိပေးချင်တာလည်း ပါပါတယ်"

"ဘာများပါလဲ မမ"

"တို့ ယုံကြည်စိတ်ချ သဘောကျပြီး ရွေးခဲ့တဲ့သူဟာ ဒီပုံအတိုင်းလေးပဲ ဆက်နေသွားမယ်လို့ မျှော်လင့်ပါတယ်၊ ဒီကြားထဲ ဘာအသံမှ မကြားပါရစေနဲ့လို့"

"ဟုတ်ကဲ့"

"တို့က အပျိုကြီးဖြစ်နေလို့ တပည့်မကိုလည်း အပျိုကြီးဖြစ်စေချင်တဲ့ သဘောတော့ မဟုတ်ဘူးနော်။ ချစ်သူရည်းစားထားရင်လည်း ထားပါ၊ ရှိရင်လည်း ပြောပါ၊ ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဟောတစ်ယောက်၊ ဟောတစ်ယောက် ပြောင်းပြီး မရှုပ်မပွေပါနဲ့။ ကိုယ့်ဣန္ဒြေလေးနဲ့ ကိုယ်နေပါ၊ ကိုယ်ကျင့်တရားကို စောင့်ထိန်းပါ၊ ကိုယ့် အပျိုဘဝကိုယ် လေးစားပါ၊ တန်ဖိုးထားပါလို့ မှာချင်တာပါ"

ဆိုင်းဆိုင်းသည် ရင်ထဲတွင် အပူကြီး ပူလာကာ လည်ချောင်းယဲမှာ ဆို့ကျပ်သလို ခံစားလာရသည်။ အသက်ရှူရတာ မ,ဝသလိုလည်း ဖြစ်နေပြီး နေရာမှာတင် ပုံလဲချင်သလိုလို၊ ဘုရားရေ ... ဘုရား ... ဘုရား ... ဒေါ်မိုးမြတ်နွယ် ငါ့အကြောင်းကို သိလို့များ စောင်းပြောနေသလား။ သူ ဘယ်လိုလုပ်သိသွားတာလဲ။

"ဆိုင်းဆိုင်းကို ကြိုသတိပေးထားတာပါ၊ တို့ သိပါတယ်၊ ဆိုင်းဆိုင်းက အဲဒီလို ဘယ်တော့မှ လုပ်မဲ့မိန်းကလေး မဟုတ်ပါဘူး"

"ဟုတ် ... ဟုတ်ပါတယ် မမ"

"ရည်းစားရှိပြီလား"

"မရှိပါဘူး၊ မရှိသေးပါဘူး မမ"

"ကျော. ဟုန်းကရော"

"မရှိခဲ့ပါဘူး"

"ဘာဖြစ်လို့လဲ"





"ဟို ... အဲ ... ဘယ်လိုပြောရမလဲ၊ ရတာမလို၊ လိုတာမရလို့ဘဲ ပြောမလား မသိဘူး။ ဆိုင်းဆိုင်း လိုချင်တဲ့ပုံစံမျိုးနဲ့ အရည်အချင်းရှိတဲ့သူကို မတွေ့သေးလို့ပါ"

"ဩော် ... ဩော် ... အေး ... ဒါလည်းကောင်းတာပါပဲ၊ ကိုယ့်ဘဝတက်လမ်းအတွက် စိတ်နှစ်ပြီး ကြိုးစားလို့ရတာပေါ့လေ။ ရည်းစားရှိနေရင် ကိုယ့်အတွက်တင်မကဘူး၊ သူ့အတွက်ပါ ပူပန်ရတော့ အနှောင့်အယှက်ဖြစ်ပါတယ်။ ကဲ ... တို့နဲ့ ဆိုင်းဆိုင်းကြားမှာ ပွင့်ပွင့်လင်းလင်း အားလုံးပြောကြဆိုကြပြီးပြီလို့ ယူဆပါတယ်ကွယ်၊ ဆိုင်းဆိုင်း ဘာပြောစရာရှိသေးလဲ"

ဆိုင်းဆိုင်းသည် သက်ပြင်းအသာခိုးရှိုက်လိုက်ရင်း တိုးလျှ အားလျော့စွာ ဖြေလိုက်မိသည်။

"ဘာမှပြောစရာ မရှိပါဘူး မမ"

※ ❋ ※



www.burmeseclassic.com

www.burmeseclassic.com



## ၅ .

ရွှေကျေးသည် ဆိုင်ကယ်ကို ပါကင်တစ်နေရာ ဝင်ရပ်လိုက်ပြီး ဆောင်းလာသော ဟဲလ်မက်ကို ချွတ်လိုက်လျှင်ပဲ မြင်ကွင်းထဲ တန်းဝင်လာသည့် မိန်းကလေးကို ဝမ်းသာအားရ အော်ခေါ်လိုက်မိသည်။

"ဆိုင်းဆိုင်း ... ဟိတ် ... ညို့ဆိုင်းဆိုင်း"

ခေါ်သံကြောင့် ကောင်မလေး တုန်သွားကာ အသံလာရာဆီ ကြည့်လိုက်မိသည်။ ရွှေကျေးကို မြင်လိုက်ရင်ပဲ မကောင်းဆိုးဝါးတစ်ကောင်ကို တွေ့လိုက်ရသလို မျက်နှာအမူအရာ ပြောင်းသွားတာတော့ တော်တော်မကောင်းတဲ့ အချက်ပဲ။

ချက်ချင်းပင် နောက်ကြောင်းပြန်လှည့်ပြီး ပြေးတော့မလို့ပေမဲ့ ကောင်မလေးဘေးမှာပါလာသော မဖူးပွင့်ကတော့ ...





"ဟယ် ... အံမယ် ... ကိုရွှေကျေးတို့က ငါ့ကိုတော့ မမြင်ဘူးနော်၊ တစ်ယောက်ပဲ ကွက်မြင်တယ်ပေါ့"

ဟူ၍ လှမ်းနှုတ်ဆက်လိုက်သည့်အခါ ကောင်မလေးလည်း လက်လျှော့သွားပုံရသည်။

"ဘယ်လာကြတာလဲ"

"ရှော့ပင်းစင်တာမှာ တွေ့တာလေဟယ်၊ ရှော့ပင်းမလုပ်လို့ ဘာလာလုပ်ရမှာလဲ"

"ဩော် ... ဘာပြောရမှန်း မသိလို့ အရင်စကားစ,တာပါဗျာ"

ရွှေကျေးသည် သူ့ကို အလိုလိုနေရင်း လန့်ပြီးရင်ဆိုင်ရဲပုံမရသော ဆိုင်းဆိုင်းကို အားပေးသလိုပြုံး၍ နှုတ်ဆက်လိုက်ပါသည်။ စိတ်ချပါဗျာ၊ ကျွန်တော် ဘယ်သူ့ကိုမှ လျှောက်မပြောပါဘူး။

"ဆိုင်းဆိုင်း မှတ်မိလား၊ ပိုင်ပိုင့် သူငယ်ချင်း ရွှေကျေးလေ"

"မှတ်မိပါတယ်"

"ကျွန်တော်က အရင်မှတ်မိတာနော်၊ ဟား ဟား"

ဖူးပွင့်က ရွှေကျေးကို အကဲခတ်ရင်း ...

"နင်ကရော ရှော့ပင်းလာတာပဲလား"

ဟု ဆက်မေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှော့ပင်းလုပ်ဖို့လာတာ မဟုတ်ဘူး၊ ဒီရှော့ပင်းစင်တာ အပေါ်ထပ်က အမဲတ်မင့်နဲ့တွေထဲက တစ်ခန်းမှာ ဖွင့်ထားတဲ့ Gym ကိုလာတာဗျ၊ ဝိတ်မ,နေတာလေ၊ ဗလများရှိမလားလို့"

"ဗလရှိ,မရှိတော့ မသိဘူး ဗိုက်ကတော့ ရှိနေပြီနော်၊ ဗိုက်ချစမ်းပါဦးဟယ်။ နင့်အရွယ်နဲ့ ဗိုက်က စူနေပြီ မဟုတ်သေးဘူး၊ ဘီယာတွေ သိပ်များနေပြီထင်တယ်"

ဖူးပွင့်နဲ့ ရွှေကျေးတို့ ပြောပုံဆိုပုံ ကြည့်ရတာတော့ တော်တော့်ကို ရင်းနှီးလှမှန်း သိသာနေသည်။ ရယ်လိုက် မောလိုက် ရိုက်လိုက် ပုတ်လိုက်ဖြင့် ယောကျာ်းလေးတွေကို စကားပြောတတ်သော ဖူးပွင့်ရဲ့စရိုက်ကြောင့်ပဲလား၊ အစတည်းက ရင်းနှီးပြီးသားဖြစ်နေလို့ တရင်းတနီး ဆက်ဆံတာပဲလား။ သူတို့စကားဝိုင်းကြားမှာ ဆိုင်းဆိုင်းကတော့ တိတ်ဆိတ်စွာ စိုးရွံ့နေသူဖြစ်လေသည်။

"အအေးသောက်ကြမလား"

ဆိုင်းဆိုင်းကို ဦးတည်ပြီး မေးပေမဲ့ ဆိုင်းဆိုင်းက မဖြေသောကြောင့် ဖူးပွင့်က ထပ်မေးလေသည်။

"ဟဲ့ ,,, ဆိုင်းဆိုင်း၊ အအေးသောက်မလားတဲ့၊ ရွှေကျေးက တိုက်ချင်လို့ မေးနေပြီ"

"နင့်သဘောပဲလေ"





"ဟယ် ... ဘယ်ကလာ နင့်သဘောရမှာလဲ၊ ရွှေကျေးက နင့်ပဲ တိုက်ရိုက်မေးတာ"

"ဟာ ... အဲဒီလို မဟုတ်ပါဘူးဗျာ၊ နှစ်ယောက်လုံးကို မေးတာပါ"

"ဆိုင်းဆိုင်းကတော့ မသောက်ချင်သေးဘူး၊ ဒါပေမဲ့ ဖူးပွင့်သောက်မယ်ဆိုရင် လိုက်နိုင်ပါတယ်"

ဖူးပွင့်မှာ ဆိုင်းဆိုင်း အမူအရာကို အကဲခတ်လိုက်ရင်း ...

"ကျေးဇူးပဲ ရွှေကျေးရယ်၊ ငါလည်း အအေးသိပ်မသောက်ချင်တာနဲ့ လိုက်မသောက်တော့ပါဘူးဟယ်"

ဟု ငြင်းလိုက်လေသည်။

"အအေးမကြိုက်ရင် အပူသောက်မလား"

"အပူလည်း မသောက်တော့ပါဘူး၊ ဆိုင်းဆိုင်းတို့ ဝယ်စရာလေးတွေရှိသေးလို့ပါ။ ဒါကြောင့် ရွှေကျေးနဲ့ မလိုက်နိုင်တာပါ၊ နောက်တစ်ခါဆုံမှပဲ ရွှေကျေး ကျွေးတာစားမယ်လေ"

ရွှေကျေးလည်း ဆိုင်းဆိုင်းက လှလှပပလေး ငြင်းဖြင့် ဆက်မမေးတော့ဘဲ ...

"ဟုတ်ပြီ၊ ဒါဆို နောက်တစ်ခါ ဆုံမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ နှုတ်ဆက်ပြီး ကိုယ့်လမ်းကိုယ် လျှောက်လာခဲ့လေသည်။

ရွှေကျေး တော်တော်လေး လှမ်းသွားမှ ဖူးပွင့်က ခပ်တိုးတိုးရယ်ရင်း ...

"နင့်ကို ကြွေနေတာလေ ဆိုင်းဆိုင်းရဲ့။ နယူးရီးယားညက ပိုင်ပိုင့်ကို မေးနေလို့ ပိုင်ပိုင်က နင့်အကြောင်း ငါ့ဆီကပဲ မေးဆိုပြီး မေးခိုင်းတာနဲ့ ငါလည်း ပြောပြလိုက်ပါတယ်၊ နင် မာနကြီးကြောင်း၊ အလုပ်ကြိုးစားကြောင်း၊ အလုပ်ထဲမှာ နာမည်ကောင်း သိပ်ရကြောင်း၊ ရည်းစားလည်းမရှိကြောင်းတွေလေ"

ဆိုင်းဆိုင်း မျက်နှာ သိပ်မရွှင်လှတာကို မြင်ပေမဲ့ ဖူးပွင့်က ရွှေကျေး အကြောင်း ဆက်ပြောနေပြန်သည်။

"အဝေးသင်နဲ့ ဘွဲ့တစ်ဘွဲ့ရပြီး အလုပ်လက်မဲ့ပေါ့ဟာ။ မိဘတွေက သိပ်ကြွယ်ဝနေတာတော့ မဟုတ်ဘူး။ နင်တို့ ငါတို့လိုပေါ့၊ မြို့ထဲမှာ တိုက်ခန်းတစ်ခုပိုင်ပြီး စားနိုင်သောက်နိုင်ရုံ အဆင့်ပေါ့၊ ဒါပေမဲ့ သူ့မိဘက သူ့ကိုသိပ်ချစ်တာလေ။ တစ်ဦးတည်းသောသားပေါ့၊ ပြီးတော့ သူ့အဖေနဲ့အမေက အသက်လေးဆယ်နားနီးမှ ရှားရှားပါးပါး တစ်ယောက်တည်း မွေးထားရတဲ့သားလေးဆိုတော့ တအားကို အစွမ်းကုန် အလိုလိုက်ပြီး ချစ်ကြတာမျိုးပေါ့"





"အလုပ်အကိုင်မရှိဘဲ သူမို့ ထိုင်စားနေနိုင်တယ်၊ သူ့ကိုယ်သူ မရှက်ဘူးလား။ ယောကျ်ားလေးတစ်ယောက် အရွယ်လည်း ကောင်း၊ ကျန်းမာရေးလည်း ကောင်းရက်နဲ့ ဘာမှမလုပ်ဘဲ ထိုင်စားနေတာ တော်တော် ရှက်ဖို့ကောင်းတယ်"

ဆိုင်းဆိုင်း သဘောမကျစွာ လွှတ်ခနဲ ဝေဖန်မိသွားပါသည်။

"ငါသိပါတယ်၊ သူ့လိုကောင်က နင့်ရဲ့စံချိန်တွေနဲ့ မကိုက်တဲ့ကောင်ဆိုတာ။ နင့်အကြိုက်က အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ရုပ်ချောချော ပညာတတ်၊ အလုပ်အကိုင်ရှိတဲ့ယောကျ်ားပုံစံလေ"

ရွှေကျေးကတော့ ဆိုင်းဆိုင်းရဲ့ စံချိန်တွေနဲ့ လုံးဝ တခြားစီဖြစ်နေကြောင်း ဖူးပွင့် သိလေသည်။ မိန်းကလေးချင်းချင်း သူငယ်ချင်းချင်းမို့ ကိုယ့်စိတ်ကူးထဲက ချစ်သူကို ပြောပြမိတာတွေလည်း ရှိသဖြင့် ဖူးပွင့်က ဆိုင်းဆိုင်း ဘာပြောထားသလဲဆိုတာ မှတ်မိနေသည်။

"ရွှေကျေးကတော့ နင်မြင်တဲ့အတိုင်းပဲ၊ မျက်နှာဖောင်းဖောင်း ပါးဖောင်းဖောင်း၊ ဆံပင်ကလည်း ကောက်လိုက်တာမှ တမင်ကောက်ထားသလား ထင်ရအောင် ကောက်ကွေးနေ ဘာနော်။ အရပ်အမောင်းကတော့ ကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ လူငယ်ပြီး မိုက်ကထွက်နေအောင် ဝ,နေတော့ ဘယ်လိုမှ ဆွဲဆောင်မှု မရှိဘူး"

"ဟုတ်တယ် ဖူးပွင့်၊ ငါလည်း လုံးဝကို သဘောမကျဘူး၊ ပါတီလုပ်တဲ့နေ့ကတော့ လူကလည်း ပျော်တဲ့အရှိန်ရယ်၊ ပိုင်သောက်ထားလို့ စိတ်နည်းနည်း ပျော်နေတာရယ်ကြောင့် လက်ခံစကား ပြောမိတာပါ၊ နောက်မို့ အခုလို လမ်းတွေ့ ရင် နှုတ်ဆက်ရတဲ့အထိတောင် ရင်းနှီးမှာ မဟုတ်ဘူး။ သူ့လိုကောင်မျိုး မိတ်ဆွေ အဖြစ်ခံစရာလား"

ဆိုင်းဆိုင်းသည် အရာအားလုံးရဲ့ တရားခံအဖြစ် ရွှေကျေးကိုပဲ ပုံချအပြစ်မြင်နေမိကာ မုန်းမုန်းဖြင့် ဖိပြောပစ်မိတော့ လေသည်။

"ရွှေကျေးက စိတ်သဘောတော့ ကောင်းပါတယ်၊ နင် သူ့ကိုမကြိုက်နိုင်ဘူးဆိုတာ သိပါတယ်တဲ့၊ စိတ်ညစ်ရအောင် မနှောင့်ယှက်ပါဘူးတဲ့၊ ပိုင်ပိုင့်ကို ပြောတာ ငါကြားပါ တယ်"

"နှောင့်ယှက်ရဲ နှောင့်ယှက်ကြည့်ပါလား၊ ခေါင်းကွဲအောင် တီးထည့်ပစ်လိုက်မယ်"

"ကဲပါ ... ကဲပါ ... သွားတဲ့သူလည်း သွားပါပြီ၊ ဒေါသ တွေလျှော့ပါဦး ဆိုင်းဆိုင်းရဲ့"





ထိုနေ့က တစ်ခါဆုံပြီးနောက်မှာ ရွှေကျေးနဲ့ထပ် မဆုံဖြစ်ကြတော့ပါ။ မဆုံရတာကြာတော့ ဆိုင်းဆိုင်းပင် နှစ်သစ် ကူးညက မတော်တဆ ဖြစ်ပျက်ခဲ့သော အဖြစ်ဆိုးကြီးကို မေ့ သလိုလို ဖြစ်သွားပါသည်။

ဘဝမှာ အရှက်ရစရာ၊ ဖွင့်မပြောရဲစရာ၊ အမည်း စက်ကြီး၊ အစွန်းအထင်းကြီး ရှိခဲ့ဖူးသောအဖြစ်က တချို့ရက် တွေမှာ အိပ်မက်ဆိုးဖြစ်ပြီး နိုး,ထလာတတ်တာကလွဲရင် ကျန် တဲ့ရက် တော်တော်များများမှာ ရွှေကျေး ဆိုသော လူတစ်ယောက် အကြောင်းကို မေ့တောင် မေ့နေတတ်လေသည်။

မှတ်မှတ်ရရ နယူးရီးယားမှာ ပြဿနာဖြစ်ပြီး ဆယ်ရက်လောက်အကြာမှာ ရွှေကျေးနဲ့ တစ်ခါဆုံကာ အဲဒီနောက် ပိုင်းလည်း ကိုယ့်ကိုယ်ကိုယ် စိတ်ချသွားပြီး အလုပ်ထဲကိုပြန်၍ အာရုံနှစ်လို့ ရသွားခဲ့သည်။ ဒီကိစ္စဟာ ဘယ်သူ့ကြောင့် ဘာကြောင့် ဘယ်အတွက်ကြောင့် ဖြစ်ခဲ့မှန်း မသိပေမဲ့ အခုလို လူမသိ သူ မသိ တိတ်တိတ်ဆိတ်ဆိတ်လေး ငြိမ်သက်သွားခြင်းကပင်လျှင် ဆိုင်းဆိုင်းဘက်က ကံကောင်းသွားခြင်းတစ်ခုဟုသာ မှတ်ယူလိုက် ရမလိုလို။

ရွှေကျေးကလည်း စိတ်သဘောဖြူစင်စွာ မိန်းက လေးတစ်ယောက်ရဲ့ အမည်းစက်ကို လျှောက်ပြောမနေတတ်ခဲ့ တာကလည်း ဆိုင်းဆိုင်း အတွက် အသက်ရှုချောင်ရစေခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ထဲ ပြန်အာရုံစိုက်လို့ရကာ သွက်လက်တက်ကြွစွာ အလုပ်တွေလုပ်လို့ကောင်းတုန်း၊ ဘော့(စ)နဲ့ နိုင်ငံခြားခရီး လိုက်ရဖို့ ပတ်(စ)ပို့တောင် လက်ထဲရောက်လာပြီး အစစအရာရာ မျှော်လင့်ချက်တွေနဲ့ စိတ်လက်ပေါ့ပါးလို့ကောင်းတုန်း၊ နိုင်ငံခြားခရီး တစ်လသွားပြီး ပြန်လာလျှင် ဒေါ်မိုးမြတ်နွယ် ကိုယ်တိုင်က အားလုံးကို အသိပေး ကြေညာထားသည့် သူမ၏ အလုပ်ကိစ္စများ ကိုယ်ရေးကိုယ်တာများကို တစ်ဦးတည်း လုပ်ပေးခွင့်ရှိသော personal assistance (PA) ရာထူးကို ပေးမည်ဟု သိထားသဖြင့် ကျေနပ်ဂုဏ်ယူလို့ကောင်းတုန်း ဆိုင်းဆိုင်းဟာ မထင်မှတ်ထားချိန်မှာ မထင်မှတ်သည့် အကြောင်းအရာတစ်ခုကို ရင်ဆိုင်လိုက်ရတော့တာဖြစ်ပါသည်။

အဲဒါကတော့ ...။ အဲဒါကတော့ ...။

❀ ❀ ❀





# ၆

"မင်းကို အစစအရာရာ ကျေနပ်သဘောကျထားတာတွေ ပြက်ရယ်ပြုလိုက်တဲ့ အတိုင်းပဲ၊ တို့ ခံစားရတယ် ညို့ဆိုင်းဆိုင်း"

ဆိုင်းဆိုင်းသည် တုန်လှုပ်ခြင်း၊ ရှက်ရွံ့ခြင်း၊ ချောက်ချားခြင်းတွေ ပြည့်နှက်လျက် ဒေါ်မိုးမြတ်နွယ်က ဒီဘက်လှည့်ပြထားသော ကွန်ပျူတာမော်နီတာမျက်နှာပြင်ကို မကြည့်တော့ဘဲ မျက်နှာလွှဲလိုက်ပါသည်။ ဒီ မော်နီတာမှာ ရှိနေသော ဓာတ်ပုံပုံများက ဆိုင်းဆိုင်း၏သိက္ခာတွေကို အဆုံးစွန်ထိ ဆွဲချနင်းချေလိုက်ပြီတည်း။

"ယောကျ်ားတစ်ယောက်နဲ့ တွဲအိပ်နေတဲ့ ပုံတွေကို တို့ရဲ့ e-mail ထဲရောက်အောင် ဘယ်သူပို့သလဲတော့ မမေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



တို့ ဒါကို မပြောနိုင်ဘူး၊ ပို့တဲ့သူကတော့ မပြောပါနဲ့ ဘာညာ ရေးမထားပေမဲ့ ငါက သူ သတိပေးတာကို ကျေးဇူးတင်တဲ့အနေနဲ့ သူ့နာမည်ကို ပြောဖို့မသင့်ဘူးထင်လို့ မပြောပါဘူး"

ဘယ်သူလဲလို့ ဆိုင်းဆိုင်း သိပ်သိချင်ပေမဲ့ ဒေါ်မိုးမြတ်နွယ်က ထုတ်မပြောတဲ့အခါ မမေးရဲပါ။ ပို့ထားသော ဓာတ်ပုံက သုံးပုံတောင်။ ပုံတွေအားလုံးထဲမှာ ရွှေကျေးနဲ့ ဆိုင်းဆိုင်းဟာ ပူးပူးကပ်ကပ် နှစ်နှစ်ခြိုက်ခြိုက် အိပ်နေကြတာကတော့ အထင်းသား ပေါ်လွင်နေသလို ဒီပုံတွေအားလုံးဟာ လုပ်ကြံဖန်တီးခံရတာပါလို့ ဘယ်လိုမှ ရှင်းပြလို့ မရနိုင်စရာ အနေအထားတွေမှာ ရှိနေပါသည်။ ဆိုင်းဆိုင်းတို့ ဘာမှမဖြစ်ခဲ့ကြပါဘူး မမ ဆိုသောစကားကို ပြောချင်ပေမဲ့ ဘယ်လိုမှ ယုံမှာမဟုတ်တော့ဘူး ဆိုတာလည်း ကြိုသိပြီး ကြေကွဲရက်စွဲ့စွာ နှုတ်ဆိတ်နေမိပါသည်။

သွားပြီ ... သွားပြီ၊ ငါ့ဘဝတော့ လုံးဝပျက်စီးသွားပြီ၊ အခုမှ အားလုံး အဖတ်ဆယ်မရတော့ဘူး။

"မမ မေးတုန်းက ဘာလို့ အမှန်အတိုင်း မဖြေလဲ"

"ရှင်"

"ရည်းစားရှိလား မေးတော့ မရှိပါဘူးဆို"

"သူ ... သူကတော့ ..."





"ဪ ... ဘာလဲ၊ ရည်းစားမဟုတ်ပါဘူးပေါ့၊ အဲဒီလိုလား၊ ဘုရားရေ ... အမေရိကန်ရုပ်ရှင်ကားတွေထဲက မိန်းကလေးတွေလို ကြုံရာလူနဲ့ ခဏအိပ်မိတဲ့ one night stand ဆိုတဲ့သဘောလား၊ ဘုရားရေ... ဘုရား ... ဘုရား ... ငါတို့ မြန်မာမိန်းကလေးတွေ အဲဒီလိုဖြစ်ကုန်ကြပြီလား၊ ပျက်စီးကုန်ကြပြီလား၊ အပျိုစင်ဆိုတဲ့ဂုဏ်ကို မထိန်းကြတော့ဘူးလား"

"မဟုတ်ပါဘူး မမရယ်၊ မဟုတ်ပါဘူး၊ ဆိုင်းဆိုင်း အဲဒီလို မိန်းမစားမျိုး မဟုတ်ပါဘူး၊ ဘယ်လိုရှင်းပြရမှန်းတောင် မသိတော့ပါဘူး မမရယ်။ အဲဒီပြဿနာ ဖြစ်ပြီးကတည်းက ဆိုင်းဆိုင်းမှာ အိပ်မက်ဆိုးကြီးမက်သလိုပဲ ခဏ ခဏ လာခြောက်လှန့်ခံနေရတာပါ၊ တကယ်ပါ။ ဆိုင်းဆိုင်း ဘာမှ မမှားခဲ့ပါဘူး"

"မမှားခဲ့ဘူးလို့ ပြောလို့ရမှာလား၊ ယောကျ်ားတစ်ယောက်နဲ့ တစ်အိပ်ရာတည်း တွဲအိပ်လာခဲ့ပြီးမှ မမှားပါဘူး ငြင်းစရာလား။ ဒါ မှားတာပေါ့ မှားကိုမှားတယ်။ တို့ ဘယ်လိုမှ ခွင့်မလွှတ်နိုင်ဘူး"

ဆိုင်းဆိုင်းမှာ ခေါင်းငုံ့ငိုကြွေးရင်း မျက်ရည်တွေမှာ ပေါင်ပေါ်တပေါက်ပေါက် ကျနေတော့သည်။ လည်ချောင်းထဲမှာ တစ်ဆို့နာကျင်နေပြီး အသက်ရှူရခက်နေသည်။ ခေါင်းတွေထဲ



www.burmeseclassic.com

www.burmeseclassic.com



သွေးတွေဆောင့်တိုးသည့်အလား တဒိန်းဒိန်း ဆောင့်တိုးကာ မူးဟိုက်ရီဝေနေသည်။ နေရာမှာတင် သတိလစ်တော့မလိုလို ဖြစ်လာပါသည်။ ရက်တာရော၊ ယူကျုံးမရ ဖြစ်တာရော ပေါင်းပြီး အခုနေမှာ ချက်ချင်း ငါ ရူးသွားရင် သိပ်ကောင်းမှာပဲလို့ ကြံမိကြံရာတွေးနေမိပြန်သည်။

"တို့ ပြောဖူးသားပဲ၊ တို့က ယောကျ်ားတွေကို စိတ်မဝင်စားလို့ကို အပျိုကြီး လုပ်ခဲ့တာ။ တို့ဘဝမှာ ယောကျ်ားနဲ့ ပတ်သက်လို့ ဘာမှ အစွန်းအထင်းမရှိခဲ့ဘူး၊ ရှုပ်ရှုပ်ယှက်ယှက် မနေခဲ့ဘူး။ နာမည်ပျက်လည်း မရှိခဲ့ဘူး။ ဒီတော့ တို့ ချစ်ခင်စွာ ရွေးချယ်ဝဲ့ တပည့်မ,ဟာလည်း ယောကျ်ားလေးကိစ္စ ရှင်းရမယ်၊ ရည်းစားထားရင်ထား၊ မရှုပ်နဲ့၊ ဒီလူနဲ့ ရည်းစားဖြစ်ရင် ဒီလူနဲ့ပဲယူတဲ့ တည်ကြည်တဲ့မိန်းကလေး ဖြစ်ရမယ်လို့ ပြောခဲ့ဖူးပါတယ်၊ အခုတော့ ဆိုင်းဆိုင်းရယ် မင်းက တို့ကို အယုံသွင်းပြီး နောက်ကွယ်မှာ စားနဲ့အချက်ပေါင်းများစွာ ထိုးလိုက်သလိုပါပဲ၊ တို့ ယုံကြည်လေးစားမှုကို အလွဲသုံးစားလုပ်ရက်လိုက်တာကွာ"

"မမကို အဲဒီလို မလုပ်ရပါဘူး မမရယ်။ ဆိုင်းဆိုင်းလုပ်ကြံခံလိုက်ရတာပါ"

"မဖြစ်နိုင်တာလေ၊ ဘယ်သူကမှတော့ မင်းဆန္ဒမပါဘဲ ယောကျ်ားတစ်ယောက်နဲ့ တွဲအိပ်ဖို့ လုပ်ပါ့မလဲ"





"ဆိုင်းဆိုင်း အဲဒီနေ့က သူများတွေ ထည့်လာပေးတဲ့ ဝိုင်တွေ ရှန်ပိန်တွေ သောက်ပြီး လူမှန်းမသိအောင် မူးနေခဲ့ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ဘယ်ရောက်လို့ ရောက်မှန်းမသိအောင် ဖြစ်နေခဲ့ပါတယ်"

"မဖြစ်နိုင်တာ၊ ဝိုင်မူးတာလေးနဲ့"

"ဝိုင်ထဲမှာ အသိစိတ်ကင်းမဲ့စေတဲ့ မူးယစ်ဆေးတစ်ခုခုတော့ ထည့်ထားလိမ့်မယ်လို့ ထင်တယ်၊ ဆိုင်းဆိုင်း သတိရလို့ ကြည့်လိုက်တော့ အဲဒီလူက ဆိုင်းဆိုင်း ဘေးမှာရှိနေတာပါ။ ဆိုင်းဆိုင်း ဘာမှမသိခဲ့ပါဘူး မမ"

"မင်းက ဘယ်မှာသွားပြီး ဝိုင်တွေသောက်ခဲ့လို့လဲ၊ ဓာတ်ပုံမှာပါတဲ့ နေ့စွဲကတော့ ဒီဇင်ဘာ(၃၁)ရက်နေ့ပဲ၊ အဲဒီနေ့က ရုံးမှာပါတီရှိတာလေ"

"ဆိုင်းဆိုင်းတို့ ကိုးနာရီထိပဲ နေပြီး အဲဒီအိမ်ကပါတီကို သွားခဲ့မိတာပါ"

"ဘယ်သူ့အိမ်လဲ"

"ဖူးပွင့် အဒေါ်အိမ်ပါ"

"ဖူးပွင့်ကို သက်သေလုပ်ရင် ရတယ်ပေါ့၊ ဟုတ်လား၊ ဖူးပွင့် ဒီကိစ္စကို သိပြီးသားလား"

ထိုသို့ ပြန်မေးခံလိုက်ရလျှင် ဆိုင်းဆိုင်း ရင်ထဲမှာ ဒိန်းခနဲ အသံမြည်ဟည်းသွားပါသည်။ ဖူးပွင့်ကို ခေါ်မေးရင်



www.burmeseclassic.com

www.burmeseclassic.com



ဖူးပွင့် သိသွားမယ်၊ ဖူးပွင့်သိရင် တစ်ရုံးလုံးသိမယ်၊ တစ်ရုံးလုံး ပြန့်သွားမယ်။ ဟာ ... မဖြစ်သေးပါဘူး။ ဖူးပွင့်က ငါနဲ့ပြိုင်ဘက်လို ဖြစ်နေတာ။ သူ့ကိုပေးသိလို့ မဖြစ်ဘူးထင်တယ်။

"ဖူးပွင့်ကို ခေါ်မေးမယ်လေ"

"မမ ... မမ ... မမေးပါနဲ့ရှင်၊ မမေးပါနဲ့တော့၊ ဖူးပွင့်ကို ဒီကိစ္စ မသိစေချင်ဘူး၊ သူ မသိစေချင်လို့ပါ"

ဒေါ်မိုးမြတ်နွယ်က အံ့သြသလိုဖြင့် မျက်ခုံးပင့်ပေမဲ့ ဘာမှဆက်မပြောပါ။ အကြာကြီး ငြိမ်သက်စွာ တွေးနေပြီးမှ ချောင်းတစ်ချက်ဟန့်ရင်း ...

"ဒီကိစ္စကို တို့ လုံးဝမကျေနပ်ဘူး၊ အယုံအကြည်လည်းမရှိတော့ဘူး ဆိုင်းဆိုင်း"

ဆိုင်းဆိုင်းသည် အဆုံးစွန်ကို မျှော်လင့်ထားသဖြင့် မျက်ရည်တွေသုတ်လိုက်ပြီး ခေါင်းမော့ကြည့်မိသည်။

"မင်းကိုပေးမဲ့ promotion ကို ပြန်စဉ်းစားရဦးမယ်။ နောက်ပြီး တို့သဘောကျတဲ့ ဂုဏ်ထြေ့သိက္ခာမျိုးမရှိတဲ့ မိန်းကလေးတစ်ယောက်ကို အဖော်ပြုပြီး နိုင်ငံခြားခရီးကိုထွက်ဖို့လည်း သတ္တိမရှိတော့ဘူး။ ဒါ အမှန်အတိုင်းပြောတာ"

ထိုသို့ပြောချလိုက်လျှင် ဆိုင်းဆိုင်းမှာ ဘာမှချေပအသနားခံစရာလည်း မရှိတော့တာမို့ အတတ်နိုင်ဆုံးသာ နာခံလိုက်ဖို့ အသင့်ဖြစ်နေပါသည်။





ဒါပေမဲ့ ရုံးထဲမှာ ပြန်ရင်ဆိုင်ရမဲ့ မေးခွန်းတွေကိုတော့ ဘယ်လိုများ ဖြေရှင်းရပါ့မလဲ မသိ။ promotion ဘာလို့မရတော့တာလဲ၊ ပေးမယ်တောင် စာထွက်ပြီးမှ ...။ သုံးနိုင်ငံခရီးကို မခေါ်တော့ဘူးဆို၊ ဘယ်လိုဖြစ်လို့လဲ။ ဆိုသော မကြာခင်မှာကြားရမည့် မေးခွန်းတွေနဲ့ ဝေးရာကို ပြေးလိုက်ချင်ပါရဲ့။

"ပြောစရာ မရှိတော့ဘူး၊ သွားနိုင်ပြီ ဆိုင်းဆိုင်း"

ဆိုင်းဆိုင်းသည် မသွားခင်မှာ တစ်ခါတည်းခွင့်တောင်းဟန်ဖြင့် ...

"ဆိုင်းဆိုင်းကို အခုပဲ ရုံးစောစောဆင်းခွင့် ပေးနိုင်မလား မမ"

ခပ်တိုးတိုးမေးလျှင် ဒေါ်မိုးမြတ်နွယ်က မော့ပင်မကြည့်တော့ဘဲ ...

"ရတယ်၊ စောစောပြန်နိုင်ပါတယ် ဒီနေ့ မပြီးတဲ့အလုပ်တွေအတွက် မနက်ဖြန်တော့ စောစောလာလုပ်ပေးပါ၊ ဟုတ်ပြီလား"

ဆိုင်းဆိုင်း ဘယ်သူ့ကိုမှ ရင်ဆိုင်မကြည့်၊ ဘယ်သူ့ကိုမှ နှုတ်ဆက်မနေတော့ဘဲ ပစ္စည်းတွေ မြန်မြန်ကောက်သိမ်းကာ ရုံးထဲက ထွက်ခဲ့လေသည်။ ကံကောင်းတာက ဆိုင်းဆိုင်းနဲ့ အနီးကပ်ဆုံး စားပွဲမှာ အလုပ်လုပ်ရသော ဖူးပွင့် ရှိမနေတာပင်။ အပြင်ကိစ္စ ခိုင်းထား၍ ထွက်သွားရသလားမသိ။ ဖူးပွင့်ရှိမနေ...



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဆိုင်း ဘယ်သွားလဲ၊ ဘာလုပ်လဲ စောင့်ကြည့်မေးမြန်းမည့်သူ မရှိ။ ကျန်တဲ့သူတွေကတော့ ဆိုင်းဆိုင်း ဒီလိုပဲ ရုံးထဲက ကိစ္စရှိ၍ ထွက်သွားနေကျမို့ မမေးကြတာလည်း ပါပါသည်။ ဆိုင်းဆိုင်းရုံးက အစောကြီးပြန်သွားတာ ဘယ်သူမှ မသိလိုက်ကြပါ။

အိမ်ရောက်တော့ အစောကြီး ရုံးကပြန်လာသည့်သမီးကို တံခါး လာဖွင့်ပေးသည့် အမေ့ရဲ့ဒေါသမျက်နှာကို အရင်ဆုံး ရင်ဆိုင်ရလေသည်။

"ဟင် ... ညို့ဆိုင်းဆိုင်း၊ လာစမ်း ... လာစမ်း ... နင် အထဲ မြန်မြန်ဝင်စမ်းပါ။ ငါ ရှက်ပြီး သေပဲသေလိုက်ချင်တော့တယ်၊ တကယ်ပဲ"

အမေ ဒေါသတကြီးပင် ဆိုင်းဆိုင်းကို ဆောင့်ဆွဲပြီး အိမ်ထဲ တွန်းထိုးထည့်လျှင် ဆိုင်းဆိုင်းမှာ အံ့ဩတကြီး အလဲလဲအပြိုပြိုဖြင့် အိမ်ထဲရောက်ရပါသည်။ အိပ်ခန်းတံခါးကို အသံမြည်အောင် ပိတ်ပြီးလျှင် ဆိုင်းဆိုင်းကို ဘာမပြော ညာမပြောနဲ့ အမေက ပါးတစ်ဖက်ကို ဖြတ်ရိုက်လိုက်တော့လေသည်။

"အား ... အမေ ... အမေ ... ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ၊ အဟီးဟီး ... သမီးကိုပြောပါဦး အမေရဲ့၊ သမီးဘာများလုပ် ဒ့ို့လဲ"

"ဟင် ... ဟင် ... ကောင်မ၊ ဘာလုပ်မိလို့လဲ ဟုတ်လား၊ မိဘကို အရှက်ခွဲချင်တဲ့ဟာမ။ မအေက ဗိုင်းကော





ကျောက်ဖိ ဆုံးမသွန်သင်ထားခဲ့သလောက်၊ ကြည့်စမ်း ... ကြည့်စမ်း ... ဒီမှာ ဘယ်သူ့ဓာတ်ပုံလဲ ကြည့်စမ်း။ နင် ဘယ်အကောင်နဲ့ သွားအိပ်နေတာလဲ"

ဆိုင်းဆိုင်း ရင်ထဲ တုန်သွားအောင်ပင် အမေပြလိုက်သော ဓာတ်ပုံသုံးပုံကြောင့် တုန်လှုပ်ချောက်ချားသွားရတော့လေသည်။ အမေ့ရှေ့မှာမို့ ပိုပြီးရှက်ကြောက်ထိတ်လန့်သွားကာ ခွေလဲတော့မလိုပင် ခေါင်းတွေ မူးမိုက်သွားပါသည်။

"အမေ ... အမေ ... ဒါ ဘယ်ကရလဲ"

"စာတိုက်ကနေ ပို့လိုက်တဲ့ ဓာတ်ပုံတွေပဲ၊ ဒါ တမင်ငါတို့မိသားစုကို အရှက်ခွဲချင်လို့ ရည်ရွယ်ပြီးတော့ကို ပို့လိုက်တာပဲပေါ့။ လူကြီးမင်းတို့ ကွယ်ရာမှာ သမီးဖြစ်သူက ဖြစ်ချင်တိုင်း ဖြစ်နေပါပြီဆိုတဲ့ သဘောနဲ့ တမင်ပို့တာပဲပေါ့"

"ဘယ်သူပို့တာလဲ အမေ။ ဒါ ဘယ်သူ့လက်ချက်လဲ"

"ဘယ်သိမလဲ၊ ပို့သူ ဘယ်သူဘယ်ဝါဆိုတာ ပါမှမပါတာ။ ကွန်ပျူတာနဲ့ ရိုက်ထားတဲ့ စာတစ်စောင်ပဲပါတယ် ... ရော့"

"ဘာပဲရေးရေးပါ အမေရယ် မယုံပါနဲ့။ သမီးက အဲဒီလို နေတတ်ထိုင်တတ်တဲ့ မိန်းကလေးမဟုတ်ပါဘူး အမေ ရယ်၊ ဒါ တမင်လုပ်ကြံခံရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဆိုင်း စာကို ယူတော့ဖတ်လိုက်ပါသည်။ စာက ခပ်ရိုးရိုးသာ ရေးထားသည်။

"သို့ ...

ဦးသိန်းလွင် – ဒေါ်ယဉ်ယဉ်ထွေး

မညို့ဆိုင်းဆိုင်း အကြောင်း အသိပေးလိုပါသဖြင့် မျက်မြင်သက်သေအနေနှင့် ဤဓာတ်ပုံများကို ပို့ပေးလိုက်ပါသည်။ သမီးတွေကို ချစ်ခင်ယုံကြည်သော မိဘများပီပီ သမီးဖြစ်သူ အမှားမတွေ့ခင် အချိန်မီ ကယ်တင်ထိန်းကျောင်းပေးနိုင်စေရန် ရည်ရွယ်ပါသည်။

မှ/

မိတ်ဆွေတစ်ဦး"

ကွန်ပျူတာစာလုံးများဖြင့်သာ ရိုက်ထားပြီး ပေးပို့သူနာမည်လည်း ဖျောက်ထားသော စာတစ်စောင်ရယ်၊ ဓာတ်ပုံသုံးပုံရယ်သည် ဒီနေ့ အလုပ်ရှင် ဒေါ်မိုးမြတ်နွယ်ဆီကို e-mail မှတစ်ဆင့် ဓာတ်ပုံပို့သူသာ တစ်ဦးတည်း ဖြစ်ရမည်။

ဓာတ်ပုံတွေက ဒေါ်မိုးမြတ်နွယ်ရဲ့ ကွန်ပျူတာမှာ ဝင်လာသောပုံနှင့် ၁ခု အမေ့ဆီကို ရောက်နေသောပုံမှာ အတူတူသာဖြစ်နေသည်။ ဒီမှာတော့ ပို့သူနာမည်မပါသဖြင့် မသိရပေမဲ့ ဒေါ်မိုးမြတ်နွယ်ရဲ့ e-mail ထဲမှာတော့ ဒီဓာတ်ပုံတွေ ဘယ်သူပို့ကြောင်း ပေါ်ကိုပေါ်နေမှာဖြစ်သည်။ ဒေါ်မိုးမြတ်နွယ် မပြသဖြင့် ဘယ်လိုမှ မသိခဲ့ရ။





ဒီလူဟာ ဘာရည်ရွယ်ချက်နဲ့ ငါ့ဘဝကို လိုက်ဒုက္ခပေးနေသလဲ။ ငါ အရှက်ကွဲရအောင်၊ စိတ်ဆင်းရဲစွာနဲ့ ဖြေရှင်းရအောင်၊ မိဘက ယုံကြည်စိတ်ချမှု ကင်းမဲ့အောင် ဘာကြောင့် လိုက်လုပ်နေသလဲ။ ဘယ်သူကများ ဒီလောက် အငြိုးကြီးကြီးနဲ့ လုပ်နေသလဲ။ ဆိုင်းဆိုင်းသည် မျက်ရည်တွေကိုသုတ်ရင်း စဉ်းစားတွေးတောနေမိပါသည်။ ထပ်ပြီး ငိုချင်စိတ်ပင် မရှိတော့လောက်အောင် စိတ်ဓာတ်ကျ အားငယ်နေမိသည်။ ဒီလောက်ထိ အရှက်ကွဲခဲ့ရပြီးမှတော့ ဒီ့ထက်ပိုပြီး အဖတ်ဆယ်နိုင်စရာအကြောင်းလည်း မရှိတော့ဘူး။ အဖေနဲ့အမေတို့ ကျေနပ်လက်ခံအောင်သာ ရှင်းပြဖို့ရှိတော့တယ်။

"ကဲ ... ကဲ ... ပြောစမ်းပါဦး၊ အဲဒီကောင်က ဘယ်သူလဲ၊ ဘယ်ကကောင်လဲ။ မိဘက ယုံကြည်လို့ လွှတ်ထားတာကို အလွဲသုံးစားလုပ်ပြီး အဲဒီကောင်နဲ့ သွားအိပ်နေရလောက်အောင် ဒီကောင်က နင့်အတွက် တော်တော့်ကို အရေးပါလား"

"သမီး ကျိန်ပြောရင် ပြောပါ့မယ်၊ အဲဒီကောင်နဲ့ သမီးဘာမှမပတ်သက်ပါဘူး၊ သမီး သူ့ကိုသိလည်း မသိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ... ဘုရား ... လုံးဝမသိကျွမ်းတဲ့ကောင်နဲ့ တစ်ခုတင်တည်း အိပ်နေတယ်ဆိုကတည်းက ဘယ်လောက်သိက္ခာကျသွားလိုက်သလဲ၊ စဉ်းစားပြီး ပြောပါဦး ညို့ဆိုင်းဆိုင်းရယ်။ ဘုရားရေ ... နင့်အဖေသာ သိလို့ကတော့ ရှက်ပြီး ချက်ချင်း ကိုယ့်ကိုယ်ကိုယ်တောင် သတ်သေပစ်လိုက်နိုင်တယ်"

"မဟုတ်ပါဘူး အမေရယ်၊ သမီး ညာမပြောပါဘူး၊ အဖြစ်အပျက်က ဒီလိုပါ သမီး ပြောပြပါ့မယ်"

ဟုဆိုကာ ဆိုင်းဆိုင်းမှာ နယူးရီးယားညက အကြောင်းကို အကုန်ပြောပြလိုက်ရပါတော့သည်။ အဖေနဲ့အမေဆိုတာက သမီးတွေကို ဣန္ဒြေသိက္ခာရှိရှိ နေတတ်အောင် ဆုံးမသွန်သင်ထားသလို မိန်းကလေးဆိုတာ မူးယစ်စေတတ်သော အဖျော်ယမကာတွေသောက်တာနဲ့ ဘယ်လိုမှ မသက်ဆိုင်၍ ဘယ်တော့မှ စမ်းသပ်မကြည့်ပါနဲ့လို့ တားမြစ်ထားကြသူတွေဖြစ်သည်။ ဆိုင်းဆိုင်းက အခုလို ဝိုင်တွေမူးပြီး ဘာဆေးတွေ ထည့်ထားမှန်းမသိတဲ့ ဖျော်ရည်တွေကိုသောက်ပြီး ဖြစ်ရပါသည်ဟု အကြောင်းစုံရှင်းပြတော့ အမေမှာ ဆိုင်းဆိုင်းကို တွေတွေကြီး မယုံနိုင်သလိုကြည့်ရင်း တဟီးဟီးအသံထွက် ငိုပါတော့သည်။

ဆိုင်းဆိုင်းကို ရိုက်လည်းမရိုက်။ ဆူလည်းမဆူတော့ဘဲ အမေ့မှာ ယူကျုံးမရ နှမြောတသ သလိုကြီးကြည့်ပြီး ငိုလျှင်





ဆိုင်းဆိုင်း ရင်ထဲကို မြားတွေအချက်ပေါင်းများစွာ ထိုးနှက်ခံလိုက်ရသလိုပဲ နာကျင်သွားစေပါသည်။ အမေ ရိုက်တာ ဆူတာထက်ပင် နာကျင်သော ခံစားချက်ကို ခံစားလိုက်ရလေသည်။

"အမေ ... အမေ ... အမေ ... သမီးကို ထပ်ရိုက်ပါ၊ ကြိုက်သလောက်ရိုက်ပါ အမေရယ်။ သမီး မိုက်မိပါတယ်၊ အမေပေးချင်တဲ့ အပြစ်ပေးပါ"

ဆိုင်းဆိုင်းက အမေ့လက်ကြီးကိုဆွဲပြီး သူမပါးကို ရိုက်ခိုင်းပေမဲ့ အမေက အတင်းပြန်ရုန်းဖယ်ပြီး ...

"လူမှန်းသူမှန်းမသိအောင်မူးပြီး ဟိုကောင်နဲ့ ဘာတွေဖြစ်ခဲ့မှန်းမသိတာကို ရင်နာတာ။ နှမြောတာ သိလား။ ကိုယ့်သမီးလေးကို တန်ဖိုးထား မြတ်နိုးမဲ့ ယောကျ်ားလေးမျိုးနဲ့ပဲ ဆုံစေချင်တာပေါ့၊ အခုတော့ ဒီသတင်းသာ ယောကျ်ားလေးတွေကြား ပြန့်နေရင် ဘဝမှာ အမည်းစက်ကြီးရှိသွားပြီ ဆိုင်းဆိုင်းရဲ့။ သမီးကို ဘယ်သူကများ တန်ဖိုးထားပြီး မေတ္တာထားပါတော့မလဲ၊ ယောကျ်ားလေးတွေက သူတို့သာ မှားချင်သလောက် မှားကြမယ်၊ ကိုယ်ယူမဲ့ မိန်းကလေးကျတော့ တစ်ချက်မှ အမှားခံချင်တာ မဟုတ်ဘူး"

"အဲဒီကောင် ... ဟို ... အဲဒီကောင်လေးက သူ ဘယ်သူ့ကိုမှ ပြန်မပြောပါဘူးလို့ ကတိပေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်လေးလေး တစ်ခါမှ မတွေ့ဖူးတဲ့ကောင်ကို ယုံပစ်လိုက်သလား ဟုတ်လား။ ဒီဓာတ်ပုံတွေဟာ သူနဲ့ပေါင်းကြံတဲ့ တစ်ယောက်က ရိုက်ပေးပြီး မိဘဆီအရောက်ပို့တာ မဖြစ်နိုင်ဘူးလား၊ မိဘလက်ထဲမပြောနဲ့ အခု ဘယ်သူ့လက်တွေတောင်ဖြန့်ပြီး သိက္ခာချပြီးနေပြီလဲ မသိဘူး ညို့ဆိုင်းဆိုင်းရယ်၊ ငါတော့ စိတ်ညစ်ရလွန်းလို့ သေတောင်သေပစ်လိုက်ချင်တယ်"

အမေပြောတာနဲ့ ဆိုင်းဆိုင်းပင် အစက သံသယသိပ်မရှိသော ရွှေကျေးကို ပြန်ပြီးသံသယဝင်လာမိပါသည်။ အမေပို့ပြီးစိတ်ဆင်းရဲ ကြေကွဲသွားမှာ စိုးရိမ်တာနဲ့ ဒေါ်မိုးမြတ်နွယ်ဆီမှာ e-mail မှတစ်ဆင့် ဓာတ်ပုံတွေရောက်ပြီး ပြဿနာတက်ခဲ့ကြောင်း အသိမပေးတော့ဘူးဟု ဆုံးဖြတ်မိသည်။

ဒေါ်မိုးမြတ်နွယ်ဆီမှာလည်း ဆက်ပြီး အလုပ်မလုပ်ချင်တော့ဘူးမို့ မနက်ဖြန်ကစပြီး တခြားအလုပ်တွေ လျှောက်ရှာတော့မည်။ တခြားအလုပ်ရတာနဲ့ ဒေါ်မိုးမြတ်နွယ်ထံမှ ထွက်မည်ဟု ရုံးဆင်းလာကတည်းက ကြိုတွေးထားခဲ့ပါသည်။

ကိုယ့်ဘက်က ဘာမှမမှားခဲ့ပါပဲ၊ မလိမ်ညာခဲ့ပါပဲ ဒေါ်မိုးမြတ်နွယ်ရဲ့ စိတ်ထဲမှာ ဆိုင်းဆိုင်း လိမ်သည်၊ ညာခဲ့သည်၊ ဣန္ဒြေသိက္ခာမဲ့သော အနေအထိုင်မျိုး လုပ်ခဲ့သည်ဟု ထင်ပြီး ဒေါ်မိုးမြတ်နွယ်ရဲ့ မျက်စိအောက်မှာ အကြည့်ခံနေရမှာကို မလိုလားနိုင်ပါ။





ဒါ့အပြင် အခုအခြေအနေ အဆိုးဆုံးက အမေပင်။ အမေ ဒီဓာတ်ပုံတွေကိုတွေ့ပြီးပြီ။ အမေ့ကို အဖြစ်မှန်ပြောပြပေမဲ့ အမေယုံလား၊ မယုံလားတော့ မသိသေး။ ဒါပေမဲ့ အမေ့စိတ်ထဲမှာတော့ ဆိုင်းဆိုင်းကို ဘယ်တော့မှ မယုံနိုင်တော့ဘူးဆိုတဲ့ အမည်းစက်က စွန်းသွားခဲ့ပြီတည်း။

"အမေ ... အဖေ့ကို မပြောပါနဲ့နော်၊ အဖေ စိတ်အရမ်းထိခိုက်ပြီး ရှက်သွားမှာစိုးလို့ပါ"

"မပြောစေချင်ရင် အစတည်းက အနေအထိုင် ဆင်ခြင်ပါလား"

"သမီး တကယ်မှားခဲ့ပါတယ် အမေရယ်၊ နောင်တလည်း အရမ်းရနေပါတယ်၊ အဲဒီကောင်လေးနဲ့ ဘာမှမဖြစ်ခဲ့ပေမဲ့ သူနဲ့အတူ အိပ်ဖူးတယ်ဆိုတဲ့ စကားလုံးကြီးက ရှက်စရာကောင်းလှလို့ သမီးကိုလည်း နေ့တိုင်း စိတ်ဆင်းရဲနေရစေတာပါ"

"အဲဒီကောင်လေးက ဘယ်သူလဲ"

"သူ့ ... သူ့နာမည် ရွှေကျေးလို့တော့ ပြောတယ်"

"မသေချာလို့ ရွှေကျေးလို့တော့ ပြောတယ်လို့ ပြန်ပြောပြတာလား"

"မဟုတ်ပါဘူး သေချာပါတယ်၊ သူ့နာမည် ရွှေကျေးပါ။ အားလုံး ရွှေကျေးလို့ခေါ်နေတာကြားတယ် အမေ။ သူက



www.burmeseclassic.com

www.burmeseclassic.com



ဖူးပွင့်မောင်ဝမ်းကွဲ ပိုင်ပိုင့်သူငယ်ချင်းလို့တော့ သိထားပါတယ်"

"ကျန်တာ ဘာသိသေးလဲ ပြောစမ်းပါဟယ်၊ အမေတစ်ခွန်းမေးမှ တစ်ခွန်းဖြေ လုပ်မနေစမ်းပါနဲ့။ ငါ ဒီကောင့်ပုံကြည့်ပြီးကတည်းက ရင်ထဲမှာ မကောင်းလွန်းလို့ ဘယ်လောက်နာနေလဲ သိရဲ့လား။ ငါ့သမီး ချောချောလှလှလေး၊ ရည်မွန်းချက် ကြီးကြီးလေး။ ဒီလို ခပ်ကြမ်းကြမ်း ရုပ်ရည်မျိုးနဲ့ကောင်ကို ဘယ်တုန်းကမှတောင် စိတ်ကူးထဲ ထည့်ခဲ့တာ မဟုတ်ဘူး။ သူ့လာကြိုက်သမျှ ကောင်လေးတွေကို တစ်မျိုးမဟုတ် တစ်မျိုး အပြစ်ရှာပြီး ငြင်းထားခဲ့တဲ့သူ။ အဲဒီအငြင်းခံလိုက်ရတဲ့ ကောင်လေးတွေတောင်မှ ဒီကောင်လေးထက်သာတာချည်းပဲ။ အခုတော့ ဒီလိုကောင်လေးမျိုးနဲ့မှ နာမည်ထွက်ခဲ့ရတယ်ဆိုပြီး ရင်ထဲမှာ နာပြီး မချိနေတာကွယ် ... မချိတာ"

"သမီးလည်း သူ့လိုကောင်မျိုး မစဉ်းစားပါဘူး"

"အံမယ်လေး ... အံမယ်လေးလေး ... မစဉ်းစားလို့ ရတော့မလား။ စဉ်းစားသင့်ရင် စဉ်းစားရတော့မယ်၊ ကိုယ့်မိဘသိက္ခာဆယ်ဖို့ ကိုယ့်သိက္ခာကိုယ်ဆယ်ဖို့ ထည့်ကိုစဉ်းစားရတော့မယ်၊ အရှက်နဲ့ လူလုပ်လာကြတာ။ ဒီတစ်ချက်လေး မှားတာနဲ့ တစ်သက်လုံး ခေါင်းမဖော်နိုင်အောင်





အရှက်ရတာမျိုး မဖြစ်ပါရစေနဲ့၊ မိဘကျေးဇူးဆပ်ချင်တယ်၊ ဆပ်ချင်တယ်လို့ ပါးစပ်ကပဲ အော်မနေနဲ့။ ကျေးဇူးဆပ်တယ်ဆိုတာ လုပ်ကိုင်ရှာဖွေ ကျွေးမွေးမှ ကျေးဇူးဆပ်တာမျိုး မဟုတ်ဘူး။ မိဘရဲ့အရှက်နဲ့ သိက္ခာကို ထိန်းသိမ်းပေးပြီး မိဘစိတ်ချမ်းသာအောင် ထားရင်လည်း ကျေးဇူးဆပ်ရာ ရောက်ပါတယ် ဆိုင်းဆိုင်းရယ်။ ပညာတွေ တတ်ထားပြီး အပြောရမကျပ်ရပါစေနဲ့၊ ခေါင်းနဲ့စဉ်းစားပါ"

အမေ ပြောလိုက်သော စကားတွေကြောင့် ဆိုင်းဆိုင်းတုန်လှုပ်အံ့ဩသွားပါသည်။ မရဲတရဲပင် ...

"အမေ ... အမေ ဘာပြောချင်တာလဲဟင်။ သမီး သူ့ကိုပဲ ယူရမယ်လို့ ပြောချင်တာလား"

ဟု အင်မတန်မှ မလိုလားခဲ့သော အခြေအနေတစ်ခုကို လုတ်ဖော်မေးမြန်းလိုက်ရလေသည်။

"ဒီဓာတ်ပုံအကြောင်း ဘယ်သူတွေ သိသေးလဲ၊ ဒါ ဘယ်သူရိုက်တာလဲ၊ သူတို့ကြားမှာ ဘယ်လိုသဘောနဲ့ ဒီဓာတ်ပုံရိုက်ဖြစ်အောင် ကြံစည်သလဲလို့ သမီး သိလား။ ဒီဓာတ်ပုံနဲ့ ဘာမှအနှောင့်အယှက် မပေးနိုင်ပါဘူးလို့ အာမခံရဲလား"

အမေ ထိုသို့ပိတ်မေးလိုက်သောအခါ ဆိုင်းဆိုင်းမှာ စိုးရွံ့အားငယ်သွားမိပါသည်။ ဓာတ်ပုံဟာ ဖလင်နဲ့ရိုက်သောဓာတ်ပုံဆိုရင် နဂ္ဂတစ်(ဗ)ရှိနေသေးသမျှ ဘယ်တော့မှ ဖျောက်ဖျက်



www.burmeseclassic.com

www.burmeseclassic.com



လို့ရမှာ မဟုတ်သလို ဒစ်ဂျစ်တယ်နဲ့ ရိုက်ထားတဲ့ ဓာတ်ပုံဆိုလည်း အဲဒီပုံကို delete မလုပ်သရွေ့ ဘယ်တော့မှ ပျောက်လို့ရမှာ မဟုတ်တော့တာမို့ ဆိုင်းဆိုင်းမှာ စိတ်ဓာတ်တစ်ဟုန်ထိုး ကျဆင်းသွားတော့သည်။

"အကောင်းဆုံး အကြံပေးရရင် သူ့ကို ဆက်သွယ်လို့ရရင် ဆက်သွယ်ပြီး ဒီဓာတ်ပုံကိစ္စ စုံစမ်းကြည့်ပေါ့၊ သူ ဘာသဘောနဲ့ ဒီလိုလုပ်နေသလဲဆိုတာ သိသင့်တယ်။ သမီးကို သဘောကျနေတယ် ဆိုရင်လည်း ကိုယ်သဘောကျတဲ့ မိန်းကလေးကို ဒီလိုနည်းနဲ့ အရယူမယ်ဆိုတဲ့စိတ်ဓာတ်ရှိတယ်ဆိုရင်တော့ တော်တော့်ကို အောက်တန်းကျတဲ့ စိတ်ဓာတ်ပဲလို့ ပြောရမှာပဲ"

⁂







# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com



# ၇

"ရွှေကျေးလား"

"ဟာ ... ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော် ရွှေကျေးပါ"

"ဆိုင်းဆိုင်း စကားပြောနေတာပါ"

"ဆိုင်းဆိုင်းလား၊ ဪ ... မှတ်မိပါတယ်"

ရွှေကျေးသည် မမျှော်လင့်ထားချိန်မှာ ဆိုင်းဆိုင်းဆိုသော မိန်းကလေးထံမှ ဖုန်းကိုလက်ခံရရှိလိုက်သဖြင့် တအံ့တသြဖြစ်ပြီး ဒီဘက်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားပါသည်။

အိမ်မှာ ရွှေကျေးနဲ့အတူ PS-2 လာကစားနေသော သူငယ်ချင်း အာပြဲခြောက် (လူပုံစံက ပိန်ခြောက်ခြောက် ရှည်မျောမျောနဲ့ ပါးစပ်ပြဲလှသဖြင့် မူလအမည်ဖြစ်သော ချစ်ကိုကိုဆိုတဲ့ လှပတဲ့နာမည်ပျောက်ကာ ထိုနာမည်ပြောင် ပေးခံထားရတာ)၊





မျက်မှန်ထူထူကြီးလည်း တပ်ထားသေး၊ ထိုမျက်မှန်ထူကြီးက သူ့ မမြင်ချင်တာကျ လုံးဝကာန်းလျက် သူ့ မြင်ချင်တာမျိုးဖြစ်သော ကောင်မလေး ချောချောဆို အရင်ဆုံး မျက်စိလျင်လှသော မှန်ကြောင် (မူလအမည်မှာ လှတပတ ခပ်မိုက်မိုက်နဲ့ ရဲဇော်)နှင့် အရပ်က ယောက်ျားဖြစ်ပြီး ပေမမီ ဒေါက်မမီ ငါးပေနှစ်လက်မ လောက်သာရှိသောသူမို့ အပုလေး (မူလအမည်မှာ ဟိတ်ဟန်ကောင်းကောင်းနဲ့ မာန်ထက်)တို့ကတော့ ရွှေကျေး ဖုန်းပြောသံထဲက ဆိုင်းဆိုင်း ဟူသောအမည်ကို နားစွန်နားဖျား ကြားလိုက်တာနဲ့ 2007 FIFA ဘောလုံးကစားပွဲကို အသည်းအသန် ပြိုင်ကစားနေရာမှ ဒီဘက် နားစွင့်လိုက်ဟန်တွေ အထင်းသား တွေ့ရသည်။

"ဟေး ... ရွှေကျေးတို့တော့ ကံဇာတာ တက်လာပြီဟေ့။ ကောင်မလေးက ဖုန်းစ,ဆက်တယ်"

"ဟေ့ကောင် ... အာပြဲခြောက်၊ ရှူး ... တိုးတိုးအော်ပါကွ၊ ဒီမှာ မင်းအသံကြီး ဖုန်းထဲဝင်သွားမယ်"

ရွှေကျေး လှည့်မာန်လိုက်ပြီးမှ ပြုံးဖြဲဖြဲနှင့် တစ်ဖက်မှအသံကို ပြန်နားစွင့်လိုက်ပါသည်။ ရွှေကျေး စိတ်ထဲမှာ သဘောကျမိသော ကောင်လေးတစ်ယောက်မို့ မှတ်မှတ်ရရဖြစ်ပြီး အခင်ဆုံးသူငယ်ချင်းတွေဖြစ်သည့် ဒီသုံးကောင်ကို အသိပေး ပြောထားခဲ့ဖူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးက ပကာသနမက်မက်ပါကွာ၊ ငါ့လိုကောင်ကို ရှိတယ်လို့တောင် ထင်တဲ့ပုံစံ မဟုတ်ပါဘူးကွာ၊ လမ်းတွေ့လို့ နှုတ်ဆက်တာတောင် မြန်မြန်စကားဖြတ်ပြီး လစ်တော့တာ"

ဟု စိတ်ဓာတ်ကျပြီး မမျှော်လင့်ကြောင်းလည်း အသိပေးခဲ့ဖူးသည်။

သို့သော် ရွှေကျေးသည် စိတ်ထားယုတ်မာတတ်သော ယောက်ျားလေးလည်း မဟုတ်ခဲ့သဖြင့် ညို့ဆိုင်းဆိုင်းနဲ့ သူနဲ့ ဘာဖြစ်ခဲ့မှန်း မသိဘဲ အတူတူ အိပ်ရာမှ နိုးထလာခဲ့ဖူးတာကိုတော့ လုံးဝသစ္စာရှိ နှုတ်လုံ့စွာ မပြောပြခဲ့ပါ။ အခင်ဆုံး၊ အရင်းနှီးဆုံး သူငယ်တန်းတည်းက ပေါင်းသော ငယ်သူငယ်ချင်းတွေကိုတောင် ဒီအကြောင်း မပြောဘဲ နေခဲ့တာဟာ သူ့ရဲ့ကတိကို တည်စေခဲ့တာလည်း ပါသလို မိန်းကလေးတစ်ယောက်ကို အလကားနေရင်း စိတ်အနှောင့်အယှက် မပေးခဲ့လိုတာလည်း ပါပါသည်။

"နင့်အိမ်မှာ အသံတွေ ကြားနေရတယ်၊ ဘယ်သူတွေရှိလဲဟင်၊ ငါ စကားပြောလို့ ဖြစ်ပါ့မလား"

"ဟာ ... ဖြစ်ပါတယ်၊ ရတယ်၊ ကျွန်တော် Cordless ယူပြီး ကျွန်တော့်အခန်းထဲမှာ ပြောနေပြီ"

"ပြောစရာရှိလို့ ဖုန်းဆက်တာပါ"





"ဖုန်းနံပါတ် ဘယ်ကရလဲ"

"ဖူးပွင့်ဆီကတစ်ဆင့် ပိုင်ပိုင့်ကို အရင်ဖုန်းဆက်မေးရတာ။ ပိုင်ပိုင့်ဆီက နင့်ဖုန်းနံပါတ် ရတာလေ"

"ပိုင်ပိုင်နဲ့ ကျွန်တော် အခုတလော မကြည်ကြလို့ သိပ်တောင် မတွေ့ကြဘူးဗျ။ ဆိုင်းဆိုင်းကို ဖုန်းနံပါတ်ပေးလိုက်တယ်ဆိုတော့ တော်သေးတယ်"

"ဘာတွေ မကြည်တာလဲ"

"ဟာ ... ဒီလိုပါပဲ ယောက်ျားလေးချင်းဆိုတော့ နည်းနည်းငြိတဲ့အခါ မကြည်တာတွေရှိတာပေါ့၊ သူနဲ့ကျွန်တော်က ငယ်ပေါင်းမဟုတ်ဘူးဗျ။ အဝေးသင်အတွက် ကျူရှင်တက်ရင်း ခင်ကြတာဆိုတော့ သိပ်ပြီး အခင်ကြီး မဟုတ်ဘူး။ ကျွန်တော်က အပျော်အပါး ကြိုက်လို့သာ ဘယ်သူ့အိမ်က ပါတီဖြစ်ဖြစ် ဝင်သွားကဲလို့ သူတို့အိမ် ရောက်တာပါ၊ ကျွန်တော့်သူငယ်ချင်း အရင်းတွေက အခု အိမ်မှာရောက်နေကြတာလေ PS-2 အဲ play station-2 လာကစားနေကြတယ်၊ ဒါကြောင့် ဆူနေတာ"

ရွှေကျေးမှာ စကားကလည်း ခပ်များများကောင်မျိုးမို့ ကောင်မလေး နားထောင်ချင်လား၊ မထောင်ချင်လားတော့ မသိ။ တွေ့ကရာတွေ ပါးစပ်ထဲ ဆက်တိုက်ပြောမိပြီးမှ ကောင်မလေးအသံ သိပ်တိတ်နေတာကို သတိထားမိသွားသည်။ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားမြန်မြန်အဆုံးသတ်ပြီး ကိုယ့်ကိုယ်ကိုယ် "ရှစ်ထီ"ဟု အသံတိတ် ဆဲရေးလိုက်ရင်း ပါးစပ်ကို အသံမထွက်အောင် ပိတ်ရိုက်လိုက်မိသည်။

"ဘာကိစ္စရှိလို့ ဆက်တာလဲ ဆိုင်းဆိုင်း၊ ပြောပါ အားမနာပါနဲ့ ဘာအကူအညီ ပေးရမလဲ"

"နင်နဲ့တွေ့ပြီး စကားပြောချင်တယ်၊ ပြောစရာတွေလည်း ရှိတယ်"

"ဘယ်တော့ တွေ့ကြမလဲ"

"ဆိုင်းဆိုင်း မနက်ဖြန် တနင်္ဂနွေမှာ အားနေတယ်၊ လာတွေ့နိုင်မလား"

"ဘယ်မှာလာတွေ့ရမလဲ"

"အေးအေးဆေးဆေး စကားပြောလို့ရမဲ့နေရာ ဘယ်နေရာ ရှိလဲ"

"အေးအေးဆေးဆေး စကားပြောချင်တာလား၊ ဒါဆို ကော်ဖီဆိုင်တို့ ဘာတို့ကတော့ ကောင်းပါတယ်၊ ကျွန်တော် သဘောကျထားတဲ့ ဆိုင်တစ်ဆိုင်တော့ရှိတယ်၊ လာခဲ့နိုင်မလား မသိဘူး"

ဟုဆိုကာ ရွှေကျေးက သူ့စိတ်ကူးထဲ ပေါ်လာသော ဆိုင်ကို ပြောလိုက်လျှင် တစ်ဖက်မှ ကောင်မလေးလည်း ကျေနပ်လက်ခံလိုက်ပါသည်။





"ဒါဆို မနက်ဖြန် နေ့လယ်ပိုင်းပေါ့၊ နှစ်နာရီလောက် အရောက်လာခဲ့ပါနော်"

"လာမှာ ... လာမှာ ... စိတ်ချ၊ ကျွန်တော် အရင်ရောက်နေမှာပါ ၊ ဩော် ... ဒါနဲ့ ဆိုင်းဆိုင်း ဖုန်းနံပါတ်ရှိရင် ပေးခဲ့ပါဦး"

"အိမ်ဖုန်းနဲ့ ဆက်တာမဟုတ်ဘူး၊ ဆိုင်ဖုန်းပါ၊ တစ်ဆင့်ခေါ်လို့တော့ ရတယ်၊ ဆိုင်းဆိုင်းတို့အိမ်မှာ ဖုန်းမရှိပါဘူး၊ အဲဒီတစ်ဆင့်ခေါ်ဖုန်းကို လိုချင်ရင်တော့ ပေးခဲ့မယ်လေ"

"လိုရမယ်ရ ယူထားလိုက်မယ်နော်။ အလကားနေရင်းတော့ မခေါ်ပါဘူး၊ ကျွန်တော် နားလည်ပါတယ်"

ရွှေကျေးသည် ကောင်မလေး ရွတ်ပြသော ဖု နံပါတ်ကို မှတ်ထားလိုက်ကာ အသေအချာပင် သိမ်းထားလိုက်သည်။

"ဒါဆို ဒါပါပဲလေ၊ ဖုန်းချလိုက်တော့မယ်နော်"

"အိုခေ ... ဒါဆို ဘိုင့်ဘိုင်"

ကောင်မလေးကတော့ နှုတ်ပင်မဆက်ဘဲ ချက်ချင်း ဖုန်းချသွားတော့လေသည်။ ရွှေကျေးကသာ တာ့တာ ဘိုင့်ဘိုင် ပြော ဖုန်းမပြောတော့တာတောင် ဆက်ပြောပြီး ပျော်ရွှင်အူမြူးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေကျေးဘဝမှာ မိန်းကလေး ချောချောလှလှနှင့် မိတ်ဆွေဖြစ်ရတာတွေတော့ ရှိဖူးပေမဲ့ သူ့ရုပ်သူ့ရည်နဲ့ ပုံသိပ်မလာမှုကြောင့် ကောင်မလေးတွေက အရေးတယူ စ,ဖုန်းဆက်ပြီး ခင်မင်ကြတာပင် မရှိဘူးပါ။ ဒီလိုပဲ ကြားထဲက သူငယ်ချင်းမိတ်ဆွေတွေ မိတ်ဆက်ပေးလို့ သိကျွမ်းရင်းနှီးပြီး မိတ်ဆွေဖြစ်ကြသည်ဆိုပေမဲ့ ရွှေကျေးကသာ လမ်းမှာတွေ့ရင် စတင်ခေါ်ပြောမနှုတ်ဆက်လျှင် အဲဒီကောင်မလေးတွေဟာ သူ့ကို မသိချင်ယောင်ဆောင်သွားခံရမဲ့ အဆင့်လောက်သာ ရင်းနှီးပါသည်။

ဒီလို ခပ်ချောချော ကောင်မလေး ဆိုင်းဆိုင်းက စိတ်ပြောင်းပြီး ဖုန်းနံပါတ်တွေ ဘာတွေ စုံစမ်းပြီး စ,ဖုန်းဆက်လာသည် ဆိုခြင်းမှာ သူ့လိုယောကျ်ားလေးတစ်ယောက်အတွက်တော့ အတော့်ကို အူမြူးကျေနပ်စရာ ဖြစ်နေတော့လေသည်။ အထူးသဖြင့် ပြောရရင် ရွှေကျေးတို့အုပ်စုဟာ အားလုံး ပုံမလာ၊ အသုံးမကျ loser တွေလိုလို ဘာလိုလိုတွေ့မို့ ရွှေကျေးသည် ဒီအဖြစ်အပျက်ကို ကြွားဝါပြီး လက်မ,ထောင်နိုင်တော့လေပြီ။ အနူတောမှာ လူချောဖြစ်ရပါသည်ဟု ခပ်ရိုင်းရိုင်းပဲ ပြောချင်ပြော။ ဆိုင်းဆိုင်း ဆိုသော ကောင်မချောလေးနဲ့ ရွှေကျေးတို့ ကော်ဖီဆိုင်မှာချိန်းပြီး စကားပြောမဲ့အဖြစ်ကို ဟိုကောင်တွေကြားထဲ ကြဲဖန်ကြွားဝါလိုက်ချင်သည်။

"မှီရတဲ့ မျက်နှာနဲ့ပါလား"



အာပြဲခြောက်က ဖုန်းပြောပြီး ပြန်ထွက်လာသော ရွှေကျေးကို မြင်တာနဲ့ စ,အော်တော့သည်။ သူ့ဘေးမှာရှိသော မုန့်ကြောင်က ...

"ဟေ့ကောင် အာပြဲခြောက်၊ ဒီအခန်းထဲမှာ အဲဒီလောက် အော်ပြောဖို့ လိုလို့လားကွာ၊ volume နှိမ့်လိုက်စမ်းပါ"

"အေးလေ ... ဒီအုပ်စုထဲမှာ ဘယ်သူမှ နားပင်းတဲ့သူ မပါဘူး ဟေ့ကောင်"

အပုလေးကပါ ဝင်တွယ်လိုက်ပေမဲ့ အာပြဲခြောက်တစ်ယောက် အပြောခံရတာကို စိတ်မဆိုးအားပဲ ရွှေကျေး၏ မှီရတဲ့မျက်နှာကိုသာ စိတ်ဝင်စားနေသည်။ ရှင်းရှင်းပြောရရင် သူတို့အုပ်စုထဲမှာ ကြည့်အကောင်းဆုံးဆိုလို့ ရွှေကျေးပဲရှိပြီး ရွှေကျေးမှာ ဘယ်လိုမှ နာမည်ပြောင်ပေးစရာ အကွက်လဲ မတွေ့တာမို့ (ရွှေကျေးက ဆရာကြီး၊ ဂိုဏ်းချုပ်ကြီး နေရာကို အလိုလိုနေရင်း ရထားတာမို့ နာမည်ပြောင် အပေးမခံရတာလည်း ပါသည်) သူတို့ကြိုဖေဒင်ဟောထားတာက ရွှေကျေးပဲ၊ ရည်းစား အရင်ရနိုင်သည်ဆိုတာပင်။ ဒါကြောင့် ကောင်မလေး တစ်ယောက် ဖုန်းဆက်လာခြင်းသည် ဒီအုပ်စုရဲ့ ဆရာကြီးရွှေကျေးအတွက် ကံဇာတာတက်လာသည်ဟုထင်ပြီး အင်မတန်မှ သိချင်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေကျေး မျက်နှာပြုံးပြုံးကြီးလုပ်ပြီး PS-2 ကစားဖို့ ကွန်ထရိုလာကို ကောက်ကိုင်လိုက်လျှင် သုံးယောက်သား သံပြိုင် နီးပါးနဲ့ ...

"ဆရာ ဒီလိုလုပ်လို့ မရဘူးလေ ဆရာ၊ မပြောဘဲ နေလို့ ရမလား၊ ပြောပါဦး ကောင်မလေးနာမည် ဆိုင်းဆိုင်းလို့ ခေါ်လိုက်သံ ကြားတယ်"

"မင်းကို သိပ်မကြည်ဘူးဆို၊ အခုတော့ ဖုန်းတွေဘာတွေ ဆက်လို့ပါလား"

"ဘာတဲ့လဲ၊ ပြောစမ်းပါ ဆရာရယ်၊ ဈေးမကိုင်စမ်းပါနဲ့"

ဟူသော မေးသံတွေ ဆက်တိုက်လို ပေါ်လာတော့ သည်။

ရွှေကျေး တဟီးဟီး တဟားဟား ရယ်လိုက်ပြီး လျှင် ...

"ပြောချင်နေတာ ဘူး၊ အဲဒီလောက် ဝိုင်းနှိပ်စက် မေးစရာ မလိုပါဘူး။ မင်းတို့က အသံနဲ့ အတော်နှိပ်စက်တာ ပဲ"

ဟု နည်းနည်းကြွားသော လေသံဖြင့် ပြောလိုက် သည်။ ပြီးမှ မလိုအပ်ပါဘဲ တဟင်းဟင်း တဟဲဟဲ ချောင်းဟန့် ပြပြီး ...





"ငါ့ကို Cafe Rhythm (ကဖီးရစ်သမ်)ဆိုင်ကို ချိန်းတယ် ကွ တနင်္ဂနွေနေ့ သူ အလုပ်အားတယ်တဲ့၊ စကားပြောချင် တယ်တဲ့။ တွေ့ပါရစေ ကိုရွှေကျေးရယ်တဲ့။ ဆိုင်းဆိုင်းဘဝ မှာ ကိုရွှေကျေးလောက် ချောမောပြီး ချစ်စရာကောင်းတဲ့ ယောကျ်ား မတွေ့တာမို့ ကိုရွှေကျေးကို ထပ်ပြီးဆုံချင်နေ တာပါတဲ့၊ နောက်ပြီး ... ဟဲ ဟဲ ..."

ရွှေကျေးသည် မလိုအပ်ပါဘဲ အပိုဆာဒါးတွေ ထည့်ပြောနေမှန်း သိသဖြင့် သူ့ရဲ့"နောက်ပြီး ... ဟဲ ဟဲ"သံ အဆုံးမှာ နောက်တစ်မျိုး ဖန်တီးပြောဖို့ပင် ပါးစပ်ဟချိန် မရတော့။ ဟိုသုံးကောင် ဝိုင်းနှိပ်ကွပ်တာနဲ့တင် ခေါင်းမဖော်နိုင်တော့အောင် ဖြစ်သွားရပါသည်။ အင်း ... သူက ဆရာကြီးတော့ ဆရာကြီး ပေမဲ့ ဆရာကြီးလည်း တစ်ခါတလေ ဟန်လုပ်တာများရင် တပည့် တွေက ဝိုင်းပညာပေးတာလေးတွေ ခံရတာတော့ ရှိပါသည်။

"ဘာဖြစ်လို့ စိတ်ပြောင်းပြီး အခုမှ ဆက်သွယ်လာလဲ မသိဘူး၊ မင်း ပြောတော့ လမ်းတွေ့လို့ မင်း လိုက်နှုတ် ဆက်တာတောင် စကားဖြတ်ပြီး အမြန်လစ်တာဆို"

"အေးကွ ... ငါလည်း စဉ်းတော့ စဉ်းစားမိတယ်။ သူ ဘာအကူအညီတောင်းစရာ ပေါ်လို့လဲ မသိဘူးပေါ့ကွာ။ မင်းတို့သိတဲ့အတိုင်းပဲ မိန်းမလှလေးတွေက ငါ့ကို သူတို့ လက်ခံချင်လောက်တဲ့ ယောကျ်ားအဖြစ်တော့ ခေါင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



မစဉ်းစားကြပေမဲ့ ခိုင်းစရာတစ်ခုခု ပေါ်လာရင်တော့ ငါ့ပဲ အရင်ဆုံးပြေးမြင်တာမျိုးလေ"

"မင်းကလည်း ပါးစပ်ကြီးဖြဲပြီး သွားတွေ နားရွက်တက်ချိတ်တော့မတတ် ပြုံးပြုံးကြီးနဲ့ အခိုင်းခံချင်နေတာလေ"

တစ်ယောက်နဲ့တစ်ယောက် အတွင်းသိ အစင်းသိတွေလည်း ဖြစ်တာမို့ ရွှေကျေးရဲ့ ငယ်ကျိုးငယ်နာတွေကို အခွင့်ရတုန်း ဝင်တွယ်လိုက်သော အပုလေးရဲ့ ဇက်ပိုးကိုလည်း ရွှေကျေးက တစ်ချက်လှမ်းအုပ်လိုက်ပါသေးသည်။

"ညို့ဆိုင်းဆိုင်းကတော့ အဲဒီလိုလုပ်ချင်တဲ့ စိတ်ဓာတ်မျိုးရှိမှာမဟုတ်ဘူးလို့ ထင်ထားတာ"

"အဲဒီလောက် အမွှမ်းတင်မနေပါနဲ့ကွာ၊ မိန်းမဟာ မိန်းမပါပဲ။ မိန်းမတွေရဲ့စိတ်ဓာတ်က တစ်မျိုးကွ၊ ကိုယ်လည်းပြန်မကြိုက်နိုင်ဘဲနဲ့ ကိုယ့်ကို လာကြိုက်နေတဲ့ ယောကျ်ားတွေကို အမျှင်မပြတ်အောင် ပြန်ဆွဲဆောင်ထားပြီး လိုအပ်ရင် ခိုင်းစားဖို့ စိတ်ကူးရှိတဲ့ သူချည်းပဲကွ။ မိန်းမတစ်ရာမှာ ကိုးဆယ့်ကိုးယောက်လုံးလုံး အဲဒီလိုစိတ် ရှိကြတယ်ကွ၊ ငါ လေ့လာဆန်းစစ်ထားတယ်"

မှန်ကြောင်က ဒီတစ်ခါ ဆရာကြီးလေသံလုပ်ပြီး ပြောပြန်သဖြင့် ရွှေကျေး အပါအဝင် ကျန်နှစ်ယောက်ရဲ့လက်သီးတွေ၊ လက်ဖဝါးတွေ၊ မှန်ကြောင့်ဘက် တစ်ခါစုပြုံရောက်သွားပြန်သည်။





"မှန်ကြောင်က ပြောလိုက်ရင် လူအထင်ကြီးစရာကောင်းအောင် ကြဲဖန်ပြောတယ်ကွ။ သူ့ကိုယ်သူ မိန်းမကျွမ်းကျင်တဲ့ သဘာကြီးလိုလိုနဲ့"

"ရှုပ်တယ်ကွာ၊ ဒီကောင့်ကို အရှင်မထားနဲ့၊ ဝိုင်းပညာပေးလိုက်ရအောင်"

"ဟာ ... လုပ်လိုက်လေ ကြွာသလားလို့။ ဟေးလားယောကျ်ား ဘသားလေးလေ"

လေးယောက်သား လုံးထွေးသတ်ပုတ်၊ တဟီးဟီးအော်ရယ်သူရယ်၊ အောင်မယ်လေး သေပါပြီဗျ၊ ခွေးကိုက်နေပြီဗျို့ အော်သူအော်၊ မှတ်ပြီလား ဆရာဟု ကြိမ်းမောင်းသူကကြိမ်းမောင်းဖြင့် အခန်းထဲ ကမ္ဘာပျက်တော့မတတ် ဆူညံဝုန်းဒိုင်းကြဲနေတော့လေသည်။

စားပွဲတွေ ခုံတွေလည်း အလဲလဲ အပြိုပြို။ ရွှေကျေးအမေ စားပွဲမှာအလှတင်ထားသော ပန်းအိုးလည်း ကျကွဲဖြင့်ဝုန်းဒိုင်းဆူလို့ကောင်းတုန်း အောက်ထပ်ကနေ တဒုန်းဒုန်းထိုးသံပေါ်လာမှပဲ ငြိမ်တော့လေသည်။ ရွှေကျေးတို့က မြေညီထပ်ပြီးလို့ပထမထပ်မှာနေကာ အပေါ်အောက် နှစ်လွှာအခန်းတွဲကို ယူထားပါသည်။ ထို့ကြောင့် အပေါ်က တဒုန်းဒုန်းဆူသောအခါ မြေညီထပ်မှာ နေသူများက သူတို့ရဲ့ မျက်နှာကြက်၊ ရွှေကျေးတို့ရဲ့ကြမ်းပြင်ကို တုတ်နဲ့ထိုးပြီး သတိပေးတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ်၊ အဖေနဲ့အမေ ပြန်လာရင် အောက်ထပ်က အန်တီကြီးက ဆီးပြီးတိုင်တော့မှာကွ"

ရွှေကျေး ခေါင်းပုပြီး စိတ်ညစ်သလို ညည်းညူမိသည်။ ရွှေကျေးရဲ့အဖေနဲ့အမေက ယုဇနပလာဇာကြီးရဲ့ မြေညီထပ်မှာ ဆိုင်ခန်းတစ်ခန်း အပိုင်ရှိကာ စတီးပစ္စည်း၊ မယ်လမင်းပစ္စည်းတွေ ရောင်းချသော စီးပွားရေးအလုပ်ကို လုပ်ကိုင်ကြသည်။ တစ်နေကုန် ဈေးထွက်နေကာ ဆိုင်ပိတ်မှ ပြန်လာကြသောအချိန်မှာမှ အောက်ထပ်က ဆီးပြီး ရွှေကျေး အကြောင်းတွေ တိုင်စရာရှိ တိုင်တတ်သည်။

အဖေနဲ့အမေက ရွှေကျေးကို သားလေးတစ်ယောက်တည်းမို့ သိပ်ချစ်ပြီး ဘာမှမခိုင်းရက်၊ မပြောရက်ပေမဲ့ ဆူစရာရှိရင်တော့ နားငြီးပြီး နားထဲက အရည်ထွက်အောင် အမေက ဆူတတ်ပါသည်။ ဒီအရွယ်ကြီး ဖြစ်နေပြီး မိဘနဲ့အတူ ဆိုင်လည်းလိုက်မထိုင်၊ ဘာအလုပ်မှလဲ မလုပ်ဘဲ ပေါတောတော ယောင်ချာချာကြီး လုပ်နေကာ ရေသာခိုနေတာကိုလည်း အပြစ်မပြော။ ဆူလည်းမဆူ။ သား အလုပ်တစ်ခုခု လုပ်ပါတော့လားလို့ပင် တစ်ခွန်းမဟပေမဲ့ သူများက လာတိုင်ရင်တော့ ဆူသင့်တာရှိ ဆူတတ်သော အမေ့ကို လန့်သည်။ အမေက ဒီအရွယ်လောက်ရှိတဲ့သားကို တွေ့ရာတုတ်နဲ့ကောက်ပြီး ရိုက်ချင်ရိုက်တတ်သေးလေသည်။ အရိုက်ခံရတာကို မမှုပေမဲ့ နားထဲက အရည်ထွက်အောင် အဆူခံရတာကိုတော့ ရွှေကျေး အတော်စိတ်ညစ်လေသည်။





"အမေ ပြန်လာရင် အဆူခံရသက်သာအောင် ငါတို့ဖွထားတာတွေ ပြန်သိမ်းရအောင်ကွာ။ ကူညီပါ ယောက်ဖတို့ရာ"

"ဟာ ... အံမာ ... ပေါ့ကောင် ဘာယောက်ဖလဲ"

ဟု တစ်ခါ ဝိုင်းအော်ကြကာ ဟိုသုံးယောက်ရဲ့ ဆဲရေးသံများနှင့်အတူ နောက်တစ်ခါထပ်ပြီး ဝုန်းဒိုင်းကြဲကျပေမဲ့ ဒီတစ်ခါတော့ အောက်ထပ်က တုတ်နဲ့မထိုးအောင် သတိထားကြသဖြင့် အထိုးမခံရ။ သူတို့လေးယောက်မှာ ရွှေကျေးသာ ညီအစ်ကိုမောင်နှမ မရှိပေမဲ့ ကျန်တဲ့လေးယောက်မှာတော့ အစ်မရှိသူ၊ ညီမရှိသူတွေမို့ ရွှေကျေးက ယောက်ဖခေါ်လျှင် သူတို့ပဲ ခံရတာမို့ ဝိုင်းဆုံးမကြတာဖြစ်သည်။

လေးယောက်သား ကျေနပ်လောက်အောင် သောင်းကျန်းပြီးမှ ရွှေကျေး ညောင်ညိုညိုဖြင့် အကူအညီတောင်းသဖြင့် အိမ်ကိုဝိုင်း၍ ပြန်ရှင်းပေးကြသည်။ နေကြာစေ့ခွံ၊ အာလူးကြော်၊ ငါးမုန့်ကြော်အိတ်ခွံတွေနဲ့ မြေပဲလှော်၊ ပဲကြီးလှော်ခွံတွေကလည်း မနည်း။ သောက်ထားသော အအေးဘူးခွံတွေကလည်း တစ်ပုံကြီး။ ရွှေကျေးတို့က မိဘအိမ်မှာ မရှိချိန်မှ ဖွထားတယ်ဆိုပေမဲ့ သောက်စားမှူးယစ်နေတာတော့ မရှိပါ။

အားလုံး အိမ်ရှင်းလင်းပြီးမှ ရွှေကျေးတစ်ယောက် ဆိုင်းဆိုင်းနဲ့ သွားတွေ့ရမည့် အဖြစ်အပျက်ကို ပြန်သတိရကာ...

"သူနဲ့သွားတွေ့ရင် ငါ ဘာဝတ်သွားရမလဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု သူ့ကိုယ်သူ မှန်ပြေးကြည့်ရင်း မေးလေသည်။

"လုပ်မနေနဲ့ ဒီရုပ်က ဒီရုပ်ပဲ ပေါ့ကောင်၊ ပိုချောမလာဘူး"

"ငါ အကောင်းမေးတာပါကွ၊ ပိုလှလာစေချင်လို့ မဟုတ်ပါဘူး။ ခါတိုင်း တွေ့နေကျလို ဖြစ်သလိုကြီး ဂျင်းနံပင်နံ အစုတ်၊ ခြေညှပ်ဖိနပ်အစုတ်နဲ့ သွားတွေ့လို့ မကောင်းဘူးလေ။ မိန်းကလေးတစ်ယောက်ကို လေးစားသောအားဖြင့် သင့်သလိုတော့ ဝတ်သွားရမှာပေါ့"

"မင်းက ဂျင်းနံတွေ အကုန်အကောင်းကြီးတွေကို အရူးထပြီး ပေါင်မှာညှပ်လိုက်၊ ဒူးမှာဖြဲလိုက် လျှောက်လုပ်ပစ်တာကိုး။ မင်းမှာ တစ်ထည်မှ အကောင်းမရှိတော့ဘူး။ ဝတ်ရိုးဝတ်စဉ် ဂျင်းနံပင်နံပဲ ဝတ်သွားလို့ အကြံပေးရတောင် ခက်နေပြီ"

ရွှေကျေး သူ့ဘာသာ အရူးထပြီး ဂျင်းနံပင်နံကောင်းကြီးတွေကို ဝယ်ပြီးတာနဲ့ မပြဲ့ပြဲအောင်နည်းကိုရှာပြီး ဖြဲထားသဖြင့် သူ့မှာ မပြဲနေတဲ့ ဂျင်းဘောင်းဘီဆိုလို့ တစ်ထည်မှပင် မရှိချေ။

"ခုတလော အသုံးများနေလို့ အမေ့ဆီက ထပ်တောင်းဖို့လည်း သတ္တိမရှိဘူးကွ။ ငါက ဈေးပေါတာဆိုလည်း မဝယ်ချင်ဘူး။ တစ်ထည်ကို ရှစ်သောင်းလောက်ပေးရတဲ့ ဂျင်းနံမျိုးပဲ ဝတ်ချင်တာဆိုတော့ ထပ်ဝယ်ဖို့ မလွယ်ဘူး"





"ပုဆိုးဝတ်သွားကွာ၊ မင်းမှာ ပုဆိုးပဲ အကောင်းရှိတာယ်လေ"

"ဟာ ... ရယ်စရာကြီး။ တစ်ထည်တည်းသော ဆိတ်ခွန်ပုဆိုးကြီး မဝတ်တာတောင် ကြာပြီ။ အခုမှ ထုတ်ဝတ်ရရင် ရယ်စရာကြီး"

"ဘယ်သူက ရယ်မှာမို့လဲ"

"မင်းတို့ပဲ ရယ်မှာလေ"

"မင်း ဗိုက်ပူပူမှာ ပုဆိုးကို ပတ်ထားဦးမယ်၊ ဟား ဟား"

"ဘယ်မှာ ဗိုက်ပူလို့လဲကွ၊ နည်းနည်းလေး စူနေတာပါ"

"ဘာပဲဖြစ်ဖြစ် ငါတို့အားလုံးထဲမှာ မင်းက ဗိုက်အပူဆုံးလေ"

"ပေါ့ကောင်တွေ တော်ကြကွာ၊ အကြံဉာဏ်ပေးမလားမှတ်တယ်၊ ငါ့ကို အကွက်ချောင်းပြီး နှက်ဖို့ပဲ စဉ်းစားနေတဲ့ကောင်တွေ။ ငါ ခပ်စုတ်စုတ်ကြီး ဝတ်သွားရင် သူ့ကို တမင်ရွတ်တယ်ထင်မှာ စိုးလို့ပါကွာ"

"ပုဆိုးပဲ ဝတ်သွားလိုက်ပါကွာ၊ မင်းမှာ အကောင်းဆိုလို့ ပုဆိုးတစ်ထည်ပဲ ရှိတော့တာလေ"

"ပုဆိုးဝတ်ရင် တီရှပ်ကြီးနဲ့ သိပ်မလိုက်ဘူး"

"မင်းပဲ သူ့ကို အရေးစိုက်သောအနေနဲ့ တော်ရုံသင့်ရုံကောင်းကောင်းလေး ဝတ်ချင်တာဆို။ မင်းနဲ့လိုက်မှာမလိုက်မှာကို စိုးရိမ်ရသေးလား"



www.burmeseclassic.com

www.burmeseclassic.com



"တိရုပ်ကကွာ၊ သူများတကာတွေလိုပုံ မဟုတ်လို့ ပြောနေတာ၊ မင်းတို့မြင်ဖူးတဲ့အတိုင်းပဲ အရိုးခေါင်းတွေ ဘာတွေပါတဲ့ တိရုပ်မျိုးပဲ ဖြစ်နေတာကွ။ သာမန်ပြောင်တိရုပ်တို့၊ အကြားတို့ဆို ဝတ်တ်ာပေါ့"

"ရုပ်အကျိဝတ်ကွာ"

"ရုပ်အကျိက ... အင်း ... ရုပ်နဲ့ ပုဆိုးနဲ့ သူ့ရှေ့မှာဝတ်လာပြရမှာ သိပ်များ သိသာနေမလား မသိဘူး ... ဟီးဟီး"

"ဟော့ကောင် ... မျက်နှာရူးကောင်။ ရုပ်နဲ့ပုဆိုး ဝတ်လာတာပါကွာ။ ဟိုသီချင်းထဲကလို ပုဆိုးနဲ့တိုက်ပုံဝတ်လာတာ မဟုတ်ပါဘူးကွာ အဖြစ်သည်းမနေပါနဲ့"

"ငါတို့ လာချောင်းကြည့်မယ်ကွာ"

အားပြုံခြောက် ထအော်တော့ ရွှေကျေး ပျာပျာသလဲ ဖြစ်သွားသည်။

"ဟာ ... မလုပ်နဲ့ ... မလုပ်နဲ့၊ လာမချောင်းနေကြပါနဲ့ကွာ၊ သူ ရိပ်မိသွားရင် အားနာဖို့ ကောင်းပါတယ်"

"ငါတို့ကိုမှ သူ မသိတာ"

"သိသိ မသိသိကွာ၊ ငါ ရှိခိုးပြီး တောင်းပန်ပါတယ်။ မင်းတို့ လိုက်မချောင်းကြပါနဲ့ကွာ၊ ဘာတွေပြောခဲ့သလဲဆိုတာကို ငါ အစအဆုံး မခြွင်းမချန် ပြောပါ့မယ်"

"ကျိန်ပြောရဲလား"





"ကျိန်တဲ့အလုပ် ငါ မလုပ်ချင်ဘူး။ ဒါပေမဲ့ ငါက မင်းတို့ကို အကုန်ပြောပြပါမယ်၊ စိတ်ချကွာ"

သူငယ်ချင်းတွေလည်း ရွှေကျေးကို စိတ်ရော၊ ကိုယ်ရော ညှဉ်းပန်းနှိပ်စက်ရတာ ကျေနပ်သလောက်ရှိတော့မှ ရွှေကျေးအိမ်ကပြန်သွားကြလေသည်။

သူတို့လေးယောက်စလုံးမှာ လောလောဆယ် ဘယ်သူမှ အလုပ်အကိုင်ရယ်လို့ တိတိကျကျ ပြောစရာမရှိသေးပါပေ။ မှန်ကြောင်ကလည်း အစ်ကိုဖြစ်သူ၏ ကွန်ပျူတာသင်တန်းမှာ ဆရာပဲ ဝင်လုပ်တော့မလိုလို ဘာလိုလို ကြွေးကြော်နေပေမဲ့ အခုထိ ဘယ်ဆက်ရှင်မှာမှ သေသေချာချာ ဝင်သင်တာ မရှိသေး။ ထို့အတူ အာပြုံခြောက်ကလည်း မကြာခင်ပဲ သင်္ဘောလိုက်တော့မလိုလိုတွေပြောပြီး ပတ်(စ)ပို့တွေလျှောက်၊ သင်္ဘောသားအလုပ်ရှာပေးတဲ့ အေဂျင်စီတွေ သွားလိုသွားနဲ့ ဟိုတလောက ခြေရှုပ်သေးပေမဲ့ အခုကျတော့လည်း ပြန်၍ငြိမ်ချက်သား ကောင်းသွားပြန်သည်။ အပုလေးကလည်း ရွှေကျေးနဲ့ ရှယ်ယာထည့်ပြီး အခုခေတ်စားနေသော မုန့်မျိုးစုံရသည့် လက်ဖက်ရည်ဆိုင်ကြီးပဲ ဖွင့်ကြမလိုလို၊ ဂိမ်းဝါသနာပါသူများ ကွန်ပျူတာ အင်တာနက်ကြည့်ရတာ စွဲသူများပီပီ ဂိမ်းဆိုင်နဲ့ အင်တာနက်ဆိုင်ပဲ ထောင်တော့မလိုလိုတွေ ပြောနေပေမဲ့ သူတို့နှစ်ယောက်စလုံး ဘယ်သူမှ တုတ်တုတ်မလှုပ်ကြသဖြင့် ခုထိ ဘာမှဖြစ်မလာသေး။



www.burmeseclassic.com

www.burmeseclassic.com



ရွှေကျေးသည် အဖေနဲ့အမေ ပြန်လာခါနီးတော့ ရိုက်(စ)ကွက်ကာနဲ့ ထမင်းတစ်အိုးတည်ခြင်း၊ ရေနွေးကျို့ပြီး အဖေသောက်ဖို့ ဓာတ်ဘူးထဲမှာ လက်ဖက်ခြောက်ခပ်ကာ ထည့်ထားခြင်း၊ အမေ မနက်က လျှော်စက်နဲ့ထည့်လျှော်ပြီး လှန်းသွားခဲ့သော အဝတ်တွေ ခြောက်နေပြီဖြစ်သဖြင့် အဝတ်လှန်းစင်မှ ရုပ်ကာ ခေါက်ထားခြင်းတွေ လုပ်ပေးပြီးလျှင် ရေမိုးချိုးဖို့ ပြင်ဆင်လိုက်ပါသည်။





# ၈

Cafe Rhythm ဆိုသောဆိုင်က အခု အသစ်ထပ်ဖွင့်လိုက်သော ရှော့ပင်းမောလ်မှာဖြစ်သည်။ အင်တာနက် သုံးချင်လျှင်လည်း သုံးလို့ရအောင် တွဲဖွင့်ထားသဖြင့် လူစည်ကားနေပါသည်။ နေ့ခင်းဘက် ကော်ဖီသောက်ချိန်လောက် ဖြစ်သဖြင့် လူတွေကတော့ ရှင်းမနေပေမဲ့ သိပ်ပြီးရှုပ်ထွေးနေတာမျိုးလည်း မဟုတ်ပြန်ပါ။

လက်ပတ်နာရီအနက်ရောင်လေးကို ကြည့်လိုက်တော့ တစ်နာရီလေးဆယ့်ငါးပဲ ရှိသေးသည်။ ဆိုင်းဆိုင်း စိတ်စောနေတာနဲ့ အစောကြီးရောက်နေသဖြင့် မထူးပါဘူးလေဟုတွေးကာ စားပွဲဝိုင်းလေးတစ်ဝိုင်းမှာ ဝင်ထိုင်ရုံရှိသေးသည်။ ဆိုင်းဆိုင်း ရှေ့ကိုရောက်လာကာ ခုံဆွဲထိုင်သော ရွှေကျေး၏ ပြုံးဖြဲဖြဲမျက်နှာကို ဆုံလိုက်ရပါသည်။ သူက ရုပ်တော့မချောပေမဲ့ အမြဲပြုံးနေတတ်လို့လားတော့ မသိ။ သူ့မျက်နှာက ကြည်လင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်ဖူးနေကျကတော့ (နှစ်ခါတိတိ မြင်ဖူးခဲ့တာ) တီရှပ်ခပ်ရှုပ်ရှုပ်အဆင်နဲ့ ပေါက်ပြဲနေသော ဂျင်းန်တွေသာ ဝတ်တာတွေ့ဖူးပါသည်။ ဒီနေ့တော့ အပြာရင့်အောက်ခံမှာ အပေါ်က အစင်းကြားတွေပါသော ရှပ်လက်တိုနှင့် ပုဆိုးအနက်ရောင် ဝတ်ထားတာ တွေ့ရလေသည်။ ဆိုင်းဆိုင်း သူ့ကို အသေအချာ အကဲခတ်မှန်းသိတော့ ရွှေကျေးလည်း မလုံမလဲ ဖြစ်သလိုလို ဟီးခနဲအသံထွက်ရယ်သည်။

"ဘာဖြစ်လို့ ရယ်တာလဲ"

"ပုဆိုးဝတ်လာလို့ ကြည့်နေတာ မဟုတ်လား"

"ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ ယောကျ်ားလေး တစ်ယောက် ပုဆိုးဝတ်လာတာ မဆန်းပါဘူးလေ။ ဘာဖြစ်လို့ ရယ်ချင်သလိုလို ဖြစ်နေရလဲ"

"ကျွန်တော် တစ်နှစ်နေလို့ တစ်ရက်တောင် ပုဆိုးကိုထုတ်မပတ်ဖူးဘူး"

"ဆိုင်းဆိုင်းလည်း ပုဆိုးဝတ်ခဲ့ပါလို့ မမှာမိဘူး ထင်ပါတယ်နော်"

"ဟုတ်ပါတယ် မမှာပါဘူး။ ကျွန်တော့်ဘာသာ စိတ်ကူးပေါက်ပြီး ဝတ်လာတာပါ"

ဆိုင်းဆိုင်း ဘာမှဆက်မဝေဖန်ပါ။ သူ့ဘာသာပုဆိုးဝတ်ဝတ်၊ ဘောင်းဘီပဲဝတ်ဝတ် ငါနဲ့ဘာဆိုင်လို့ ငါ့ကိုလာပြော





ပြနေရတာလဲလို့ စိတ်ထဲမှာ အမြင်ကတ်ကတ်ဖြင့်တွေးပြီး ကော်ဖီမှာဖို့ မီနူးကိုကြည့်လိုက်သည်။

ထိုအချိန်မှာ ရွှေကျေးကလည်း တစ်ယောက်တည်း ကျိတ်ပြီး ဒေါသထွက်နေသည်။ သူ့မျက်လုံးထဲမှာ ဟိုသုံးကောင်ကို ဖျတ်ခနဲ မြင်လိုက်သဖြင့် အတော့်ကို ဒေါသဖြစ်နေတာဖြစ်သည်။ ဒီကောင်တွေ သေသေချာချာ တောင်းပန်ထားရက်နဲ့ ရအောင်လိုက်ပြီး ချောင်းသေးတယ်ဟု စိတ်ထဲမှာ ဆဲနည်းပေါင်းစုံဖြင့် ဆဲပစ်နေမိသည်။

"ဆိုင်းဆိုင်း espresso သောက်မယ်လို့ မှာလိုက်တော့မယ်၊ ရွှေကျေး ဘာသာ ကြိုက်တာမှာနော်"

"ကျွန်တော်တော့ Banana Chill ပဲ သောက်မယ်"

ကော်ဖီဆိုင်က ကောင်တာမှာ ကိုယ့်ဘာသာသွားမှာပြီး ကိုယ့်ဘာသာ ဗန်းနဲ့သယ်လာရတာမျိုး ဖြစ်ပါသည်။ ရွှေကျေးကပဲ ယောကျ်ားလေးမို့ သွားမှာပေးဖို့ထတော့ ဆိုင်းဆိုင်းက ပိုက်ဆံလှမ်းပေးနေသေးသည်။

"ဟာ ... ရပါတယ်၊ မပေးပါနဲ့၊ ကျွန်တော် တိုက်ပါ့မယ်"

"ဘယ်ဟုတ်မလဲ၊ ကိုယ်စားတာ ကိုယ်ပေးကြေးလုပ်ပါ၊ နင်က ဒီတစ်ခါ ဝယ်တိုက်လိုက်ရင် ငါက ပြန်တိုက်ရဦးမယ်ဆိုပြီး အကြွေးတင်နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ကျွန်တော် အဲဒီလိုသဘောမထားတတ်ပါဘူး"

ရွှေကျေး ဖန်းကလေးကိုင်ပြီးပြန်လာတော့ ဆိုင်းဆိုင်းမေးကလေးထောက်ကာ သူ့ကို အသေအချာ လှမ်းလာအကဲခတ်နေမှန်း သတိထားလိုက်မိသည်။ ဘာကြောင့် သူ့ကိုချိန်းတယ်ဆိုတာ မသိသေးပေမဲ့ ဆိုင်းဆိုင်းမှာ အခက်အခဲတစ်ခုတော့ ရှိနေသည်လို့ ရွှေကျေး ထင်လေသည်။

ဆိုင်းဆိုင်းက တိတ်ဆိတ်စွာ ကော်ဖီကို တစ်ငုံသောက်လိုက်ပြီးမှ ...

"ဓာတ်ပုံတွေကိစ္စ မေးချင်လို့ပါ"

ဟု အရင်းမရှိ၊ အဖျားမရှိ စကားစပါသည်။ ရွှေကျေးက ငှက်ပျောသီးနဲ့နို့ကို ကြိတ်ခြေအရည်ဖျော်ထားသော အအေးဖျော်ရည် Banana Chill ကို ပိုက်ဖြင့်သောက်နေရာမှ ဆိုင်းဆိုင်း စ,ပြောလိုက်သောစကားကို ဘာမှန်းမသိဖြစ်ပြီး ...

"ဘာဓာတ်ပုံတွေလဲဟင်"

ဟူ၍ ရိုးသားစွာ ပြန်မေးလိုက်သောအခါ ဆိုင်းဆိုင်းမျက်နှာဟာ ရုတ်ခြည်း သုန်မှုန်အေးခဲသွားတော့လေသည်။

"မသိချင်ယောင်ဆောင်မနေစမ်းပါနဲ့"

"ဘာမှန်းမှတောင် မသိတာကို မသိချင်ယောင်ဆောင်တယ်လို့ မစွပ်စွဲပါနဲ့ဗျာ။ ကျွန်တော် တကယ်ပဲ ဘာမှန်းမသိတာပါ"





"နင်ပဲ ငါ့ကို အငြိုးကြီးကြီးနဲ့ အံ့ရှက်လိုက်ခွဲနေတာလေ"

"ဟောဗျာ၊ ဘာတွေ စွပ်စွဲနေပြန်တာလဲ။ ကျွန်တော် ဘာမှနားမလည်နိုင်တော့ဘူးဗျာ"

"နင် မလိမ်ပါနဲ့၊ နင်ပဲ ဓာတ်ပုံတွေကို ငါ့အိမ်ပို့တာပေါ့။ နင်ပဲ ငါ့ဘော့(စ)ဒေါ်မိုးမြတ်နွယ်ရဲ့ e-mail ကို ဓာတ်ပုံတွေပို့ပေးတာပေါ့၊ ဘယ်သူရှိဦးမလဲ။ နင်နဲ့ငါရဲ့ လျှို့ဝှက်ချက်ကို သိတာဆိုလို့ နင်ပဲရှိတာ ပြောစမ်းပါ၊ ငါ့ကို ဘာအငြိုးနဲ့ လိုက်ဒုက္ခပေးနေတာလဲ"

"ဘာလျှို့ဝှက်ချက်လဲ"

"တောက် ... နင် အဲဒါကို သိပ်ပြီးနားအရသာခံပြီး နားထောင်ချင်တယ်ပေါ့လေ"

ရွှေကျေးမှာ အတော့်ကို အူချာချာဖြစ်ကာ ခေါင်းပင်မူးလာသလိုလို ဖြစ်နေသည်။ ဆိုင်းဆိုင်း ပြောတာတွေ ဘာမှဦးစားမရခြင်းက သူ တော်တော်အသုံးမကျတာပဲလား။ ဆိုင်းဆိုင်းကပဲ လျှို့လျှို့ဝှက်ဝှက် သင်္ကေတတွေနဲ့ စကားပြောနေသလား။

"ဒီမှာ နင်နဲ့ငါ အတူတွဲပြီး အိပ်ခဲ့တဲ့ ဓာတ်ပုံတွေလေ၊ အဲဒါ နင် ဘာကြောင့် လိုက်ဖြန့်ဝေနေသလဲ သိပြီလား၊ နင် သိပ်ကြားချင်တဲ့စကား"

ဆိုင်းဆိုင်းမှာ သူမအသံ ခပ်တိုးတိုးပေမဲ့ အခုစကားပုံတော့ ဘေးက နားစွန်နားဖျား ကြားလိုက်မှာ စိုးရိမ်သည်



www.burmeseclassic.com

www.burmeseclassic.com



အလား စားပွဲကို လက်တံတောင်နှစ်ဖက် ပိုက်ဖက်ထောက်၊ လူလည်း ကိုယ်ရော ခါးရော ခေါင်းရော ရွှေကျေးနားထိ ကိုင်းလိုက်ကာ ထိုစကားကို တိုးတိုးလေး ပြောပါသည်။

ဒါကို အဝေးကနေ လှမ်းချောင်းကြည့်နေကြသော အာပြဲခြောက်ရယ်၊ မှန်ကြောင်ရယ်၊ အပုလေးရယ်ကတော့ ရွှေကျေးဘက်က အဟုတ်ကြီးထင်ကာ အားကျပြီး ပါးစပ်အဟောင်းသားတွေ ဖြစ်လို့နေတာကို ရွှေကျေး လှမ်းမြင်ပါသည်။ ဒီမှာတော့ အလကားနေရင်း ပြဿနာတက်ပြီး ရန်တွေ့ခံနေရတာ မသိဘဲနဲ့။ ငါ့ကို ဟုတ်လှပြီ။ ကောင်မလေးက အရေးတယူရှိလှပြီ ထင်ပြီး သွားတွေဖြီးနေကြတယ်။

"ဟာ ... အဲဒါ ကျွန်တော် လုံးဝမသိပါဘူး၊ ဘယ်လိုလုပ် ဓာတ်ပုံတွေ ပေါ်လာတာလဲ"

"ရိုက်ပေးတဲ့သူရှိလို့ ဓာတ်ပုံတွေ ပေါ်လာတာပေါ့ဟဲ့၊ နင် ရိုက်ခိုင်းတာ ဖြစ်မှာပေါ့"

"ကျွတ် ... အဓိပ္ပာယ်မရှိတာ။ ကျွန်တော်က ဘာလို့ ဒါကို ဓာတ်ပုံရိုက်ခိုင်းရမှာလဲ၊ ဓာတ်ပုံရိုက်ပြီး ကောလာဟလ ဖြန့်ရအောင် မင်းက ရုပ်ရှင်မင်းသမီးလည်းမဟုတ်၊ celebrity လည်း မဟုတ်ဘဲနဲ့ ဘာအကျိုးရှိမှာလဲ"

ရွှေကျေး စိတ်တိုတိုဖြင့် ပြန်ပြောလိုက်လျှင် ဆိုင်းဆိုင်း ဒေါသတွေ အလိပ်လိုက်ဖြစ်ပြီး ဆွေ့ဆွေ့ခုန်သွားပါသည်။





"အောင်မာ ... အောင်မာ ... လူပါးဝလှချည်လား။ နင်ပဲ ဒီကိစ္စမှာ ကြံရာပါလုပ်ထားပြီး ဒီလိုမဖုံးကွယ်ပစ်ပါနဲ့"

"ဘယ်လိုလုပ် ကြံရာပါ ဖြစ်မှာလဲ။ ရှင်းရှင်းပြောရရင် မင်းကသာ ကျွန်တော့်အိပ်ရာထဲ ရောက်လာတာပါ။ ကျွန်တော်က ကျွန်တော့်ဘာသာ မူးပြီးအိပ်နေတာ"

"ဟင် ... နင် ... နင် ... မိုက်ရိုင်းလှချည်လား"

ဆိုင်းဆိုင်းမှာ ပတ်ဝန်းကျင်ကို မေ့သွားပြီး ရွှေကျေး ကို ပါးပိတ်ရိုက်ပစ်လိုက်မိတော့မလိုပင် ဖြစ်သွားကာ လက်ပင် မြှောက်လိုက်မိသလား မသိ။ ဒါပေမဲ့ ချက်ချင်းပဲ အသိစိတ်က ကိုယ့်ကိုယ်ကိုယ် ပြန်ထိန်းချုပ် အမိန့်ပေးလို့ ရလိုက်သဖြင့် လက်က လမ်းတစ်ဝက်မှာတင် ရပ်သွားပါသည်။

ရွှေကျေးကလည်း ဒေါသမဖြစ်စဖူး ဒေါသဖြစ်လျက် မျက်နှာကြီးပုပ်ကာ ထိုင်စောင့်ကြည့်နေမိသည်။ ငါ့ဘာသာငါ ဘယ်သူ့ကိုမှ အနှောင့်အယှက် မပေးဘဲ အေးအေးဆေးဆေး နေတာကွာ။ လျှောက်မပြောပါနဲ့လို့ တောင်းပန်ထားတာမို့ ဘယ် သူ့ကိုမှလဲ မပြောဖူးပါဘူး။ ရှင်းရှင်းပြောရရင် ဒီအကြောင်းအရာ ကို မေ့တောင် မေ့နေပြီ။ တရုတ်ကားတွေထဲမှာ ပြောသလို ဆိုစွမ်းမျိုး ရှိဖူးသလား"ဟုပင် တစ်ခါတလေကျ ကိုယ့်ဘာသာ ပေးမိတဲ့အထိ သူ မေ့ပျောက်ထားနိုင်ခဲ့ပါသည်။ ကိုယ့်ကို နိုင်၊ မကြိုက်နိုင်တဲ့ မိန်းကလေးကို ပြန်ပြီးသတိတရရ ဖြစ် ရပါခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အလား စားပွဲကို လက်တံတောင်နှစ်ဖက် ပိုက်ဖက်ထောက်၊ လူ လည်း ကိုယ်ရော ခါးရော ခေါင်းရော ရွှေကျေးနားထိ ကိုင်းလိုက် ကာ ထိုစကားကို တိုးတိုးလေး ပြောပါသည်။

ဒါကို အဝေးကနေ လှမ်းချောင်းကြည့်နေကြသော အာပြဲခြောက်ရယ်၊ မှန်ကြောင်ရယ်၊ အပုလေးရယ်ကတော့ ရွှေကျေး ဘက်က အဟုတ်ကြီးထင်ကာ အားကျပြီး ပါးစပ်အဟောင်းသား တွေ ဖြစ်လို့နေတာကို ရွှေကျေး လှမ်းမြင်ပါသည်။ ဒီမှာတော့ အလကားနေရင်း ပြဿနာတက်ပြီး ရန်တွေ့ခံနေရတာ မသိဘဲနဲ့။ ငါ့ကို ဟုတ်လှပြီ။ ကောင်မလေးက အရေးတယူရှိလှပြီ ထင်ပြီး သွားတွေဖြီးနေကြတယ်။

"ဟာ ... အဲဒါ ကျွန်တော် လုံးဝမသိပါဘူး၊ ဘယ်လိုလုပ် ဓာတ်ပုံတွေ ပေါ်လာတာလဲ"

"ရိုက်ပေးတဲ့သူရှိလို့ ဓာတ်ပုံတွေ ပေါ်လာတာပေါ့ဟဲ့၊ နင် ရိုက်ခိုင်းတာ ဖြစ်မှာပေါ့"

"ကျွတ် ... အဓိပ္ပာယ်မရှိတာ။ ကျွန်တော်က ဘာလို့ ဒါကို ဓာတ်ပုံရိုက်ခိုင်းရမှာလဲ၊ ဓာတ်ပုံရိုက်ပြီး ကောလာ ဟာလ ဖြန့်ရအောင် မင်းက ရုပ်ရှင်မင်းသမီးလည်းမဟုတ်၊ celebrity လည်း မဟုတ်ဘဲနဲ့ ဘာအကျိုးရှိမှာလဲ"

ရွှေကျေး စိတ်တိုတိုဖြင့် ပြန်ပြောလိုက်လျှင် ဆိုင်းဆိုင်း ဒေါသတွေ အလိပ်လိုက်ဖြစ်ပြီး ဆွေ့ဆွေ့ခုန်သွားပါသည်။





"အောင်မာ ... အောင်မာ ... လူပါးဝလှချည်လား။ နင်ပဲ ဒီကိစ္စမှာ ကြံရာပါလုပ်ထားပြီး ဒီလိုမဖုံးကွယ်ပစ်ပါနဲ့"

"ဘယ်လိုလုပ် ကြံရာပါ ဖြစ်မှာလဲ။ ရှင်းရှင်းပြောရရင် မင်းကသာ ကျွန်တော့်အိပ်ရာထဲ ရောက်လာတာပါ။ ကျွန် တော်က ကျွန်တော့်ဘာသာ မှူးပြီးအိပ်နေတာ"

"ဟင် ... နင် ... နင် ... မိုက်ရိုင်းလှချည်လား"

ဆိုင်းဆိုင်းမှာ ပတ်ဝန်းကျင်ကို မေ့သွားပြီး ရွှေကျေး ို ပါးပိတ်ရိုက်ပစ်လိုက်မိတော့မလိုပင် ဖြစ်သွားကာ လက်ပင် ြှာက်လိုက်မိသလား မသိ။ ဒါပေမဲ့ ချက်ချင်းပဲ အသိစိတ်က ိုယ့်ကိုယ်ကိုယ် ပြန်ထိန်းချုပ် အမိန့်ပေးလို့ ရလိုက်သဖြင့် က်က လမ်းတစ်ဝက်မှာတင် ရပ်သွားပါသည်။

ရွှေကျေးကလည်း ဒေါသမဖြစ်စဖူး ဒေါသဖြစ်လျက် က်နှာကြီးပုပ်ကာ ထိုင်စောင့်ကြည့်နေမိသည်။ ငါ့ဘာသာငါ ယ်သူ့ကိုမှ အနှောင့်အယှက် မပေးဘဲ အေးအေးဆေးဆေး နေ တာကွာ။ လျှောက်မပြောပါနဲ့လို့ တောင်းပန်ထားတာမို့ ဘယ် ကိုမှလဲ မပြောဖူးပါဘူး။ ရှင်းရှင်းပြောရရင် ဒီအကြောင်းအရာ ို မေ့တောင် မေ့နေပြီ။ တရုတ်ကားတွေထဲမှာ ပြောသလို ိစ္စမျိုး ရှိဖူးသလား"ဟုပင် တစ်ခါတလေကျ ကိုယ့်ဘာသာ ေးမိတဲ့အထိ သူ မေ့ပျောက်ထားနိုင်ခဲ့ပါသည်။ ကိုယ့်ကို ိုင်၊ မကြိုက်နိုင်တဲ့ မိန်းကလေးကို ပြန်ပြီးသတိတရရ ဖြစ် ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဆိုင်း မျက်နှာလေး ခုနကလို ဒေါသူပုန်ထပြီး မာန်ဖီနေတာမျိုး မရှိတော့ဘဲ ခပ်ညှိုးညှိုးနှင့် မျက်ရည်တွေပါ ဝိုင်းနေသော မျက်လုံးတွေအဖြစ် ပြန်၍ပြောင်းလဲသွားတာမြင်လျှင် ရွှေကျေးလည်း စိတ်ကောင်းရှိသော ယောကျ်ားလေးတစ်ယောက်မို့ သနားသွားသည်။ ဆိုင်းဆိုင်း ဘာမှမပြောဘဲ ငြိမ်နေပေမဲ့ ရွှေကျေးကပဲ စတင်ပြီး အလျှော့ပေးသလိုလေသံဖြင့် ပြောလိုက်ပါသည်။

"ဆိုင်းဆိုင်း ... ဆောရီးဗျာ၊ ကျွန်တော်လည်း မဟုတ်ဘဲ စွပ်စွဲခံရလို့ ဒေါသဖြစ်ပြီး လျှောက်ပြောမိတာပါ ဆောရီး ပါ။ ကျွန်တော် ဒီလို အနိုင်ကျင့်ပြီး မပြောသင့်ပါဘူးလေ"

"ဆိုင်းဆိုင်းလည်း မှားသွားပါတယ်လေ၊ ဆောရီးနော်"

ရွှေကျေး တကယ်လုပ်ချင်မှ လုပ်မှာလို့ ပြန်တွေးမိပါတယ်"

"ကျွန်တော်က ဓာတ်ပုံတွေရိုက်နိုင်းပြီး လျှောက်ဖြန့်တာ လို့ ဘာလို့ တန်းပြီးထင်ရလဲဗျာ"

"မသိဘူးလေ၊ ဒီကိစ္စကို သိတဲ့သူဆိုလို့ ရွှေကျေးပဲရှိတာ"

"ဓာတ်ပုံရိုက်တဲ့သူ ရှိတယ်လေဗျာ၊ အဲဒီလူကပဲ ဖြန့်တာ ဖြစ်မှာလို့ ဘာလို့မတွေးမိလဲ"

"အဲဒီလူ ဘယ်သူမှန်း မသိပေမဲ့ သူက ဆိုင်းဆိုင်းအပေါ် တော်တော့်ကို မလိုမုန်းထား ဖြစ်နေတာ သိသာတယ်။ ဆိုင်းဆိုင်းရဲ့ဘဝတက်လမ်းကို ပိတ်အောင်လုပ်တယ်။





နဲ့လည်း စိတ်ဝမ်းကွဲပြီး ဆိုင်းဆိုင်း စိတ်ဆင်းရဲနေရအောင် လုပ်တယ် ရွှေကျေးရယ်"

ဆိုင်းဆိုင်းသည် ဓာတ်ပုံသုံးပုံဟာ ဒေါ်မိုးမြတ်နွယ်ရဲ့ e-mail ကို ပို့လိုက်တာရော၊ အိမ်လိပ်စာတပ်ပြီး ဆိုင်းဆိုင်းတို့မိဘတွေဆီ ပို့လိုက်တာရောကို ပြောပြလိုက်ပါသည်။ ရွှေကျေးသည် အံ့သြမှင်တက်ပြီး ငြိမ်၍နားထောင်နေမိပါသည်။

"အဲဒါ ဘယ်လိုလုပ်ကြမလဲဟင်"

"ဘယ်လိုလုပ်ရမလဲ၊ အဲဒီလူကို စုံစမ်းရမှာပေါ့"

"စုံစမ်းရအောင် ဘယ်လိုလုပ် အစ,ရှာမလဲ၊ ဒေါ်မိုးမြတ်နွယ်ရဲ့ e-mail ကိုပို့ထားတာဆိုတော့ အဲဒီမှာတော့ ပို့သူဘယ်သူဖြစ်မလဲဆိုတာ ကြည့်လို့ရတယ်။ ဒေါ်မိုးမြတ်နွယ်တစ်ယောက်ပဲ သိပုံရတယ်။ ဒါပေမဲ့ သူက မပြောဘူးလေ"

"သူ့ကိုယ်ပိုင် PC (personal computer) ကို ဖွင့်ပြီး သူ့ e-mail ကြည့်လို့လည်း ဘယ်ရမလဲ။ password မသိရင် ဘယ်လိုမှ သူ့ e-mail ကို ကြည့်လို့မရဘူးပေါ့၊ ဒါဖြင့် ဆိုင်းဆိုင်း မိဘတွေဆီကိုရော"

"ပို့သူအမည် မပါဘဲ ပို့လိုက်တာလေ။ စာတစ်စောင်လည်း ရိုက်ထည့်ပေးလိုက်ပေမဲ့ ဘာမှကို သဲလွန်စ မပါဘူး။ ကွန်ပျူတာနဲ့ စာရိုက်ပေးလိုက်တာ"

"မိဘတွေ သိသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့က အမေပဲ အရင်စာအိတ်ဖောက်လိုက်လို့ အမေ ပဲ သိတယ်။ အမေနဲ့ပဲ ပြဿနာအကြီးအကျယ် တက်လိုက် တယ်။ အဖေ့ကို မပြောပါနဲ့လို့ အမေ့ကို ငိုယိုပြီးတောင်း ပန်ထားလို့ အမေက အဖေ့ကို လုံးဝမပြောပါဘူး။ ပြောရင် အဖေရှက်ပြီး အိပ်ရာထဲ လဲသွားနိုင်တယ်။ ဆိုင်းဆိုင်းတို့ အဖေက အလုပ်လုပ်နေဆဲ ဆိုပေမဲ့ ကျန်းမာရေးက သိပ် အကောင်းကြီး မဟုတ်ဘူး။ သွေးတိုး ဆီးချိုလည်းရှိတယ် အစာအိမ်ရောဂါလည်း ရှိတယ်လေ။ အဖေ့ကို အမေ မပြောပေမဲ့ ဆိုင်းဆိုင်း ရင်ထဲမှာတော့ သိပ်ရှက်ပြီး အား ငယ်နေတယ်၊ ကိုယ့်မိဘနဲ့ နေနေရပေမဲ့ လိပ်ပြာမလုံသလို ခံစားရတယ်လေ။ ပြီးတော့ ဆိုင်းဆိုင်းရဲ့ဘော့(စ) ဒေါ်မို မြတ်နွယ်ကလည်း အပျိုကြီးပီပီ ယောကျ်ားလေးကို အရှုပ်အရှင်း ဖြစ်တာကို မကြိုက်ဘူးလို့ ကြိုပြောထား ရက် ဆိုင်းဆိုင်းက ဖောက်ပြန်သလို လုပ်ပြတော့ တော်ဒေါသဖြစ်သွားပြီး ဆိုင်းဆိုင်းကို သူ့ PA အဖြစ် ရာထူးတိုးပေးမှာကိုလည်း ပြန်စဉ်းစားမယ်တွေ ဘာတွေ ပြောတာ ခံရတယ်၊ သူနဲ့ သုံးနိုင်ငံခရီးကို အလုပ်ကိစ္စ သွားဖို့ အဖော်လိုက်ပေးရမဲ့ကိစ္စကိုတော့ လုံးဝဖျက်တယ် ကိုပြောလိုက်တာ။ ရွှေကျေးပဲ စဉ်းစားကြည့်တော့၊ ဆိုင်းဆိုင်း မှာ ဘယ်လောက်ထိ နစ်နာဆုံးရှုံးမှုတွေ ရသွားသလဲဆို





ရွှေကျေးသည် ဆိုင်းဆိုင်းရဲ့ အခက်အခဲတွေကိုကြား လိုက်ရသောအခါ အတော့်ကို ကရုဏာသက်ပြီး ကိုယ်ချင်းစာသွား ပါသည်။ ဆိုင်းဆိုင်းဟာ ရည်မှန်းချက်ကြီးပြီး အနေအထိုင် တည်ငြိမ်အေးဆေးသော မိန်းကလေးဖြစ်မှန်းလည်း သူ ရိပ်မိပါ သည်။ နယူးရီးယားညက ပျော်ကြပါးကြတာတော့ လူငယ်ပီပီ ပျော်တာမျိုးပေမဲ့ တခြားမိန်းကလေးတွေလို ဣန္ဒြေသိပ်မဲ့ပြတာ မျိုး မရှိခဲ့တာ သတိထားမိသည်။ သူ ကြည့်နေတာ ဝိုင်လေးနှစ် ခွက်လောက်ပဲ သောက်ရသေးတယ်၊ တော်တော်ကြီးမူးပြီး အပျော် လွန်နေတာမို့ အံ့တောင်အံ့ဩမိသေးသည်။ နောက်ဆုံးရှန်ပိန်တစ် ခွက်သောက်ပြီး လုံးဝခေါင်းမထူနိုင်သော ဆိုင်းဆိုင်းရဲ့ ဖြစ်အင်ကို သူတောင် သံသယဖြစ်မိသေးသည်။ ဝိုင်ခွက်၊ ရှန်ပိန်ခွက်တွေဟာ ဆိုင်းဆိုင်း ကိုယ်တိုင် သွားထည့်ယူလာတာ မဟုတ်ဘဲ ဖူးပွင့်က လာပေးလိုက်၊ ပိုင်ပိုင့်အစ်မဝမ်းကွဲတစ်ယောက်က လာပေးလိုက်နဲ့ မို့ သူတို့ပဲ မူးယစ်စေတတ်သော ဆေးဝါးတစ်မျိုး ထည့်လိုက်လေ သလား၊ ဒါမှမဟုတ် ဘယ်သူကများ ဆိုင်းဆိုင်း ခွက်ထဲ ခိုးထည့် လိုက်သလဲလို့ အခုမှ ပြန်မြင်ယောင် တွေးတောမိသည်။

"အခုဆို ဆိုင်းဆိုင်းလည်း ဒေါ်မိုးမြတ်နွယ်ဆီမှာ မျက်နှာ ကောင်းမရနိုင်တော့ဘူးလေ၊ နိုင်ငံခြားခရီးကို ခေါ်မယ် ပြောပြီးမှ အခေါ်မခံရတော့ ရုံးထဲကလူတွေလည်း မကြာ ခင် သိကုန်ကြတော့မယ်။ နိုင်ငံခြားခရီးက ပြန်လာရင်



www.burmeseclassic.com

www.burmeseclassic.com



promotion ရမယ် ပြောထားတာလည်း မရဘူးဆိုတော့ ဘာကြောင့်လဲလို့ မေးကြတော့မယ်၊ အဲဒါတွေကို ရင်မဆိုင်ချင်တာနဲ့၊ တခြားအလုပ်တစ်ခုကို ပြောင်းတော့မယ်၊ မနက်ဖြန်ကျ အဲဒီအလုပ်က အင်တာဗျူးခေါ်ထားတာမို့ သွားဖြေရမယ်၊ ရဖို့သေချာနေပါတယ်။ ဒါပေမဲ့ အခုဝင်မဲ့ အလုပ်က လခလည်း နည်းတယ်။ ပြီးတော့ အခုမှ ပြန်ဓ,ရမှာလေ၊ အခက်အခဲတွေ အများကြီးနဲ့ပေါ့။ အဆိုးဆုံး ရင်ဆိုင်ရတာကတော့ အမေပဲ၊ အမေက ဆိုင်းဆိုင်းကို လုံးဝမုန်းနေပြီ။ ရည်းစားလည်းမဟုတ်တဲ့ သူစိမ်းယောက်ျားလေးနဲ့ အတူအိပ်ခဲ့တယ် ဆိုတာကို အမေ့စိတ်ထဲ တကယ်ထင်ပြီး ဆိုင်းဆိုင်းကို သိပ်မယုံတော့တာပဲ"

"ရှင်းပြလိုက်ပါဗျာ၊ ကျွန်တော်တို့ ဘာမှမဖြစ်ခဲ့ပါဘူးလို့။ ဆိုင်းဆိုင်း ရှင်းပြပေးစေချင်ရင် ကျွန်တော် လိုက်ရှင်းပြပေးပါ့မယ်"

"သိပ်စိတ်ညစ်တာပဲ၊ ဘာလုပ်ရမှန်းတောင် မသိဘူး"

ဆိုင်းဆိုင်း မျက်ရည်တွေဝဲပြီး ညည်းညည်းညူညူ ပြောလျှင် ရွှေကျေးလည်း မရည်ရွယ်ပါဘဲ စားပွဲပေါ်တင်ထားသော ဆိုင်းဆိုင်း၏ လက်ချောင်းထိပ်လေးတွေကို သူ့လက်ချောင်းထိပ်တွေဖြင့် သွားထိလိုက်ကာ နှစ်သိမ့်သလို ထိကပ်လိုက်မိပါသည်။ ဆိုင်းဆိုင်း မရုန်းမိဘဲ ရွှေကျေးကိုပင် အားကိုးသလိုကြည့်ပြီး ...





"ဆိုင်းဆိုင်းကို လုပ်ကြံပြီး ရွှေကျေးဆီ ရောက်အောင် ပို့ပေးတဲ့သူနဲ့ ဓာတ်ပုံခိုးရိုက်တဲ့သူဟာ တစ်ယောက်တည်း ဖြစ်မယ်လို့ ထင်တယ် မဟုတ်လားဟင်"

ဟု အဖော်ညိုဟန်ဖြင့် မေးလေသည်။

"ဖြစ်နိုင်တာပေါ့"

"သူ့ကို စုံစမ်းလို့ရရင် ဆိုင်းဆိုင်းဘက်က သက်သေကိုဆယ်ပေးဖို့ သူ့ကိုတောင်းပန်ပြီး ပြောချင်တယ်။ ဒေါ်မိုးမြတ်နွယ်ကို သွားရှင်းပြပေးဖို့၊ အမေ့ကို သွားရှင်းပြပေးဖို့၊ သူ့ကို တောင်းပန်ချင်တယ်။ ကျန်တာ ဘာမှရန်တွေ့မနေချင်တော့ပါဘူး"

"ဆိုင်းဆိုင်း စုံစမ်းပေးစေချင်လား၊ ကျွန်တော် ကူညီမယ်လေ"

"ဟင် ... တကယ်လား၊ ရွှေကျေး ကူညီမှာလား"

"ကူညီမှာပေါ့၊ ကျွန်တော်လည်း ကိုယ်မဟုတ်ဘဲ ခံရတာကို မကျေနပ်ပါဘူး"

"ရွှေကျေးက ဘယ်လိုစုံစမ်းမှာလဲ"

"အစက,ကတော့ အဲဒီ နယူးရီးယားပါတီကို လာတဲ့လူတွေဆီကပဲ စကားအစ်ရမှာပဲ၊ သူတို့ထဲမှာပဲ ကျွန်တော်တို့ကို မကောင်းကြံတဲ့ တရားခံကို ရှာလို့ရမှာလေ"

"အင်း ... ဟုတ်တယ်။ မကောင်းကြံတဲ့ တရားခံက အဲဒီအုပ်စုထဲမှာပဲ ရှိလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဆိုင်းလည်း ရွှေကျေး ပြောတာ သံယောင်လိုက် ရင်း မျက်ရည်ဝဲနေတာတွေကို မျက်လုံးထောင့်တွေ တစ်ရှုးစ ဖြင့် အသာလိုက်တို့ပြီး ရှင်းလိုက်သည်။ ရွှေကျေးက ဆိုင်းဆိုင်း ကို မမိုတ်မသုန် အသာငေးကြည့်မိသည်။

"စိတ်ဆင်းရဲရလို့ထင်တယ် ဆိုင်းဆိုင်း ပိန်သွားသလိုပဲ"

ဟု ထုတ်ပြောမိလျှင် ဆိုင်းဆိုင်း အသာပြုံးပြီး ခေါင်းညိတ်လေသည်။

"ကျွန်တော်နဲ့ဆိုင်းဆိုင်း အခုချိန်ကစပြီး ရင်းနှီးတဲ့ မိတ် ဆွေတွေဖြစ်ပြီလို့ သဘောထားလိုက်ပါ။ အခက်အခဲတွေ မှန်သမျှ လာပြောပြပါ၊ နားထောင်ပေးနိုင်ပါတယ်။ အကူ အညီ လိုရင်လည်း ဘာပဲဖြစ်ဖြစ် အားနာမနေနဲ့ လာအကူ အညီတောင်းပါ။ ကူညီနိုင်ပါတယ်။ ဆိုင်းဆိုင်းနဲ့ ရွယ်တူ ပေမဲ့ ကျွန်တော့်မှာ အစ်မတွေ ညီမတွေလည်း မရှိပေမဲ့ အစ်မလို ညီမလို သဘောထားပြီး စောင့်ရှောက်နိုင်ပါ တယ်။ ဆိုင်းဆိုင်း သိပ်စိတ်ဆင်းရဲနေရတာတွေ ရှိရင် စိတ်ပြေရာပြေကြောင်းအဖြစ် ကျွန်တော့်ဆီမှာ လာရင်ဖွင့် လိုက်ပါ။ ကျွန်တော် မညည်းမညူ နားထောင်ပေးနိုင်ပါ တယ်။ ဒါတွေကို ဟန်လုပ်ပြီး ပြောနေတာ မဟုတ်ပါဘူး၊ တကယ် စိတ်ထဲမှာပါလို့ ပြောနေတာပါ၊ ယုံထားလိုက် နော်"





ရွှေကျေးလည်း ရင်ထဲမှာ ဘယ်ကဘယ်လို ပေါ်လာ မှန်းမသိသော စကားလုံးတွေကို တောက်လျှောက်ပင် ပြောလိုက် မိသည်။ ကိုယ့်ကိုယ်ကိုယ် ဒီလောက် စကားပြောကောင်းမှန်း၊ စကားလုံးကြွယ်မှန်း အခုမှပင် သိတော့သည်။ ရင်ထဲမှာ တကယ် ပဲ အလိုအလျောက် ပြောချင်လာသော စကားတွေထဲမှာ ခံစားချက် အစစ်အမှန်တွေပါကြောင်း ဆိုင်းဆိုင်း ယုံပါလိမ့်မည်။

ဆိုင်းဆိုင်းလည်း ရွှေကျေးရဲ့စကားတွေ ကြားပြီး ရင်ထဲမှာ အားတက်သလို ခံစားရလျက် အခုမှ ရယ်ရယ်ပြုံးပြုံး ပြန်ဖြစ်လာသည်။ ငါထင်သလို မဟုတ်ပါဘူးလေ ဒီကောင်လေး က လူယဉ်ကျေးလေး၊ စိတ်ကောင်းရှိတဲ့ ကောင်လေးပါ။ သူ ငါ့ ကို တကယ်ကူညီမှာပါ။

"အခုလိုကြားရတာ စိတ်အေးသွားတာပဲ။ ကဲ ... အခုက စပြီး နင်နဲ့ငါ ရင်းနှီးတဲ့ မိတ်ဆွေ၊ သူငယ်ချင်း ဖြစ်ပြီနော်"

"ဟာ ... ဖြစ်ပြီ၊ စိတ်ချ"

"သူငယ်ချင်းဖြစ်ပြီး နင့်အကြောင်းတွေ ဘာမှမသိရသေး ရင် မကောင်းဘူး။ ပြောပြပါဦး"

"ဘာတွေပြောရမှာလဲ"

"အကုန်ပေါ့"

"အကုန် ... ? ... ဟုတ်လား"

"အကုန်လုံးပေါ့၊ မွေးသက္ကရာဇ်ကစပြီး တစ်ခုမကျန်ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဆိုင်းဆိုင်းကရော ပြောမှာလား"

"ပြောမှာပေါ့၊ ဘာမပြောရဲစရာရှိလဲ။ ဆိုင်းဆိုင်း ဘဝမှာ လူကြားထဲ ထုတ်မပြောရဲစရာ အမှားမျိုး တစ်ခါမှ မရှိခဲ့ဖူးဘူး၊ ဒီတစ်ခါကျမှသာ"

ပြောရင်း ဆိုင်းဆိုင်း ပြန်သတိရသွားသလိုဖြင့် ငေးငေါင်သွားလျှင် ရွှေကျေးက ဆိုင်းဆိုင်း မျက်လုံးတွေရှေ့ သူ့လက်ကို ဝှေ့ယမ်းလိုက်ပြီး ...

"ဟေ့ ... ဟေ့ ... တော်ပြီလေ၊ ငေးတာ ငေါင်တာတွေ တော်လိုက်တော့။ ဒါတွေ ပြန်စဉ်းစားရမဲ့အချိန် မဟုတ်ဘူး။ ပျော်ပျော်သာနေ အမှန်တရားဆိုတာ တစ်နေ့ကျရင် ပေါ်မှာပဲ"

ဟူ၍ အားပေးစကား ထပ်ပြောလိုက်ရပါသည်။

"အင်း ... ဟုတ်တယ်နော်၊ အမှန်တရားဆိုတာ ဖုံးကွယ်ထားလို့ မရပါဘူး"

BURMESE CLASSIC .com



## ၉

စုံစမ်းပေးပါမည်ဟု ကတိပေးထားခဲ့သည့်အတိုင်း ရွှေကျေးဟာ နောက်တစ်နေ့မှာပဲ ဒီအကြောင်းအရာကို စတင်စုံစမ်းဖို့ပြင်သည်။ အရင်ဆုံး ဆက်သွယ်ရမှာက ပိုင်ပိုင့်ကို။ ဘာကြောင့်လဲဆိုတော့ ပိုင်ပိုင်တို့အိမ်မှာ ဒီပွဲက ဖြစ်ခဲ့လို့ ဒီပွဲကို ဘယ်သူတွေလာသလဲ၊ လာတဲ့သူတွေကို ဘာတွေထည့်တိုက်သလဲဆိုတာ သိအောင် အရင်မေးကြည့်ရမှာဖြစ်သည်။ ဆိုင်းဆိုင်း ခွက်ထဲ ဘယ်လိုဆေးတွေ ထည့်သလဲ။ ဘယ်သူက ထည့်သလဲ ဆိုတာတော့ ဆက်စပ်စဉ်းစားကြည့်ရမည့် သဘောမှာရှိသည်။

ရွှေကျေး အခန်းတံခါးပိတ်ပြီး အိမ်ကထွက်လာခါနီးတော့ အိမ်ထဲက ဖုန်းမြည်လာသေးသည်။ ဒါ ဟိုသုံးကောင်ဆီက ဆက်တာဖြစ်မယ်လို့ သိသဖြင့် တမင်မကိုင်ဘဲ ထ[illegible]လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဖုန်းမှာ ခြောက်ချက်လောက် မြည်ပြီးလျှင် answering machine ဟုခေါ်သော ပြန်လည်ဖြေကြားစက်က အလိုအလျောက် ခလုတ်ပွင့်သွားသည်။

"ဦးသူရိန်ဝင်း ဒေါ်သဲညွာနှင့် သား ရွှေကျေးတို့ရဲ့ ဖုန်းနံပါတ်(------)ကို ဖုန်းခေါ်တဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ အခု ကျွန်တော့်စကားသံအဆုံးမှာ တီခနဲအသံမြည်ပြီးနောက်မှာ လူကြီးမင်းတို့ရဲ့ ဖုန်းနံပါတ်နဲ့ပြောကြားလိုသော အကြောင်းအရာများကို message ထားခဲ့နိုင်ပါတယ်၊ ကျွန်တော်တို့ ပြန်လည်ဆက်သွယ်ပါမယ်ခင်ဗျာ"

ဟူသော ရွှေကျေး၏ ဖော်ရွေယဉ်ကျေးသော ဖြေကြားသံကို အသံသွင်းထားသည့် ကက်ဆက်ခွေလေးထဲမှ အသံဆုံးလျှင် တီခနဲ အသံရှည်လေးတစ်ချက် ပေါ်လာပါသည်။ ပြီးမှ တရှဲရှဲ ကက်ဆက်ခွေ စက်လည်သံ အနည်းငယ် ကြားရပြီးလျှင် ...

"ဟော့ကောင် ... ရွှေကျေး၊ မင်း အိမ်မှာရှိမှန်း သိပါတယ်ကွာ၊ လာ ... ဖုန်းလာကိုင်လိုက်စမ်းပါ။ ငါတို့မင်းနဲ့ စကားပြောချင်လွန်းလို့ပါ"

ဟူသော မုန်ကြောင့်အသံ။





"ရွှေကျေး ... မင်း မနေ့က ကောင်မလေးနဲ့ အကြည့်ဆိုက်ပြီး သူ့ကိုတက္ကစီပေါ် တင်ပေးလိုက်ပြီး ဘာလို့ ငါတို့ဆီ ပြန်မလာတာလဲ၊ ငါတို့ ဆိုင်ထဲမှာ စောင့်ကြည့်မှန်းသိရက်နဲ့ လစ်တာ မရိုးသားဘူး"

ဆိုသော အာပြဲခြောက်အသံ အဆုံးမှာ ...

"ဟာ ... ဟာ ... ဟော့ကောင်တွေ မင်းတို့ပြောတာ များတာနဲ့ အချိန်တစ်မိနစ်ပြည့်သွားပါပြီကွာ၊ ငါ ဘာမှမပြောလိုက်ရဘူး။ ရွှေကျေး ... ဟော့ကောင် ..."

ဟု ကမန်းကတန်း လုပြောပေမဲ့ တစ်ဝက်တစ်ပျက်သာ ဝင်သွားသော အပုလေးအသံတို့ကို ရွှေကျေး အရသာခံနားထောင်ပြီး တဟီးဟီး တဟားဟား ရယ်မိသည်။

ဒီ answering machine က တစ်ဖက်မှ ဖုန်းခေါ်သူကလည်း အသံပြန်သွင်းခဲ့လျှင် တစ်မိနစ်မျှသာ ပြောခွင့်ရှိလေရာ သူတို့သုံးယောက် ပြောချင်တာတွေ အကုန်ပြောခွင့် မကြုံလိုက်ဘဲ အလိုအလျောက် ရပ်သွားတာမျိုးဖြစ်သည်။

အမှန်တော့ ရွှေကျေးတို့အိမ်မှာ ဒီလိုဖြေကြားစက် တပ်ထားစရာ မလိုပါ။ ရွှေကျေးက အိမ်မှာ အချိန်ပြည့်နီးပါးရှိနေတတ်သဖြင့် ဖုန်းလာလျှင် ဖြေကြားဖို့ လူအသင့်ရှိနေလျှင် တပ်ထားစရာမလို။ သို့သော် ရွှေကျေးက ဖုန်းမပြောချင်လျှင် ဒီလိုပဲ စက်ကိုဖွင့်ထားလိုက်ပြီး တစ်ဖက်မှ ဖုန်းခေါ်သူတွေသွင်းထားခဲ့မဲ့ အသံကို အရသာခံ နားထောင်ရယ်မောတတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း ဟိုကောင်တွေကို စကားမပြောချင်တာ တော့မဟုတ်။ သူတို့ရင်ထဲ ကလိ ကလိနဲ့ သိချင်နေမှန်းသိ၍ တမင်မပြောတာ၊ ဖုန်းမကိုင်တာဖြစ်သည်။ ဖုန်းဆက်လို့မရရင် အိမ်ကိုရောက်လာကြတော့မှာလည်း ကြိုသိ၍ ချက်ချင်းပဲ အိမ်တံခါးပိတ်ပြီး လစ်မတော့လေသည်။

ဆိုင်ကယ်စက်နှိုးပြီး မောင်းထွက်လာလျှင် ပိုင်ပိုင်ရှိနိုင်မည့် နေရာကိုသာ တစ်ခါတည်း မောင်းလာလိုက်သည်။ ပိုင်ပိုင်က ရွှေကျေးလိုမဟုတ်။ သူ့သူငယ်ချင်းအုပ်စုနဲ့ ရှယ်ယာ အတူတူထည့်ပြီး ရုံးခန်းတစ်ခန်းငှားကာ ပညာရေးဝန်ဆောင်မှု လုပ်ငန်းဆိုတာ လုပ်နေသည်။ ပိုင်ပိုင် ကိုယ်တိုင်က မကြာသေးခင်ကလေးတင် စင်ကာပူမှာ နှစ်နှစ်ကျောင်းသွားတက်ပြီး ပြန်လာထားလေရာ မြန်မာပြည်မှ စင်ကာပူသို့ ကျောင်းသွားတက်လိုသော သူတွေအတွက် ကျောင်းတွေနဲ့ချိတ်ပေး၊ ဆက်သွယ်ပေး၊ ကျောင်းဝင်ခွင့်လျှောက်ပေး စသဖြင့်သော လုပ်ငန်းတွေကို လုပ်ပေးသည်ဟု သိထားပါသည်။

လိပ်စာလည်း သိထားပြီးသားဖြစ်ရာ ထိုရုံးခန်းကိုပဲ တန်းသွားလိုက်သည်။ ရုံးခန်းထဲရောက်တော့ ပိုင်ပိုင့်ကို အသင့်တွေ့လိုက်ရလေသည်။ မလာစဖူးရောက်လာသော ရွှေကျေးကိုတွေ့လိုက်ရတော့ ပိုင်ပိုင် အံ့ဩပြီး ...

"ဟာ ... ဟေ့ကောင် ... ရွှေကျေး"





ဟု လှမ်းခေါ်လိုက်လေသည်။

"လာကွ ... ထိုင်၊ မင်းနဲ့ မဆုံဖြစ်တာတောင်ကြာပြီ၊ နယူးရီးယားပြီးကတည်းကပဲနော်။ ပြောပါဦး ဘာတွေလုပ်နေလဲ"

"ဘာမှ မလုပ်ရသေးပါဘူးကွာ"

"ဒီလိုနေလို့ ဘယ်ဖြစ်မလဲ စ,တော့လေကွာ၊ ငါတို့အရွယ်က အသက်သိပ်တော့ မကြီးသေးပေမဲ့ ပညာရှာတဲ့အချိန်က ပြီးသွားပြီ။ ဒီတော့ စီးပွားဥစ္စာ ရှာရတော့မယ်"

ပိုင်ပိုင့်ကို ရွှေကျေး အဲဒါတွေကြောင့် သိပ်မခံပါင်းချင်တာဖြစ်သည်။ လူကသာ ဘာမှမဟုတ်သေးတယ်။ ဆရာကြီးလေသံ၊ အစ်ကိုကြီးလေသံ၊ အဖေ့လေသံမျိုးနဲ့ ရွယ်တူချင်းကို သုံးမဝတာပင်။ ဒါကြောင့် ရွှေကျေးနဲ့ ကီးသိပ်မကိုက်လှသဖြင့် တစ်နှစ်နေမှ တစ်ခါလား၊ နှစ်ခါလား ဆုံကြတဲ့အထိသာ ရင်းနှီးမှု ရှိပါသည်။ ပိုင်ပိုင်ပြောတာဟာ တကယ်တော့ အမှန်တရားလို့ သိပေမဲ့ လူဆိုတာကလည်း အမှန်တွေ လာပြောရင် မကြိုက်တတ်၊ မနှစ်မြို့တတ်တာပဲမို့ ရွှေကျေးလည်း အဲဒီလိုသဘောဖြစ်ပါသည်။

"စင်ကာပူ ထွက်မလား"

"ဘာလဲ ... မင်းက ပညာရေးဝန်ဆောင်မှု အေဂျင်စီဆို။ အလုပ်သွားလုပ်လို့ရအောင် လုပ်ပေးနိုင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ အခု အဲဒါပါ တွဲလုပ်နေပြီ။ ငါတို့အုပ်စုထဲက တစ်ယောက်ရဲ့အစ်ကိုကြီးက စင်ကာပူမှာ အင်ဂျင်နီယာ အကြီးအကဲကွ။ သူ့ဆီက အဆက်အသွယ်နဲ့ အလုပ်သမား တွေရှာပြီး ပို့ပေးတာပေါ့။ အလုပ်ရဖို့ သေချာတာပေါ့ကွာ"

"နိုင်ငံခြားကို အပျော်ပဲ သွားလည်ချင်တယ်ကွာ၊ အလုပ် လုပ် ပိုက်ဆံရှာဖို့တော့ မသွားချင်ပါဘူး"

"မင်း စိတ်ပါလာရင် အချိန်မရွေးသာ လာခဲ့၊ ငါလုပ်ပေး မယ်"

အေးပေါ့ လုပ်ပေးမှာပေါ့။ ငါ့မိဘက ပိုက်ဆံထုတ် ပေးနိုင်တယ်ဆိုတာ ဒီကောင်သိတာကိုး။ အဖေနဲ့အမေက ရွှေကျေး အလုပ်လုပ်ချင်လို့လို့ ပြောလိုက်တာနဲ့ ပိုက်ဆံအရင်းအနှီး ဘယ် လောက်ကုန်ကုန် ထုတ်ပေးဖို့က အသင့်လေ။

"သား အလုပ်မလုပ်သေးတာကို မပြောပါဘူး၊ အမေ့သား ကလေးလိုနေပြီး မိဘဆီက လက်ဖြန့်တောင်းတာကို ဝမ်းသာပါတယ်။ ဒါပေမဲ့ ရည်းစားရှိလာလို့ မိန်းမယူချင် လာလို့ အလုပ်လည်းလုပ်ဖို့လိုပြီ ဆိုတာကို ကိုယ့်ဘာသာ သဘောပေါက်ပြီး အဖေနဲ့အမေဆီက အရင်းအနှီးလာ တောင်းရင်လည်း သား ဘယ်လောက်တောင်းတောင်းထုတ် ပေးနိုင်ပါတယ်ကွယ်"





ဟူ၍ အမေက မကြာခဏ ပြောခဲ့တာမို့ အရင်း အနှီးရှိချင်ရင် အမေ့ဆီက လက်ဖြန့်တောင်းရုံပင်။

ဒါပေမဲ့ ခက်တာက ရွှေကျေး ကိုယ်တိုင်က အပျင်း ကြီးနေတာ။ ဘဝမှာ လေးလေးနက်နက် ဘာကိုမှ တာဝန်မယူ ချင်သေးတာ ဖြစ်သည်။ အဲဒီလိုစိတ်မျိုးရှိတာဟာ မကောင်းမှန်း သိပေမဲ့ မတတ်နိုင်။ ဘယ်လိုမှ ပြုပြင်လို့မရသေးတာ ခက်သည်။

"မင်း အခု ဘယ်ကလှည့်လာတာလဲ"

"သူငယ်ချင်းတစ်ယောက်ကွာ၊ သူ့ရဲ့မွေးနေ့မှာ ပျော်ချင် လို့တဲ့"

ရွှေကျေး ပါးစပ်ထဲတွေ့တာ ပြောလိုက်ပြီး ပိုင်ပိုင် တို့ဆီက စကားအစ်ဖို့နည်းကို စ,စဉ်းစားလိုက်ပါသည်။

"ဘယ်သူမှ မပါပါဘူး၊ ကိုယ့်အုပ်စုထဲက သူငယ်ချင်းခြောက် ယောက်လောက်နဲ့ကွာ၊ သူ့အခန်းမှာ စားကြသောက်ကြ မယ်။ ပိုပျော်ရအောင်ဆိုပြီး (E)လိုက်ရှာနိုင်းလိုက်တာ၊ ငါ လည်း ဘယ်မှာရှာရမှန်းမသိဘူး၊ အဲဒါနဲ့ မင်းကိုသတိ ရလို့ ဝင်လာမေးတာ"

ရွှေကျေးက မူးယစ်စေတတ်သော ဆေးတစ်မျိုး၏ ...ဝှက်အမည်ကို စကားထဲ ထည့်ပြောပြီး ပိုင်ပိုင့် မျက်နှာကို ...ကဲခတ်လိုက်ပါသည်။ ပိုင်ပိုင်က တွေတွေဝေဝေ ဖြစ်နေသည်။ ...ဒီမှာ (E)ရှိနိုင်တာကို ဒီကောင် ဘယ်ကသတင်းရလဲလို့ လန့် ...တွေးနေပုံပင်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ နယူးရီးယားညက အဲဒါတွေများ သုံးသလားလို့"

"ဘယ်သူပြောလို့လဲ"

"ဘယ်သူမှ မပြောပါဘူး၊ တချို့ မူပျက်နေတဲ့သူတွေကို သတိထားမိလို့"

"ငါတို့ဆီမှာ အမြဲမရှိပါဘူး"

"အေးပါ၊ ငါလည်း ထင်တော့ထင်ပါတယ်၊ မင်းတို့အမြဲ ဘယ်ဆောင်ထားမလဲ။ တစ်နေရာရာက ဝယ်တာဖြစ်မှာလို့။ ဒါမျိုးက ဈေးလည်းကြီးတယ်၊ တစ်လုံးမပြောနဲ့ တစ်ခြမ်း လောက်ဆိုရင်တောင် တော်တော်ထိတယ်ဆိုတော့ ဘယ် သူမှ အများကြီးဝယ်ထားရဲမလဲ"

"ထိတယ်ဆိုတာကကွာ ဘယ်သူ့ကိုမှလဲ ရန်ရှာတာ၊ ရ[illegible] လိုတာ မရှိဘူး။ စိတ်သဘောတွေ အရမ်းကောင်းပြီး စိတ် လည်းလန်းဆန်း ပျော်ရွှင်နေတာမျိုးပါ။ ဘာပဲမြင်မြင် စိတ်ထဲမှာ ပျော်ပြီး တက်ကြွနေတာကိုက ငါတို့လိုပါတ[illegible] ကြိုက်တဲ့ကောင်တွေအတွက် အတော်ပဲလေ"

"အေးကွ၊ မင်းတို့ အဲဒီနေ့က အားလုံးအရမ်းကို ပျော်[illegible] ကြတာ၊ မူမမှန်ဘူးနော်။ မင်းတို့အစ်မဝမ်းကွဲတွေလ[illegible] သုံးတယ်ထင်တယ်။ သူတို့အားလုံးလည်း မမောနိုင်မပ[illegible] နိုင် တစ်ညလုံး က,ကြတာ မနက်သုံးနာရီလောက်မှ [illegible] လုံး အရှိန်ပြန်ကျပြီး ဒေါင်းသွားပုံပဲ"





"ဒက်ဒီတို့ မာမီတို့သိရင် တကယ့်ကျိုင်ကွ၊ မင်း သွားမ ပြောမိစေနဲ့ ရွှေကျေး။ မင်းသိရင် တိတ်တိတ်နေ"

"မင်းတို့က ငါ့ကျ မဝေမျှဘူး။ မင်းအစ်မဝမ်းကွဲ ဖူးပွင့် က ခေါ်လာတဲ့ ကောင်မလေးတောင် ပေးသောက်လိုက် တယ်ထင်တယ်။ သူကျ သူများလို ကြာကြာမဟန်နိုင်ဘဲ အစောကြီးဒေါင်းသွားတာနော်"

ရွှေကျေး တစ်ယောက် ပိုင်ပိုင့်ဆီက စကားအစ်လို့ ရသမျှ ဆက်တိုက်အစ်ရင်း ပိုင်ပိုင့်မျက်နှာကိုလည်း အကဲခတ်နေ သည်။ ဒါပေမဲ့ ပိုင်ပိုင့်မျက်နှာက ညို့ဆိုင်းဆိုင်းနဲ့ ပတ်သက်ပြီး ပြောလိုက်ပေမဲ့ သိပ်အပြောင်းအလဲမရှိဘဲ အေးဆေးနေတာတွေ့ သဖြင့် ဒီကိစ္စ ပိုင်ပိုင် မသိနိုင်ဘူးလို့ ယူဆမိပါသည်။

"ဪ ... ဟိုကောင်မလေး ညို့ဆိုင်းဆိုင်းလား၊ မင်းတောင် ဘဘောဂျီလို့ဆိုပြီး သွားစကားပြောလိုက်သေးတယ်လေ။ သူ့ကို ပေးလိုက်သလား၊ မပေးသလားတောင် ငါ မသိပါ ဘူး။ မင်း မြင်တော့ သူ တော်တော်မြောက်နေလို့လား"

ဟုပင် ပြန်မေးလိုက်သော ပိုင်ပိုင့်ကို အသေအချာ ကြည့်ရင်း ...

"အေး ... ငါ သတိထားမိတော့ သူ သိပ်မူမမှန်ဘူးကွ။ ဝိုင်လေးနှစ်ခွက်ထက်ပိုပြီး မူးနေသလိုပဲ။ တချို့ကျ ဆေး နဲ့ဓာတ်မတည့်ရင် လန်းဆန်းတက်ကြွမလာဘဲ အရမ်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဓလေ့လာတတ်တယ် မဟုတ်လား။ သူကတော့ အဲဒီလိုဖြစ် သွားကယ်ကွ"

"မင်းပဲ သေသေချာချာ စောင့်ကြည့်လို့ သိတာပါကွာ။ ငါဖြင့် သူ ဘယ်ရောက်သွားလဲ၊ အိမ်ပြန်သွားတာလား၊ မာမီတို့အိမ် အပေါ်ထပ်ပဲ တက်အိပ်သလားတောင် မသိဘူး။ မနက်ကျ မဖူးပွင့် သူ့သူငယ်ချင်းထားတဲ့အခန်းကို သွားကြည့်ပြီး မတွေ့တော့မှ ဒီအိမ်မှာညအိပ်ပြီး အစော ကြီးထပြန်မှန်း သိတယ်"

"မဖူးပွင့် မင်းဆီက ဆေးလာတောင်းသွားလား"

ရွှေကျေးက ဆိုင်းဆိုင်းနဲ့ အနီးစပ်ဆုံးသူ ဆိုလို့ ဖူးပွင့်ပဲရှိရာ ဖူးပွင့်ကိုပဲ အရင်ဆုံး သံသယရှိစရာလူ နေရာမှာ ထားပြီး ကောက်မေးလိုက်ပါသည်။

"မဖူးပွင့် မတောင်းပါဘူးကွ။ သူ သိတောင်သိပုံမရဘူး။ သူက မင်း ပြင်တဲ့အတိုင်းပဲ။ ဘဲကတစ်ယောက်ပြီးတစ် ယောက် တွဲလိုက် ကွဲလိုက် ဆိုတော့ သူ့ခေါင်းထဲမှာ သူ ဘဲနဲ့သူ တွဲကဖို့အရေးပဲရှိတာ။ ပြီးတော့ သူက အဲဒီလို ဆေးတွေ ဘာတွေလဲ စိတ်မဝင်စားဘူးကွ"

"ဒါဖြင့် ညို့ဆိုင်းဆိုင်းကို ဘယ်သူက ဆေးပေးလိုက်လဲ"

"ဟာ ... ဒါတော့ ဘယ်သိမှာလဲ၊ မင်းကလည်း အရေး ထဲမှာကွာ။ လွန်ခဲ့တဲ့ နှစ်လလောက်က ခာတ်လမ်းကို





စုံထောက်လာလုပ်နေတယ်။ ဘာလဲကွ၊ ဘာဖြစ်လို့ သိပ် သိချင်နေရတာလဲ"

"မဟုတ်ပါဘူးကွာ၊ သူ့ကို သတိရလို့ မေးချင်သွားတာပါ ပိုင်ပိုင်ရာ"

ပိုင်ပိုင် ပြန်မေးလာသဖြင့် ရွှေကျေးလည်း စကား ကို ခပ်မြန်မြန် လျှောချလိုက်ရတော့သည်။ သိပ်ပြီးသံသယဖြစ် သွားရင် မကောင်းဘူးလေ။

"အဲဒီကောင်မလေးက အလုပ်ထဲမှာ သိပ်တော်တာတဲ့။ ကြိုးလည်း ကြိုးစားတယ်တဲ့။ တော်ရုံလူကိုလည်း အဖက် မလုပ်ဘူးတဲ့။ မင်း သိပ်သတိရမနေနဲ့ကွ။ သူက မင်းလို လူမျိုးကို စိတ်ကူးယဉ်မယ် မထင်ဘူး၊ ငါ မင်းကိုနှိမ်တာ မဟုတ်ဘူးနော်"

"အေးပါ ငါသိပါတယ်။ ကဲ ... ငါလစ်လိုက်ဦးမယ် ဟော့ ကောင်။ မင်း (E)ကို ဘယ်ကရသလဲသိရင် ပြောလိုက်ပါဦး"

ပိုင်ပိုင်က လူနာမည်တစ်ခုရယ်၊ ဖုန်းနံပါတ်ရယ် ကို ရေးပေးလိုက်ရင်း ...

"သိပ်တော့ ပါးစပ်မဖွာနဲ့ကွာ၊ အဲဒီလူက သူ့ဆီမှာရှိတာ ကို ဘယ်သူမှ သိစေချင်တာ မဟုတ်ဘူး"

ဟုလည်း ဆေးရောင်းသည့် လူအကြောင်း သတိပေး သလို ပြောလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ပိုင့်ဆီက ထွက်လာတော့မှ ထိုစာရွက်ကို လိပ်ချေပြီး လွှင့်ပစ်လိုက်ပါသည်။ တကယ်တော့ ဘယ်သူငယ်ချင်းမှလဲ ဒီဆေး လိုချင်ပါသည်ဟု စုံစမ်းခိုင်းတာ မရှိပါ။ ဘယ်သူမှလဲ မဝယ်ခိုင်းပါ။ ရွှေကျေးဘာသာ ပါးစပ်ထဲ ဖန်တီးပြီးပြောကာ ပိုင်ပိုင့်ဆီက ဘာသတင်းများ ရမလဲလို့ လာစုံစမ်းကြည့်တာဖြစ်သည်။

ဘာမှ သေသေချာချာကြီးတော့ သတင်းမရပေမဲ့ သိသလောက်တော့ ညို့ဆိုင်းဆိုင်းကို ပြန်၍ပြောပြချင်လာသဖြင့် သူမ အလုပ်လုပ်ရာ ကုမ္ပဏီရုံးရှေ့ သွားစောင့်နေမိသည်။

"ဆိုင်းဆိုင်း အခုလာမဲ့အပတ်ကစပြီး ကုမ္ပဏီအသစ်မှာ ပြောင်းအလုပ်လုပ်ပြီ၊ လိပ်စာပေးထားမယ် မှတ်ထားလိုက်နော်။ အဲဒီကုမ္ပဏီအသစ်မှာတော့ ဆိုင်းဆိုင်းကို ဘယ်သူမှ သိတဲ့သူ မရှိသေးတော့ ရွှေကျေး ပြောစရာကိစ္စတွေ ဘာတွေရှိရင် လာစောင့်ပြီး တွေ့နိုင်တယ်နော်"

မနေ့ကပဲ ဆိုင်းဆိုင်း ရွှေကျေးဆီ ဖုန်းထပ်ဆက်လာပြီး အသိပေးထားသဖြင့် ရွှေကျေးလည်း ဆိုင်းဆိုင်း မှာတဲ့ အတိုင်းပင် ထိုကုမ္ပဏီရုံးအသစ်မှာ သွားစောင့်နေလိုက်မိသည်။ ဆိုင်းဆိုင်းတို့အိမ်မှာ ဖုန်းမရှိဘဲ တစ်ဆင့်ခေါ်ဖုန်းကို သုံးရသဖြင့် ဆိုင်းဆိုင်းကလည်း သိပ်မဆက်စေချင်သလို ရွှေကျေးကလည်း တကူးတကကြီး သူများကို တစ်ဆင့်ခေါ်ခိုင်းရမှာမို့ မခေါ်ချင်။





"ပြောစရာရှိရင် ဆိုင်းဆိုင်းပဲ ရွှေကျေးဆီ ဖုန်းဆက်လိုက်မယ်နော်"

လို့ ကြိုမှာထားသေးသဖြင့် ဆိုင်းဆိုင်းက ဖုန်းမခေါ်စေချင်မှန်း ရွှေကျေး ရိပ်မိပါသည်။

ကုမ္ပဏီရုံးခန်းများရှိရာ Tower ကြီးရဲ့ မျက်နှာချင်းဆိုင်မှာရှိသော ဆိုင်တစ်ဆိုင်မှာထိုင်ရင်း စောင့်ကြည့်နေလိုက်သည်။

ညနေငါးနာရီခွဲလောက်ကျတော့ ဆိုင်းဆိုင်း တစ်ယောက် သားရေအိတ်လေးလွယ်၍ စေါ်းချိုဖွဲ့ထည့်ထားသော ပလတ်စတစ်ခြင်းလေးကိုင်ပြီး ထွက်လာတာ တွေ့လိုက်ရသည်။ ရွှေကျေးလည်း ဆိုင်းဆိုင်းကို တွေ့လိုက်တာနဲ့ အမြန်ကားလမ်းဖြတ်ကူးသွားပြီး နောက်က အပြေးလိုက်ရင်း ...

"ဟိတ် ... ဟိတ် ... ဆိုင်းဆိုင်း"

ဟု အော်ခေါ်မိသည်။

မျက်မှောင်လေးကြုတ်ပြီး လှည့်ကြည့်လာသော ဆိုင်းဆိုင်းက ရွှေကျေးကို မြင်တော့ ခပ်ဖွဖွ ပြုံးပြပါသည်။

"ရုံးဆင်းပြီ မဟုတ်လား"

"ဟုတ်တယ်လေ"

"ကျွန်တော် လာစောင့်နေတာ"

"ပြောစရာရှိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ပြီးထူးခြားတဲ့ အကြောင်းအရာတော့ ဟုတ်ချင်မှ ဟုတ်မယ်။ ဒါပေမဲ့ ဆိုင်းဆိုင်း သိချင်ရင်လည်း သိချင်မယ်ထင်ပြီး ပြောပြမလို့ပါ"

"ဒါဆိုလည်း ပြောလေ"

"ဒီမှာကြီး ရပ်ပြောလို့ ဘယ်ဖြစ်မလဲ"

"ဘယ်မှာပြောချင်လို့လဲ"

"ဟိုဘက်ခြမ်းက အအေးဆိုင်မှာ ကျွန်တော် ထိုင်နေတာ၊ အဲဒီမှာ ထိုင်မလား"

"အင်း ... အင်း ... ကောင်းသားပဲ"

ရွှေကျေး ရှေ့ကကြိုသွားကာ ဆိုင်းဆိုင်း နောက်မှ ပါလာသည်။ ဆိုင်းဆိုင်း အမူအရာ သိပ်မရွှင်လှဘဲ အရာရာကို စိတ်မပါသလိုလို ဖြစ်နေတာကိုလည်း သတိထားမိပြီး ရွှေကျေး ရင်ထဲမှာ သနားနေပြန်သည်။

အစစအရာရာ အခြေကျပြီး အဆင်ပြေနေသော အလုပ်မှ ထွက်လာရလျက် အခုမှအလုပ်သစ်ဝင်ရသူအဖို့ အဆင်မပြေမှုတွေ စတင်ကြုံရလိမ့်မယ်ဆိုတာ မှန်းဆကြည့်မိပါသည်။ ဆိုင်းဆိုင်း ပြောဖူးတာကိုလည်း အမှတ်ရလိုက်မိသည်။

"အခုရတဲ့ အလုပ်က လခလည်း သိပ်မကောင်းဘူး၊ ပြီးတော့ ဆိုင်းဆိုင်း လုပ်ချင်တဲ့နေရာမျိုး လူမလိုဘူးဆိုတာနဲ့ အဲဒါထက် တစ်ဆင့်နိမ့်တဲ့ နေရာမှာ ဝင်လုပ်ရမှာ၊





သိပ်တော့ မကြိုက်ပေမဲ့ ဒေါ်မိုးမြတ်နွယ် ဆီမှာလည်း ဆက်မနေချင်တော့ဘူးလေ"

ဒေါ်မိုးမြတ်နွယ် ဆီမှာ လခတအားကောင်းလှတာ။ ရာထူးကြီးလှတာ တွေကို တသသပြောပြီး အခု စ,ဝင်တဲ့အလုပ်ကို ညည်းညည်းညူညူနဲ့ စ,ဝင်ရသဖြင့် ဆိုင်းဆိုင်းမှ စိတ်ညစ်စရာတွေ အတော့်ကို ပုံနေလောက်ပြီထင်သည်။ ရွှေကျေးကတော့ ဘာအလုပ်မှုလဲမရှိ။ လုပ်လည်းမလုပ်သဖြင့် အလုပ်နဲ့ပတ်သက်ပြီး စိတ်ညစ်ရတယ်ဆိုတာကို မခံစားဖူးပါ။ ဒါပေမဲ့ ဆိုင်းဆိုင်း မျက်နှာလေး အတော့်ကို ညှိုးနွမ်းနေတာတွေ့တော့ ဆိုင်းဆိုင်းဆီက အပူတွေ့ သူ့ကိုလာကူးသလို ခံစားရပြီး ကိုယ်ချင်းစာမိပါသည်။

"ကျွန်တော်တော့ အအေးမှာသောက်ပြီးပြီ ထပ်မသောက်ချင်တော့ဘူး။ ဆိုင်းဆိုင်း အတွက်ပဲ မှာပေးမယ် ဘာသောက်မလဲ"

"သံပရာရည်ပဲ သောက်တော့မယ်။ အချိုသိပ်မထည့်နဲ့ ချဉ်ချဉ်လေး လုပ်ပေးပါ"

ဆိုင်းဆိုင်းက ခြင်းကို ဘေးကခုံတစ်လုံးမှာတင်ပြီး အနက်ရောင်သားရေအိတ် အပျော့လေးကိုတော့ စားပွဲပေါ်အသာတင်လေသည်။ ရုံးဝတ်စုံလိုမျိုး မဟုတ်ဘဲ အပြင်ဝတ်စုံပုံစံဝတ်ထားသဖြင့် ရွှေကျေး စပ်စုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကုမ္ပဏီက ယူနီဖောင်း မဝတ်ရဘူးလား"

"မဝတ်ရဘူး။ သူက ကုမ္ပဏီဆိုပေမဲ့ အရင်လုပ်ခဲ့တဲ့ ဒေါ်မိုးမြတ်နွယ်လောက်တော့ သိပ်ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်တာ မရှိသေးဘူးဆိုတော့ ဝန်ထမ်းအင်အားလည်း သိပ်မရှိဘူး။ ယူနီဖောင်းလည်း မသတ်မှတ်ဘူး"

"ဆိုင်းဆိုင်း မပျော်ဘူး မဟုတ်လား"

"ဒီလိုပါပဲ စဝင်ဝင်ချင်းတော့ နေသားမကျသေးဘူးပေါ့၊ နောက်တော့လည်း အဆင်ပြေသွားမှာပါ။ ဆိုင်းဆိုင်း အနေနဲ့ ဘွဲ့လည်းရပြီးပြီ သင်တန်းတွေလည်း တက်ထားပြီးပြီဆိုတော့ အလုပ်တစ်ခုမရှိရင် မဖြစ်ဘူး။ ရွယ်တူ သူငယ်ချင်းချင်း လမ်းမှာတွေ့ရင်ပဲဖြစ်ဖြစ်၊ တစ်နေရာမှာ ဆုံရင်ပဲဖြစ်ဖြစ် ကိုယ့်မှာ အလုပ်မရှိဘူး ပြောရမှာရှက်လို့ အလုပ်တစ်ခုကို ရအောင်လုပ်ထားတာပါ၊ ဒီအလုပ်ရဲ့လခ ကို သိပ်မက်လှလို့တော့ မဟုတ်ပါဘူး။ လခက ဒေါ်မိုး မြတ်နွယ်ဆီကနဲ့ ထက်ဝက်လောက်ကို ကွာတာလေ"

"ကျွန်တော် ဆိုင်းဆိုင်း အတွက် စိတ်မကောင်းပါဘူးဗျာ။ ဒီလိုဖြစ်ခဲ့မယ်လို့ ကျွန်တော် မထင်ခဲ့လို့ သတိလက်လွတ် အိပ်ပျော်နေမိတာပါ။ ကျွန်တော်သာ သတိရှိရှိ အိပ်ခဲ့ရင် အချိန်မီ ရှောင်ခဲ့နိုင်မယ် ထင်တယ်"





"ဒါလည်း ဘယ်သူကထင်မလဲ။ လုပ်တဲ့လူက ဘာအကြံ အစည်နဲ့ အကွက်ကျကျ လုပ်မှန်းတော့ မသိဘူး။ သေ ချာတာက သူ ဆိုင်းဆိုင်းကို စိတ်ဆင်းရဲပြီး ဒုက္ခရောက် စေချင်လို့ လုပ်မှန်းသိသာတယ်"

"ကျွန်တော် ပိုင်ပိုင့်ကို သွားအစ်အောက်မေးကြည့်လာတာ တွေတော့ ရှိတယ်။ ဒါပေမဲ့ ဆိုင်းဆိုင်း အတွက် ဘာမှ သဲလွန်စ ရစရာတော့ မရှိဘူး ထင်တယ်"

ရွှေကျေးက ပိုင်ပိုင့်ကို သူမေးလာသမျှတွေ ဆိုင်းဆိုင်း ကို ပြန်၍အသေအချာပင် ပြောပြလိုက်ပါသည်။ ဆိုင်းဆိုင်းမျက် နှာလေးပျက်လျက် နှုတ်ဆောင်နေလေသည်။

"ပိုင်ပိုင်ကတော့ ဝန်ခံလိုက်တယ်။ သူတို့အဲဒီညက (E) တွေ သုံးကြတယ်လို့၊ ဒါပေမဲ့ ဆိုင်းဆိုင်း ခွက်ထဲ ဘယ် သူထည့်လဲ ဆိုတာတော့ သူသိပုံမရဘူး။ သူ ပြောတော့ ဆိုင်းဆိုင်းနဲ့ ရင်းနှီးတဲ့ မဖူးပွင့်ကတော့ လုံးဝမသုံးဘူး ပြောတယ်"

"ဖူးပွင့် ... ဖူးပွင့် ... အင်း ... သူကပဲ ဆိုင်းဆိုင်းကို ဝိုင်တွေထည့်ပြီး လာပေးတာပဲ။ နောက်ဆုံး ရှန်ပိန်ခွက် ကျမှသာ ဖူးပွင့်အစ်မဝမ်းကွဲ အတင်းလက်ထဲလာထည့်လို့ ယူသောက်လိုက်ရတာ။ ဆိုင်းဆိုင်း စိတ်ထဲမှာ သံသယ ရှိတဲ့လူကတော့ ဖူးပွင့် တစ်ယောက်ပဲရှိတယ်၊ အဲဒါ ထင် တာကြာပြီ။ ဒါပေမဲ့ အခုမှ ရွှေကျေးကို ပြောပြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း မဖူးပွင့်လို့ ယင်နေခဲ့တယ်"

ဆိုင်းဆိုင်းလည်း ရွှေကျေး ပြောလိုက်တာကြားပြီး အံ့ဩသွားပါသည်။ ရွှေကျေးလို မဆိမဆိုင် လူကရှော ဘာကြောင့် ဖူးပွင့်ကို ထင်ရသနည်း။

"အံ့တောင် အံ့ဩတယ်၊ ရွှေကျေးက ဘာလို့ထင်နေလဲ"

"ဆိုင်းဆိုင်းတို့ နှစ်ယောက်ပဲ အလုပ်အတူလုပ်ပြီး ပတွဲတွဲ ရှိတာလေ။ မိန်းကလေးဆိုတော့ အချင်းချင်း အပြိုင်အဆိုင် များရှိမလားလို့ပါ"

"ပြိုင်ဆိုင်တော့ ဘာဖြစ်သလဲ"

"ပြိုင်ဆိုင်တော့ တစ်ယောက်နဲ့ တစ်ယောက်ကြားမှာ သူ့ အပေါ် မနာလိုတာ၊ ကိုယ့်အပေါ် မနာလိုတာ (၂)ဝင်တာ တွေ ရှိလာတာပေါ့။ တစ်ယောက်က ကိုယ့်ထက်ပိုနိမ့် သွားအောင် လုပ်ချင်လည်း လုပ်မှာပေါ့လို့ တွေးမိတယ်"

"ရွှေကျေးက ဘယ်ဆိုးလို့လဲ အနီးကပ်မြင်နေကျလူ မဟုတ် ဘဲနဲ့ စဉ်းစားကြည့်တတ်တယ်နော်"

"အစကတော့ မစဉ်းစားမိပါဘူး။ ဆိုင်းဆိုင်း ပြောသာမှ စဉ်းစားတတ်လာတာလေ။ ဆိုင်းဆိုင်းတို့ ဘော့(စ)ရဲ့စိတ် ဓာတ်ကို သိနေပြီး သူ့ဆီ e-mail နဲ့ ဓာတ်ပုံပို့တာလုပ်မဲ့ သူ ဘယ်သူဖြစ်မလဲပေါ့၊ စဉ်းစားကြည့်တော့ မဖူးပွင့်ပဲ အနီးစပ်ဆုံးလူ ဖြစ်နေတယ်လေ"





"ဟုတ်တယ်၊ ဖူးပွင့်က ဆိုင်းဆိုင်းကို မနာလိုဘူးလို့ စိတ် ထဲမှာ ထင်မိတယ်။ သူနဲ့ ဆိုင်းဆိုင်း တတ်ထားတာတွေ လည်း အတူတူ၊ အရည်အချင်းလည်း အတူတူမှာ ကံကျ တော့ ဆိုင်းဆိုင်းက အမြဲပိုကောင်းပြီး ဘော့(စ)ရဲ့အရေး ပေးမှုကို ခံရတယ်။ ဘော့(စ)နဲ့ သက်ဆိုင်တဲ့ ကိစ္စတစ်ခုခု လုပ်ပေ့ဆိုရင် ဆိုင်းဆိုင်းကိုပဲ နာမည်တပ်ပြီး ခိုင်းတာခံ ရတော့ ကိုယ်က favour ပိုရသလို ဖြစ်နေတာပေါ့။ ဒါကို ဖူးပွင့်က မခံချင်ဘူးလေ။ သူလည်း ဒေါ်မိုးမြတ်နှယ် အားကိုးရတဲ့ ဝန်ထမ်းမျိုး ဖြစ်ချင်တာပေါ့။ သူ့ကိုလည်း ယုံယုံကြည်ကြည် ခိုင်းစေချင်တာပေါ့လို့ အမြဲပြောတယ်"

ဆိုင်းဆိုင်းမှာ ရွှေကျေးကို ပြောပြရင်းနဲ့ တဖြည်း ဖြည်း သေချာလာသည်မှာ ဒီလုပ်ကြံဇာတ်ကို ဖန်တီးသူမှာ ဖူးပွင့် ဖြစ်ဖို့များသည် ဆိုတာပင်။ ဖူးပွင့် တစ်ယောက်တည်းပဲ လုပ်သလား။ ဒါမှမဟုတ် ဖူးပွင့်ဘက်က သူ့အစ်မ ညီမဝမ်းကွဲ တွေ ပါသေးလားကတော့ မသေချာ။ ဆိုင်းဆိုင်းလည်း အဲဒီ တုန်းက ဘာမှန်းကို မသိအောင် မူးယစ်သတိမေ့သလို ဖြစ်နေ၍ ဆိုင်းဆိုင်း လာတွဲခေါ်သွားသူဟာ တစ်ယောက်တည်းလား၊ နှစ် ယောက်လား၊ သုံးယောက်လားပင် မမှတ်မိ။ ပြန်တွေးကြည့်ရင် အတော့်ကို ရှက်ဖို့ကောင်းလှလေသည်။ ဆိုင်းဆိုင်း သတိရလို့ ငိုးရိုးချင်း ကြည့်လိုက်တော့ ဆိုင်းဆိုင်းဟာ ကျောခိုင်းအိပ်နေသော



www.burmeseclassic.com

www.burmeseclassic.com



ရွှေကျေးရဲ့ကျောကို ပါးတစ်ဖက်ကပ်ပြီး အိပ်နေမိခဲ့တာတဲ့။ ကျေးရင်း ကြွက်သီးထ ရှက်ရွံ့သွားကာ ရွှေကျေးကိုပင် မကြည့်ရဲတော့သလို ဖြစ်လာသည်။

ရွှေကျေးကတော့ သူ့မေးဖျားမှာ စတင်ပြူထွက်ခါစ ဝက်မြဲကို လက်ဖြင့်ဆွရင်း အတွေးနက်နေတာ တွေ့ရသည်။

"ပိုင်ပိုင်က ပြောတော့ မဖူးပွင့်က ဆေးလုံးဝမသုံးဘူးတဲ့"

"ဒါပေမဲ့ ဆိုင်းဆိုင်း ခွက်ထဲတော့ သူ ယူထည့်ရင်ထည့်မှာပေါ့နော်"

"ဆိုင်းဆိုင်း သံသယရှိနေရင် မဖူးပွင့်ကို ဖွင့်မေးလိုက်ပါလားဗျာ"

"မမေးချင်ဘူး၊ အဲဒီလို မေးလိုက်မှ ပိုပြီးသိကုန်ရင် ပိုပြီး အရှက်ရစရာပဲ ရှိတယ်လို့ တွေးမိလို့ မမေးတာပါ"

"ဒီလုပ်ကြံခဲ့တဲ့လမ်းကို ဘယ်သူလုပ်လဲဆိုတာ ကျွန်တော်က စုံစမ်းပေးမယ် ပြောပေမဲ့ တကယ်တော့ ဆိုင်းဆိုင်းက ကြိုသိနေတာပဲ၊ ကျွန်တော်ထောင် ဘာမှမကူညီလိုက်ရဘူး"

"ကြိုသိနေတာ မဟုတ်ပါဘူး၊ အစကတော့ အားလုံးကို သံသယရှိတာလေ"

"ကျွန်တော်ပါ ပါနေတယ်လား"

ဆိုင်းဆိုင်း မဖြေဘဲ ခေါင်းသာညိတ်ပြသည်။





"ဖူးပွင့်ရော၊ ရွှေကျေးရော၊ ရွှေကျေးကို ကူညီမဲ့ ပိုင်ပိုင်တို့ရော အားလုံးကို သံသယရှိတာ အမှန်ပဲ"

"အခု မဖူးပွင့် ဖြစ်ဖို့များနေပြီ ဆိုတော့ ဘယ်လိုလုပ်မလဲ"

"ဘယ်လိုလုပ်ရမှာလဲ"

"ဆိုင်းဆိုင်းပဲ ကိုယ့်သိက္ခာ ကိုယ်ဆယ်တဲ့အနေနဲ့ လိုက်ရှင်းပြပေးဖို့ တောင်းပန်ချင်တယ်လို့ ဟိုတစ်ရက်က ပြောဖူးတယ်၊ အဲဒီလို လုပ်မလားလို့ပါ။ လိုအပ်ရင် ကျွန်တော်ပါ မဖူးပွင့်ကို ဝိုင်းပြောပေးမယ်လေ"

"ဖူးပွင့်က ဝန်မခံဘဲ ပိုပြီးလျှောက်ရမ်းမှ ဆိုင်းဆိုင်းတို့အဖြစ်ကို လူပိုသိသွားမှာကို စိုးရိမ်နေတယ်၊ ဆိုင်းဆိုင်းတကယ်ကျတော့ ဘာဆက်လုပ်ရမှန်း မသိဘူး၊ သူမှန်းတော့ သိပေမဲ့ သွားစွပ်စွဲပြန်ရင် ကိုယ်ပဲအရှက်ရစရာဖြစ်လာမလားလို့ပါ"

ရွှေကျေးကတော့ မိန်းကလေးတွေ၏ စိတ်သဘောကို နားမလည်နိုင်ဘဲ အူတူတူ ဖြစ်နေသည်။

ဘယ်သူလုပ်သလဲ မသိရခင်တုန်းကတော့ တွေ့ရင် ဘယ်လိုပြောမယ်၊ ဘာလုပ်မယ်နဲ့ ပြောတုန်းကတော့ ပြောခဲ့ပြီး တကယ်လည်း သိရရော နောက်တစ်မျိုး ဖြစ်သွားသဖြင့် သူပင် ဉာဏ်မမီတော့။ သူတို့ယောက်ျားလေးတွေကတော့ အဲဒီလိုမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းစရာရှိ ဖွင့်ရှင်းပစ်လိုက်တယ်။ ထိုးစရာရှိ ထိုးကြ နှက်ကြ၊ ရိုက်ကြ၊ ကျေစရာရှိလည်း ပြန်ကျေကြနဲ့ ပြဿနာကို အကြာကြီး ဆွဲဆန့်မထားတတ်။

"ဆိုင်းဆိုင်း သူ့ကို ပြန်နိုင်ဖို့ နည်းလမ်းကို စဉ်းစားလိုက်ဦးမယ် သိလား။ သူ ဆိုင်းဆိုင်းကို ဒီလိုလုပ်ကြခဲ့ပါတယ်လို့ ဝန်မခံမချင်း ဆိုင်းဆိုင်းလည်း သူ့ကိုထုတ်မမေးဘူး။ ဒါပေမဲ့ ဆိုင်းဆိုင်းဟာ သူ ထင်သလို loser တစ်ယောက်ဖြစ်ပြီး သူ့ထက်နိမ့်ပါးသွားတဲ့သူ မဖြစ်ရဘဲ သူ့ထက်ပိုသာအောင်တောင် လုပ်ပြမယ်၊ သူ့ကို ပြန်နိုင်ပြမယ်လို့ စိတ်ကူးမိတယ်"

ဒါဆို ငါနဲ့ပတ်သက်ဆက်ဆံနေတာက ပြီးပြီပေါ့။ ဒီကိစ္စ ငါနဲ့ဘာမှမဆိုင်တော့ဘူးပေါ့။ အဲဒီသဘောလား။ ရွှေကျေး စဉ်းစားကြည့်ဖို့ ဉာဏ်မမီပါ။ ရွှေကျေး ဘဝဟာ အပူအပင်၊ အရှုပ်အထွေး၊ အပြိုင်အဆိုင်တွေလည်း နည်းလှပြီး အမြဲအေးဆေးနေခဲ့လေရာ ကောင်မလေးတွေလောကမှာ ဒီလိုကိစ္စမျိုးတွေရှိသလားဟုပင် ပြန်မေးရတော့မလို ဖြစ်နေသည်။

"ဆိုင်းဆိုင်းကို ကူညီနိုင်မလား"

ရုတ်တရက် ဆိုင်းဆိုင်းက မေးချလိုက်တော့ ရွှေကျေး နားမလည်နိုင်ဘဲ "ခင်ဗျာ"ဟု အသံပြုလိုက်မိသည်။

"ဘာကိုကူညီရမှာလဲ"





"သူက ဆိုင်းဆိုင်းကို ရွှေကျေးလို လူတစ်ယောက်နဲ့ ဆုံစည်းပြီး အရှုံးတွေနဲ့ပဲ ရင်ဆိုင်ရစေချင်တဲ့ သဘောလည်း ပါတယ်လို့ ဆိုင်းဆိုင်း ခန့်မှန်းမိလို့ပါ"

ဘာတွေမှန်း မသိ။ ရွှေကျေး တော်တော်ဦးနှောက်ခြောက်နေလေသည်။ ဆိုင်းဆိုင်းဟာ သိပ်အတွေးခေါင်ပြီး ကြံကြံဖန်ဖန်တွေ လျှောက်စဉ်းစားတတ်တဲ့ ကောင်မလေးပဲလို့ အမြင်တောင်ကတ်ပြီး တွေးမိသည်။

ဆိုင်းဆိုင်းကတော့ ရွှေကျေးကို ပြောရမှာ အားနာသလိုလို ဘာလိုလို ဖြစ်သော မျက်လုံးတွေဖြင့်ကြည့်ပြီး ...

"ဆိုင်းဆိုင်း ဝေဖန်ရင် စိတ်တော့မဆိုးနဲ့နော်"လို့လည်း စကားအရင်စ,ထားသေးသည်။

"ပြောပါ၊ ရပါတယ်"

"ရွှေကျေးကို ဝေဖန်သလို ဖြစ်နေမယ်"

"ရပါတယ်၊ ပြောပါ"

"ဒါဆို ပြောမယ်နော်"

ရွှေကျေးသည် မဖူးပွင့် အကြောင်း ပြောနေရာမှ သူ့ဘက်လှည့်လာသော ဆိုင်းဆိုင်းကြောင့် နားတော့မလည်။ ဆိုင်းဆိုင်း စိတ်ညစ်ရတာတွေများပြီး စိတ်တွေဟိုရောက် ဒီရောက်များ ဖြစ်နေသလားလို့။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေကျေးက မိဘပိုက်ဆံရှိပေမဲ့ ဘာမှအသုံးမကျတဲ့လူ တစ်ယောက် ဖြစ်နေတယ်။ ဒီအရွယ်ကြီးရှိနေပြီ ဘာအလုပ်မှ မလုပ်ဘူး၊ ဘာမှ လေးလေးနက်နက် မထားဘူး။ ပေါ့ပျက်ပျက်နဲ့ ကလေးပေါက်ကြီးလိုလိုနေပြီး အပျော်အပါးမက်နေတယ်"

ရွှေကျေး ရင်ထဲတော့ အောင့်သွားပေမဲ့ စိတ်မဆိုးပါနဲ့လို့ ကြိုတင်ပြောထားတာကို ရပါတယ်တွေ ဘာတွေ လုပ်ထားမိတော့လည်း သည်းခံပြီး ငြိမ်နေရသည်။

"လူတစ်ယောက်မှာ အပြင်ပန်း ရုပ်ရည်က အရေးမကြီးပါဘူး ပြောကြပေမဲ့ လူတစ်ရာမှာ ကိုးဆယ့်ကိုးယောက်လောက်ကတော့ အပြင်ပန်းရုပ်ရည်ကိုကြည့်ပြီး ရွေးချယ်ကြတာမို့ ဆိုင်းဆိုင်းလည်း အဲဒီလူ ကိုးဆယ့်ကိုးယောက်ထဲမှာပါတယ်။ ရုပ်ချောပြီး ကြည့်ကောင်းတဲ့သူကိုပဲ ရွေးမယ်လို့ ဖူးပွင့် ရှေ့မှာ ခဏခဏ ပြောဖူးတယ်။ သူက အဲဒါကို မှတ်ထားပုံပဲ။ ဆိုင်းဆိုင်းကို ရွှေကျေးလိုလူနဲ့ တမင်ဖန်တီးပေးလိုက်တာလေ၊ ဆောရီးနော် ... ရွှေကျေးက ရုပ်မချောဘူး။ မိန်းကလေးတစ်ယောက်အတွက် ဘယ်လိုမှ လက်ခံချင်လောက်စရာ ပုံစံမရှိဘူး။ အဲဒီလိုလူမျိုးနဲ့မှ ဆိုင်းဆိုင်းကို အထင်လွဲခံရအောင် လုပ်တာဟာ တမင်ကို မြောင်းထဲထိုးချလိုက်တဲ့ သဘောပဲလေ"





မိန်းကလေးတစ်ယောက်က ကိုယ့်ရုပ်ရည်၊ ကိုယ့်ရဲ့နေထိုင်မှုပုံစံတွေကို အကြီးအကျယ် ဝေဖန်ပြီး ပြောနေသောအခါ ရွှေကျေး ရင်ထဲမှာ နည်းနည်းတော့ တင်းလာသည်။ ရုပ်မချောတာ ဘာဖြစ်လဲ။ အလုပ်မလုပ်တော့ရော ဘာဖြစ်လဲ။ ငါ့ဟာငါနေတာ သူတို့ရဲ့ရန်ငြိုးရန်စ ပြဿနာထဲ ဆွဲထည့်ခံလိုက်ရတာကျ ထည့်မပြောဘူး။

ဆိုင်းဆိုင်းကလည်း ရွှေကျေး မျက်နှာသုန်မှုန်နေတာကို ဂရုမစိုက်ဘဲ ဆက်ပြောနေပြန်သည်။

"တိုက်တိုက်ဆိုင်ဆိုင် ရှင်က ဆိုင်းဆိုင်းကို မြင်မြင်ချင်း သဘောကျတာတွေ ဘာတွေ မူးပြီးလျှောက်ပြောတော့ ဖူးပွင့် စိတ်ထဲမှာ ဆိုင်းဆိုင်းကို တွန်းချစရာ နည်းလမ်းကို ရှာတွေ့သွားပုံပဲ။ ဝိုင်တွေတိုက်၊ ဝိုင်ထဲ ဆေးခပ်ပြီးမှ ဒီလိုအဖြစ်မျိုးရအောင် သူ ဖန်တီးပြီး လုပ်ယူလိုက်တာပဲ"

"ဆိုင်းဆိုင်းဟာကလည်းဗျာ၊ တရားခံတော့ မမိသေးဘူး။ သူ ဒီပြစ်မှုကို ဘယ်လိုကျူးလွန်သလဲ ဆိုတာကို စုံစမ်းစစ်ဆေးပြီး အကွက်ချ စဉ်းစားတာ ဖြစ်နေပြီ။ CSI ဇာတ်လမ်းတွဲတွေ တော်တော်ကြည့်ပုံရတယ်"

"အဟင်း ... ရှင် စိတ်ဆိုးသွားပြီထင်တယ်"

"မဆိုးပါဘူး၊ မှန်တာပြောတာပဲ မနာပါဘူး"

"ဒါပေမဲ့ အခုတော့ အဲဒီမှန်တဲ့အတိုင်း ဆက်အရွဲ့တိုက်ဖို့ မသင့်တော့ဘူးလို့ ဆိုင်းဆိုင်း ပြောချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"အရွဲ့မတိုက်ပါဘူး၊ နေတတ်တဲ့အတိုင်း နေတာပဲ"

"ဟင့်အင်း ... မနေနဲ့တော့။ ဆိုင်းဆိုင်းကို ကူညီချင်ရင် အခုကစပြီး ပုံစံပြောင်းတော့"

"ဘာတွေလဲ၊ ရှုပ်လိုက်တာ"

"မရှုပ်ပါဘူး။ ဖူးပွင့်က ဆိုင်းဆိုင်း အတွက်ဆိုပြီး ရွေးပေးလိုက်တဲ့လူဟာ သူထင်သလို မဟုတ်ဘူး၊ သိပ်တော်တဲ့ ယောကျာ်းတစ်ယောက်။ အလုပ်သိပ်ကြိုးစားပြီး အနေအထိုင်တည်ကြည်တဲ့ ယောကျာ်းတစ်ယောက်အဖြစ် လုပ်ပြလိုက်ပါ"

ဆိုင်းဆိုင်း ရွှေကျေး မျက်နှာကို အကဲခတ်ရင်း မျက်လုံးစုံမှိတ်ပြီး ပြောချလိုက်သည်။

"ဆိုင်းဆိုင်းရဲ့ ချစ်သူအဖြစ် ဟန်ဆောင်ပေးပါ။ ဒါပေမဲ့ ရိုးရိုးသာမန်လူလိုတော့ နေပြလို့ မရဘူးပေါ့။ အလုပ်ကို အောင်အောင်မြင်မြင်နဲ့လုပ်ပြပြီး သိပ်တော်တဲ့ ယောကျာ်းတစ်ယောက်အဖြစ် လုပ်ပြရမှာ။ နောက်တစ်နှစ်ရဲ့ နယူးရီးယားပါတီမှာ ဆိုင်းဆိုင်း ရွှေကျေးလက်ကိုတွဲပြီး ဖူးပွင့်ရှေ့မှာ တွဲပြချင်တယ်။ အဲဒီအချိန်မှာ ရွှေကျေးက အားလုံးသော ယောကျာ်းလေးတွေထက် သာရင်သာ၊ မ,သာရင် တန်းတူဖြစ်နေရမယ်လေ ဘယ်လိုလဲ"

ရွှေကျေး တအံ့တသြပင် ဆိုင်းဆိုင်းကို စိုက်ကြည့်နေလေသည်။





"အဲဒီလို ဟန်ဆောင်ပြီး နောက်ပိုင်းရော"

"နောက်ပိုင်း အခြေအနေကတော့ ဆိုင်းဆိုင်းတို့ နှစ်ယောက်စလုံးရဲ့ အဆုံးအဖြတ်ပါပဲ"

"ကျွန်တော်တို့ အဲဒီနောက်ပိုင်း လက်ထပ်ကြမယ် ဆိုရင်ရော"

ရွှေကျေး ရယ်ကျဲကျဲဖြင့် အရဲစွန့်မေးလေသည်။ သူ့အနေနဲ့ကတော့ ဆိုင်းဆိုင်းလို မိန်းကလေးကို ဘာမှလက်မထပ်ချင်စရာ မရှိပါ။ ချစ်ရော ချစ်လို့လားမေးရင် "ချစ်နိုင်ပါတယ်" လို့ပင် အမှန်အတိုင်း ဖြေရမှာပင်။ အချစ်ဆိုတာ ဘာမှန်းမသိပေမဲ့ ဆိုင်းဆိုင်းလို မိန်းကလေးကို ချစ်နိုင် ကြိုက်နိုင် လက်ထပ်ယူနိုင်တာတော့ သေချာပါသည်။

ဆိုင်းဆိုင်းကတော့ စိတ်ကူးတွေယဉ်ပြီး ကြိုမေးနေသော ရွှေကျေးကို မျက်စောင်းကြီးထိုးရင်း ...

"ဟင်း ... ဆိုင်းဆိုင်း ပြောသလို ဖြစ်အောင်ပဲ လုပ်ပြပါဦး။ အဲဒီလိုဖြစ်လာမှ လူကြား သူကြားထဲ တွဲပြနိုင်မှာလေ"

❦ ✻ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"အပုလေးရေ ဒီတိုင်းနေလို့ မဖြစ်တော့ဘူးကွ။ ငါ အလုပ်လုပ်တော့မယ်၊ အလုပ်ဆိုတာတောင် တော်တော်ကြီးကို အောင်အောင်မြင်မြင် လုပ်ရမဲ့ အလုပ်မျိုးကွ"

ဟူ၍ ရွှေကျေး တစ်ယောက် အခုရက်ပိုင်းအတွင်း သူငယ်ချင်းတွေကို တဖွဖွပြောကာ အလုပ်လုပ်ဖို့ ကြီးပွားမှုလမ်းညွှန်စာအုပ်တွေ ပြေးဝယ်ပြီး ဖတ်လိုဖတ်၊ အင်တာနက်ထဲ ရှာလိုရှာ ဖြစ်နေသည်။ ရွှေကျေးဆီလာရင် ပျော်ရမလားလို့ထင်ပြီး လာကြသော သကောင့်သား သုံးယောက်တို့လည်း မျက်စိအပြူးသား၊ ပါးစပ်အဟောင်းသားတွေနဲ့ ရွှေကျေးတစ်ယောက် ပျာယာခတ်ပြီး ရှုးနေတာကိုကြည့်ပြီး ပထမသုံးလေးရက်လောက်တော့ မမေးဘဲ စောင့်ကြည့်နေပါသည်။





သူတို့လာတိုင်း အင်တာနက်ကို အခုမှ အကြီးအကျယ် စိတ်ဝင်စားကာ (အရင်ကတော့ free download လုပ်လို့ရသော သီချင်းတွေ ရုပ်ရှင်တွေရှာတာကလွဲရင် စိတ်မဝင်စားတတ်သူပါ)ဘယ်အလုပ်လုပ်ရင် ချက်ချင်းကြီးပွားချမ်းသာနိုင်မလဲ၊ ဘယ်အလုပ်ဟာ ယောကျ်ားတစ်ယောက်ရဲ့ဂုဏ်ကို မြင့်စေပြီး လူအထင်ကြီးမှုကို ရစေသလဲ၊ ဘယ်အလုပ်မျိုးဟာ ရင်းနှီးမြှုပ်နှံဖို့ အကောင်းဆုံးလဲ ဆိုသော အကြောင်းအရာများကိုသာ တမေ့တမော ထိုင်ရှာ။ ထိုင်ဖတ် လုပ်နေတာ တွေ့ရသည်။

အလုပ်အကိုင် ရှာဖွေနည်း၊ ရင်းနှီးမြှုပ်နှံနည်း၊ ဘယ်လို အောင်မြင်အောင် လုပ်နည်းတွေ ရေးထားသော စာအုပ်ထူကြီးတွေ ဈေးကြီးကြီး ပေးဝယ်ကာ တစ်ပုံကြီးဘေးချပြီး ဟိုစာအုပ်ကောက်ကိုင်လိုက်၊ ဒီစာအုပ် ကောက်ဖတ်လိုက်၊ စာရွက်တွေ တဖြန်းဖြန်းလှန်လိုက် လုပ်နေသော ရက်တွေကိုလည်း သူတို့ ကြုံလိုက်ကြရသေးသည်။

သူတို့လာတာကို စကားမပြောအား၊ သူတို့နှင့်အတူ PS-2 ကို မကစားအား၊ ဘောလုံးကစားပွဲဖြစ် သော PS-2 ဂိမ်းထဲမှာပါတဲ့ ကွန်ပျူတာအရုပ်တွေကို နာမည်ခေါ်ဆဲပြီး မအော်ဟစ်အားသော သူတို့ရဲ့သူငယ်ချင်းကြီး ရွှေကျေးရဲ့ ပြောင်းလဲမှုကို ကွယ်ရာမှာ အဖြေထုတ်ကြည့်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖြေတူညီသောတစ်ခု ရလာသော တစ်ရက်မှာ သူတို့သုံးယောက်သား ရွှေကျေး အိမ်ကို ချီတက်သွားကြလေသည်။ အဲဒီနေ့က ဖြစ်ချင်တော့ ဥပုသ်ပိတ်ရက်ဖြစ်တာမို့ ယုဇနပလာဇာမှာ ဆိုင်ဖွင့်သော ရွှေကျေးမိဘတွေလည်း အိမ်မှာရှိနေတာနဲ့ဆုံသွားရပါသည်။

ဈေးပိတ်ရက်မှာ အိမ်မှာချက်ပြုတ်စားသောက် နားနေသော ရွှေကျေး၏ မိဘနှစ်ပါးကတော့ ဒီသူငယ်ချင်းသုံးယောက် ဆူညံ ဆူညံလုပ်ပြီး ရောက်လာလည်း အငြိုအငြင်မရှိ၊ အပြုံးမပျက် တံခါးဖွင့် ကြိုဆိုပြီး ...

"သားတို့လာကြ၊ လာကြ၊ ရွှေကျေး ရှိတယ်"

ဟု ပြောကာ ရွှေကျေး ရှိရာကို ညွှန်ပြလေသည်။

ရွှေကျေး တစ်ယောက် ထုံးစံအတိုင်း ကွန်ပျူတာရှေ့ထိုင်ပြီး အလုပ်ကြီး အကိုင်ကြီး စတင်လုပ်ကိုင်ရေးနှင့် ပတ်သက်သည့် အကြောင်းအရာတွေကို အကြီးအကျယ် စိတ်ဝင်စားလျက် ရှိနေသည်။

"ဟေ့ကောင် ... မင်း ဘာဖြစ်နေတာလဲဆိုတဲ့ အဖြေကို ငါတို့ဘာသာ ရှာတွေ့လာပြီကွ"

ရွှေကျေး မော်နီတာရှေ့က မခွာဘဲ ...

"တွေ့ရင် ပြီးရောပေါ့၊ ဘာလို့ လာပြောနေလဲ"





"မင်းကို ညိုဆိုင်းဆိုင်းက အလုပ်ရှိမှ ပြန်ချစ်မယ်လို့ ပြောလိုက်တယ် မဟုတ်လား"

ရွှေကျေး မဖြေ။ သူ့ဘာသာပင် ဘာဖြေရမှန်းမသိ။ ဆိုင်းဆိုင်း ပြောတဲ့သဘောက အလုပ်ရှိရင် ချစ်မယ်လည်းမဟုတ်။ ချစ်သူအဖြစ် ဟန်ဆောင်ပြီး တွဲမယ်တဲ့။ အဓိက,ကတော့ မဖူးပွင့်ကို နိုင်ပြချင်တာတဲ့။ ဘာတွေမှန်း မသိဘူး။

မဖူးပွင့်ကို နိုင်ပြချင်တာနဲ့ ရွှေကျေးမှာ အလုပ်အကိုင် ကောင်းကောင်းရှိပြီး ဟန်ဆောင်တွဲပြမှာ ဘာများဆိုင်သလဲ။ ဟန်ဆောင်မနေနဲ့ တကယ်ပဲ ချစ်သူတော်လိုက်ပါတော့လား။

"ဘာလဲ ... သူက ပိုက်ဆံများများ ရှာနိုင်မှ ချစ်မယ်တဲ့လား။ ဒါဆို အချစ်စစ် မဟုတ်ဘူးကွ၊ တကယ်ချစ်ရင် မင်းက ငမွဲဖြစ်နေလည်း ချစ်ရဲရမှာပေါ့"

ရွှေကျေး မျက်လုံးကို ထောင့်ကပ်ပြီး အဖေနဲ့အမေကို အကဲခတ်လိုက်သည်။ အဖေရော အမေပါ ဧည့်ခန်းဆိုဖာခုံတွေမှာထိုင်ပြီး စာအုပ်ကိုယ်စီ ဖတ်နေကြလေရာ ဒီဧည့်ခန်းထဲမှာပဲထားသော ကွန်ပျူတာစားပွဲနား သူတို့အုပ်စုကြီး အော်ကျယ်အော်ကျယ် ပြောနေတာကို ကြားလိုက်ကြပုံရသည်။ နှစ်ယောက်စလုံး ခေါင်းတွေ ဒီဘက်လှည့်လာပြီး သိသိသာသာပင် နားစွင့်နေတော့သည်။ ရွှေကျေးက အဲဒီလိုမျိုးကျ ရှက်ရပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖေနဲ့အမေ ရှေ့မှာ ကိုယ်က, ကလေးပေါက်စလို နေပြရာက နေ ရည်းစားရှိတော့မယ် ဘာတွေ ပြောရတာကို အလိုလိုရှက် လေသည်။

"ပိုက်ဆံများများရှာဖို့ မပြောပါဘူးကွာ။ ယောကျ်ားလေး တစ်ယောက်ဖြစ်ပြီး ဒီအရွယ်ကြီးလည်းရောက်နေပြီ အလုပ် မရှိရင် ရှက်စရာကြီးပေါ့တဲ့။ သူနဲ့တွဲသွားတုန်း သူ့သူငယ် ချင်း မိတ်ဆွေတွေနဲ့ဆုံရင် မိတ်ဆက်ပေးတဲ့အခါ သူ့လူက ဘာမှမဟုတ်နေရင် ဘယ်ကောင်းမလဲတဲ့။ ဒါကြောင့် ငါ က သူ့ဆန္ဒအတိုင်း အလုပ်ရှာတာ"

"မိန်းကလေးတွေဟာ အဲဒီ ပကာသနတွေ ပါလွန်းတာကို ငါ လုံးဝမကြိုက်တာပေါ့"

"အံမာ … အပုလေးရာ၊ မင်းလို ပေမမီကောင်အတွက် ရွေးစရာ မိန်းကလေးကလည်း ရှားနေလို့ အဲဒီစကားပြော တာပါကွာ"

"ညို့ဆိုင်းဆိုင်းက မင်းကို လက်ခံလိုက်တာ တယ်မြန်ပါ လားကွ"

"လက်မခံသေးပါဘူးကွာ"

"သိပြီ … သိပြီ၊ အလုပ်ရှိလာမှ လက်ခံမယ်ပြောလို့ မင်း အသည်းအသန် အလုပ်… အလုပ်နဲ့ အော်နေတာ မဟုတ် လား"





"လက်ထပ်ရင် ဘယ်လောက်တင်တောင်းရမယ်ပြောလို့ မင်း ချက်ချင်းနဲ့ ပိုက်ဆံအများကြီးရမဲ့ အလုပ်ကို ရှာချင် ရတာလဲ။ ပြောစမ်းပါဦး၊ မိန်းမတစ်ယောက်ရဖို့ အဲဒီလောက် ပိုက်ဆံတွေ ရှာရသလား သိချင်လို့ပါ"

တစ်ယောက် တစ်ပေါက် မေးသံတွေကြားထဲမှာ မထင်မှတ်ဘဲနဲ့ ထိုးဖောက်ဝင်လာပြီး မေးလိုက်သူမှာကား ရွှေကျေး ရဲ့အမေ ဒေါ်သဲညွှာပင် ဖြစ်သည်။

"သားကောင်မလေး ဘယ်သူများလဲဟေ့၊ ပြောစမ်းပါဦး၊ သိချင်လိုက်တာ"

ရွှေကျေးတို့အားလုံး လန့်ပြီး အသံတိတ်သွားကြ သည်။ အမေသည် သူ ဖတ်လက်စ အရှင်ဆန္ဒာဓိက၏ စာအုပ်ကို စားပွဲပေါ်ချလိုက်ပြီး မျက်မှန်ကိုပင့်ကာ စောင့်ကြည့်နေပါသည်။

"ပြောနေသံတွေ ကြားတယ်၊ သားမှာ ကောင်မလေးရှိနေ ပုံပဲ။ ပြောစမ်းပါဦး သူ ဘယ်သူလဲ၊ ဘယ်ကလဲ၊ အမေ တို့ဆီ ဘယ်တော့ ခေါ်လာမလဲ"

ရွှေကျေး ရှက်ကိုးရှက်ကန်း မျက်နှာကြီးဖြင့် ပြုံးဖြီး ဖြီးလုပ်လျက် …

"ဟာ … အမေ မသိချင်ပါနဲ့"

ဟု ဖြေသံအဆုံးမှာ အမေက ဟယ်ခနဲ အသံကျယ် ကြီးဖြင့် အော်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမသိချင်ရမှာလဲ၊ ဒီသားလေးတစ်ယောက်တည်းရှိတာ။ အဖေနဲ့အမေက သူ့အကြောင်း ဘာမှမသိရဘဲ နေလို့ဖြစ်မလား"

"အခု ဘာမှ မရေရာသေးပါဘူး"

"မရေရာသေးပေမဲ့ ကောင်မလေးက အလုပ်ရှိမှ ချစ်မယ်ကြိုက်မယ်တွေ ပြောတာခံလာရတယ် မဟုတ်လား"

"အဲဒီသဘော မဟုတ်ပါဘူး။ ယောကျ်ားလေးတစ်ယောက်အနေနဲ့ အလုပ်ရှိသင့်တယ် ပြောတာပါ အမေ"

"အမေတို့က သားလေးတစ်ယောက်တည်း ရှိတာမို့ ချစ်လည်းချစ်လွန်းလို့ အလိုလိုက်ထားတာပါ။ ဒီလို တခြားမိန်းကလေးတစ်ယောက်ရဲ့ အထင်သေး အမြင်သေး အပြောခံနေရတာ သိရင်တော့ သားကို ဒီတိုင်းကြည့်မနေဘူး။ ဆိုင်တစ်ဆိုင် ထောင်ပေးဆိုလည်း ထောင်ပေးမယ်။ ဒါမှမဟုတ် အမေတို့ဆိုင်ကို ဦးစီးတော့မယ်ဆိုလည်း လွှဲပေးမယ် အသင့်ပဲ၊ သူများလက်အောက်က ဝန်ထမ်းတော့သွားလုပ်ဖို့ မစဉ်းစားနဲ့။ တို့မျိုးရိုးက ကုန်သည်မျိုးရိုးပဲ။ ကိုယ့်ခြေ ကိုယ့်လက်နဲ့ ရောင်းဝယ်စားရမှ ကျေနပ်တယ်။ အထက်လူကြီး အမိန့်ပေးတာကို နားထောင်ပြီးလုပ်မှ ပိုက်ဆံရရတာမျိုးကို မကြိုက်ဘူး"





အမေ အော်ကျယ် အော်ကျယ် ဝင်ပြောလာပေတော့၊ ချွေးမလောင်းမှာ ဘယ်လိုဖြေရှင်းရမှန်း မသိဘဲ ပြဿနာအစရှာလာသော ဟိုသုံးကောင်ကိုသာ ကျိတ်မာန်မဲတဲ့ မျက်နှာအမူအရာလုပ်ပြရတော့သည်။

"မင်း သူ့ကို တကယ်ယူဖို့ စဉ်းစားထားရင်လည်း သူပြောတဲ့အတိုင်း အလုပ်လုပ်တော့ပေါ့ကွာ၊ ယောကျ်ားဂုဏ်ရှိမှ မိန်းမလည်း တင့်တယ်တာကွ။ ငါကတော့ မင်းအမေလို ဒေါသမဖြစ်ပါဘူး။ မိန်းကလေးပြောတာ မှန်သားပဲလေ။ သူ့ရည်းစားမှာ အလုပ်မရှိဘူးဆိုရင် သူ ရှက်ရမှာပေါ့"

အဖေက တစ်စခန်း ထ,လာကာ ပြေရာပြေကြောင်း ဝင်ပြောတော့မှ ချွေးမလောင်း အတွက် ပိုပြီးရှင်းပြရဖို့ ခက်သွားတော့လေသည်။

"အို ... သဲညွှာကလည်း တစ်ဖက်သတ်ကြီး ပြောတာမဟုတ်ပါဘူး ကိုသူရိန်ရယ်၊ မိန်းကလေးရဲ့ ပြောတာဆိုတာ မခံရအောင် သားလည်း အလုပ်ရှိဖို့ သင့်ပြီလို့ အကြံပေးတာပါ။ အမေတို့က သားကိုချစ်လို့ ကလေးလိုမြင်ပြီး အလုပ်မလုပ်လည်း ဘာမှမပြောပါဘူး။ ဒါပေမဲ့ ယောကျ်ားလေးတစ်ယောက် အရွယ်လည်းကောင်း၊ ကျန်းမာရေးလည်းကောင်းရက်နဲ့ ဘာအလုပ်မှ မလုပ်ဘဲ နေနေတာကတော့ သဘာဝမကျဘူးပေါ့။ သူများအပြစ်တင်စရာကြီး ဖြစ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အမေက အဖေ့ကိုရော ရွှေကျေးကိုပါ လှည့်ပြောပြန်သည်။ ခက်သည်မှာ ရွှေကျေး ဒီအကြောင်းအရာကို ရဲရဲကြီးချမပြရဲတာပင်။

ဆိုင်းဆိုင်းနဲ့ သူ့အဖြစ်က ဘယ်လိုက ဘယ်လိုစပြောရမှန်းမသိအောင် ရှုပ်ထွေးနေသည်။ အခုမှ ရွှေကျေးလည်း ဆိုင်းဆိုင်း ခံစားရတာတွေ ပိုပြီးကိုယ်ချင်းစာသလို ဖြစ်လာသည်။ အကယ်၍သာ အဖေနဲ့အမေဟာ ဆိုင်းဆိုင်းနဲ့ အတူတူတွဲအိပ်သလို ဖြစ်ခဲ့သော အဖြစ်ကို သိမယ်ဆိုရင်၊ ဆိုင်းဆိုင်း အဖေအမေတွေဆီပို့တဲ့ ဓာတ်ပုံမျိုးထဲက အနေအထားတွေကို တွေ့မယ်ဆိုရင် ရွှေကျေးကို မေးမြန်းဆူပူ အပြစ်တင်ကြလိမ့်မှာ သေချာကြောင်း ရွှေကျေး အခုမှ တွေးမိလာသည်။

ရွှေကျေး အဖေနဲ့ အမေတို့က အေးအေးဆေးဆေးနေကြသူများဖြစ်ပြီး ပြဿနာအရှုပ်အရှင်းလည်း သိပ်မရှိကြတာမို့ ရွှေကျေး ရှုပ်လာတာတွေကြားပြီး ထိတ်လန့်အံ့သြကာ အပြစ်တင်ကြမှာ သေချာပါသည်။

"ကောင်မလေးနာမည် ဘယ်သူလဲ"

ရွှေကျေး မဖြေဘဲ နှုတ်ဆိတ်နေတော့ အာပြဲခြောက်က သူကပဲ ကယ်တင်ရှင်ကြီးလိုလို ဘာလိုလိုလေသံနှင့် ရွှေကျေးအစား ဝင်ပြောပေးသည်။

"ညို့ဆိုင်းဆိုင်းတဲ့ အန်ကယ်လ်"





"တယ်ကဗျာဆန်တဲ့ နာမည်ပါလား၊ အရွယ်ကရော သားနဲ့ ရွယ်တူပဲလား"

ဒီတစ်ခါကျတော့ အပုလေးက ဝင်လျှာရှည်သည်။

"ရွယ်တူဖြစ်မှာပေါ့ အန်ကယ်လ်။ ဒါပေမဲ့ သူကတော့ မိန်းကလေးဆိုတော့ ပြင်ပြင်ဆင်ဆင်လေးလည်းရှိတော့ ပိုငယ်သလို ထင်ရတယ်၊ ချောလည်းချောတယ်ဗျ"

ဟူသော စကားအဆုံးမှာ ဘာမှမဆိုင်ဘဲ "ဟီးဟီး" လို့ ရယ်လိုက်သေးလေသည်။

"ဟုတ်တယ် အန်ကယ်လ်ရ၊ ရွှေကျေး ကံကောင်းပါတယ်။ ကောင်မလေးကတော့ တော်တော်ချောတယ်။ အလုပ်အကိုင်လည်း ကောင်းတယ်၊ ဒီကောင်ရတာ တန်တယ်"

တွေ့ဘာတွေ့ ဝင်ပြောနေသော မှန်ကြောင်ကို အနီးဆုံးလည်းဖြစ်တာမို့ ဖက်ပိုးတစ်ချက် အုပ်လိုက်မိလေသည်။

"အံမယ်လေး...ချောချောလေးဆိုတော့တွေ့ဖူးချင်လိုက်တာ၊ အိမ်အလည်ခေါ်ခဲ့ပါလား သားရယ်။ အမေ မြင်ဖူးချင်လို့"

ရွှေကျေးအမေက ချောသည်ဆိုသော စကားနဲ့ပင် ကျေနပ်သဘောကျပြီး လက်ခံနေတာ တစ်ပိုင်းသေနေပြီ။ တကယ်တော့ အဖေရော အမေရော ရုပ်မချောကြဘဲ သာမန်ရုပ်ရည်တွေမို့ သူတို့ကမွေးသော သားဖြစ်တဲ့ ရွှေကျေးလည်း ရုပ်ချောချောလူမဖြစ်တာ သိပ်မဆန်းပါ။ ရွှေကျေးနဲ့အဖေကတော့ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တွေမို့ အလှအပတို့၊ ချောတာလှတာတို့တွေ ကိုယ့်ရုပ်ရည်မှာမရှိတာကို သိပ်စကားထဲထည့်မပြောပေမဲ့ အမေကတော့ မိန်းမပီပီ ရုပ်ချောတာ လှတာတွေကို သဘောကျတတ်သူ ကိုယ်တိုင်လည်း အားကျတတ်ပါသည်။

"ဟိုအမျိုးသမီးကွယ်၊ ရုပ်လေးချောလိုက်တာ၊ သူတို့များကျ ဘဝပေးကုသိုလ် ကောင်းလိုက်ကြတာလေ။ တွေ့တဲ့သူတိုင်း သဘောကျနှစ်သက်ရလောက်အောင် ချောမောလှပလိုက်တာ"

ဆိုတာမျိုးတွေ ရုပ်ချောသော မိန်းမတစ်ယောက်ကို တွေ့ရင် တဖွဖွပြောတတ်သည်။

"အသက်ကြီးသွားလို့ ကလေးထပ်ယူရင် မဖြစ်တော့လို့ မယူဘဲ သားတစ်ယောက်ကိုပဲ မွေးခဲ့ရတာ။ တကယ်တော့ သမီးလေးတစ်ယောက်လောက် လိုချင်သား။ အဖေအမေနဲ့ ပုံစံတူပြီး ရုပ်မချောခဲ့ရင် အခုခေတ်ပေါ် အလှပြင်ပစ္စည်းတွေသုံးပြီး လှအောင်ကို ပြင်ဆင်ခိုင်းမှာကွယ်။ တချို့ မိန်းကလေးတွေ တွေ့ပါတယ်။ သိပ် ထူးထူးခြားခြားကြီး မလှကြပါဘူး။ ကိုယ့်ကိုယ်ကိုယ် ပြင်တတ် ဆင်တတ် ဝတ်စားတတ်တော့ ကြည့်လိုက်ရင် လှနေတာပဲ။ အမေ့မှာလည်း အဲဒီလို သမီးလေးရှိရင် သိပ်ကောင်းမှာပဲလို့ အခုမှ တွေးမိလာတယ်"





ဆိုပြီး အသက်အရွယ် ရလာသော အမျိုးသမီးကြီးပီပီ တီးတိုးတိုင်ပင်ဖော် သမီးတစ်ယောက် ရှိချင်စိတ်ဖြင့် မကြာခဏ ပြောတာလည်း ကြားဖူးပါသည်။

"သား မိန်းမယူလာမှပဲ ချွေးမနဲ့တည့်အောင် ပေါင်းပြီး သမီးမွေးစားတော့မယ်"

ဟု ဟိုတလောကတောင် မဆီမဆိုင် ပြောနေသေးသော အမေသည် ရှေ့ကျေး၏ ညို့ဆိုင်းဆိုင်းဟာ သူများအပြောနဲ့ ရုပ်ချောချောလေးဟူသည့် စကားတစ်လုံးနဲ့တင် သဘောတွေ စွတ်ကျပြီး ကြိုဆိုချင်နေတော့သည်။

"သား ပြောပါဦး၊ မင်းကလည်း ပါးစပ်ကြီးပိတ်နေလိုက်တာ။ ဘာဖြစ်နေရတာလဲ"

"အဖေအမေတို့ဟာကလည်းဗျာ။ သေမှမသေချာသေးတာကို စွတ်ခေါ်လာခိုင်းနေတာကိုး"

"ကောင်မလေးက အလုပ် လုပ်ခိုင်းနေပြီလေ"

"အလုပ်ရှိမှ လက်ခံမယ် ပြောတာမဟုတ်လား"

အဖေနဲ့ အမေ့အသံက ပြိုင်တူနီးပါး ပြောသံကြားရပါသည်။

"ဟုတ်တယ်၊ အခု လက်မခံသေးဘူး။ အောင်မြင်တဲ့ စီးပွားရေးတစ်ခုခု ရှိလာမှ လက်ခံမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လည်း စ,လုပ်တော့လေကွယ်။ ဒီလိုပဲ စာအုပ်တွေ ဖတ် အင်တာနက်တွေကြည့်ပြီး အလုပ်ကိုလုပ်ဖို့ ရှာလို့ရ မလား။ ခေါင်းထဲရှိတာပဲ စ,လိုက်ပေါ့"

အပုလေးက ဝင်ထောက်ပါသည်။

"အရင်ကတော့ ကျွန်တော်နဲ့ လက်ဖက်ရည်ဆိုင် ဖွင့်မယ် တိုင်ပင်ထားတာပဲ"

"ဖွင့်လေ ... ဖွင့်ပါလား သား၊ အမေ ပိုက်ဆံထုတ်ပေး မယ်လေ"

"အမေကလည်း ... အခုခေတ်မှာ အဲဒီလိုမုန့်မျိုးစုံရတဲ့ လက်ဖက်ရည်ဆိုင်ကြီးတွေက ပေါလာပြီ။ ဘယ်လိုလုပ် ကိုက်မလဲ"

"အလုပ်တစ်ခုက ချက်ချင်းကြီးတော့ ဘယ်အောင်မြင်ပါ့ မလဲ သားရယ်။ အချိန်ယူရမှာပေါ့။ ဘာလဲကွ မင်းကောင် မလေးက အချိန်သတ်မှတ်ပေးလိုက်လို့လား"

အင်း... ဘယ်လိုပြောရမလဲ။ ဆိုင်းဆိုင်းက အချိန် သတ်မှတ်ပေးလိုက်တဲ့ သဘောမျိုးတော့ မဟုတ်ပါဘူးလေ။ နောက်နှစ် နယူးရီးယားမှာ မဖူးပွင့်ကို အနိုင်ရတဲ့အပြုံးနဲ့ ပြုံးပြ ပြီး သိပ်တော်၊ သိပ်အောင်မြင်နေမဲ့ ရွှေကျေးဆိုတဲ့ ယောကျ်ားကို တွဲပြချင်တာတဲ့။ အဲဒါဟာ အချိန်သတ်မှတ်ပေးတာလား ဖြစ်ချင် တာကို ပြောတာလား ငါတို့ကြားက ပတ်သက်မှုကရော ဘာလဲ။





"အိမ်အလည်ခေါ်ခဲ့ပါလား၊ သူ ဘာဖြစ်စေချင်လဲ၊ အမေတို့ ဝိုင်းမေးပေးမယ်လေ"

"ဟား ဟား ... အန်တီကတော့ အိမ်ခေါ်လာဖို့ပဲ ပြောနေ ပြီ"

"ဟိုသီချင်းတစ်ပုဒ်ထဲကလိုပဲ 'ရည်းစားလုလု သားမှာရှိ တယ် ... အိမ်ကိုရောက်အောင် သားခေါ်ခဲ့မယ်၊ အဟုတ် ကိုပဲ တကယ့်ကိုပဲ လိုက်ပါလား အချစ်ရယ် ... အိုး ... မိုင့်ဒါလင် ချစ် ... ချစ် ... ချစ် ..."

"ဟာ ... ဒီကောင် အရေးထဲ သီချင်းကို အပြီးထိ ဆိုပြ နေပြန်ပြီ။ အာပြဲခြောက်ဟာ သူ့အသံ ပြဲပြဲကြီးနဲ့ ဘာမှန်း ညာမှန်းမသိ ဝင်ဝင်အော်တယ်။ နားဝင်လည်း မချိုဘဲနဲ့ ဆင်ခြင်တာ မဟုတ်ဘူး"

ရွှေကျေး မဲ့စရာမရှိ ရှာကြံမဲ့ကာ အာပြဲခြောက်ရဲ့ လည်ပင်းကို နှိပ်ချလိုက်မိသည်။ အာပြဲခြောက် တစ်ယောက် ခေါင်း ရှေ့ငိုက်သွားပေမဲ့ အရယ်အပြုံးမပျက် တဟီးဟီး ဆက်လုပ် နေသည်။

သူငယ်ချင်းတွေက စိတ်သဘောကောင်းလှပြီး ရွှေကျေး အပေါ် ဘယ်တော့မှလည်း စိတ်မဆိုးတတ်ကြသဖြင့် ရွှေကျေးက ကောင်းကောင်းအနိုင်ကျင့်တတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... အဖေ အကောင်းဆုံး အကြံပေးမယ်ကွာ၊ ဘာမှ မလုပ်ဘဲ ထိုင်နေတာထက်စာရင် တစ်ခုခု ထ,လုပ်လိုက်တာ ပိုကောင်းပါတယ်။ သားတို့ တိုင်ပင်ထားသလို အပုလေးနဲ့ လက်ဖက်ရည်ဆိုင် ဖွင့်တာပဲ စ,လုပ်ကြည့်ပါလား။ ဆိုင်နေရာက ဘာမှမပူရဘူးလေ။ အဖေတို့ ဝယ်ပြီးသွားမနေဘဲ ငှားစားထားတဲ့ မြေညီထပ်တစ်ခန်း ရှိတယ်လေ။ အခုလောလောဆယ် ဆံပင်ညှပ်ဆိုင် ဖွင့်ထားတဲ့ အခန်းကို ဖယ်ခိုင်းပြီး သားတို့ဆိုင်ဖွင့်ဖို့ သုံးရင်ရတယ်"

"ချက်ချင်းကြီး ဘယ်ဖယ်ပေးပါ့မလဲ အဖေရာ၊ သူတို့လည်း လုပ်ငန်းရှိနေတာ အခြေကျနေပြီ"

"သုံးလအတွင်း ဖယ်ပေးပါပြောရင် ရပါတယ်ကွာ၊ အဲဒီ မြေညီထပ်အခန်းတွဲတွေမှာ အမြဲတမ်း အငှားအပြောင်းအလဲက ရှိနေတာ၊ သူတို့ ဒီအခန်းက ဖယ်ပေးလိုက်ရလည်း ဝေးဝေးထွက်ငှားစရာ မလိုပါဘူး၊ ဘေးမှာငှားချင်တဲ့အခန်းတွေ ပုံလို့ပါကွာ၊ မင်း အဲဒီအခန်းကိစ္စ ဘာမှမပူနဲ့၊ အဖေတို့ ရှင်းပေးမယ်။ သားဘက်ကသာ အခုရက်ပိုင်းကစပြီး ဆိုင်ဖွင့်ဖို့ စတင်လှုပ်ရှားတော့"

ရွှေကျေး တစ်ယောက် တွေတွေဝေဝေနဲ့ပဲ အဖေ အကြံပေးတာပဲ ဟုတ်သလိုလိုဖြင့် ခေါင်းညိတ်မိသလား၊ ခေါင်းမညိတ်မိသလားပင် မသေချာခဲ့ပါပေ။





သေချာတာ တစ်ခုကိုတော့ အဲဒီအခိုက်အတန့်အတွင်းမှာ သူ သိမြင်လိုက်ပါသည်။ အဲဒါကတော့ သူဟာ ဆိုင်းဆိုင်း အတွက် တကယ်ပဲ စိတ်ဝင်တစား အလုပ်တွေ လုပ်ပြချင်နေခဲ့သော စိတ်ဓာတ်မျိုး တစ်မုဟုတ်ချင်း ဖြစ်ထွန်းလာခြင်းပဲ ဖြစ်လေသည်။

❦ ❋ ❦



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၁

ဒီကုမ္ပဏီမှာ ဆိုင်းဆိုင်း ထိုင်ရသော စားပွဲက ပြတင်းပေါက်နဲ့ ကပ်ရပ်ဖြစ်လေသည်။ အထပ်မြင့် Tower ကြီးရဲ့ ပြတင်းပေါက်တွေမှာ ဖွင့်လို့ပိတ်လို့ရတာမျိုး မဟုတ်ဘဲ အသေတပ်ထားပြီး ဖိုတိုဂရေးမှန်မျိုးဖြစ်သည်။ ဒါကြောင့်အတွင်းကနေ အပြင်ကို လှမ်းမြင်နေရပြီး အပြင်ကတော့ အထဲကို ဘာမှ မမြင်ရပါ။ ပြတင်းပေါက်တွေ အလုံပိတ် အသေတပ်ထားပေမဲ့ လေအေးစက်ကတော့ အေးစိမ့်နေအောင် အမြဲပေးထားရာ ပူအိုက်ခြင်းကို နေသားကျနေသော မြန်မာလူမျိုးတွေပိပိ ရုံးထဲရောက်တာနဲ့ ကိုယ့်အနွေးအကျီလေးတွေ ကိုယ်စီတော့ ထုတ်ဝတ်ထားကြရစမြဲ။ ဒီကုမ္ပဏီက ဒေါ်မိုးမြတ်နွယ်တို့လောက် မကြီးကျယ်ပေမဲ့ သူ့အလုပ်နဲ့သူတော့ လည်ပတ်နေလေရာ အောင်အောင်မြင်မြင် ရပ်တည်နိုင်သည်ဟု ဆိုရပါမည်။





ဆိုင်းဆိုင်း အလုပ်လုပ်ရသောအထပ်မှာ သိပ်မမြင့်လှပါ။ လေးထပ်အမြင့်မှာရှိသဖြင့် ဓာတ်လှေကား သုံးချင်ရင်သုံး၊ မသုံးချင်ရင်တော့ ရိုးရိုးလှေကားမှာလည်း အတက်အဆင်း လုပ်နိုင်ပါသည်။ ပြီးတော့ ရုံးဆင်းခါနီးလျှင် ဆိုင်းဆိုင်းဟာ လမ်းမကြီးတစ်ဖက်ခြမ်းမှာရှိသော ဆိုင့်တန်းတွေကို လှမ်းကြည့်လို့လည်း ရသေးလေသည်။ အဲဒီဆိုင်တန်းတွေမှာ စတိုးဆိုင်တွေ၊ စားသောက်ဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေ၊ အအေးဆိုင်တွေသာ ကြီးစိုးမင်းမူနေသည်။ ရွှေကျေးကတော့ ထိုဆိုင်တွေထဲက တစ်ဆိုင်ဆိုင်မှာ ရောက်နေတတ်ပြီး ရုံးအဆင်းကို နှစ်ရက်ခြားလောက်လာလာစောင့်တတ်နေသဖြင့် ဆိုင်းဆိုင်းလည်း အကျင့်ပါပြီး သူရောက်နေသလား မရောက်ဖူးလားကို လှမ်းကြည့်မိတတ်လာတာပါ။ YAMAHA (ယမဟာ)အမျိုးအစား အကြီးစားဆိုင်ကယ်ကြီးကို စီးပြီး ရောက်လာတတ်သော ရွှေကျေးကို တစ်ခါတလေလည်း စကားပင် လက်ခံမပြောချင်လောက်အောင် စိတ်ပျက်မိတာတွေရှိသည်။ အဲဒါကတော့ ယောကျာ်းဖြစ်ပြီး အလုပ်အကိုင်မရှိ ပေါးလားဝါးလားနဲ့ ပျော်ပါးတဲ့စိတ် များတာကြောင့်ပင်။

ဒါပေမဲ့ တစ်ခါတလေကျတော့လည်း ခင်မင်ရင်းနှီးစွာ စကားတွေ ပြောချင်မိသည်။ ဘာကြောင့်လဲဆိုတော့ ရွှေကျေးက အမြဲတမ်း ပျော်ပျော်နေတတ်သည်။ လူတစ်ဖက်သားကို အားပေးနှစ်သိမ့်တတ်တဲ့ နေရာမှာ တော်လှတယ်လို့ ပြော[illegible]လား



www.burmeseclassic.com

www.burmeseclassic.com



မသိ။ စိတ်ထဲမှာ မွန်းကျပ်ရတာတွေ များလာရင် ရွှေကျေးကို ပြေးတွေ့ပြီး စကားပြောလိုက်လျှင် သက်သာသွားသလို ခံစားရသည်။ ရွှေကျေးရဲ့ ပျော်တတ်တဲ့ စိတ်တွေကြောင့်လားမသိ၊ သူ့အပျော်တွေဟာ ဆိုင်းဆိုင်းကို ကူးလာသည်ဟု ခံစားရပြီး ခံစားရတဲ့ ဝေဒနာပင် တစ်ဝက်မက သက်သာသွားတတ်ပါသည်။

ရုံးဆင်းချိန် ရောက်သောအခါ ဆိုင်းဆိုင်း ရုံးပေါ်က ဆင်းလာပြီး အပြင်ထွက်လိုက်တာနဲ့ ရွှေကျေးလည်း တစ်ဖက်လမ်းမှ ဖြတ်ကူးပြီး ရုံးရှေ့အသင့်ရောက်နေချိန်နဲ့ ပြိုင်တူနီးပါးဖြစ်နေပါသည်။ ရွှေကျေးမှာ ဆိုင်းဆိုင်းကို ကြွားစရာရှိနေသဖြင့် ဒီနေ့တော့ တက်ကြွနေသည်။

"ဆိုင်းဆိုင်းကို ကြွားစရာရှိတယ်"

"ဘာလဲ"

"လက်ဖက်ရည်ဆိုင်လေ။ အားလုံး ပြင်ဆင်ပြီးသွားပြီ၊ ဒီလကုန်ရင် ဖွင့်လို့ရပြီတဲ့။ အမေက ဗေဒင်ဆရာဆီမှာ ရက်ရာဇာ သွားရွေးပေးမယ်ဆိုလို့ ဖွင့်ပွဲရက် အတိအကျ မသတ်မှတ်ရသေးဘူး"

ဒါ ကြွားစရာတဲ့လား။ သူ့အစွမ်းအစ ဘာမှမရှိဘဲ သူ့မိဘဝယ်ထားတဲ့ တိုက်ခန်းကျယ်ကြီးကို ချက်ချင်းကောက်ပြင်ဆင်၊ ချက်ချင်းထဖွင့်လို့ရအောင် သူ့မိဘဆီကအကူအညီတွေ ဘယ်လောက်ပါခဲ့သလဲဆိုတာတော့ ဆိုင်းဆိုင်း မသိထားတာမှတ်လို့။





တိုက်ခန်းကို ပြင်ဆင်တာကအစ ...

"အမေပဲ လူငှားပြီး လက်ဖက်ရည်ဆိုင်ပုံ ပြင်ဆင်ခိုင်းလိုက်တာပဲ။ ကျွန်တော်တော့ ဘာအိုင်ဒီယာမှ မရှိဘူး။ အခန်းကျယ်ကြီးကြည့်ပြီး ဘယ်ကစရမှန်းတောင် မသိဘူး"

လို့ ရွှေကျေးက ကိုယ်တိုင်ပြောခဲ့တာ။

"အမေပဲ လက်ဖက်ရည်ဆိုင်သုံး စားပွဲ ကုလားထိုင်တွေ၊ မီးဖိုတွေ၊ ရေနွေးကရားကြီး၊ သုံးမဲ့ပန်းကန်ခွက်ယောက်တွေ သွားသွားဝယ်တာပဲ၊ ကျွန်တော် ဘာတွေဝယ်ရမှန်းမသိလို့။ အမေက ပိုက်ဆံတော့ ထုတ်ပေးပါတယ် ကိုယ့်ဘာသာ ဝယ်ချင်ဝယ်တဲ့။ ဒါပေမဲ့ ကျွန်တော် ဘာဝယ်ရမှန်းမသိတာနဲ့ အမေ့ပဲ လွှဲချလိုက်တယ်"

ဆိုသော အမေကိုယ်တိုင်ကိုယ်ကျ ဝင်ပါပြီး ဝယ်ပေးရကြောင်း အားပါးတရ ပြောခဲ့တာ။

"အဖျော်ဆရာ ကောင်းကောင်းရှာရမယ်၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်လုပ်တာတွေတော်တဲ့သူ ရှာရမယ်၊ ပြောတယ်ဗျာ။ ဒုက္ခပါပဲ ဘယ်ကဘယ်လို လိုက်ရှာရမှန်းမသိဘူး၊ ဆိုင်းဆိုင်း သိရင် ကူညီပါဦး"

ဆိုပြီး ဆိုင်းဆိုင်းကိုတောင် အကူအညီတောင်း[illegible] တောင်း လုပ်တတ်သေးတာ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေကျေး အကျင့်က ဘယ်လိုဖြစ်နေလဲဆိုတော့ ကိုယ့်အတွေး၊ ကိုယ့်အကြံ မရှိ။ ကိုယ့်အားကိုယ်ကိုးလိုစိတ်မရှိ။ မိဘရဲ့အကူအညီကို သိပ်ယူလွန်းသည်။ သူနဲ့အနီးကပ် တရင်းတနှီး ပေါင်းသူတွေကို အကူအညီတောင်းဖို့လည်း ဝန်မလေး။ အခုတောင် ဆိုင်းဆိုင်းနဲ့ ခင်တာဖြင့် မကြာသေး ဟိုအကြံပေးခိုင်း၊ ဒီအကြံပေးခိုင်း လာမေးရဲသည်မှာ အတော်အံ့သြဖို့ကောင်းသည်။

ယောက်ျားတစ်ယောက်ဖြစ်ရက်နဲ့ ကိုယ့်ခေါင်းထဲက အကြံဉာဏ်ကိုတော့ မသုံးဘဲ မိန်းကလေးတစ်ယောက်ဆီက အကြံကို ပိုလိုချင်တာမျိုးမို့ ဆိုင်းဆိုင်း စိတ်ထဲမှာ သိပ်သဘော မတွေ့လှပါ။

"ဆိုင်းဆိုင်း"

ရွှေကျေးသည် ဆိုင်းဆိုင်း ငြိမ်သက်လျက် ဘာမှ မပြောဘဲ အဝေးကို မေးထောက်ပြီး ငေးနေတာတွေ့လျှင် ခပ်တိုးတိုး ခေါ်လိုက်သည်။

"ဘာစကားမှလဲ မပြောဘူးနော်"

ဆိုင်းဆိုင်း သူ့ဘက်လှည့်ကြည့်လာတော့ မေးပါသည်။

"ကျွန်တော်ကတော့ ဆိုင်းဆိုင်း ဝမ်းသာမလားဆိုပြီး အမြန် လာပြေးပြောတာ"





"ဆိုင်းဆိုင်းနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်းဆိုင်းပဲ ကျွန်တော့်ကို အလုပ်လုပ်ပါတော့လို့ အကြံပေးလိုက်လို့ ဒီဟာကို စ,လုပ်တာလေ။ ကျွန်တော့်မှာ အလုပ်ရှိသွားရင် ဆိုင်းဆိုင်း ဝမ်းသာမယ် ထင်တာပေါ့"

"ရှင့်မှာ အလုပ်ရှိသွားတာ မှန်ပေမဲ့ အဲဒီအလုပ်က ရှင့်ကိုယ်ပိုင်အရည်အချင်းနဲ့ လုပ်တဲ့ အလုပ် မဟုတ်သလိုပဲ ဆိုင်းဆိုင်း ခံစားရတယ်"

"ဟင် ... ဘာကိုပြောတာလဲ"

ဆိုင်းဆိုင်းသည် သူ့ဟာ အတော်ကို ဒုံးဝေးပြီး အူတူတူ အ,တတလည်း သိပ်နိုင်တယ်ရယ်လို့ ငြိုငြင်စွာတွေးလိုက်မိပြန်သည်။ သူ့ကြည့်လိုက်ရင် အပွအပင် ကင်းမဲ့တာတော့ ဟုတ်ပါရဲ့။ တစ်ဆိတ် ဒုံးဝေးလွန်းသည်။ စကားတစ်ခွန်းဟာ ဘယ်လိုသဘောနဲ့ ပြောလိုက်သလဲ ဆိုတာ ချက်ချင်းအဓိပ္ပာယ် မပေါက်ဘဲ ကိုယ့်ဘာသာလည်းမတွေး။ ပြန်ပြီးမေးလိုက်ဖို့သာ စိတ်ကူးလေသည်။ ဒါနဲ့များ ဘယ်လိုလုပ်ပြီး ဆယ်တန်းအောင်လာလဲ။ ဘယ်လိုလုပ် ဘွဲ့တစ်ခုရအောင် သင်ခဲ့သလဲမသိ။ ဒီလောက် ဦးနှောက်နည်းပြီး စဉ်းစားဆင်ခြင်ဉာဏ် နည်းနေတာ။

ဆိုင်းဆိုင်းက ထိုသို့တွေးသလို ရွှေကျေးဘက်က ကျတော့လည်း တစ်ခါတစ်ရံကျ ဆိုင်းဆိုင်းကို အမြင်ကတ်ချင်



www.burmeseclassic.com

www.burmeseclassic.com



ချင် ဖြစ်ရတာတွေရှိသည်။ စကားကို ဘာအဓိပ္ပာယ်နဲ့ပြောမှန်းမသိ ပြောပြီး သူပြောတာတွေ မသိပြန်ရင်လည်း မသိရကောင်းလားဆိုပြီး ဒီ ပကားနေရင်း စိတ်ကောက် ဒေါသထွက်တတ်၍ပင်။ ရွှေကျေးဘဝမှာ အသေအချာရင်းနှီးပတ်သက်ဖူးသော သူစိမ်းမိန်းကလေးဆိုလို့ ဆိုင်းဆိုင်း တစ်ယောက်ပဲ ရှိလေရာ မိန်းကလေးတွေရဲ့ ဒီ ဘက်က အဲဒီလို လက်တစ်ဆစ်ပဲ ရှိသလား။ စိတ်ကောက်လွယ် စိတ်ဆိုးလွယ်သလား။ စကားကို ဇွဲဝိုက်ပြီး အဓိပ္ပာယ်ရှာမရအောင် ပြောတတ်သလားဟုပင် တွေးကြည့်မိသည်။

"နင်က သိပ်ဒုံးဝေးတာပဲနော်။ တစ်ခုခု ပြောလိုက်ရင် ဘယ်တော့မှ ချက်ချင်းသဘောမပေါက်ဘူး"

ဆိုင်းဆိုင်းက အားမနာစွာ ဝေဖန်ပစ်လိုက်တော့ ရွှေကျေး စိတ်ထဲတင်းသွားပြီး ...

"ဆိုင်းဆိုင်းကလည်း စကားကို တည့်တည့်မှမပြောတာ။ ကျွန်တော်က ဘယ်လိုလုပ် ချက်ချင်းနားလည်မလဲ"

ဟု ပြန်ပြောလိုက်မိသည်။

"ဪ ... တည့်တည့်ပြောပြီး ဝေဖန်ရအောင် နင်နဲ့ငါက ဒီလောက်ထိ ရင်းနှီးလို့လဲ၊ ငါနဲ့ သိပ်မရင်းနှီးတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အားနည်းချက်ကို တည့်တည့်ပြောသင့်ပါ့မလား"





"အခုရော ဘာထူးလို့လဲ၊ ပြောပြီးနေပြီလေ"

"ဘာပြောလို့လဲ"

"သိပ်ဒုံးဝေးတာပဲတဲ့"

"အဲဒီလောက် ပြောတာများ မှတ်ထားရသေးတယ်၊ ဒါဆို နင်နဲ့ စကားမပြောတော့ဘူး။ ပြန်တော့မယ်"

ဆိုင်းဆိုင်း စိတ်ကောက်ပြီး ချက်ချင်းပြန်တော့မလို့ လုပ်လျှင် ရွှေကျေး ပြာသွားတော့သည်။ ဆိုင်းဆိုင်းကို ခဏလေးတွေ့ရပြီ ခွဲရမှာ သူ မလိုလားပြန်ပါ။ သူ့ရင်ထဲမှာ တကယ်ပင် ဆိုင်းဆိုင်းကို တစ်စတစ်စ ချစ်မြတ်နိုးလာမိလေပြီ။ အစကတော့ သူဟာ ကိုယ်နဲ့ပဲ အလှမ်းဝေးသလိုလို ဘာလိုလို ခံစားရပြီး စိတ်ကူးထဲကနေ ဖျောက်ထားနိုင်ခဲ့တာပါပဲ။ ဒါပေမဲ့ သူနဲ့ကိုယ်ဟာ ဖူးစာပဲပါသလားတော့မသိ။ ပြန်ပြီး ဆုံတွေ့ပတ်သက်လာရတာတွေ ရှိလာသောအခါ ရွှေကျေး ရင်ထဲမှာ ပျောက်သွားပြီဖြစ်တဲ့ စွဲလမ်းခြင်းဟာလည်း ပြန်၍ခေါင်းထောင်လာခဲ့ပါသည်။ အခုတော့ ရွှေကျေး ဒီမိန်းကလေးကို တကယ်ချစ်နေမိပါပြီ။

"ဆိုင်းဆိုင်း အဲဒီလို စိတ်မဆိုးနဲ့လေ။ ကျွန်တော်က စ, တာပါ"

"နင် ငါ့လက်ကို မဆွဲနဲ့လေ"

"ဪ ... ဆောရီး ... ဆောရီး ... မေ့လို့။ ဆိုင်းဆိုင်း ထွက်သွားမှာစိုးလို့ပါ၊ မသွားပါနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ စိတ်ညစ်နေတာတော့ မသိဘူး၊ နင်က ပိုစိတ်ညစ်အောင် လာလုပ်နေသလိုပဲ"

"ဘာစိတ်ညစ်လာတာလဲ"

ဆိုင်းဆိုင်း မျက်နှာသုန်မှုန်ပြီး ပြန်ထိုင်မိသည်။ ရွှေကျေးကို သဘောမကျပေမဲ့ ရင်ထဲမှာရှိနေတဲ့ မွန်းကျပ်မှုတွေကိုတော့ သူ့ကိုပဲ ရင်ဖွင့်ပြောချင်သည်။ အခုချိန်မှာ ဆိုင်းဆိုင်းကို နားအလည်ဆုံးဆိုလို့ ရွှေကျေး တစ်ယောက်ပဲရှိတာဖြစ်သည်။

အမေကလည်း ဆိုင်းဆိုင်းကို ယုံကြည်မှုမရှိတော့။ အဖေကလည်း တဆူဆူ တပူပူ လုပ်သည်မှာ ရွှေကျေးနဲ့အကြောင်း သိလို့တော့ မဟုတ်ပါ။

"ဒီလောက်အောင်မြင်ပြီး အလုပ်ရှင်က အရေးပေးခံထားရတဲ့ အလုပ်ကနေ ဘာကြောင့် ပြောင်းပစ်သလဲ ငါ စဉ်းစားလို့ကို မရဘူး။ အလုပ်ထဲမှာ မတည့်တဲ့သူ ရှိလို့ ဆိုတဲ့ ဆင်ခြေကို ငါ တယ်,မကြိုက်ဘူး။ ဘယ်နေရာမဆို စင်းလုံးချော အဆင်ပြေနေတဲ့ နေရာမှမရှိတာ။ ကိုယ့်တက်လမ်းအတွက် ဒီလောက်တော့ သည်းခံနိုင်ရမှာပေါ့"

ဆိုပြီး ဆိုင်းဆိုင်း အလုပ်ထွက်ပစ်သည့် ကိစ္စကို မကျေနပ်ဘဲ နေ့ ဆူပူပြောဆိုသည်။ အဖေနဲ့ မျက်နှာချင်းဆိုင်မိလိုက်တာနဲ့ အဲဒီလို အပြစ်တင် ဆူပူတာကိုပဲ ကြားရသဖြင့် အဖေနဲ့ပင် မဆုံအောင် ရှောင်နေမိပါသည်။





ထို့အတူ အစ်မ ညိုရီသွယ်ကလည်း အမေ့ဆီက တစ်စွန်းတစ်စ သိထား၍ ဆိုင်းဆိုင်းကို တွေ့လိုက်တာနဲ့ မသင်္ကာသလိုကြည့်ကာ ...

"ကိုယ့်ဣန္ဒြေ ကိုယ်ထိန်းပါ ဆိုင်းဆိုင်းရယ်။ မိန်းကလေးဆိုတာ အဖိုးတန်အောင်နေမှ လိုချင်သူ ဝိုင်းဝိုင်းလည်တာ"

ဘာညာနဲ့ ပြောတတ်သေးတာမို့ အစ်မလည်း အစ်မမို့ ယုံကြည်စိတ်ချစွာ မတိုင်ပင်ရဲ။ မပြောရဲ။ အရင်တည်းကလည်း ညီအစ်မရင်းပေမဲ့ သီးသန့်ဆန်ဆန် နေခဲ့တာမို့ ဘာမှသူ့ရှေ့မှာ မညည်းညူရဲ။

တစ်ဦးတည်းရှိခဲ့သော သူငယ်ချင်း ဖူးပွင့် ဆိုတာက အခုဆို လုံးဝအဆက်အသွယ် ပြတ်သလောက်နီးပါးပင် ရှိနေပြီ။ အရင်တည်းကလည်း သူငယ်ချင်းသာ ဆိုပေမဲ့ ကျိတ်ပြိုင်ဆိုင်၊ ကျိတ်မနာလိုရင်းကပဲ ဟန်ဆောင်ပေါင်းနေသော သူငယ်ချင်းမျိုးဖြစ်ခဲ့လေရာ အခုကျတော့ ဖူးပွင့်ကပဲ တမင်အကွက်ဆင် ဒုက္ခပေးခဲ့သလားဆိုတဲ့ သံသယကလည်း ဝင်နေလေပြီ။ ဒီလိုဖြစ်အောင် လုပ်မဲ့သူဆိုလို့ ဖူးပွင့်ကလွဲရင် ဘယ်သူမှ မဖြစ်နိုင်ဘူးဆိုတာလဲ ယုံရမလိုဖြစ်နေပြီမို့ ဖူးပွင့်ကိုဆို ရင်တောင် ရင်မဆိုင်ချင်တော့။

ဆိုင်းဆိုင်းမှာ လောလောဆယ် အရင်းနှီးဆုံးလူမှာ ရွှေကျေးတစ်ယောက်သာ ရှိနေသော အဖြစ်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပါ ... ဆိုင်းဆိုင်း စိတ်ညစ်လာတာ မသိလို့ ကျွန်တော်က ကျွန်တော့်အကြောင်းတွေ အရင်စိတ်လောပြီး ပြောမိတာပါ"

"လက်ဖက်ရည်ဆိုင်ဖွင့်တာ ဟုတ်ပါပြီ၊ စီးပွားရေးစ,လုပ်တာလည်း ဟုတ်ပါပြီ၊ ဒါပေမဲ့ အခုလိုမျိုး အဖေအမေတွေကပဲ ငွေအားရော လူအားပါ ဝိုင်းကူညီပေးရပြီး ထူထောင်ပေးရတဲ့ အလုပ်ထဲမှာ ရွှေကျေးရဲ့စိတ်ကူး ဘယ်နှစ်ခုပါလို့လဲ။ ရွှေကျေး ကိုယ်တိုင် ထ,လုပ်လိုက်တယ်ဆိုတာ ဘာရှိလို့လဲ။ ဒါကြောင့် ဆိုင်းဆိုင်း သိပ်ဝမ်းမသာတာပေါ့။ ရွှေကျေးက ကျွန်တော့်ဆိုင်လို့ ပြောပေမဲ့ တကယ်တော့ ရွှေကျေး မိဘတွေကူညီဖွင့်ပေးရတဲ့ဆိုင် ဖြစ်နေပြီနော်။ ဆိုင်းဆိုင်း ဖြစ်စေချင်တာက မိဘက ပိုက်ဆံထုတ်ပေးလိုက်ရုံပဲ။ ရွှေကျေးကပဲ ကိုယ်တိုင် အခန်းပြင်ဆင်၊ လိုတာတွေဝယ်၊ အလုပ်သမားရှာ အဲဒါမျိုး အားကြိုးမာန်တက်လုပ်စေချင်တာလေ။ အခုတော့ ရွှေကျေးဆီက ကြားလိုက်ရရင် အဖေလုပ်ပေးတယ်၊ အမေလုပ်ပေးတယ်၊ အဖေကလိုက်ရှာပေးတယ်၊ အမေက သွားပြောပေးတယ်နဲ့ ဘာတစ်ခုမှ ကိုယ့်အစွမ်းအစ မပါဘူး။ ဒါကြောင့် ဆိုင်းဆိုင်း အဲဒီဆိုင်ကို စိတ်ကိုမဝင်စားဘူး"





ရွှေကျေးမှာ ဆိုင်းဆိုင်းထံမှ ထိုသို့ ချက်ကျလက်ကျပြောပြီး ဝေဖန်လိုက်တာ ကြားရလျှင် အံ့သြသွားပါသည်။ သူကိုယ်တိုင်တောင် မတွေးမိသော အကြောင်းအရာတွေ၊ အမှုမဲ့ အမှတ်မဲ့ နေလိုက်မှုတွေကို ဆိုင်းဆိုင်းက အသေအချာကို မှတ်သားထားပြီး ဝေဖန်နေတာပါလား။ ဆိုင်းဆိုင်းက အဲဒီလို ဖြစ်စေချင်သတဲ့လား။ ရွှေကျေးကတော့ မသိ။ ဆိုင်ဖွင့်ရင် ဆိုင်ရှင်ကြီးတာဝန်ကို အပုလေးနဲ့ခွဲယူကာ ငွေသိမ်းကောင်တာမှာ မိန့်မိန့်ကြီး ထိုင်မည်ဆိုတာလောက်သာ တွေးထားမိသည်။

"အခုမှ ကိုယ့်ဘာသာ အားလုံးအသစ်ပြန်စဖို့ မဖြစ်နိုင်တော့ဘူးလေ။ အဖေနဲ့ အမေက လုပ်ပေးပြီးနေပြီ။ အဲဒီလို ဖြစ်စေချင်ရင် အစက ပြောပါလား ဆိုင်းဆိုင်းရာ"

"ပြောမှ သိရမှာလား ရွှေကျေးရယ်။ စဉ်းစားကြည့်ရင်ရပါတယ်၊ ငါ့မိဘက ပိုက်ဆံအသင့်ထုတ်ပေးလိုက်ပြီးပြီ။ ငါ ကိုယ့်ဘာသာ လုပ်ရမယ်ဆိုတဲ့စိတ် မွေးပါလို့ ပြောဖို့လိုလို့လား၊ ကိုယ့်ဘာသာ သိသင့်တာပေါ့"

"ဒါဖြင့် ကျွန်တော် ဘာလုပ်ရမှန်းတောင် မသိတော့ဘူး"

"အခုမှတော့ မသိတော့ဘူး အော်နေလည်း ဘာမှလုပ်လို့မရတော့ဘူး။ မိဘပိုက်ဆံရင်းနှီးထားရတာ မနည်းဘူးဆိုတော့ အဲဒါကိုပဲ ပိုပြီးတိုးတက်အောင်မြင်အောင် ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အစွမ်းအစနဲ့ကိုယ် လုပ်တော့နော်။ အဖေက လုပ်ပေးလိုက်တယ်၊ အမေက လုပ်ပေးလိုက်တယ်တွေ ဆိုင်းဆိုင်း ထပ်မကြားချင်တော့ဘူး၊ ဒါနဲ့ အပုလေးကရော ဒီဆိုင်မှာ ရှယ်ယာဘယ်လောက်ပါလို့လဲ"

"သူက ၂၅ % ပဲပါတယ်၊ ကျွန်တော်က များတယ်"

"အဲဒါကို တိတိကျကျဖြစ်အောင် ခုတည်းက ရှင်းထားဦးနော်။ တော်ကြာ လုပ်ငန်းအောင်မြင်လာမှ အရှုပ်အရှင်းတွေ ဖြစ်လာဦးမယ်"

"ကျွန်တော်တို့ သူငယ်ချင်းတွေကြားမှာ မလိုပါဘူး"

"အံမယ် ... အံမယ် ... သိပ်ယုံမနေပါနဲ့။ သိပ်လည်း သူငယ်ချင်း သိတတ်မနေပါနဲ့။ လူ့စိတ်ဆိုတာ ပြောလို့ရတာမဟုတ်ဘူး"

ရွှေကျေး အဲဒါတော့ မကျေနပ်သလို ဖြစ်မိသဖြင့် မျက်မှောင်ကြီးကြုတ်မိလေသည်။

"သူ့သူငယ်ချင်းထိရင် မကြိုက်ဘူး"

"ကျွန်တော်တို့က သူငယ်တန်းထဲက ပေါင်းလာတာ၊ ပြီးတော့ တစ်ရပ်ကွက်တည်း နေလာတာ"

"ဒါဖြင့် ဆိုင်းဆိုင်းနဲ့ သူငယ်ချင်းနဲ့ယှဉ်ရင် ဘယ်သူ့အပေါ်ပိုလည်း ပြော"





ဆိုင်းဆိုင်း ပြုံးစိစိလုပ်ပြီး မေးလာလျှင် ရွှေကျေး ရင်တောင်ခုန်လာသည်။ ဆိုင်းဆိုင်းက ဘယ်လိုမိန်းကလေးမှန်းတော့ မသိ။ အတော့်ကို ပဟေဠိဆန်လေသည်။ တော်ကြာ စိတ်ကြည်လာလိုက်၊ တော်ကြာ စိတ်ဆိုး စိတ်ကောက်လိုက်။ ပြီးတော့ အမူအရာတွေကလည်း တစ်ခါတလေကျ ရွှေကျေးအပေါ် ချိုသာပြီး တရင်းတနှီး ရှိတတ်သလို တစ်ခါတလေကျ သူစိမ်းဆန်တတ်ပြန်တာလည်း သူမလောက်မရှိ။ အတော့်ကို မှန်းရခက်တဲ့ မိန်းကလေးတည်း။

"ဒါက ဘာမှမဆိုင်ဘူး"

"ဆိုင်တာပေါ့၊ တစ်ဖက်ကိုပဲ ရွေးရမဲ့အခြေအနေမျိုး ကြုံလာရင် ရွေးရတော့မယ်"

"တခြားစီပါ ဆိုင်းဆိုင်းရယ်။ ကတ်သီးကတ်သတ်တွေ မမေးပါနဲ့ဗျာ။ ကျွန်တော် ရူးသွားလိမ့်မယ်"

"နင့်မှာ အရူးသွေး ပါလို့လား"

"မပါပါဘူး"

"ဒါဖြင့် အလကားနေရင်းတော့ လူတစ်ယောက်ဟာ မေးခွန်းတွေကြောင့် မရူးသွားဘူး စိတ်ချ။ အရင်တည်းက အရူးသွေးပါတဲ့ ဗီဇမျိုးရိုး ရှိရင်သာ ဘာမဟုတ်တာလေးကို ရူးချင်ရူးသွားတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်းဆိုင်းပဲ ခုန စိတ်ညစ်လာတယ်ဆို"

"အမယ် ... သူ့ကို မေးမှာစိုးတာနဲ့ ချက်ချင်းစကားလွှဲပစ်လာတယ်"

"စကားမလွှဲပါဘူး၊ ကျွန်တော်ကတော့ ဆိုင်းဆိုင်း စိတ်ညစ်နေရတယ်ဆိုပြီး သနားနေတာ။ ဒါကြောင့် စိတ်ညစ်ပြေရာပြေကြောင်း ကျွန်တော့်ကို ပြောမယ်ထင်လို့ နားထောင်ပေးချင်လို့"

"မနက်က အလုပ်လာတော့ အရင်ရုံးကလေ ဒေါ်မိုးမြတ်နွယ်ရုံးက အသိမိတ်ဆွေတစ်ယောက်နဲ့ လမ်းမှာတွေ့တယ်၊ သူ့ဆီက သတင်းကြားရလို့ စိတ်ထဲမှာ ဒေါသလည်းဖြစ်တယ်။ စိတ်လည်းညစ်မိတယ်"

"ဘာသတင်းလဲ"

"ဆိုင်းဆိုင်း ထွက်သွားတော့ P/ လုပ်မဲ့နေရာမှာ ဖူးပွင့်ကိုပဲထားဖို့များနေပြီတဲ့။ အလုပ်ထဲမှာ လူငယ်ပြီး ဆိုင်းဆိုင်းလိုပဲ တော်တဲ့ ကျွမ်းကျင်တဲ့ ဝန်ထမ်းဆိုလို့ ဖူးပွင့်ပဲ ရှိတာတဲ့၊ ဒါကြောင့် ဖူးပွင့်ပဲ promotion ရမယ်တဲ့။ ဒေါ်မိုးမြတ်နွယ် နိုင်ငံခြားသွားပြီး ပြန်လာရင် စ,လုပ်ရမယ်တဲ့ ပြောပြလိုက်တယ်"

"နိုင်ငံခြားကိုတော့ မဖူးပွင့် မပါဘူး မဟုတ်လား"





"မပါပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒေါ်မိုးမြတ်နွယ် ကိုယ်တိုင်က ဆိုင်းဆိုင်းကို ပြောဖူးပြီးသားလေ။ သူက အပျိုကြီးဆိုတော့ ယောက်ျားကိစ္စ အရှုပ်အရှင်းမရှိတဲ့ မိန်းကလေးမျိုးကိုပဲ ခရီးသွားဖို့ ခေါ်ချင်တာတဲ့။ ဖူးပွင့်ကတော့ ရည်းစားများတယ်လေ၊ သူက ဒါကို သိပ်မကြိုက်ဘူးတဲ့"

ဆိုင်းဆိုင်းလည်း ရွှေကျေးကို ပြောပြလိုက်ရ၍ ရင်ထဲမှာ နည်းနည်းတော့ သက်သာသွားပါသည်။ ဒီအကြောင်းကို ရွှေကျေးကလွဲရင် ဘယ်သူ့ကိုမှလဲ ပြောပြပြီး မကျေနပ်တာကို ပြလို့မရတာမို့ နားထောင်ပေးသော ရွှေကျေး ရှိနေတာပင် ကျေးဇူးတင်ရမလိုလို။ အောင့်အည်းမျိုသိပ်ထားရတာထက် ဖွင့်ပြောဖော်ထုတ်ပစ်လိုက်ရတာက ပိုပြီး ရင်ထဲမှာ နေသာတတ်တဲ့ ဆိုင်းဆိုင်း အတွက် ရွှေကျေးရှိဖို့ကို လိုအပ်နေပါသည်။

စကားတွေ ထိုင်ပြောကြပြီးနောက် လမ်းခွဲပြီး အိမ်ပြန်ဖို့ပြင်လျှင် ရွှေကျေးက ဒီနေ့တော့ အရဲစွန့်ပြီး ...

"ဆိုင်းဆိုင်း ကျွန်တော့်ဆိုင်ကယ်နောက်က လိုက်စီးပါလား။ အိမ်နားထိ ပို့ပေးမယ်လေ"

ဟု အရေးဆိုမိသည်။

ဆိုင်းဆိုင်းက ရွှေကျေးကို ခေါင်းခါပြရင်း ...

"ဘတ်စ်နဲ့ပဲ ပြန်မယ်"



www.burmeseclassic.com

www.burmeseclassic.com




လို့ တစ်ခွန်းသာ ငြင်းသောအခါ သတ္တိခဲရွှေကျေးဟာ ထပ်ပြီးမခေါ်ရဲပါ။ ဆိုင်းဆိုင်းနဲ့အတူ ဘတ်စ်ကားလိုက်စောင့်ပေး၊ ဆိုင်းဆိုင်း စီးရမဲ့ဘတ်စ်လာမှ ဆိုင်းဆိုင်းလည်းကားပေါ်ပါသွားမှ သူလည်း သူ့ဆိုင်ကယ်ပေါ်တက်ကာ စက်နှိုးပြီးပြန်။ ဒီလိုနဲ့ပဲ ရွှေကျေးက တစ်လှမ်းလောက် တိုးကြည့်ချင်တာ မတိုးရဲ၊ မလှမ်းရဲဘဲ တစ်ရက်ကုန်ရပြန်လေသည်။

❦ ❋ ❦







# အပိုင်း(၃)

www.burmeseclassic.com

# နံပါတ် ၁၂ သွားရှိ

"လာပြီ ... လာပြီ ... ရွှေကျေး ကောင်မလေး လာပြီ အန်တီ"

မှန်ကြောင် ပြုံးပြုံးပျာပျာဖြင့် ပြေးလာပြီးပြောလျှင် အမေသည် အကောင်းဆုံးဖြစ်မည်ထင်သော အပြုံးကို ဆင်မြန်းကာ စောင့်ကြိုနေလိုက်တာ တွေ့ရသည်။ အမေ ထိုသို့အဖြစ်သည်းကာ အရေးတယူ ရှိနေတာတွေ့ရလျှင် ရွှေကျေး ရင်မောသွားသည်။

မနေ့ကတင် ရွှေကျေးနဲ့ဆုံတော့ ...

"ရွှေကျေးအမေကို အမှန်အတိုင်း ပြောထားနော်၊ ဆိုင်းဆိုင်းနဲ့ရွှေကျေး ဘာမှမဆိုင်ဘူး။ သူငယ်ချင်းတွေ မိတ်ဆွေတွေမို့လို့ ဆိုင်ဖွင့်ပွဲကို လာအားပေးတယ်လို့ပဲ ထင်စေချင်တယ်"





ဟု ဆိုင်းဆိုင်း ထပ်ပြီး သတိပေးခဲ့သေးလေသည်။

ရွှေကျေးလည်း ဒီဘက်မိသားစုထဲမှာ သတင်းကြီးနေတာတွေကို ရင်မောပြီး ကတိကိုသာ ခွတ်ပေးလိုက်ရသည်။ တကယ်တော့ သူ့ကတိ တည်ချင်မှတည်ပါမည်။ အဖေတို့ အမေတို့တင်မက သူငယ်ချင်းတွေကပါ ဆိုင်းဆိုင်းသည် ရွှေကျေးကောင်မလေးလို့ သူတို့ အလိုလိုသတ်မှတ်ပြီးနေကြလေပြီ။

"သိပ်ထက်မြက်တဲ့ မိန်းကလေး ဖြစ်မယ်ထင်တယ်။ ငါ့သားလိုကောင်ကို အလုပ်အကိုင်ထဲ စိတ်ဝင်စားပြီး စိတ်ပါလာအောင် ပြောနိုင်တယ်ကွ"

အဖေကလည်း ရွှေကျေး အလုပ်ထဲ စိတ်ဝင်စားလှတာကိုကြည့်ပြီး ဆိုင်းဆိုင်းကြောင့် ကောင်မလေးကြောင့်နဲ့ ကြုံရာလူကို ပြောပြနေတတ်ခဲ့သည်။

ဆိုင်းဆိုင်းသည် အဖြူခပ်ညစ်ညစ် အရောင်အသားခပ်ကြေကြေ ပိတ်သားဘလောက်(စ)နှင့် (အဲဒီအကျီမှာ ရှပ်အကျီပုံ ကော်လံကြီးကြီးတွေပါပြီး ဆိုင်းဆိုင်းနဲ့ သိပ်လိုက်လှသည်လို့ ထင်ပါသည်) မက်ဆီကန်စကတ် ပုံစံအဆင်မျိုးစုံကို ဘေစ်လွှာ စိချုပ်ထားသော စကတ်ရှည်ကို ဝတ်ထားသည်။ စကတ်က အရောင်တောက်တောက်တော့ မဟုတ်ဘဲ အရောင်ဖျော့လေးတွေသာ ဆက်စပ်ထားသဖြင့် အမြင်မရိုင်းပါ။ လွယ်နေ့ရှိသားရေ

www.burmeseclassic.com



အိတ်ခပ်ကြီးကြီး အနက်ရောင်လေးလွယ်လာကာ ကနုကမာရောင်နားကွင်းကြီးကြီး ပါးပါးလေးနဲ့ ဘယ်လိုချစ်စရာကောင်းမှန်း မသိသော ဆိုင်းဆိုင်း ဝင်လာလျှင် လူတော်တော်များများရဲ့အကြည့်တွေက သူမဆီ စုပြုံရောက်ရှိသွားပါသည်။

အထူးသဖြင့် ရွှေကျေးတို့မိသားစုရဲ့ မျက်ဝန်းတွေသည် ဆိုင်းဆိုင်းကို တစိုက်မတ်မတ် ငေးကြည့်နေသည်မှာ မျက်တောင်ခတ်ရဲ့လားလို့ပင် ပြန်မေးယူရတဲ့အထိ ဖြစ်ပါလိမ့်မည်။

"ဟော့ကောင် ... ရွှေကျေး၊ မင်းအရင်စပြီး နှုတ်ဆက်လေ၊ ဒါမှ ဖြစ်မှာပေါ့"

အပုလေးက ရွှေကျေး ရှက်သလိုလို၊ အူကြောင်ကြောင်လိုလို ပုံစံဖြင့် ထိုင်ငေးနေတာမို့ ဘေးကနေတွန်းထိုး၊ တွန်းပို့ပြီး သတိပေးလိုက်တော့မှ ရွှေကျေးလည်း အင်း ... အဲ တွေစဖြစ်လာသည်။

အမှန်တော့ ရွှေကျေး ရှက်နေတာလည်းပါသည်။ ကိုယ့်မိဘတွေရော၊ မိတ်ဆွေအပေါင်းအသင်းတွေရော ဝိုင်းကြည့်နေချိန်မှာ ကိုယ်က ဇာတ်လိုက်မင်းသားလိုလိုပုံစံနဲ့ မင်းသမီးကို သွားတွဲခေါ်ရမဲ့ပုံမျိုးဟုတွေးပြီး ကြဲဖန်ရှက်နေ၍ဖြစ်ပါသည်။

ရွှေကျေး မျက်နှာကြီး မအီမလည်ဖြင့် ဆိုင်းဆိုင်းဆီ မျက်နှာချင်းဆိုင် လျှောက်လာလိုက်ပြီး ...





"လာ ... လာ ... ဆိုင်းဆိုင်း၊ ကျွန်တော် ဒီမှာ"

လို့ ကြိုဆိုလိုက်တာကို ဆိုင်းဆိုင်း တွေ့လျှင်တွေ့ချင်း ...

"နင့်မျက်နှာက ဘာဖြစ်နေတာလဲ"

ဟု ချက်ချင်း သတိထားမိပြီး မေးတော့သည်။

"ဘာမှမဖြစ်ပါဘူး"

"ဘာမှသာ မဖြစ်တယ် ရှက်သလို ကြောက်သလိုလိုကြီးနဲ့။ ဆိုင်ဖွင့်ရလို့ ပျော်ရွှင်နေတဲ့ ဆိုင်ရှင်ရုပ်မပေါက်ဘဲ အခုမှ အလုပ်စလုပ်ခါစ စားပွဲထိုးဖို့ ရှက်ကိုး ရှက်ကန်းဖြစ်တဲ့ ပုံစံမျိုးလေ"

"အားလုံးဝိုင်းကြည့်နေလို့ပါ"

"ဘယ်သူတွေလဲ"

"ဟိုစားပွဲမှာ ထိုင်နေကြတာတွေ"

ဆိုင်းဆိုင်း ဘေးဘက်လှည့်ကြည့်လိုက်တော့မှ သူမထံဝိုင်းပြီး ပြုံးပြီးကြည့်နေကြသော မျက်လုံးပေါင်းများစွာကို လက်ခံဆုံတွေ့လိုက်ရပါသည်။ ရိုးရိုးသာမန် ပြုံးရယ်ပြခြင်းမျိုး မဟုတ်ဘဲ အဆင်သင့် ပြင်ဆင်ထားသော အပြုံးကြီးတွေမှန်း သိသာလှတာမို့ ဆိုင်းဆိုင်းပင် အနေခက်သွားပါသည်။

"ကျွန်တော့်အဖေ အမေနဲ့ သူငယ်ချင်းသုံးယောက်။ ဟိုဘက်စားပွဲကတော့ ဦးလေး၊ အဒေါ်နဲ့ ဝမ်းကွဲတွေ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာတွေ လျှောက်ကြွားထားလဲ"

"မကြွားပါဘူး"

"ငါ့ကို နင့်ကောင်မလေးလို့ ကြွားထားပုံပဲ"

"မကြွားထားပါဘူး၊ ကျွန်တော့်ဆီ မိန်းကလေးမိတ်ဆွေ မလာစဖူး လာလို့ ဝိုင်းကြည့်ကြတာပါ"

ဆိုင်းဆိုင်းက သူ့ စိတ်ကောင်း ဝင်နေရင်တော့ ရွှေကျေးတို့၊ ဆိုင်းဆိုင်းတို့ သုံးတတ်ပေမဲ့ သူ့ စိတ်မကြည်ရင်၊ စိတ်တိုင်းမကျရင်တော့ နင်တွေ၊ ငါတွေ သုံးလာသုံး၊ ရှင်နဲ့ကျွန်မ ပြောလိုပြောနှင့် အပြောင်းအလဲက မြန်လှတာကို ရွှေကျေးက တော့ နေသားကျနေလေပြီ။

ဆိုင်းဆိုင်းက ရွှေကျေးကိုသာ ဗိုလ်ကျပြီး မာန်မဲ လာပေမဲ့ အဖေနဲ့အမေ စားပွဲနားလည်းရောက်ရော ချက်ချင်း မျက်နှာအမူအရာက ပြုံးချိုလင်းလက်သွားကာ ...

"ဆိုင်းဆိုင်း အိမ်မှာ လုပ်စရာလေးတွေ ရှိတာနဲ့ လာတာ နောက်ကျသွားတယ်။ ခွင့်လွှတ်ပါနော်"

လို့ ယဉ်ကျေးဖော်ရွေစွာ စပြီးပြောပါသည်။

ရွှေကျေးရဲ့အမေ ဆိုတာဟာ သဘောကျရလွန်း၊ ချစ်ရလွန်းလို့ မျက်နှာမှာ ပြုံးနေသည်မှာ ပါးစပ်ပင် ပြန်မစေ့ တော့။ အမေတော့ ပြုံးမှ ပါးကြောတွေ ညောင်းလိုက်တာလို့ ညည်းညူနေလိမ့်မယ်။





"ရပါတယ်ကွယ်၊ ထိုင်ပါ ... ထိုင်ပါ၊ သမီး လာမယ်ဆို လို့ မျှော်နေကြတာ"

အဖေက အမေ့လျော့ စကားတစ်ခွန်းမှပင် မပြော နိုင်ဘဲ မတော်ရသေးသော ချွေးမလောင်းကို ချစ်ခင်နှစ်သက် သဘောအကျကြီး ကျနေတာတွေ့လျှင် သူပဲ စကားစလိုက်သည်။

"အဲဒါကြောင့် ပြောပါတယ် ရွှေကျေးကို။ ကြိုပြောမထားနဲ့ လို့လေ။ ဆိုင်းဆိုင်းက အလုပ်နားရက်ကျမှ တစ်ပတ်စာ အဝတ်တွေလျှော်တာ၊ ခြောက်ရင် မီးပူတိုက်တာတွေစုပြီး လုပ်ရတော့ တစ်နေရာရာ ထွက်ဖို့ဆိုရင် မှန်းထားတဲ့အချိန် ထက် နောက်ကျပြီးမှ ထွက်ရတတ်တယ်လို့၊ ရွှေကျေးက နာရီအတိအကျ လျှောက်ပြောထားတယ်လား"

အခုကျတော့လည်း ရွှေကျေးကို မျက်နှာသာမပေး ဘဲ မာန်မဲနေသော ဆိုင်းဆိုင်း မဟုတ်တော့တဲ့အတိုင်း မျက်နှာ လေး ချိုသာကြည်မြစွာ ပြန်မေးသည်မှာ တကယ့်ကို ချစ်စရိုး အမူအရာလေးနဲ့ ဖြစ်လေသည်။ ရွှေကျေးရဲ့ နှလုံးသားတွေထဲ မှာ အရည်တစ်မျိုးစီ စီးဆင်းလာသလိုပဲ တစိမ့်စိမ့် ခံစားလိုက် ရစေသော အမူအရာလေးပဲ ဖြစ်ပါသည်။

"ဆိုင်ကို နေ့လယ်တစ်နာရီ ဖွင့်မယ်ဆိုတော့ အဲဒီအချိန် လောက် လာမယ်ထင်နေတာ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဆိုင်းဆိုင်းလည်း လာမလို့ပါပဲ၊ မအားလို့ပါ အန်တီ"

"မနက်ကတော့ ဘုန်းကြီးငါးပါးပင့်ပြီး အရုဏ်ဆွမ်းကပ်တယ်လေ၊ ဆိုင်အတွက် အန္တရာယ်ကင်းပရိတ်တွေ ဘာတွေ ရွတ်ကြတယ်၊ သမီး ဝယ်ပေးလိုက်တဲ့ စပျစ်သီးအကြီးကြီးတွေ ဘုန်းကြီးအချို့ပွဲ ကပ်လိုက်တယ်"

"ဟုတ်ကဲ့ပါရှင်၊ ကြားရတာ ဝမ်းသာပါတယ်၊ ဆိုင်းဆိုင်းလည်း အလှူထဲ ကုသိုလ်ဝင်ယူခွင့် ရသွားတာပေါ့"

"စပျစ်သီးတွေက အကြီးကြီးနော်။ အဲဒါမျိုး ဈေးမနည်းဘူး၊ City Mart မှာ တွေ့တယ်၊ တစ်ကီလိုကို ရှစ်ထောင်လောက်ရှိတာ၊ ဘာလို့ဝယ်လာလဲ သမီးရယ်၊ ဈေးသိပ်ကြီးတာကွယ်၊ သမီးက လခစားလုပ်တာဆိုတော့ ဝင်ငွေကို တိုင်းထွာသုံးနေရတာလေ"

"ရပါတယ် အန်တီ၊ တစ်ခါတလေ ဝယ်တာမို့ ကိစ္စမရှိပါဘူး"

"ဟဲ့ ... သား၊ ဒီတိုင်း ထိုင်မနေနဲ့လေ။ သမီးလေးအတွက် တစ်ခုခု စီစဉ်ပေးဦး"

"ဟာ ... ဟော့ကောင် ရွှေကျေး၊ နေပါ ... နေပါ ... မင်း ထိုင်နေပါ။ ငါ ယူလာခဲ့ပါ့မယ်။ မဆိုင်းဆိုင်း ဘာသောက်မလဲ၊ ကော်ဖီလား လက်ဖက်ရည်လား"





"လက်ဖက်ရည်သောက်မယ်နော်။ လက်ဖက်ရည်ဆိုင်ဖွင့်တာဆိုတော့ ဆိုင်တစ်ဆိုင်ရဲ့ အဓိက အသက်က လက်ဖက်ရည်ကောင်းဖို့ပဲလို့ ထင်တာနဲ့ လက်ဖက်ရည်ကိုမြည်းကြည့်မယ်"

"မုန့်ရော"

"မစားတော့ပါဘူး"

"စားပါ မဆိုင်းဆိုင်းရဲ့"

ဆိုင်းဆိုင်းသည် ဖော်ဖော်ရွေရွေ စကားပြောနေသော ရွှေကျေး သူငယ်ချင်းကို ဘယ်သူမှန်း နာမည်မသိပါ။ သို့သော် အားလုံးထဲမှာ ပုညှက်ညှက်လေး ဖြစ်နေသဖြင့် ဒါ ရွှေကျေးပြောပြောနေတဲ့ အပုလေး(ခေါ်)မာန်ထက် ဆိုတာဖြစ်မည်ဟု စဉ်းစားနေတုန်း ...

"ကျွန်တော်က မာန်ထက်ပါ"

လို့ သူ့ကိုယ်သူပါ မိတ်ဆက်လိုက်သော ကောင်လေးဟာ ရွှေကျေးရဲ့ စီးပွားရေးပါတနာပဲဟု သတိရလိုက်ပါသည်။

"ရွှေကျေးကလည်း နှုတ်နည်းနေပြန်ပြီကွာ သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးလိုက်ဦးလေ သားရဲ့။ အဟင်း ... သားမှာ ဒီသူငယ်ချင်းတွေပဲ ရှိတာလေ၊ သူငယ်တန်းထဲက တွဲလာတဲ့သူတွေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ခွေးကျေး အမေက အသံတိတ်လှသော ခွေးကျေးကို အားမရဖြစ်ပြီး လှမ်းပြောလာသည်။

“ဆိုင်းဆိုင်း ... ဒီကောင်က မုန်ကြောင်၊ ဒီကောင်က အာပြဲခြောက်ပဲ”

“ဟော့ကောင် ... တယ်၊ ငါ အုပ်ထည့်လိုက်ရ၊ နာမည်ရင်းပြောပါကွာ”

အာပြဲခြောက် ရှက်ကိုးရှက်ကန်းလိုလိုဖြစ်ပြီး ခွေးကျေးကို တစ်ချက်စကော်ပိုးအုပ်တော့မလို လက်ရွယ်လိုက်ပါသည်။

“အဲဒီ့နာမည်လောက် ဘယ်နာမည်ကများ ပိုကောင်းလို့လဲ”

“အံမာကွာ၊ မင်းကိုယ်မင်းတော့ ကျွန်တော် အပုလေးပါလို့ ဘာလို့ထည့်မပြောဘဲ ကျွန်တော် မာန်ထက်ပါတွေ ဘာတွေလုပ်နေတယ်၊ မင်းနာမည်ရင်း မာန်ထက် ဆိုတာ ငါတို့မေ့တောင် မေ့နေပြီ ဟား ဟား”

“ဆိုင်းဆိုင်း သိပါတယ်၊ အာပြဲခြောက်က ချစ်ကိုကို၊ မုန်ကြောင်က ရဲဇော်ပါ။ ခွေးကျေး တစ်ခါပြောပြထားဖူးလို့ မှတ်မိနေပါတယ်ရှင်၊ စိတ်မပူပါနဲ့ ဆိုင်းဆိုင်းကတော့ နာမည်ရင်းပဲ ခေါ်မှာပါ”

“ဆိုင်းဆိုင်း ဒီကောင်တွေကို မျက်နှာသာမပေးနဲ့”

ခွေးကျေးမှာ ဆိုင်းဆိုင်းက ဟိုကောင်တွေအပေါ် အရေးတယူ စကားပြောနေတာမြင်တော့ မနှာလိုတိုရှည်ဖြစ်ပြီး





ဝင်ဟန့်လေသည်။ ဒါပေမဲ့ သူ့ရင်ထဲမှာ အတော့်ကိုပျော်ပြီး ကုလားဘုရားပွဲလှည့်သလို သံစုံတီးနေပါသည်။ ဆိုင်းဆိုင်းဟာ သူ့ချစ်သူ မဟုတ်ရပေမဲ့ ဒီပတ်ဝန်းကျင်က အားလုံးရဲ့အမြင်မှာ သူ့ကောင်မလေး သူ့ရည်းစား၊ သူ့ကိုလွှမ်းမိုးချုပ်ကိုင်နိုင်သူ အဖြစ် အမြင်ခံရတာကို ပီတိဖြစ်နေသည်။ အားလုံးက အားကျကာ အရေးတယူ စောင့်ကြည့်ခံရတဲ့ သူ့အဖြစ်သူ အိပ်မက်,မက်နေသည်လို့တောင် ထင်မိသည်။ အိပ်မက်ဆိုတာဟာ အိပ်ရာကနိုးထတဲ့အခါ ပျောက်ပျက်သွားရမှာပဲမို့ အိပ်မက်ကတောင် မနိုးချင်တော့ပါ။

ကြည့်ရင်း ... ကြည့်ရင်းနဲ့ကနေ ဆိုင်းဆိုင်းဟာ သူ့ဘဝမှာ ပထမဦးဆုံးသော အချစ်ဆုံးမိန်းကလေး ဖြစ်လာခဲ့ပြီး ဆိုင်းဆိုင်း အတွက်သာဆိုရင် ဘာမဆို စွန့်စားပေးဆပ်ပစ်လိုက်ချင်စိတ်တွေလည်း ရင်ထဲမှာ အလိုအလျောက် ပြည့်နှက်လာခဲ့တော့သည်။

“သမီးလည်း အဝေးသင်နဲ့ပဲ ကျောင်းပြီးတာလား”

“ဟုတ်ကဲ့ ... စီးပွားစီမံဘာသာပါ”

“သားနဲ့ တစ်နှစ်တည်းပြီးတာ ထင်တယ်”

“ဆိုင်းဆိုင်းက ၂၀၀၅ ပြီးတာ အမေ”

“သားက ၂၀၀၆ မှပြီးတာလေ။ သူက ဆယ်တန်းတစ်နှစ်ကျသေးတာကို”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အမေကလည်း လျှောက်ပြောပြန်ပြီ"

ချွေကျေးက ရှက်သလိုလိုဖြင့် ငြူငြူစူစူကြီးလုပ်ပြီး ထ,သွားပါသည်။

ချွေကျေးတို့အမေ ဒေါ်သဲညာကတော့ မိန်းကလေးကို တစိမ့်စိမ့်ကြည့်ရင်း ချစ်နေသည်မှာ ဘေးလူပင် သတိထားမိလောက်စရာ။ ချွေကျေးတို့ မိသားစုဟာ စိတ်သဘောထားကောင်းမွန်လှကြပြီး အေးအေးဆေးဆေးလည်း နေတတ်ကာ အရှုပ်အရှင်း၊ အပူအပင်လည်း ကင်းတာမို့ သူတို့အားလုံးရဲ့ မျက်နှာတွေဟာ ကြည်လင်ပြီး အမြဲပြုံးနေကြတာကို ဆိုင်းဆိုင်း သတိထားမိသည်။ ရုပ်ရည်တွေက သိပ်ချောသိပ်လှနေကြသူတွေ မဟုတ်ဘဲ သာမန်ရုပ်ရည်၊ တွေ့ဖူးနေကျ လူတွေထဲက ပုံစံမျိုးတွေပေမဲ့ သူတို့မှာ သူများနဲ့မတူတဲ့ ထူးခြားတဲ့အချက်ကတော့ သူတို့အတွင်းစိတ်သဘောထားကောင်းမွန်ကြောင်း သူတို့မျက်နှာမှာ ပေါ်လွင်ထင်ဟပ်ကြည်လင်နေကြတာပင်။

လူဆိုတာ မြင်ပါများလာရင် ရုပ်ဆိုးတဲ့သူတောင် ကြည့်ပျော်ရှုပျော်တယ် ထင်လာတတ်တာပဲမို့ ဆိုင်းဆိုင်းတောင်မှ ချွေကျေးရဲ့ဆံပင်ကောက်ကွေးကွေးတွေ၊ ပါးဖောင်းဖောင်းတွေ၊ ဝက်ခြံဖုတွေ၊ နှုတ်ခမ်းထူထူတွေနှင့် အတော်လေး ပြည့်ပြည့်ဖြိုးဖြိုးရှိတဲ့ ကိုယ်ဟန်တွေကို စိတ်ထဲမှာ ထူးထူးခြားခြား ငြင်းပယ်နေတာ မရှိတော့။ အရင်ကတော့ သူ့လိုကောင်ကမျိုး ငါ့ကို





ကြိုက်စရာလားတွေ ဘာတွေ သူ့ကိုဆုံလိုက်တိုင်း တွေးပြီးစိတ်ဆိုးဒေါသဖြစ်မိခဲ့တာ။ အခုတော့ သူ့ရုပ် သူ့ပုံစံဟာ ဆိုင်းဆိုင်းကို သိမ်ပြီး စိတ်အနှောင့်အယှက် မဖြစ်စေတော့ပါ။

"သမီးက သိပ်တော်တာပဲတဲ့၊ ချွေကျေးက ပြောတယ်၊ အင်္ဂလိပ်(ရှ်) သိပ်ကောင်းတာဆို"

"အဟင်း ... အများကြီး လေ့လာထားလို့ပါ။ နဂိုတော်တာတော့ မဟုတ်ပါဘူး။ အရမ်းကြိုးစားရပါတယ်"

"ဟုတ်တာပေါ့ ... ဟုတ်တာပေါ့။ ကုမ္ပဏီအလုပ်ဆိုတာက ဒီလိုပဲ အပြိုင်အဆိုင် ကြိုးစားရတာလေ အန်တီ သိပါတယ်။ သားကတော့ မိဘမျိုးရိုးကိုက ကုန်သည်ပဲမို့ ဝန်ထမ်းလုပ်ဖို့ စိတ်ကိုမပါဘူး"

"ကိုယ်ပိုင်လုပ်ငန်းလည်းကောင်းပါတယ်၊ဘာမှ Pressure မရှိဘူးပေါ့"

"Pressure မရှိဘူး မပြောနဲ့သမီးရဲ့။ သူ့ကို Pressure များများသာပေး။ သားက အမှန်အတိုင်း ပြောရရင် မိဘအလိုလိုက်ထားတော့ အပျင်းကကြီးနေတယ်။ သမီးပြောမှ ရမယ်"

ဆိုင်းဆိုင်းသည် ချွေကျေးအမေ၏ စကားအသွားအလာကို နားထောင်ရင်း ချွေကျေးကိုသာ စိတ်ထဲမှာကျိတ်ပြီး လုပ်နေမိသည်။ လျှောက်မပြောထားနဲ့ဆိုတာ မရဘူး ပြောထား



www.burmeseclassic.com

www.burmeseclassic.com



တယ်လင်တယ်၊ သူ့အမေက သူ့သားဘဝကို ငါ့လက်ထဲပဲအပ်တော့မလို့လိုကြီး ပြောနေတာ။

အင်း ... ရွှေကျေး ... ရွှေကျေး ... ငါနဲ့ရှင်းဖို့သာပြင်တော့။ ငါက ဖူးပွင့်ကို နိုင်ပြရုံလေး ခဏာတွဲမှာဆိုတာကို အပေါ့တ်ကြဲ့ ထင်နေပုံရတယ်။

ဖူးပွင့်ရေ ... နင်တို့က အသုံးမကျဘူး၊ သုံးမရဘူးငပျင်း ငဖျင်းကောင်လို့ ထင်ထားတဲ့ကောင်ဟာ ငါ့လက်ထဲမှာ အရောင်ထွက်လာတယ် တွေ့လား၊ အဲဒါ ငါ ဘယ်လောက်တော်တယ်ဆိုတာကို ပြတာပဲလို့ ဖူးပွင့် သိစေချင်လို့ ဒါတွေလုပ်နေတာ။

တိုနေ့က ရွှေကျေး၏ "အမှတ်တစ်ရာ"အမည်ပေးထားသော လက်ဖက်ရည်ဆိုင်ဖွင့်ပွဲမှာ ဆိုင်းဆိုင်း စကားအများဆုံး ပြောခဲ့ရသူမှာ ရွှေကျေးအမေ ဒေါ်သဲညာနဲ့ပဲဖြစ်သည်။

"လူတိုင်းက စာမေးပွဲဖြေရင် အမှက်တစ်ရာပြည့်ရမှ ကောင်းတယ် တော်တယ် အမှတ်လျှော့စရာ မရှိအောင် ပြည့်ရုံတယ် ထင်တယ်လေ။ ဒါကြောင့် သားရဲ့ဆိုင်ကိုလည်း အဲဒီအဓိပ္ပာယ်နဲ့ 'အမှတ်တစ်ရာ'လို့ ဗေဒင်တွက်ပြီး ပေးခဲ့တာ။ ဆိုင်ထဲဝင်လိုက်တာနဲ့ ဘာပဲမှာသောက်သောက် မှာစားစား အမှက်လျှော့စရာမရှိအောင် အမှတ်တစ်ရာပြည့် ဖြစ်နေရမယ်ပေါ့။ ဘယ်လိုလဲ သမီး ကြိုက်ရဲ့လား"





ထိုသို့သိရတော့ ဆိုင်းဆိုင်း အံ့သြပြီး ...

"ရွှေကျေး ပြောတော့ အဲဒါ သူ့ဘာသာပေးတဲ့ နာမည်တဲ့"

လို့ ပြန်မေးမိတော့ အနားမှာထိုင်နေတဲ့ ရွှေကျေး မျက်နှာကြီး နီသွားပြီး သူ့အမေကို မျက်စ မျက်နှတွေ ပစ်နေတော့သည်။

စကားများများပြောနေရင် သူ့သား လိမ်ထားတာတွေ ပေါ်သွားမှာ စိုးရိမ်သွားပုံရသော ဒေါ်သဲညာလည်း အဲဒီကျမှ ဟိုလိုလို ဒီလိုလို စကားရှာပြီး ထ,သွားတော့သည်။ ဆိုင်းဆိုင်းလည်း စိတ်အလိုလို ကောက်ချင်သွားပြီး ...

"ပြန်တော့မယ်"

လို့ ရွှေကျေးကို အသိပေးလိုက်ရာ ရွှေကျေး ပျာပျာသလဲ ဖြစ်သွားပါသည်။

"ဘာဖြစ်လို့လဲ"

"ရောက်တာကြာပြီ၊ စကားတွေ ပြောတာလည်း စုံသွားပြီပြန်တော့မှာပေါ့။ လူကြီးတွေ သွားနှုတ်ဆက်လိုက်ဦးမယ်"

"နေပါဦးလား"

ရွှေကျေး တားရင်မရမှန်း သိပေမဲ့ အရဲစွန့်ပြီးတားတော့ တားမိသေးသည်။ ဆိုင်းဆိုင်းကတော့ အသံအတိုင်း စိတ်ရောလူပါ မြန်လှကာ ရွှေကျေး မိဘတွေကို သွားနှုတ်ဆက်နေတော့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အဖေနဲ့ အမေရော ရွှေကျေးရဲ့ သူငယ်ချင်းသုံးယောက်ပါ ဆိုင်းဆိုင်းကို အပေါက်ဝထိတိုင် လိုက်ပို့နှုတ်ဆက်နေကြသေးသဖြင့် ရွှေကျေးမှာ ဆိုင်းဆိုင်းကို နှစ်ယောက်တည်း စကားပြောခွင့်ပင် မကြုံပါ။

ရွှေကျေးအဖေက ရွှေကျေးကို သူ့ခါးကြားမှာ ထိုးထားသော ကားသော့ကို လှမ်းပေးပြီး ...

"သား ... သမီးကို လိုက်ပို့လိုက်ပါကွာ၊ ရော့ ... ကားသော့ယူသွား"

ဟု အခွင့်အရေး ပေးလာတော့ ရွှေကျေး အတော်ကို အကြိုက်တွေ့ပြီး အူမြူးသွားလေသည်။ ဘာကြောင့်လဲဆိုတော့ ဒီလိုမှပဲ ရွှေကျေးနဲ့ ဆိုင်းဆိုင်းတို့ နှစ်ဦးတည်း အေးအေးဆေးဆေး စကားပြောခွင့်ရမှာ ဖြစ်သလို ဒါမှလည်း ဆိုင်းဆိုင်းကို အိမ်ပြန်လိုက်ပို့ခွင့် ရမှာဖြစ်သည်။ သူ့ဆိုင်ကယ်နဲ့ ခေါ်ရင်တော့ ဆိုင်းဆိုင်း အမြဲငြင်းတတ်သည်။ ဘာကြောင့် ငြင်းသလဲဆိုတော့ ရွှေကျေး ကျောမှာ နီးနီးကပ်ကပ်ထိုင်ပြီး လိုက်ရမှာစိုးလို့ ငြင်းတာဖြစ်နိုင်ကြောင်း ရွှေကျေး ယူဆမိသည်။

ဒါကြောင့် ဒီနေ့လိုမျိုး အဖေက ကားပေးမောင်းသောအခါ ရွှေကျေး အကြိုက်တွေ့သွားပါသည်။ အဖေက ကားကို ဆိုင်သွားရင်သုံးတဲ့ လုပ်ငန်းသုံးအနေနဲ့ ထားထားပြီး များသောအားဖြင့် သူတို့သာ အသုံးများပါသည်။ ရွှေကျေးကိုတော့





ဆိုင်ကယ်ဝယ်ပေးထားသဖြင့် တစ်နေရာရာ သွားချင်လို့ ကားသော့သွားတောင်းမိလျှင် ...

"မင်းပဲ ဆိုင်ကယ်လ်ပူဆာထားလို့ ဆိုင်ကယ်လ် ဝယ်ပေးထားပြီးပြီလေ။ ဘာကြောင့် ကားက တောင်းရလဲ၊ ယူသွားမနေပါနဲ့။ ဒီကားကြီးက မင်းတို့လူငယ်တွေ စီးချင်တဲ့ ပုံစံမျိုးလည်း မဟုတ်ပါဘူး၊ မယူချင်ပါနဲ့"

ပြောပြီး ငြင်းပယ်ခံရစမြဲ။ ရွှေကျေးကလည်း ဒါမျိုးကျရင်တော့ အဖေ့အပေါ် မာနထားမိကာ အဖေ,ပေးမမောင်းရင်လုံးဝယူမမောင်းဘူးဆိုပြီး ထပ်,မတောင်းဖြစ်ခဲ့ပါ။ တစ်ခါတလေ အဖေ သိပ်နေမကောင်းလို့ အမေ့ကိုပဲ လိုက်မောင်းပို့ပေးဖို့ လိုမှသာ ယူမောင်းသလို တစ်ခါတလေ မိသားစု ခရီးဝေးထွက်လျှင်လည်း ရွှေကျေးကလူငယ်မို့ ရွှေကျေးကိုပဲ အဖေပေးမောင်းရင်တော့ ယူမောင်းပေးပါသည်။

မြို့ထဲသွားရင် လာရင်တော့ ဝယ်ပေးထားသော ဆိုင်ကယ်လ်ကိုသာ အသုံးများခဲ့သော ရွှေကျေးသည် ဒီနေ့တော့ အဖေ ပေးမောင်းလိုက်သည်ကို အတော်ကြီး ဝမ်းသာသွားသလို အဖေ့ကိုလည်း ကျေးဇူးတင်မိပါသည်။ အဖေက ရွှေကျေး၏ အကြည့်ကို သဘောပေါက်သလို ပြုံးနေသည်။

"ရပါတယ်ရှင်၊ ဆိုင်းဆိုင်း ကိုယ့်ဘာသာ ပြန်လို့ရပါတယ်၊ ဒီနဲ့ အိမ်နဲ့လည်း သိပ်အဝေးကြီး မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အားမနာပါနဲ့ သမီးရဲ့။ ရွှေကျေး အားပါတယ်၊ လိုက်ပို့ပေးနိုင်ပါတယ်၊ အပင်း ... ကားကတော့ fancy မဖြစ်ဘူးကွယ်၊ ဆိုင်သုံးကားမို့ မလှဘူး"

ဆိုင်းဆိုင်းလည်း လူကြီးတွေရှေ့မှာ ခါးခါးသီးသီး ငြင်းပြလျှင် သိပ်ရိုင်းနေမှာ စိုးတာနဲ့ အလိုက်သင့် လက်ခံလိုက်ရတော့သည်။ ရွှေကျေးမှာတော့ အူတွေမြူးလျက် ရှေ့က မြောက်ကြွ မြောက်ကြွ သွားနှင့်ပါသည်။ ရွှေကျေး သော့သွားဖွင့်လိုက်သော ကားကိုမြင်တော့ ခုနက ရွှေကျေးအမေ ပြောသောကားက fancy မဖြစ်ဘူး မလှဘူး ဆိုတဲ့ သဘောကို အခုမှ သိရသည်။

ကားက အခုခေတ်မှာ အသုံးများကြသော စက်မှုခုန်ထုတ် Lite Ace ကားအသစ်ဖြစ်သည်။ နောက်ခန်းကတော့ အမိုးတပ်ထားသလို ဘေးမှာ သံဆန်ခါကွက် အကာတွေပဲ ကာထားသဖြင့် ခြံခတ်ထားသလို ဖြစ်နေသည်။

ရွှေကျေးနဲ့ ဆိုင်းဆိုင်းကတော့ ရှေ့ခန်းမှာ ဝင်ထိုင်လိုက်ကြသည်။ ကားစမောင်းထွက်ပြီးတဲ့အထိ ဆိုင်းဆိုင်း မျက်နှာကြီး ပုပ်သိုးကာ ငြိမ်ပြီးပါလာလျှင် ရွှေကျေး မနေနိုင်။

"ဆိုင်းဆိုင်း"

"... ... ..."

"ဆိုင်းဆိုင်း ... ဟိတ် ... ဆိုင်းဆိုင်း၊ ခေါ်နေတယ်လေ"

"ကြားသားပဲ၊ မထူးချင်လို့ မထူးတာလေ"





"ဘာ,ကောက်နေတာလဲ"

"စိတ်မကောက်ပါဘူး"

"မကောက်သာ မကောက်တယ် မျက်နှာကြီးက ပုပ်သိုးနေတာ"

"စိတ်ကောက်ရအောင် နင်နဲ့ ငါက ဘာဆိုင်လို့လဲ"

"ဒါဖြင့် စိတ်ကောက်တယ်ဆိုတဲ့ စကားက ဘယ်သူတွေနဲ့မှ သက်ဆိုင်လို့လဲ"

"စိတ်ကောက်တာ မဟုတ်ဘူးဟေ့။ စိတ်ဆိုးနေတာ။ စိတ်ဆိုးနေတာ။ အလိမ်ခံထားရတာတွေ သိလာတော့ စိတ်ဆိုးနေတာ"

"ဆိုင်နာမည်ပေးတာကိုတော့ လိမ်မိပါကယ်၊ အဲဒီအတွက် ဆိုင်းဆိုင်း စိတ်ဆိုးပြေအောင် ဘာလုပ်ပေးရမလဲကွာ"

"အဲဒါကို စိတ်ဆိုးတာထက် အဖေအမေတွေ သူငယ်ချင်းတွေကို ဘာတွေလျှောက်ပြောထားမှန်း မသိတာကို စိတ်ဆိုးတာ ပိုတယ် သိရဲ့လား"

"ဘာမှမပြောဘူး၊ အဲဒါတော့ တကယ်ပြောတာ"

"ဘာမှမပြောဘဲနဲ့ သူတို့က ဘာကြောင့် ဆိုင်းဆိုင်း လာတာကိုပဲ အိမ်ရှေ့စံမင်းသမီးတစ်ပါး လာသလိုလိုပုံစံနဲ့ အထူးတလည် စောင့်ပြီးကြိုဆိုနေကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဆိုင်း ခိုင်းနှိုင်းလိုက်သော "အိမ်ရှေ့စံမင်းသမီး" ဆိုတာကို ရွှေကျေး တော်တော်ရယ်ချင်သွားသဖြင့် အောင့်မထားနိုင်ဘဲ "အဟီး"ခနဲ ရယ်လိုက်မိသည်။ ဒါကိုကြားတော့ ဆိုင်းဆိုင်းက သူမကို လှောင်သည်ဟုထင်ကာ ရွှေကျေး၏လက်မောင်းတစ်ဖက်ကို လက်သီးဖြင့် တအားထုချလိုက်ပါသည်။ မိန်းကလေးပေမဲ့ အားနဲ့ထုချလိုက်သောကြောင့် ရွှေကျေး တော်တော်ကြီး အီစိမ့်သွားရပါသည်။

"အား ... သေပါပြီ"

"အပိုတွေ အော်မနေနဲ့၊ ဒီလောက်လေးနဲ့ ဘယ်သူမှမသေနိုင်ဘူး"

"လက်အောင့်သွားလို့ ကားကို တည့်တည့်ဆက်မမောင်းတော့ရင် သေမှာပေါ့"

"ယောက်ျားဖြစ်ပြီး သိပ်ညည်းညူတာပဲ"

"ယောက်ျားလည်းလူပဲ။ နာရင်ကျင်ရင် ညည်းညူမှာပဲ"

"နင် ဘယ်လိုဖြစ်ပြီး ငါ့ကို စကားနိုင်လုနေရတာလဲ၊ ဒီနေ့ အချိုးကို မပြေဘူး"

"ဆိုင်းဆိုင်းကလည်းကွာ၊ ဘယ်တော့မှ ပြေပြေလည်လည် စကားမပြောဘူး။ အမြဲတမ်း ရန်လုပ်နေတာပဲ၊ စိတ်ညစ်တာပေါ့ဗျ"





"ဘာလို့ ကွယ်ရာမှာ မဟုတ်တာတွေ လျှောက်ပြောသေးလဲ"

"မဟုတ်တာ မပြောပါဘူး။ ကျွန်တော်က ဖိတ်ထားတဲ့ မိန်းကလေး ညှိသည်တစ်ယောက်ရှိတယ်လို့ ပြောလိုက်တာနဲ့ သူတို့ဘာသာ ထင်ရာဆွဲတွေးကြတာပါ ဆိုင်းဆိုင်းရယ်။ ကျွန်တော် ကျိန်ပြောရတာတော့ ဝါသနာမပါဘူး။ ဒါပေမဲ့ ကျွန်တော် ဆိုင်းဆိုင်းနဲ့ ပတ်သက်ပြီး ပြောသင့်တာထက်ပိုပြီး မပြောပါဘူးဗျာ၊ ယုံပါ။ အဖေနဲ့ အမေက ကျွန်တော့်ကို အချစ်လွန်ပြီး ကျွန်တော်နဲ့ပတ်သက်ရင် ပိုပိုသာသာ အထင်ကြီးတတ်တယ်။ ပြီးတော့ ဆိုင်းဆိုင်းမြင်တဲ့အတိုင်းပဲ ကျွန်တော်က သူငယ်ချင်းတွေထဲမှာ ဆရာကြီးလိုလို ဖြစ်နေတော့ သူတို့က ကျွန်တော်ကို အလကားနေရင်း အထင်ကြီးပြီး ဆိုင်းဆိုင်း ကျွန်တော့်ကို လက်ခံတော့မယ်ထင်ပြီး ဆိုင်းဆိုင်းကို အရေးပေးတာပါ"

ရွှေကျေး သေသေချာချာ ရှင်းပြလိုက်တော့ ဆိုင်းဆိုင်းလည်း စိတ်ဆိုးရခက်သွားပါသည်။ ရွှေကျေး အမှန်ပြောတယ်လို့ပင် ယုံမိပြန်သည်။ ဘာကြောင့်လဲဆိုတော့ ရွှေကျေးမှာ မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်ရင် ကွယ်ရာမှာ အသားယူပြီး အပိုဆာဒါးတွေ သိပ်မပြောတတ်တဲ့ စိတ်ဓာတ်လေးရှိထားကြောင့် ဆိုင်းဆိုင်း သိလေရာ ရွှေကျေးကို ယုံလို့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဆိုးပြေပြီလားဟင်"

"မပြေဘူး ဆိုရင်ရော"

"ဒုက္ခပါပဲ၊ ဒီထက်လည်းပိုပြီး မရှင်းပြတတ်တော့ဘူး"

ရွှေကျေး ကားမောင်းနေရာမှ ဖျတ်ခနဲ လှည့်အကဲခတ်လျှင် ဆိုင်းဆိုင်း မျက်နှာလေး ပြန်လည်ကြည်လင်လာပြီး ခပ်ပြုံးပြုံး လုပ်နေတာ မြင်ပါသည်။ ဆိုင်းဆိုင်း စိတ်ဆိုးပြေပြီ။ ဒါပေမဲ့ သူ့ကို တမင်ညာနေတာလို့ သိလိုက်တော့မှ ရွှေကျေးရင်ထဲတွင် အေးသွားသည်။

ဆိုင်းဆိုင်း သူ့ကို မချစ်နိုင်ရင်နေပါ။ ချစ်သူဖြစ်ဖို့ အခွင့်အရေးကိုလည်း တဖွဖွ မတောင်းဆိုပါဘူး။ ဒါပေမဲ့ အခုလို မျိုးလေး ဆိုင်းဆိုင်းက အသာတကြည် လက်ခံပြီး စကားပြော၊ တွဲသွားတွဲလာလုပ်။ ဘေးလူတွေအမြင်မှာ ဟိုလိုလို ဒီလိုလို အထင်ခံရသော အခြေအနေကိုတော့ မမျှော်လင့်ဘဲ ရခဲ့တာပေမဲ့ ပြန်၍ပျောက်ကွယ်သွားမှာကိုတော့ သေလုမြောပါး ကြောက်နေခဲ့မိပြီတည်း။

❀ ❊ ❀





## ၁၃

မျက်နှာချင်းဆိုင်မှာ ဖူးပွင့်တို့ လာနေမှန်းတွေ့လိုက်သောအခါ ဆိုင်းဆိုင်းသည် ဘယ်မှာပြေးပုန်းရင် ကောင်းမလဲလို့ မျက်လုံးကစားပြီး ဘာမပြော၊ ညာမပြောနဲ့ ရွှေကျေး လက်ကောက်ဝတ်ကို ဖျတ်ခနဲ ဆွဲကိုင်လိုက်လျှင် ...

"ဘာလဲ ဆိုင်းဆိုင်း"

သူ့လက်ကို မကိုင်စဖူး လာစကိုင်သဖြင့် ရွှေကျေးရင်ထဲ တသိမ့်သိမ့် နွေးသွားပါသည်။ ရင်ထဲမှာ တလှပ်လှပ်ခုန်လာသောကြောင့် ယောက်ျားတန်မဲ့ နေရာမှာတင် ထိုင်ချလိုက်ချင်သည်အထိ ဒူးတွေပင် ချောင်သွားသတဲ့။

"ဟိုမှာ ဖူးပွင့် လာနေတယ်၊ မြန်မြန်လုပ်၊ တစ်နေရာရာမှာ သွားရှောင်လိုက်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဆိုင်းမှာ ပြေးပုန်းစရာ နေရာရှာပေမဲ့ မတွေ့သေးခင်မှာ ဖူးပွင့်ကတော့ ဆိုင်းဆိုင်းတို့ကို တည့်တည့်ကြီးတွေ့သွားလေသည်။

ဖူးပွင့် မျက်နှာမှာ အံ့သြသလိုလို ငေးမောသွားပြီး ရုတ်တရက် ကြောင်သွားပေမဲ့ ချက်ချင်းပဲ ခြေလှမ်းသွက်သွက်တွေဖြင့် အပြေးရောက်လာတော့သည်။ ဆိုင်းဆိုင်းသည် ဖူးပွင့်ဘေးမှာပါလာသော ရုပ်ချောချော ခပ်မိုက်မိုက်ပုံစံနဲ့ အပျံစားလူကို မြင်ပြီး ကိုယ့်ဘေးမှာ ပါနေသော ရွှေကျေးနဲ့ယှဉ်ကာ ရင်ထဲတွင် မနှာလိုခြင်းတွေ ဖြစ်လာခဲ့သည်။

ရွှေကျေးကတော့ ကြည့်ဦး။ ဘာပုံတွေမှန်းမသိ ရှုပ်ယှက်ခတ်နေသော စတစ်ကာပုံပါတဲ့ တီရှပ်အနက်နဲ့ တစ်နေရာမဟုတ် တစ်နေရာမှာ ပေါက်ပြဲနေသေးသော ဂျင်းဘောင်းဘီနဲ့လေ။ ရုပ်မချောရတဲ့အထဲ ပြင်ပြင်ဆင်ဆင်လည်း မနေတတ်ဘူး။ ဒီနေ့ဆို မနက်ထ,တုန်းက နေ့တိုင်း ရိတ်သင်နေကျ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတောင် ရိတ်မလာဘူးထင်သည်။ ခပ်ညို့ညို့စိမ်းစိမ်း အရိပ်တွေ မေးရိုးတစ်လျှောက်မှာ တွေ့နေရသည်။ သူ့လို ရုပ်မချောတဲ့သူဟာ မျက်နှာမှာ ရှင်းလင်းသန့်ပြန့်မနေရင် ပိုပြီးအကြည့်ရဆိုးတယ်ဟု ဆိုင်းဆိုင်း ဝေဖန်မိပါသည်။

"အံမယ် ... အံမယ် ... ဒါက ဘယ်လိုဖြစ်ကြတာလဲ၊ သတင်းမကြား အသံမကြားနဲ့နော်။ တွေ့လိုက်ရတော့ ငါဖျား မျက်စိမှားသလားလို့"





ဖူးပွင့်က လေသံတွေ ရှန်းရှန်းဝေအောင်ပြောပြီး ဆိုင်းဆိုင်းလက်ကို လာဆွဲလှုပ်ယမ်းပါသည်။

ဆိုင်းဆိုင်းလည်း မျက်နှာကို ဟန်ဆောင်ကောင်းစွာ ပြင်ဆင်ပြီး ရယ်ရယ်ပြုံးပြုံးလုပ်လျက် ...

"ဒီရုပ်ကြီးတွေများ မှားစရာလားလို့ဟယ်၊ မမှားပါဘူး"

"အခု ဘာတွေလာဝယ်ကြတာလဲ"

"အလုပ်နားရက် ဆံပင်ညှပ်ဆိုင်လာတာလေ၊ ရွှေကျေးက လိုက်စောင့်ပေးနိုင်တယ်ဆိုလို့ ခေါ်လာတာ။ တကယ်ကျ မစောင့်ပါဘူး။ လူကို ဆံပင်ညှပ်ဆိုင်ထဲ ထားခဲ့ပြီ သူက တော့ အင်တာနက်ကဖေးထဲ ဝင်သွားတာမို့ သူ့တောင် ငါက ပြန်လိုက်ခေါ်မှ ထွက်လာတော့တယ်"

ဆိုင်းဆိုင်းသည် ဖျတ်ခနဲ ပေါ်လာသော စိတ်ကူးဖြင့် ဖူးပွင့်ရှေ့မှာပင် ရွှေကျေး လက်မောင်းကို တွဲထားလိုက်ပြီး ချစ်သူကို နွဲ့ဆိုးသလို ဘာလိုလိုပုံဖြင့် ပြန်ပြောလိုက်သည်။ တွေ့လား နင် တော်တော့်ကို အံ့သြပြီး ဘာတွေဖြစ်ကုန်တာလဲလို့ တွေးသွားရပြီ မဟုတ်လား။ ရွှေကျေးလိုကောင်မျိုးကို ငါရဲရဲဝံ့ဝံ့ တွဲပြရဲမယ်။ ရွေးရဲမယ် မထင်ထားဘူး မဟုတ်လား။ အခုကျတော့ နင့်ရှေ့မှာ တွဲပြရဲလိုက်တာဟာ၊ သိပ်အံ့သြစရာအချက်ကြီး ဖြစ်နေပြီပေါ့။ ရွှေကျေးမှာ ဘယ်အချက်က ရွေးချယ်စရာကောင်းလို့ ငါ ရွေးသလဲလို့ နင် စဉ်းစားသွားရပြီ မဟုတ်လား ဖူးပွင့်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေကျေးကား အစတည်းက အရာရာကို ဆိုင်းဆိုင်းပဲ ဦးဆောင်၊ ဆိုင်းဆိုင်းပဲပြော၊ ဆိုင်းဆိုင်ပဲ ညွှန်ကြားတဲ့အတိုင်း နာခံရသူဖြစ်ရာ ဆိုင်းဆိုင်း အမူအရာကို အကဲခတ်ပြီး အလိုက်သင့် ပြောပေးဖို့ တွေးနေရလေပြီ။

"နင် ဒေါ်မိုးမြတ်နွယ်ဆီက ထွက်သွားတော့ တစ်ရုံးလုံး ပြောကျန်ခဲ့ကြတာ၊ နိုင်ငံခြားခရီးတောင် ပါပြီးမှ ထွက်တာ ဆိုတော့လေ"

ဖူးပွင့်က သူမရဲ့နိုင်ကွက်ဖြင့် စတင်တိုက်ခိုက်လိုက်သည်။

"နိုင်ငံခြားခရီးကတော့ မက်မောပါတယ်ဟယ်၊ ငါတို့လို အခြေအနေနဲ့ လူတွေက သုံးနိုင်ငံသွားလည်ဖို့ မပြောနဲ့ ဗန်ကောက်လောက် ရောက်ဖို့တောင် အနိုင်နိုင် မမျှော်မှန်းရဲဘူးဆိုတော့ လိုက်တော့ လိုက်ချင်ပါတယ်။ ဒါပေမဲ့ နင်က ဘာသိလို့လဲ၊ ဒေါ်မိုးမြတ်နွယ်က ငါ့ကို အသေခိုင်းတော့မှာ။ သူ့ရဲ့အိမ်ဖော်တစ်ယောက်လို အခိုင်းခံရမှာတွေ ငါ ကြိုသိလာတယ်။ သူ့ဖိနပ်တောင် သုတ်ပေးဖို့ချပေးရမဲ့ပုံစံမျိုးမို့ ဒီလောက်တော့ အောက်ကျမခံချင်ဘူးဆိုပြီး ထွက်လာတာ"

ဖူးပွင့် ဆိုင်းဆိုင်း ပြောတာ မယုံလှပေမဲ့ အသာခေါင်းညိတ်ပြီး "ဟုတ်လား ... သြော်"တွေ ဘာတွေ လိုက်ထောက်ပေးရင်း နားထောင်ပါသည်။





"မိတ်ဆက်ပေးပါဦး ဖူးပွင့်ရဲ့။ နင်ကလည်း ဘေးမှာ တစ်ယောက်လုံးထားပြီး"

ဆိုင်းဆိုင်းသည် ဖူးပွင့် တွဲလာသောလူဟာ အရင်လူ မဟုတ်ဘူးဆိုတာ ငါသိပါတယ်ဆိုတဲ့ မျက်လုံးတွေဖြင့် ဖူးပွင့်ကို ကြည့်ပြီး ပြောလိုက်သည်။

"သြော် ... အဟင်း ... သူက ကိုမင်းနိုင်တဲ့၊ ဟိုတလောကမှ သင်္ဘောကဆင်းပြီး ဒီမှာ ခြောက်လပြန်နားနေတယ်။ ကိုနိုင်ရေ ... သူက ဖူးပွင့်နဲ့အတွဲဆုံး သူငယ်ချင်းပဲ၊ ညို့ ဆိုင်းဆိုင်းတဲ့၊ အခု (...)ကုမ္ပဏီမှာ လုပ်နေတယ်။ သူက တော့ ကိုရွှေကျေးတဲ့"

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ် မညို့ဆိုင်းဆိုင်း"

လို့ မိန်းကလေးဖြစ်သော ဆိုင်းဆိုင်းကိုတော့ ခေါင်းဆတ် နှုတ်ဆက်ပြီး ရွှေကျေးကိုတော့ အသာလက်ကမ်းပေးပါသည်။ ရွှေကျေးကလည်း ပြန်၍ လက်ဆွဲနှုတ်ဆက်လိုက်လျက် ...

"ဝမ်းသာပါတယ် ကိုမင်းနိုင်"

"ကိုရွှေကျေးကရော ဘယ်မှာလုပ်လဲ"

ဖူးပွင့်မှာ ထိုမေးခွန်းကို ကိုမင်းနိုင် မေးလိုက်သဖြင့် အနိုင်ရသွားသူလို မျက်လုံးတွေရော၊ နှုတ်ခမ်းတွေပါ ပြုံးသွားပြီး ရွှေကျေး မဖြေခင် သူမ,ကပဲ ကြိုဖြေလိုက်သည်မှာ ...

"ရွှေကျေးက ဘာအလုပ်မှ မလုပ်ပါဘူး။ အငြိမ်းစားယူထားတာနော် ... ဟုတ်လား ရွှေကျေး"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍တည်း။ နှိမ်သလိုလို၊ ရယ်စရာလိုလို ရွှေးပြော လိုက်သဖြင့် ဆိုင်းဆိုင်း မျက်နှာပျက်သွားသလားလို့လည်း အကဲ ခတ်လိုက်သေးသည်။ ဆိုင်းဆိုင်း မျက်နှာမပျက်တဲ့အပြင် အပြုံး ပင်ပို၍ ကြွားဝင့်သွားတာကို ဖူးပွင့် မြင်လိုက်ရတော့ အံ့ဩလို့ မဆုံးသေး ရွှေကျေးထံမှ ...

"မဖူးပွင့်ကလည်း အထင်သေးလိုက်တာဗျာ။ ကျွန်တော် ဆိုင်ဖွင့်ထားပါတယ်၊ မရောက်သေးဘူး ထင်တယ်။ ဆိုင်းဆိုင်း မပြောရသေးလို့လား"

"ဟင် ... ဟုတ်လား၊ ဘာဆိုင်ဖွင့်ထားတာလဲ"

"လက်ဖက်ရည်ဆိုင် အကြီးကြီးလေ။ အခုခေတ်စားနေတဲ့ ပုံစံမျိုးပေါ့ဟယ်။ မုန့်မျိုးစုံ မနက်စာ၊ နေ့လယ်စာ၊ ညနေ စာတွေရတဲ့ ဆိုင်အကြီးကြီးပေါ့။ သူ့ဆိုင်ထဲ ဝင်ထိုင်လိုက် ပြီး စားစရာ တစ်ခုခု နာမည်ကိုရွတ်ပြီး မေးလိုက်တာနဲ့ မရှိဘူးလို့ မပြောရစေအောင် ပြည့်စုံတယ်လေ။ 'အမှတ် တစ်ရာ'လက်ဖက်ရည်ဆိုင်တဲ့၊ (......)လမ်းမကြီးပေါ်မှာ ပဲ"

ဆိုင်းဆိုင်းသည် ရွှေကျေး ဖြေလျှင် မပြည့်စုံမှာစိုး သဖြင့် သူမကိုယ်တိုင် ဦးအောင်ဝင်ဖြေလိုက်သည်။ ရွှေကျေးက တော့ ဆိုင်းဆိုင်း၏ အမူအရာလေးကို တစိမ့်စိမ့်ကြည့်ရင်း ကျေ နပ်နေသည်။ ဆိုင်းဆိုင်း ဖြစ်ချင်တာ ဒါပဲ။ လိုချင်တာ ဒါပဲလေ။





ဖူးပွင့်ရှေ့မှာ ဒီလို အပေါ်စီးကနေ ကြွားပြချင်တာပဲလို့ ကျွန်တော် နားလည်ပါတယ် ဆိုင်းဆိုင်းရယ်။

ဖြစ်ချင်တော့ ဖူးပွင့်ရဲ့ ကိုမင်းနိုင်က ထိုနာမည်ကြား တော့ ...

"ဟုတ်လား ... အဲဒါ ကိုရွှေကျေး ဆိုင်လား။ ကျွန်တော် ဟိုတလောက ကားအရောင်းအဝယ်ကိစ္စနဲ့ အဲဒီဘက်ရောက် လို့ ပွဲစားတွေ ခေါ်တာနဲ့ ဝင်ထိုင်ဖြစ်သေးတယ်။ ဆိုင်က တော်တော်ကြီးတာပဲ။ မုန့်တွေလည်း တော်တော်စုံတာ တွေ့တယ်။ ကျွန်တော် ဗိုက်ပြည့်နေလို့ လက်ဖက်ရည်ပဲ သောက်ခဲ့ပြီး ဘာမှမစားဖြစ်ခဲ့ဘူး။ ပွဲစားတွေကတော့ ပြောတယ်၊ ဒီဆိုင်က မုန့်တွေ သိပ်လက်ရာကောင်းတယ် ဆိုပဲ၊ ရောင်းလည်း ရောင်းရတာ တွေ့တယ်။ လက်ဖက် ရည်လည်း ကောင်းတယ်။ ကျွန်တော်က လက်ဖက်ရည် သမားဗျ"

ဟု အတောမသတ် ချီးကျူးပြောဆိုလိုက်သံကြား ရလျှင် ဖူးပွင့်၌ ပြောစရာစကား မရှိတော့သလို ဖြစ်သွားပါ သည်။

"ကျွန်တော် နေ့တိုင်း ကောင်တာထိုင်ပါတယ်၊ အဟဲ ... ဒီနေ့ကတော့ ခွင့်ချက်ပေါ့ဗျာ။ သူ့အတွက် အချိန်ပေးရ သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စီးပွားပဲ စွတ်ရှာနေတာကိုး။ ပိုက်ဆံရမှန်းသိတော့ သူက လောဘတက်ပြီး ဒင်မ်ဆမ်ဆိုင်ပါ ထပ်ဖွင့်မယ်တွေဘာတွေ ပြောနေတာလေ"

ဆိုင်းဆိုင်းကလည်း အသာစီးရတုန်း ပိုပိုသာသာ ဆက်ပြောနေပြန်သည်။ ရွှေကျေးမှာ ရယ်ချင်လွန်း၍ တော်တော်အောင့်ထားရသည်။ ဘယ်ကလာ ဒင်(မ်)ဆမ်ဆိုင်ဖွင့်မှာ။ ပြောတောင်မပြောမိဘူး။ လက်ဖက်ရည်ဆိုင်ကတော့ သုံးလေးလအတွင်း အောင်မြင်လာတာ ဟုတ်ပါတယ် မညာပြောပါဘူး။ ဒါပေမဲ့ ဒင်မ်ဆမ်ဆိုင် အကြောင်းတော့ မပြောမိဘူး ထင်တယ်။

"ဘယ်လိုလဲ၊ ပိုက်ဆံတွေ စုနေပြီလား၊ စားရတော့မှာလား"

ဖူးပွင့်က ထိုမေးခွန်းကို ရအောင်ဖြတ်မေးလိုက်သေးသည်။ ပိုက်ဆံရှာနိုင်နေသော ရွှေကျေးကို ဆိုင်းဆိုင်း ရွေးကိုရွေးတော့မှာလို့ ထင်နေသည်။

"ကဲ ... ဆိုင်းဆိုင်း၊ မေးနေပြီ၊ စားရတော့မှာလားတဲ့။ ဘယ်လိုဖြေရမလဲ"

ရွှေကျေး မဖြေရဲသဖြင့် ဆိုင်းဆိုင်းကို လွှဲချရသည်။ ဟုတ်တယ်လေ။ ဆိုင်းဆိုင်းက ဒါကျ မဖြေဘဲ ငြိမ်နေတာကိုး။ သူပဲ ဖြေမလိုလို ငါပဲဖြေမလိုလို လုပ်နေရင် ဖူးပွင့် မသင်္ကာဖြစ်သွားမယ်။





"ရွှေကျေး သဘော၊ ရွှေကျေး ကြိုက်သလိုဖြေ"

ဖူးပွင့်မှာ ရွှေကျေးမျက်လုံးတွေထဲမှာ တွေ့နေရသော ဆိုင်းဆိုင်း အပေါ် အလွန်အမင်း စွဲလမ်းမြတ်နိုးမှုကို တွေ့နေရလျှင် မနာလိုတော့ချေ။ အရင်က ဘာကောင်မှ မဟုတ်ခဲ့တဲ့ ရွှေကျေးရဲ့ ပြောင်းလဲမှုဟာ ဆိုင်းဆိုင်းကြောင့်ပဲဆိုတာ သိပြီး ဆိုင်းဆိုင်း တော်လှချည်လားလို့ အံ့ဩနေရပြန်သည်။

"အမေကတော့ ဆိုင်းဆိုင်းကို သူ့သမီး ဖြစ်စေချင်လှပြီဗျ။ မကြာခင် စားရတော့မှာပါ၊ ဟိုတယ်မှာ ရက်ရွေးပြီးမှ ပြောမယ်ဗျာ"

"ဟင် ... ဟင် ... ဟုတ်လား၊ ဟိုတယ်မှာလား၊ ဘယ်လဲ ဟင် ... ဘယ်မှာလဲ"

ဖူးပွင့် ကမူးရှူးထိုးဖြစ်ပြီး မေးလာသည်။ ရွှေကျေးလည်း ဆိုင်းဆိုင်းနဲ့ပေါင်းပြီး လိမ်လုံးညာလုံးတွေ ကြွယ်ဝလာပြီဖြစ်သဖြင့် ...

"ဆိုင်းဆိုင်းက ဆိဗိုးနားနဲ့ အင်းလျားလိတ်ကလွဲရင် ဘယ်မှာမှ မကြိုက်ဘူးဆိုလို့ အဲဒီနှစ်ခုမှာပဲ အမေတို့ကြိုက်တဲ့ ရက် ရှိ,မရှိ ရှာရမယ်၊ ဖိတ်စာရရင် ပို့မှာစိတ်ချ"

ဟူ၍ ပါးစပ်အရသာခံ ပြောလိုက်ပါသည်။ ဖူးပွင့် ဟန်တောင်မဆောင်ဘဲ ကိုမင်းနိုင် လက်ကိုဆွဲကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အခုမှ စကားပြောနေရင်း သတိရတယ်၊ အမေကလေ အိမ်ကို လေးနာရီအရောက်တော့ ပြန်ခဲ့ဆိုတာ။ ဒါကြောင့် ဝယ်စရာလေးတွေ ဆက်ဝယ်လိုက်ဦးမယ်နော်။ မင်္ဂလာသတင်း ကြားရတာ ဝမ်းသာပါတယ် ဆိုင်းဆိုင်းရေ၊ ငါတို့ကို ခွင့်ပြုပါဦး"

ဟု ချက်ချင်းကြီး နှုတ်ဆက်ပြီး ထွက်သွားလေသည်။ ကိုမင်းနိုင် တစ်ယောက်သာ လက်တွေပြ၊ စကားပြောနှုတ်ဆက်ရင်း ဖူးပွင့် ဆွဲခေါ်ရာကိုပဲ တရွတ်တိုက်ပါတော့မလိုဖြစ်ပြီး ပါသွားပါသည်။

ရွှေကျေး သူ့ဘာသာ, သူ့အဖြစ်သူ သဘောကျပြီး တဟားဟား ရယ်မဆုံး ဖြစ်နေတော့ ဆိုင်းဆိုင်းက လက်မောင်းကို ဆွဲလိမ်ပစ်လိုက်ကာ (အခုနောက်ပိုင်းတော့ ဆိုင်းဆိုင်းဟာ ရွှေကျေးကို စိတ်မထင်ရင် မထင်သလို ထုလိုက်၊ ကုတ်ဆွဲလိုက်၊ ရိုက်လိုက်၊ လိမ်ဆွဲလိုက် လုပ်တတ်လာသည်) မျက်စောင်းပါထိုးလိုက်ရင်း ...

"ဘာအူမြူးနေတာလဲ၊ စိတ်ကူးယဉ်မနေနဲ့နော်"

လို့ ငေါက်လိုက်ပါသည်။

"စိတ်ကူးယဉ်တာ မဟုတ်ပါဘူး၊ ကျွန်တော် တစ်ခါမှ အဲဒီလို လုပ်ကြံပြီး ပါးစပ်ထဲတွေ့တာကို ကြီးကြီးကျယ်ကျယ် မပြောတတ်ဘူး။ ဒီတစ်ခါ ပြောလိုက်ရတော့





ကိုယ့်ဘာသာ ပြန်ရယ်ချင်နေတာပါ။ ရုပ်ရှင်တွေထဲက အတိုင်းပဲ မြင်ယောင်ပြီး ပြောတာ ... အဟီးဟီး"

ရွှေကျေးသည် ဆိုင်းဆိုင်း ပြောတာကို ဂရုစိုက်မနေဘဲ သူ့အဖြစ်သူသာ သဘောကျမဆုံး ဖြစ်နေသည်။

"ဖူးပွင့်က ဟန်တောင်မဆောင်နိုင်အောင် ဖြစ်သွားလိုက်တာ။ တကယ်ဆို သူ့လူလည်း သဘော်သားပဲဟာ မဆိုးပါဘူး။ ဘာမနာလိုစရာရှိလဲ"

"သဘော်သား မဟုတ်ပါဘူး၊ အဲဒီလူ ကားပွဲစားပါ ဆိုင်းဆိုင်းရာ ကျွန်တော် သိပါတယ်။ ကျွန်တော့်ဆိုင်မှာ ခဏခဏ လာထိုင်ပါတယ်။ သူကသာ ကျွန်တော့်ကိုမမြင်တော့ မသိတာ။ ကျွန်တော်က ကောင်တာထိုင်နေတဲ့သူပဲ။ ဆိုင်ကို အမြဲလာတဲ့သူကို သိတာပေါ့၊ စားပွဲထိုးတွေပြောလို့ ဒီလူအုပ်စု ကားပွဲစားဆိုတာလည်း သိတာပေါ့"

"ဟင် ... ဟုတ်လား၊ တကယ်လား"

ဆိုင်းဆိုင်း ဝမ်းသာအားရ မေးလိုက်မိသည်။

"မဖူးပွင့်ကိုတော့ လိမ်ထားလား မသိဘူးလေ။ ဒါပေမဲ့ ကျွန်တော် အသေအချာ သိထားတာကတော့ ဒီလူ ကားပွဲစားပါ။ ဝယ်ရောင်း မဟုတ်ဘူးနော်၊ သူများကားကို အရောင်းအဝယ်ဖြစ်အောင် စပ်ပေးမှ အလုပ်ဖြစ်တဲ့ပွဲစားပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဆိုင်း အကျေနပ်ကြီး ကျေနပ်ပြီး မျက်နှာလေးမှာ ပြုံးနေသည်မှာ အပြုံးကို ပြန်မပြေတော့သလို ဖြစ်နေသည်။ ဆိုင်းဆိုင်း စိတ်ချမ်းသာရအောင် လုပ်ပေးနိုင်သောအခါ ရွှေကျေးရင်ထဲလည်း ပျော်ရွှင်မြူးထူးနေခဲ့သည်။ ဒီလိုသာ တကယ်ဖြစ်လိုက်ရင် ဘယ်လောက်ကောင်းမလဲ။ မဖူးပွင့် အထင်မှားအောင် ဟန်ဆောင်လိမ်လည်ပြောတဲ့အတိုင်း ဖြစ်သွားခဲ့ရင် ဘယ်လောက်ကောင်းမလဲလို့ စိတ်ကူးတွေ ဆက်ယဉ်မိသည်။

"ကြွားတာကတော့ ပါးစပ်အရသာခံ ကြွားလိုက်ပြီနော်။ ရွှေကျေးဘက်ကလည်း ဒီ့ထက်ပိုပြီးအောင်မြင်အောင် လုပ်ပြဖို့လိုတယ်၊ ဒီလောက်ဖြစ်လာတာကို ကျေနပ်မနေနဲ့နော်။ ကိုယ်မှန်းသလို တစ်ရာဖိုးလောက်ရပေမဲ့ တစ်ရာ့နှစ်ဆယ်ဖိုးလောက် ပိုရသွားရင်ရော မဖြစ်ဘူးလားလို့ လောဘကြီးပြီး ကြိုးစားသင့်တယ်နော်"

ဆိုင်းဆိုင်းဟာ တနော်နော်နှင့် ရွှေကျေးကို ချော့ပြောသယောင်ယောင်၊ သူမ ဖြစ်ချင်တာကိုပဲ ဆွဲပြောသယောင်ယောင်။

"ကျွန်တော့်ဘာသာ ကျွန်တော်ဆို ဒီလောက်နဲ့ ကျေနပ်တယ်"

"အခုတော့ ဆိုင်းဆိုင်း နိုင်ဖို့အတွက်လေ"





"ဆိုင်းဆိုင်းက မဖူးပွင့်ကို အနိုင်ရရုံလေးတင် မဟုတ်လား။ အခုနဲ့တင် အနိုင်ရနေပြီ မဟုတ်လား"

နှစ်ယောက်အတူ ရှော့ပင်းစင်တာထဲက တွဲထွက်လာရင်း ရွှေကျေး အရဲစွန့် မေးမိသည်။

ဆိုင်းဆိုင်းကတော့ သူနဲ့အနီးကပ် တွဲသွားတွဲလာလုပ်ရတာကြောင့် စိတ်သဘောထား ပြောင်း,မပြောင်းတော့မသိ။ ရွှေကျေးကတော့ အရင်စတွေ့တုန်းက နည်းနည်းလေး စိတ်ဝင်စားခဲ့မိသော အခံလည်း ရှိခဲ့တာမို့ အခုလိုမျိုး တရင်းတနီး ပတ်သက်လာရတဲ့အခါမှာ နှလုံးသားဟာ ခံနိုင်ရည်မရှိတော့ပါ။

ဆိုင်းဆိုင်းကို စွဲလမ်းချစ်ခင်မြတ်နိုးရမှု ဒီဂရီသည် အရှိန်မြင့်တက်လို့ ကောင်းနေခဲ့လေသည်။ ဘယ်လိုမှကို ပြန်ချုပ်လို့မရတော့။ ရင်ထဲမှာ သူမှသူ သူ့ကိုသာအချစ်ဆုံး။ အသက်သေတဲ့အထိ ချစ်နေမယ်။ သေပြီးသွားလို့ ဝိညာဉ်ဘဝနဲ့ နေခဲ့ရရင်တောင် ဆက်ချစ်မယ်ဆိုတဲ့အထိ ရူးသွပ်နေမိပါပြီ။

"ကျွန်တော့် ဆိုင်ကယ်လ်နောက်မှာပဲ လိုက်ထိုင်စီးလိုက်ပါလား ဆိုင်းဆိုင်းရယ်။ ကျွန်တော်တို့ တကွဲတပြားစီ ပြန်ကြရဦးမယ်"

ရွှေကျေး ညည်းညည်းညူညူ ပြောမိသည်။

စပြီးလာကတည်းက တကွဲတပြား လာခဲ့တာဖြစ်သည်။ ဆိုင်းဆိုင်းက အမှတ်မထင်ဘဲ ...



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်(……)ရှော့ပင်းစင်တာကြီးမှာ ဖွင့်ထားတဲ့ ဆံပင်ညှပ်ဆိုင်မှာ ဆံပင်ညှပ် ပေါင်းတင်ဖို့ သွားမယ်၊ ရွှေကျေးအဖော်လိုက်ခဲ့ချင်လား"

လို့ မနေ့က ရုံးအဆင်းမှာ သွားစောင့်စဉ် စိတ်ကြည်သာပြီး ခေါ်ခဲ့သဖြင့် ရွှေကျေးလည်း ရေငတ်တုန်း ရေတွင်းထဲကျ ဖြစ်သွားခဲ့သည်။

"ဆိုင်းဆိုင်း အဲဒီကို ထမင်းစားပြီးမှ ထွက်လာမှာနော်။ တစ်နာရီနဲ့ တစ်နာရီခွဲ ကြားလောက် ရောက်မယ်၊ ဆံပင်ညှပ်ဆိုင်နာမည်က Bratz (ဘရက်(ဇ်))တဲ့"

"ကျွန်တော် လာခဲ့မယ် စိတ်ချ"

"ဆိုင်းဆိုင်း စောင့်မနေဘူးနော်။ ဆိုင်ထဲရောက်လို့ ကိုယ့်အလှည့်ရောက်ရင် ဝင်ညှပ်နေမှာ။ ရွှေကျေးသာ ဆိုင်ရှာပြီးဝင်လာခဲ့"

ဒါပေမဲ့ ရွှေကျေးက ဆိုင်နားကြို့ရောက်ပြီး ခေါက်တုံ့ခေါက်ပြန်ပင် လမ်းလျှောက်ပြီး စောင့်နေခဲ့ပါသည်။ ဆိုင်းဆိုင်းဘေးမှာ အဖော်ပါခွင့်ရပြီး ကိုယ်က သူကလေးရဲ့ချစ်သူလိုလိုနဲ့ ဆံပင်ညှပ်တာတောင် ထိုင်စောင့်ရမှာကို ရင်ခုန်တက်ကြွနေခဲ့သည်။

ဆိုင်ထဲဝင်တော့ မိန်းကလေးအများစုရှိသော နေရာမှာ ပါလာရသဖြင့် သူ နည်းနည်းကသိကအောက်တော့ ဖြစ်သွားသည်။ ထိုင်စောင့်ရသော နေရာမှာထိုင်ပြီး မဂ္ဂဇင်းတွေလှန်လှန်ရင်း စောင့်သောအခါ သူ ဝင်ထိုင်စောင့်မိတာ မှားပြီဖြစ်ကြောင်းသိရသည်။ ဘာကြောင့်လဲဆိုတော့ ဆိုင်းဆိုင်းက ဆံပင်ညှပ်ပြီး ပေါင်းတင်သည်ဖြစ်ရာ နှစ်နာရီလောက်တော့ ကြာမည်ဟု အသေအချာ သိရသည်။

ကဲ … စဉ်းစားကြည့်တော့ မိန်းမအများစုရှိသော ဆိုင်မှာ ကိုယ်တစ်ယောက်တည်း ငပေါကြီးလိုလို၊ မိန်းမငမ်းချင်တဲ့ကောင်လိုလို အထင်ခံရပြီး လာထိုင်နေရတော့ သူ နာရီဝက်ထက် ပိုမထိုင်နိုင်ခဲ့ပါ။ စာအုပ်ဖတ်တာ၊ မဂ္ဂဇင်းဖတ်တာလည်း သိပ်စိတ်မဝင်စားတတ်ခဲ့သူဖြစ်ရာ စာအုပ်တွေ လျှောက်လှန်ပုံတွေကြည့်ပြီးသောအခါ သူ့မှာ လုပ်စရာက ကုန်သွားပါသည်။

ဒါနဲ့ပဲ နောက်ဆုံးတော့ ဆံပင်ကို ဆေးပေါင်းပြီး အုပ်ဆောင်းထဲ ဝင်ထိုင်နေသော ဆိုင်းဆိုင်းနား ထ,သွား …

"ကျွန်တော် မျက်နှာချင်းဆိုင်က အင်တာနက်ကဖေးထဲ ဝင်ထိုင်နေမယ်၊ ဆိုင်းဆိုင်း ပြီးချိန်လောက် မှန်းပြီးပြန်ထွက်ခဲ့မယ်နော်၊ ရလား"

ဆိုင်းဆိုင်းကလည်း ရွှေကျေးကို …

"ဆိုင်းဆိုင်းလည်း အဲဒါပြောမလို့။ ရွှေကျေး ပျင်းရင် တခြားလျှောက်သွားနေ၊ ပြီးခါနီးမှ မှန်းပြီးလာခေါ်လို့ ပြောမလို့ပါ"







www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ခွင့်ပြုလိုက်သဖြင့် ရွှေကျေး တစ်ယောက် အင်တာနက်ကဖေးဆိုင်ထဲ ရောက်သွား၊ ဆိုင်းဆိုင်းဆီ ပြန်သွားခေါ်ဖို့မေ့၊ ဆိုင်းဆိုင်း ပြီးသွားပေမဲ့ ရွှေကျေးကို ထားပြီး ထွက်မသွားဘဲ အင်တာနက်ကဖေးဆိုင်ထဲ ဝင်လာခေါ်၊ အထွက်မှာ မဖူးပွင့်တို့နဲ့တွေ့ စသဖြင့်တွေ ဆက်တိုက်ဖြစ်ခဲ့ပြီး ဆိုင်းဆိုင်းနဲ့ ဘယ်နေရာမှပင် မသွားလိုက်ရဘဲ လမ်းခွဲပြီးပြန်ရတော့မည်ဆိုလျှင် ရွှေကျေး မချင့်မရဲ ဖြစ်သွားပါသည်။

ချစ်သူဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အတူတူတွဲသွားပြီး လျှောက်သွားလိုက်ချင်သေးသည်။

"ဒါက ဘယ်လိုဖြစ်ပြီး ဆိုင်းဆိုင်း အိတ်ကို ဆွဲထားရတာလဲ၊ ပြန်ကြမယ်လေ၊ ဆိုင်းဆိုင်းလည်း ဘတ်စ်နဲ့ပြန်မယ်။ ရွှေကျေးလည်း ကိုယ့်ဆိုင်ကယ်နဲ့ ကိုယ်ပြန်ပေါ့"

"အမြဲတမ်း ဒီလိုကြီးပဲ"

"ဒီလိုကြီးပဲ ဖြစ်မှာပေါ့၊ ဆိုင်းဆိုင်း ပြောတာ မမေ့နဲ့လေ။ ရွှေကျေး ဆိုင်းဆိုင်းကို ကူညီနေတာလေ။ ဖူးပွင့် ပါးစပ်ကလေ နင်နဲ့ရွှေကျေး ဒီလိုအဆင်ပြေသွားရတာဟာ ငါ ဖန်တီးပေးလိုက်လို့ပါ၊ ငါ အောင်သွယ်ပေးလိုက်လို့ပါလို့ ပြောထွက်ဝန်ခံလာတာ ကြားရဖို့ ရွှေကျေး ဟန်ဆောင်ပေးနေတာပါ။ သူ ခုတ်ပုံတွေ ခိုးရိုက်ပြီး ဆိုင်းဆိုင်းကို စိတ်အနှောင့်အယှက် ပေးခဲ့သလားလို့ ဆိုင်းဆိုင်းပါးစပ်





က ထုတ်ပြောပြီး မမေးချင်ဘူး။ သူ့ပါးစပ်ကနေ ဝန်ခံပြီး ပြောလာတာကို ကြားချင်တာ"

ရွှေကျေး ရင်မောသလို ဖြစ်သွားပြီး ဟဲလ်မက်ကို ကိုင်ကာ ငေးနေတုန်း ဆိုင်းဆိုင်းကတော့ ရှေ့ပင်းစင်တာရှေ့ရှိ ကားမှတ်တိုင်ကို ခပ်သွက်သွက်ပင် လျှောက်သွားပြီးနေပြီ။ ပြေးလိုက်ပြီးတားရင် ကောင်းမလား၊ မကောင်းဘူးလား ဆိုသောတွေဝေမှုတွေနဲ့ ရွှေကျေး ကျန်ခဲ့ရပြန်သည်။ ဘတ်စ်ကားချက်ချင်းရ၍ ကားပေါ်တက်သွားပြီဖြစ်သော ဆိုင်းဆိုင်းကို မြင်တော့မှ သူ့ကိုယ်သူ အားမလိုအားမရဖြစ်ပြီး ...

"ဒီနေ့လည်း ဒီအတိုင်းပဲ ပြီးသွားပြန်ပြီ"

ဟုသာ ရေရွတ်အပြစ်တင်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၄

ရွှေကျေးသည် တစ်ညလုံး ခေါင်းပူအောင် စဉ်းစားပြီးသောအခါမှာ မနက်ကျတော့ သူ့ခေါင်းထဲမှာ အဖြေက အသင့်ရှိပြီး ဖြစ်နေသည်။ မနက်ဆိုပေမဲ့ တကယ်တော့ ရွှေကျေးထ,ရသောအချိန်မှာ မနက်ငါးနာရီလောက် ရှိနေတတ်သည်။ လက်ဖက်ရည်ဆိုင်ကြီး စ,ဖွင့်ကတည်းက အပျင်းထူပြီး နေဖင်ထိုးအောင် အိပ်ခွင့်မရတာကြာပြီ။ လက်ဖက်ရည်ဆိုင်ကို ငါးနာရီဆယ့်ငါးလောက်ဆို ဆိုင်တံခါးတွေစပြီးဖွင့်ဖို့ ရွှေကျေးပဲ ဝန်ထမ်းတွေကို အဆုံးအဖြတ် ပေးရသည်ဖြစ်ရာ ရွှေကျေးက အိမ်မှာအိပ်ရာက ငါးနာရီလောက်ထ ရေအမြန်ချိုး၊ အဝတ်လဲပြီးတာနဲ့ မနီးမဝေးမှာရှိသော လက်ဖက်ရည်ဆိုင်ကို ဆိုင်ကယ်ဖြင့် အမြန်လာရသည်။





ဆိုင်မှာ အလုပ်သမားဝန်ထမ်းတွေတော့ စောင့်အိပ်ကြပြီး သူတို့အားလုံးကတော့ မနက်လေးနာရီလောက်ထ၊ မီးမွှေး၊ ရေနွေးအိုးတွေတည်၊ လက်ဖက်ခြောက်တွေနှပ် လုပ်ထားကြသည်။ မနက်ငါးနာရီဆယ့်ငါးလောက် ရွှေကျေး ရောက်သွားရင်တော့ ဆိုင်တံခါးဖွင့်ဖို့ ဆုံးဖြတ်စီစဉ်ပေးတုန်း မုန့်ဟင်းခါး၊ အသုပ်လုပ်တဲ့သူက ကားကြီးတစ်စီးဖြင့် ဟင်းရည်အိုးတွေ၊ မုန့်ဖတ်တွေဖြင့် ရောက်လာသည်။ မကြာမီ အီကြာကွေးတို့ ပလာတာတို့ ကြော်တဲ့သူ ရောက်လာ၊ နံပြားရိုက်တဲ့သူရောက်လာ၊ ပေါက်စီလာပို့သူ၊ ဆိုင်မှာတင်ရောင်းသော မုန့်မျိုးစုံလာပို့သူတွေဖြင့် တဖွဲဖွဲစတင်စည်ကားလာကာ ရွှေကျေးလည်း ပိုက်ဆံရှင်းစရာတွေရှင်း၊ တွက်ချက်စရာတွေတွက်ဖြင့် မအားရတော့ပါ။

ဒီဆိုင်မှာ မနက်စဖွင့်စဉ်ကနေ နေ့လယ်တော့ တစ်နာရီထိဖြစ်ဖြစ်၊ နှစ်နာရီထိဖြစ်ဖြစ် အဓိက တာဝန်ကို ရွှေကျေးယူရပြီး နေ့ခင်းပိုင်းကနေ ညဆယ်နာရီ ဆိုင်ပိတ်ချိန်ထိကိုတော့ အပုလေးက တာဝန်ယူဖို့ ခွဲဝေထားပါသည်။

"ငါ့သားလည်း ဆိုင်စဖွင့်မှပဲ ညစောစောအိပ် မနက်စောစောထတဲ့အကျင့် ရသွားတယ်၊ ကောင်းတယ်ဟေ့၊ အိပ်ချိန်ပုံမှန်ဖြစ်သွားတာပေါ့"

အဖေကတော့ ညဘက် ရွှေကျေး ဘယ်မှကြာကြာထွက်မလည်တော့ဘဲ ကိုးနာရီခွဲလောက်ဆို အိပ်ရာဝင်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အဖေလည်း စိတ်ပူပင်ရတာ သက်သာသွားတာမို့ ဝမ်းသာပြီး သဘောကျနေသည်။ အရင်ကတော့ ရွှေကျေး ညဘက်ညဥ့်နက်အောင် လျှောက်လည်ပြီး club တွေထဲလည်း ရောက်နေတတ်သဖြင့် အဖေ့မှာ စိတ်တပူပူ၊ အိပ်မပျော်ဘဲ စောင့်ရကြောင်း ရွှေကျေး သိပါသည်။

အမေကတော့ ရွှေကျေး ပုံစံတွေ အပြောင်းကြီးပြောင်းသွားတာကို ပြောမဆုံးဖြစ်ကာ အိမ်ကို အမျိုးတွေလာလည်ရင် ...

"သူ့ရည်းစားက ပြောင်းလဲပစ်လိုက်တာလေ။ ကောင်မလေးက သိပ်တော်တာ။ ရွှေကျေးကို အလုပ်နဲ့ အကိုင်နဲ့ ဖြစ်လာအောင် ဆွဲဆောင်ပြောတတ်တယ်။ အလုပ်လည်း စိတ်ဝင်စားအောင် ပြောပြတတ်တယ်"

တွေနဲ့ ရွှေကျေး ကိုယ်တိုင်က စိတ်ပါလို့ လိုက်လုပ်တာကိုတော့ ထည့်မပြောဘဲ ဆိုင်းဆိုင်းကိုသာ ကြဲဖန်ချီးမွမ်းမဆုံးဖြစ်နေသည်။

"အမေကလည်းဗျာ။ သားကိုယ်တိုင်က စိတ်ပါလို့ အလုပ်ကို အောင်မြင်အောင် လုပ်တာကျ မမြင်ဘူး၊ သား ဘာလုပ်လုပ် ဆိုင်းဆိုင်းကောင်းလို့ပဲ ထင်နေတယ်။ သူ့စိတ်ကူး ဘယ်လောက်ကောင်းကောင်း သားကိုယ်တိုင်က မပါရင် ဖြစ်မလာပါဘူး"





ရွှေကျေး တစ်ခါတစ်ရံကျ မကြည်မလင်ဖြစ်ပြီး အမေ့ကို ပြောယူရတဲ့အထိပင်။

ဆိုင်းဆိုင်းကို ပြန်ပြောပြမိရင်တော့ ...

"အမှန်တော့ အလုပ်ဆိုတာ လုပ်တိုင်းလည်း အောင်မြင်တာ မရှိဘူး။ ကံမကောင်းရင် လာဘ်မကောင်းရင် ဘယ်လောက်ကောင်းတဲ့ အလုပ်ကြီးပဲလုပ်လုပ် အောင်မြင်ချင်မှ အောင်မြင်တာပါ။ ရွှေကျေးကတော့ ကံလည်းကောင်းပါတယ်။ လာဘ်လည်း ကောင်းတယ်။ ဒါကြောင့် ဆိုင်ဖွင့်လိုက်တော့ ချက်ချင်းပဲ အောင်မြင်သွားတာပါ။ အစက ဆိုင်းဆိုင်းတောင် ရွှေကျေးက ဘာစိတ်ကူးနဲ့ လက်ဖက်ရည်ဆိုင်ကြီးဖွင့်လည်း မသိဘူးလို့ ထင်နေတာ။ အခုခေတ်မှာ အဲဒီလိုဆိုင်တွေ အများကြီးပေါ်နေပြီလေ၊ အများကြီးထဲကမှ ထိုးထွက်ရမှာ ဖြစ်ပါ့မလားဆိုပြီး သိပ်တောင် အားမပေးချင်ခဲ့ဘူး၊ ဒါပေမဲ့ ရွှေကျေး ကံကောင်းသွားပါတယ်၊ ဆိုင်က အောင်မြင်သွားတယ်နော်။ ရွှေကျေးအမေကို ပြန်ပြောလိုက်ပါ။ ရွှေကျေး တော်လို့လည်း မဟုတ်ဘူး၊ ဆိုင်းဆိုင်း တော်လို့လည်း မဟုတ်ဘူး။ ကံကောင်းလို့ပါလို့"

ဟူ၍ ဒီကိစ္စကို စိတ်ဝင်တစား၊ ရှည်ရှည်ဝေးဝေးသုံးသပ်ပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်းဆိုင်းကလည်းဗျာ။ ကျွန်တော် တော်လို့မဟုတ်ဘူးပဲ ထည့်ပြောရသေးတယ်"

ရွှေကျေးက သူ့ကို တော်သည်အပြောမခံရ၍ စူပုပ်ပြီး အလိုမကျသလိုပြောလျှင် ဆိုင်းဆိုင်းကလည်း ...

"ဟုတ်တယ်လေ ဆိုင်းဆိုင်း မြင်နေသားပဲ။ ရွှေကျေးက ဘယ်နေရာမှာမှ မတော်ဘူး။ ဆိုင်ကြီး ဟုန်းခနဲဖြစ်လာအောင် လုပ်ပေးလိုက်တာ အဖေနဲ့ အမေလေ။ သူ့ဘာသာ ရောင်းကောင်းသွားတာကတော့ ကံကောင်းလို့ပေါ့။ ဆိုင်ကြီးဖြစ်သွားတိုင်းလည်း ရောင်းကောင်းချင်မှ ရောင်းကောင်းမှာလေ။ အဲဒါ ကံကောင်းလို့ပေါ့။ ရှင်တော်လို့မှ မဟုတ်တာ"

ဟု၍ ကောင်းကောင်းလေး ပြန်ဝေဖန်ပစ်တတ်ခဲ့ပါသည်။

အခုတော့ ဆိုင်ဖွင့်တာလည်း ခြောက်လနီးပါးရှိတော့မည်။ ဆိုင်းဆိုင်း မျှော်လင့်နေသော မဖူးပွင့်တို့နဲ့ဆုံပြီး ထပ်အနိုင်ယူ ကြွားဝါပြရမည့် နယူးရီးယားပါတီပွဲများလည်း နီးလာလေပြီ။

"ဖူးပွင့် ဖုန်းဆက်ပြီးတော့တောင် ချိန်းထားသေးတယ်သိလား။ ပိုင်ပိုင်တို့အိမ်က ဒီနှစ်လည်း ပါတီလုပ်မယ်တဲ့၊





လာခဲ့ဦးနော်တဲ့၊ သူ့မှာ အကြံရှိပုံရတယ်။ နင်နဲ့ ရွှေကျေးဘယ်လိုဆုံစည်းရတယ်ဆိုတာ ငါ အမှတ်ရနေတယ်တဲ့၊ အဲဒီလိုမျိုးပြောပြီး ဆိုင်းဆိုင်းကို ဖိတ်တာသိလား။ အဲဒီကိုသွားမယ်နော်၊ ရွှေကျေး ဘာမှ အမူအရာမပျက်စေနဲ့။ ဖူးပွင့်က သူ့ကိုယ်သူ ဆရာမကြီးပုံစံလုပ်ပြီး ဆိုင်းဆိုင်းနဲ့ ရွှေကျေးကို အောင်သွယ်ပေးလိုက်တာ သူပဲလိုလိုပြောကိုပြောလာမှာ သိလား။ ဆိုင်းဆိုင်း ရှေ့မှာ သူ ဝန်ခံတာကို ကြားချင်တယ်။ နင် ဘာဖြစ်လို့ ငါ့ကို အဲဒီလိုလုပ်လဲဆိုတာ ကြားချင်တယ်၊ သိချင်တယ်"

ဆိုင်းဆိုင်းထံမှ မဖူးပွင့်နဲ့ တွေ့ရဖို့ အဖိတ်ခံထားရသည့် ပါတီပွဲကို သွားမည့်အကြောင်းလည်း သိထားပြီးလေပြီ။

ဆိုင်းဆိုင်းကတော့ ပျော်ရင် ပျော်နေမှာပေမဲ့ ရွှေကျေးမှာ မပျော်ပါ။ သူ့ကို ဟန်ဆောင်ချစ်သူကြီးအဖြစ် ဘယ်နှကာလအထိ ဆက်ထားထားဦးမှာလဲ။ သူက ဘယ်အချိန်ထိ ဆိုင်းဆိုင်းဘေးမှာ နေခွင့်ရမှာလဲ။ အဲဒီ မဖူးပွင့်ကို နိုင်ရပြီးလျှင် ဆိုင်းဆိုင်းဘာဆက်လုပ်မလဲ။ ထိုမေးခွန်းတွေကို မေးရင်း မေးရင်းနဲ့ ရွှေကျေးမှာ သတ္တိတွေ ရှိလာသည်။ ငါ ဘာကြောင့် ဖွင့်မပြောရဲစရာရှိလဲ။ ဆိုင်းဆိုင်းကို တကယ်ချစ်သွားပြီ။ ဟန်ဆောင်ချစ်သူအဖြစ်နဲ့ မနေပါရစေနဲ့တော့လို့ ...။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဖွင့်ပြောမည်ဟု ဆုံးဖြတ်ပြီးသောအခါမှာ ရွှေကျေး ရင်ထဲ ပေါ့ပါးသွက်လက်ပြီး မြောက်ကြွ မြောက်ကြွ ဖြစ်နေသည်။ ဒီနေ့ ဆိုင်းဆိုင်းကို ဖွင့်ပြောတော့မည်။

ဒီနေ့ စနေနေ့နဲ့အတူ ဥပုသ်ပိတ်ရက်လည်း ကျသွားသဖြင့် အဖေရော အမေပါ ဆိုင်မထွက်ရဘဲ အိမ်မှာရှိနေသောကြောင့် ရွှေကျေးသည် ညနေကျ ဆိုင်းဆိုင်းကို သွားကြိုဖို့အတွက် အဖေ့ရှေ့မှာ မာနချပြီး ကားသော့တောင်းမိသည်။

"အဖေ ... ကားယူချင်လို့၊ အဲဒါ ..."

ရွှေကျေး ခပ်ရှက်ရှက်ဖြင့် တောင်းတော့ ...

"မင်း ဆိုင်ကယ်ရှိသားပဲ"

လို့အဖေက ညစ်နေသေးသည်။

"ဆိုင်းဆိုင်းကို သွားကြိုမလို့ပါ"

"အရင်ကလည်း ဆိုင်ကယ်နဲ့ပဲ သွားကြိုတာလေ"

"သွားကြိုတာ မဟုတ်ဘူး၊ သွားတွေ့ရသလို ဖြစ်နေတာပါ အဖေ။ သူက ဆိုင်ကယ်ဆို လိုက်မစီးဘူး၊ သွားတွေ့ ဆိုင်ထိုင်၊ စကားပြောပြီးရင် သားက ကိုယ့်ဘာသာပြန်၊ သူက သူ့ဘာသာပြန် လုပ်ရတာမို့ပါ။ ကားနဲ့ဆိုရင်တော့ သူလိုက်မယ်ထင်လို့ပါ"

ရွှေကျေး အသေအချာ ရှင်းပြတော့ အဖေက သော့ထုတ်ပေးသည်။





"သားလည်း ဆိုင်ကယ်ကြီးရောင်းပြီး ကားတစ်စီးတော့ ဝယ်သင့်ပြီနော်"

အမေက အဖေ့ကို အဖော်ညှိသလိုပြောရင်း ထောက်ခံချက် ရယူလေသည်။

"ကားဈေးတွေက မငြိမ်ဘူးကွ"

"အို ... သားက ဒီတစ်ယောက်တည်းရှိတာ၊ ပြီးတော့ သူ အရင်ကလို လျှောက်သွားနေတာလည်း မဟုတ်ဘူး။ စီးပွားရေးလုပ်နေပြီပဲ ကားဝယ်ပေးလိုက်လည်း အကျိုးရှိပါတယ်"

အဖေနဲ့အမေ အငြင်းအခုံဖြစ်ပြီး ကျန်ခဲ့သည်။ ရွှေကျေးကတော့ ရင်အခုန်ကြီးခုန်လျက် ဆိုင်းဆိုင်းကို သွားဖွင့်ပြောရဖို့ စိတ်လောနေသည်။ ပြန်တွေးကြည့်ရင် သူ့အဖြစ်က ရယ်စရာ။ အများအမြင်မှာ ချစ်သူရည်းစားပုံစံပေမဲ့ အခုမှ တကယ်ဖွင့်ပြောရမှာတဲ့။

ကုမ္ပဏီရုံးပေါ်မှ ဆင်းလာသော ဆိုင်းဆိုင်းကို စ,မြင်လိုက်တာနဲ့ ရွှေကျေး ရင်တွေ တဒိန်းဒိန်း စ,ပြီးခုန်လာသည်။ လက်ဖျား ခြေဖျားတွေ ယောက်ျားတန်မဲ့ အေးစက်တုန်ယင်လာသည်။ ဒီနေ့ အကြံအစည်နဲ့မို့ အဖေ့ဆီက ကားယူလာကာ ဆိုင်းဆိုင်းကို ကားနဲ့တင်ခေါ်၊ အိမ်ပြန်ပို့ပေးရင်း တစ်နေရာရာမှာ ခဏဝင်ကာ အေးအေးဆေးဆေး ဖွင့်ပြောမည်ဆိုသော အစီအစဉ်ကို ဆိုင်းဆိုင်း မသိသေးပေမဲ့ သိနေမှာစိုးသည့်အလား လန့်ဖျား ဖျားချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ရောက်နေတယ်လား၊ ဆိုင်ကယ်မတွေ့လို့ ဒီနေ့ မလာဘူးထင်တာ"

ဆိုင်းဆိုင်းက ဇစ်တိုးရိုးယားဘက်ခမ်းပုံ ဆံပင်လေး တခါခါဖြင့် စ,စကားပြောလျှင် ...

"အဖေတို့ ဒီနေ့ ဆိုင်ပိတ်လို့ ကားအားနေတာနဲ့ ကားပဲ ယူလာတယ်၊ ဟိုနားက Lite Ace အပြာလေးလေ။ ဆိုင်းဆိုင်း တစ်ခါစီးဖူးပါတယ်၊ မမှတ်မိဘူးထင်တယ်"

"ဘယ်လိုလုပ် မှတ်မိမလဲ"

"ကားနဲ့ဆိုတော့ ကျွန်တော် အိမ်နားထိ လိုက်ပို့ရင် ဆိုင်းဆိုင်း ခွင့်ပြုမှာလား"

"အံမယ် ... ကားပါရင် လိုက်မှာပဲလို့ အသေအချာတွက်ထားပုံပဲ။ ကားစီးချင်လို့ မဟုတ်ဘူးနော်၊ ဆိုင်ကယ်ကို လုံးဝမစီးရဲလို့ မလိုက်တာ။ လူက ဘေးမှာ ဘာအကာအကွယ်မှမရှိဘဲ လေတွေတိုး၊ ဘေးက ကားတွေကလည်း တဝိုးဝိုးဖြတ်သွားနဲ့ အဲ့ဒါကိုကြောက်လို့ မစီးတာ"

ရွှေကျေးလည်း အထူးတလည် ခေါ်စရာမလို၊ ဆိုင်းဆိုင်းကလည်း သိပ်အမေးအမြန်း မရှိသဖြင့် ဆိုင်းဆိုင်းကို ကားနဲ့ အိမ်လိုက်ပို့ဖို့ ခေါ်ရတဲ့ ပထမအဆင့်ကတော့ ချောချော မွေ့မွေ့ အဆင်ပြေသွားခဲ့ပါသည်။ ဆိုင်းဆိုင်း သူ့ဘေးမှာ ပါလာတော့မှပဲ ရွှေကျေး ရဲရဲအသက်ရှူရဲတော့သည်။





"အိမ်ပဲ တန်းမပြန်နဲ့နော်၊ အင်းလျားဘက် ခဏသွားရအောင်။ ကန်စောင်းမှာ ဘူးသီးကြော် စားကြမယ်လေ"

ရွှေကျေး ပြောတော့ ဆိုင်းဆိုင်း မငြင်းပါ။ ဒါနဲ့ပဲ ကားကို အင်းလျားဘက် မောင်းလာခဲ့သည်။

အင်းလျားကိုရောက်၊ ဘူးသီးကြော်ဆိုင်လေးမှာထိုင်၍ မှာစားကြသောအခါ ရွှေကျေးမှာ ဒီစကားကို ဘယ်က စ,ပြောရရင် ကောင်းမလဲ စဉ်းစားနေတုန်း ...

"မနေ့က အမေ့ကို ခွင့်တောင်းမိတယ် သိလား"

လို့ ဆိုင်းဆိုင်းက အကြောင်းအရာတစ်ခုကို စပြောလာသောကြောင့် ရွှေကျေးလည်း ဆိုင်းဆိုင်း ပြောတာကိုပဲ အရင် နားထောင်ပေးလိုက်ပါသည်။

"ဘာကိုခွင့်တောင်းတာလဲ"

"ဒီနှစ် နယူးရီးယားကျရင်လည်း ဆိုင်းဆိုင်းတို့ရဲ့ ကုမ္ပဏီမှာ ပါတီပွဲရှိတာမို့ သွားခွင့်ပေးပါလို့"

"ဒီကုမ္ပဏီမှာရော ပွဲရှိလား"

"ရှိတာပေါ့၊ ဒါပေမဲ့ သူကတော့ သိပ်ကြီးကြီးကျယ်ကျယ် မလုပ်နိုင်ပါဘူး။ ဝန်ထမ်းတွေကို ညနေစာ ကျွေးတာလောက်ပါပဲ။ ခုနစ်နာရီ ရှစ်နာရီလောက်ဆို ပွဲကပြီးပြီ၊ ဒါပေမဲ့ ဆိုင်းဆိုင်းတော့ မဟုတ်တာ လုပ်မိပြီလေ။ အမေ့ကို လိမ်ပြောမိခဲ့တယ်။ ဆယ့်နှစ်နာရီကျော်မှ ပြီးမှာလို့။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်လဲဆိုတော့ ဆိုင်းဆိုင်း ဖူးပွင့်ဆီ သွားပြချင်သေးတယ်လေ"

"ဆိုင်းဆိုင်း စိတ်ထဲမှာ ဒါကို အကြီးအကျယ် ပြင်ဆင်နေတာပဲလား"

"ဟုတ်တယ်လေ၊ ပြင်ဆင်ထားတာပေါ့။ ဆိုင်းဆိုင်းကို အလစ်မှာ အကွက်ချောင်း ကြံစည်ခဲ့တာပဲ။ အောက်ကျနောက်ကျစိတ်နဲ့ အသရေဖျက်ခဲ့တာပဲ၊ ဒါ သူ့ဘက်ကစပြီး ရိုင်းခဲ့တာလေ။ ပြိုင်ချင်ရင် ပြိုင်ပေါ့။ ဘာလို့ ဒီလိုအောက်တန်းကျတဲ့စိတ်နဲ့ တစ်ဖက်လူရဲ့ ဂုဏ်သိက္ခာကို ညှိုးနွမ်းအောင်လုပ်ပြီး ပြိုင်လဲ၊ ဆိုင်းဆိုင်း အဲဒါကို အမြဲမှတ်ထားတယ်"

ရွှေကျေး သက်ပြင်းချမိသည်။

"အမေကတော့ မနှစ်ကဖြစ်ခဲ့တဲ့ ပြဿနာကို သတိရပြီး ဆိုင်းဆိုင်းကို မယုံဘူးတဲ့။ ကုမ္ပဏီပွဲပဲဖြစ်ဖြစ် မလွှတ်ချင်ဘူးတဲ့၊ မသွားရင်ကောင်းမယ်တဲ့ ပြောတာတောင် ဆိုင်းဆိုင်းရအောင် ပြောယူပြီးပြီ။ ရွှေကျေး ကူညီဖို့ပဲ လိုတယ်။ ဆိုင်းဆိုင်းကို ရုံးအောက်မှာ ညရှစ်နာရီကျ လာစောင့်ခေါ်နော်။ ရုံးပွဲပြီးတာနဲ့ ဖူးပွင့်ဆီ တန်းသွားမယ်။ ဩော် ... မေ့လို့ ... မေလို့ ... ရွှေကျေးလည်း အရမ်းကို သားသားနားနား ဝတ်လာနော်။ သူတို့မေးရင် ဘာမှလျှိုစရာမလို





ဘူး။ ကိုယ့်ဆိုင်အောင်မြင်တဲ့အကြောင်း ကြွားပြီးတော့သာ ပြောလိုက်"

ဆိုင်းဆိုင်းက အားကြိုးမာန်တက်ပင် ရွှေကျေးကို သင်လေသည်။

ရွှေကျေးလည်း ပြောစရာအချက် ရသွားပြီဖြစ်ရာ...

"ကျွန်တော်ကတော့ ဟန်ဆောင်ပေးဖို့ကို စိတ်မပါတော့ဘူး ဆိုင်းဆိုင်း"

ဟု သတ္တိမွေးပြီးသော မျက်လုံးတွေဖြင့် ပြောလိုက်ပါသည်။

"ဟင် ... ဘာ ... ဘာပြောလိုက်တယ်"

ဆိုင်းဆိုင်းမှာ စိုးရိမ်တကြီး အလန့်တကြားဖြင့် လျှာခလုတ်တိုက်တော့မတတ် မေးလိုက်မိသည်။ သူ အခုမှ ဘာစိတ်ကူးပြောင်းသွားရသလဲ။ တောက်လျှောက် သဘောတူပြီး ကူညီလာခဲ့ပြီးမှ ...။

"ကျွန်တော် ဟန်ဆောင်ဘဝနဲ့ မနေချင်တော့ဘူး"

"ရှင်ပဲ ကူညီမယ်၊ ဆိုင်းဆိုင်းဘက်က ပါမယ်ပြောပြီး ဘာလို့ ခုမှ စိတ်ပြောင်းသွားရတာလဲ"

"ကျွန်တော် စိတ်ပြောင်းနေတာကြာပြီ"

ဆိုင်းဆိုင်းမှာ ရွှေကျေး မျက်နှာအမူအရာကို အ ခတ်ကြည့်ရှုနေပါသည်။ ရွှေကျေးကလည်း အရင်ကဆို ဆိုင်းဆိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တာနဲ့ သူ့မှာ နေစရာမရှိအောင် လန့်ထိတ်နေပြီး ပြောချင်တာတောင် မပြောရဲ၊ မဆိုရဲ။ ဆိုင်းဆိုင်း စိတ်ဆိုးသွားမှာကို သေမလောက်ကြောက်နှင့် အယောင်ယောင် အမှားမှားတွေ ဖြစ်ခဲ့ဖူးတာ သူ မဟုတ်တဲ့အတိုင်း အေးဆေးတည်ငြိမ်စွာ ဆိုင်းဆိုင်းကို တုံ့ပြန်စိုက်ကြည့်နေလေသည်။

သူ့အကြည့်စူးစူးတွေ၊ အဓိပ္ပာယ်ပါသော မျက်လုံးအကြည့်တွေ၊ နှုတ်ခမ်းထူထူတို့ရဲ့အဖျားမှာ တွဲခိုနေတဲ့ အပြုံးတွေကို ဆိုင်းဆိုင်း မြင်လျှင် သူ ဘာဖြစ်နေသလဲ ဆိုတာကို ဖျတ်ခနဲ တွေးမိသွားသလိုလို။

"ဟန်မဆောင်ချင်တော့ဘူး။ တကယ့်ချစ်သူ အစစ်တွေလိုပဲ နေသွားချင်တယ်။ ဆိုင်းဆိုင်းက မဖူးပွင့်ကို အနိုင်ရရုံလေး ကျွန်တော့်ကို ပြုပြင်ပြောင်းလဲပြီး တွဲပြသွားတာလေ။ ပြီးရင် ကျွန်တော့်ကို ထားခဲ့မှာ မဟုတ်လား။ အဲဒီအခါကျ ကျွန်တော်က ဘာဆက်လုပ်ရမလဲ။ ကျွန်တော့်ဘဝက ဘာအဓိပ္ပာယ်မှ မရှိတော့တာတော့ သေချာတယ်"

"အို ... လူဆိုတာ ကိုယ်လုပ်သင့်လုပ်ထိုက်တာကို ဆက်လုပ်ပေါ့။ မိန်းမတစ်ယောက် အနားကနေ ပြုပြင်ပြောင်းလဲပေးမှ ညွှန်ကြားပေးမှ တိုးတက်အောင်မြင်စရာလား။ ယောကျ်ားပီသတဲ့ စိတ်ဓာတ်ရှိရင် ကိုယ့်ဘဝမှာ လုပ်သင့်တာ၊ ဖြစ်သင့်တာကို ဆက်လုပ်နေပေါ့"





"ကျွန်တော်လိုလူကတော့ အနားမှာ ချစ်ရတဲ့ မိန်းကလေးတစ်ယောက်ရှိဖို့ လိုအပ်တယ်။ ကျွန်တော်က ငပျင်း၊ ငဖျင်းကောင်ဆိုတာ ဆိုင်းဆိုင်း သိပါတယ်။ ဆိုင်းဆိုင်းကြောင့်ပဲ ဒီလိုလူရာသူရာ ဝင်လာတာ။ ဆိုင်းဆိုင်း ဖြစ်စေချင်တာတွေ ဘာကြောင့် လိုက်လုပ်ပေးရသလဲဆိုတော့ ကျွန်တော် ဆိုင်းဆိုင်းကို သိပ်ချစ်မြတ်နိုးရလို့ပဲ၊ ဒါကြောင့် ကျွန်တော့်ပုံစံတွေ ပြောင်းလဲခဲ့တာပါ။ ဆိုင်းဆိုင်း အနားမှာမရှိတော့ရင် ကျွန်တော် အရင်ပုံစံအတိုင်း ပြန်ဖြစ်သွားမှာ သေချာတယ်"

ဆိုင်းဆိုင်းမှာ စိတ်ဆိုးဆိုးဖြင့် ...

"အသုံးမကျတဲ့ လူဖြစ်သွားမှာပေါ့"

ဟု ဝေဖန်ပစ်လိုက်လျှင် ရွှေကျေးကလည်း ရွဲ့ပြီး ဖြေပါသည်။

"အစတည်းကကို အသုံးမကျခဲ့ပါဘူး၊ ဆိုင်းဆိုင်းကြောင့် အသုံးကျလာခဲ့တာပါ။ ဆိုင်းဆိုင်း မရှိတော့ရင် အရင်ပုံပဲ ဖြစ်သွားမှာ သေချာတယ်"

"ဩော် ... ရှင့်ဘဝ ကောင်းစားဖို့အတွက် ဆိုင်းဆိုင်းကပဲ အနားမှာ နေပေးရဦးမတဲ့။ အဓိပ္ပာယ် မရှိလိုက်တာ"

"မဟုတ်ဘူး၊ ကျွန်တော့်ဘဝ ကောင်းစားဖို့ ပြောနေတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရွှေကျေး ချက်ချင်းပြန်ငြင်းပစ်လိုက်ပြီး ဆိုင်းဆိုင်း လက်ဖျားလေးကို ဖျတ်ခနဲ လှမ်းဆုပ်လိုက်ကာ ...

"ဆိုင်းဆိုင်းကို အရမ်းချစ်သွားတာပါ၊ ကျွန်တော့်ရဲ့ချစ်သူ အစစ်ပဲ ဖြစ်ချင်တာပါ၊ မဖူးပွင့်ဆီကို အတူတူသွားမယ် လေ။ တကယ့်ချစ်သူတွေအဖြစ်နဲ့ သွားကြမယ်လေ"

ဟူ၍ ဆက်တိုက်ပြောချလိုက်သောအခါ ဆိုင်းဆိုင်းသည် မခံမရပ်နိုင်အောင် ဒေါသကြီးလျက် သူမ၏လက်တွေကို ဆောင့်ရုန်းပစ်လိုက်ပါသည်။

ဆိုင်လေးထဲမှာ လူလည်း ရှိနေသဖြင့် ဆိုင်းဆိုင်း၏ အမူအရာ ပျက်နေမှုကို သတိထားမိသူလည်း သတိထားမိပြီး မသိမသာကြည့်တာတွေပင် ခံယူလိုက်ရသည်။ ဆိုင်းဆိုင်းသည် လူတွေကြည့်သည့်ဒဏ်ကို မခံနိုင်ဘဲ ဘာမပြော ညာမပြောနဲ့ ဝုန်းဆို ထထွက်သွားပါသည်။ ရွှေကျေးလည်း ပိုက်ဆံမြန်မြန်ရှင်းပြီး ဆိုင်းဆိုင်း နောက်သို့ အမြန်ပြေးလိုက်လျှင် ...

"အစ်ကို ... အစ်ကို ... ပိုက်ဆံပြန်အမ်းရဦးမယ်"

လို့ စားပွဲထိုးကောင်လေး အော်ပြောတာတောင် လက်အသာပြပြီး ...

"နေပါစေ၊ မင်းပဲ ယူလိုက်တော့"

ဟု ပြန်အော်၍ အပြေးလိုက်သွားရသည်။





အင်းလျားလို နေရာမျိုးမှာကတော့ ချစ်သူတွေချစ်ကြ' ရန်ဖြစ်ကြ၊ လမ်းခွဲကြ ဆိုသော ပြဿနာတွေ နေ့စဉ်နဲ့အမျှ ရှိနေလေရာ ရွှေကျေးနဲ့ ဆိုင်းဆိုင်းတို့ အဖြစ်ကိုလည်း ချစ်သူနှစ်ဦး ရန်ဖြစ်စိတ်ကောက်ကြသော အဖြစ်ဟုသာ ထင်ကြမှာသေချာသည်။

"ဆိုင်းဆိုင်း အဲဒီလို တစ်ယောက်တည်း ထွက်မသွားနဲ့လေ။ ကျွန်တော် ပြန်လိုက်ပို့မှာပေါ့ ဆိုင်းဆိုင်းရဲ့ ခြင်းတောင်းတွေ ခေါက်ထီးတွေက ကားထဲမှာ ကျန်နေသေးတာနော်"

"နေပါစေ ဆုံးရင် ဆုံးပါစေ မယူတော့ဘူး။ ရှင့်ကားနဲ့ ပြန်မလိုက်နိုင်တော့ဘူး"

"ကျွန်တော် လိုက်ပို့မယ် ပြောထားတာ"

"လိုက်ပို့ပေးတာကို အမြတ်ထုတ်ပြီး ဘာကြောင့် ဒီစကားကို ပြောရသလဲ"

"လူပျိုယောကျ်ားလေးတစ်ယောက်က အပျိုမိန်းကလေးတစ်ယောက်ကို ချစ်တယ်လို့ ပြောခွင့်ရှိပါတယ် ဆိုင်းဆိုင်းရယ်၊ အဲဒီလောက် ဒေါသကြီးပြမနေပါနဲ့"

"ရှင်ဟာလူလိမ်၊ အခွင့်အရေးသမား၊ ကူညီရတာကို အခွင့်ကောင်းယူပြီး ဒီစကားကို ပြောရဲလာတာ"



www.burmeseclassic.com

www.burmeseclassic.com



"အခွင့်ကောင်း ယူတာပဲ ထင်ရင်ထင်။ ကျွန်တော့် ရင်ထဲမှာ တကယ်ချစ်နေတာကိုတော့ မသိမ်းထားနိုင်ဘူး ဆိုင်းဆိုင်း။ ကျွန်တော့်အနားကို လာချင်တဲ့အချိန်ကျ လာပြီး အသုံးမလိုတော့ရင် မလာတော့ဘဲ ထားရစ်ခဲ့မှာကို စိုးရိမ်နေလို့ပါ။ ဆိုင်းဆိုင်း ထားခဲ့ရင် ကျွန်တော် ရူးပြီး ကျန်ခဲ့မှာ"

"ရှင့်ကို လုံးဝမချစ်နိုင်ဘူး"

ဆိုင်းဆိုင်း အပြတ်ငြင်းပစ်လိုက်သောအခါ ရွှေကျေး ရင်ထဲမှာ စူးပြီးအောင့်သွားခဲ့ပါသည်။

"ဒါဖြင့် ဘာကြောင့် ချစ်သူအဖြစ် ဟန်ဆောင်ခိုင်းရသလဲ"

"အို ... ဒါကတော့ ရှင်နဲ့ ကျွန်မကြားမှာ ပြဿနာကြီး တစ်ခုက ရှိနေတာကိုး။ ဒီတော့ ရှင့်ကိုပဲ ပြန်သုံးပြီး ဟန်ဆောင်ရမှာပေါ့။ ကျွန်မကို ဒုက္ခပေးခဲ့တဲ့သူကို ပြန်ပြီး အံ့သြစိတ်ဆင်းရဲသွားစေအောင် လုပ်နိုင်တဲ့သူက ရှင်ပဲရှိတာ၊ သိပြီးသားကိစ္စတွေ ထပ်မေးမနေပါနဲ့တော့။ ရှင့်ကို မချစ်နိုင်ဘူး ငြင်းထားပြီးပြီ ဆက်ပြောမနေနဲ့ မကြားချင်ဘူး"

ရွှေကျေး ရင်ထဲ အသည်းတွေ ကွဲကြေနေသလို ခံစားရလျက် တကယ်ပဲ ဘာမှဆက်မပြောနိုင်တော့ပါ။ လည်ချောင်းထဲ ဆို့နင့်နေသည်။ မေးကြောကြီးတွေ ထောင်အောင်





အံကိုတင်းတင်းကြိတ်ထားရင်း လည်ချောင်းထဲမှာ ပူပြီးဆို့နင့်နေတာကို ပျောက်လိုပျောက်ငြား ပြန်၍မျိုချနေရသည်။

ဆိုင်းဆိုင်းကတော့ အသည်းမာစွာပင် သူ့ကိုထားရစ်ခဲ့ပြီး သူမဘာသာ ပြန်တော့မှာမို့ ခြေလှမ်းတွေက ရပ်တန့်မပစ်ဘဲ ဆက်လျှောက်နေလျှင် ...

"ဆိုင်းဆိုင်း မသွားပါနဲ့၊ ကျွန်တော် လိုက်ပို့ပေးမှာပါ"

ဟု ရွှေကျေး အသံ ဆို့နင့်နင့်ကို မနည်းအားယူပြီး တားလိုက်ရသည်။

ဆိုင်းဆိုင်းမှာ အရှေ့မှာ လာပိတ်ရပ်ကာ ပြောလိုက်သော ရွှေကျေး မျက်နှာကို အမှတ်မထင် မော့ကြည့်မိလျှင် ရင်ထဲမှာ လှပ်ခနဲနေအောင် အံ့သြသွားလေသည်။ ကြည့်စမ်း ... သူ ဒီလောက် ခံစားရလိမ့်မယ် မထင်ခဲ့မိဘူး။ ဆိုင်းဆိုင်း မြင်ဖူးနေကျ ပေါ့ပါးလွတ်လပ် ပျော်ရွှင်ပြီး အပူအပင် ကင်းမဲ့တဲ့ပုံစံနဲ့ ရွှေကျေး ဆိုတဲ့လူ ဘယ်ရောက်သွားပြီလဲ မေးရအောင်ပင် သူ့အမူအရာမှာ သိသာဆိုးရွားစွာ ပျက်ယွင်းနေသည်။

သူ့မျက်နှာပြင်ပေါ်မှာ နာကျင်ကြေကွဲတာရော၊ ဆုံးရှုံးရတာရော၊ လွမ်းမောခြင်းတွေရော ရောယှက်နေခဲ့ပြီး သူ့မျက်လုံးတွေထဲက ဝမ်းနည်းမှုကတော့ ဆိုင်းဆိုင်း ရင်ကို များစွာထိခိုက်သွားစေပါသည်။ နောင်တ,ရသလိုလိုပင် ဖြစ်သွားပါသည်။ ငါ ဒီလိုမလုပ်သင့်ခဲ့ဘူး။ ဘာမှအပြစ်မရှိတဲ့၊ ဘာမှမသိခဲ့တဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို ဝမ်းနည်းကြေကွဲမှုတွေ ရစေအောင် မလုပ်လိုက်ခဲ့သင့်ဘူး။ ငါ သူများကို အနိုင်ရဖို့ သူ့ကို အသုံးချလိုက်မိတယ်။ ငါ မတရားဘူးလား။

ရွှေကျေး၏ ကြေကွဲနာကျင်မှုကြောင့် ဆိုင်းဆိုင်းပင် သူ့ကို ပြတ်ပြတ်သားသား နင့်ကားနဲ့ မပြန်တော့ဘူးလို့ ပြောမထွက်ရက်တော့ပါပေ။

"စိတ်ချပါ၊ ကျွန်တော် ဆိုင်းဆိုင်းကို အိမ်ရောက်အောင် ပို့ပေးပါ့မယ်လို့ ကတိပေးပါတယ်၊ အသက်နဲ့လောင်းပြီးတောင် ကတိပေးပါတယ်"

ရွှေကျေးက ဆိုင်းဆိုင်း တွေဝေနေသဖြင့် ခပ်မဲ့မဲ့ပြုံးရင်း ထပ်ပြောလိုက်သလို ...

"ကျွန်တော့်ပါးစပ်က ထုတ်ပြောတဲ့ 'ချစ်တယ်'ဆိုတဲ့စကားကို မကြားချင်ရင် ထပ်မပြောတော့ပါဘူး၊ စိတ်ချပါ၊ ဘယ်တော့မှ မကြားစေရပါဘူး"

ဟု ထပ်၍ ကတိပေးသံသည် တစ်စစီ ကြေပွဲနေခဲ့သည်။

နှစ်ယောက်စလုံး တိတ်ဆိတ်ပြီး အပြန်လမ်းကို ပြန်ခဲ့ကြသည်။ ဆိုင်းဆိုင်းက သူမတို့အိမ်ရှိရာ လမ်းထိပ်ရောက်မှပဲ ...

"ရပြီ ... ဒီထိပ်မှာပဲ ရပ်လိုက်တော့"





ဟု ပြောမှသာ သူတို့ကြားက တိတ်ဆိတ်မှုကုန်ဆုံးရစေသော စကားသံ ဖြစ်ခဲ့သည်။

ဆိုင်းဆိုင်း ကားပေါ်ကဆင်း၍ ကားတံခါးပြန်ပိတ်နေစဉ်မှာ ရွှေကျေးက တစ်ခုတော့ ပြောသွားခဲ့ပါသည်။

"ဆိုင်းဆိုင်း သိပ်မျှော်လင့်ခဲ့ရတဲ့ နယူးရီးယားပါတီကျရင် ကျွန်တော် ဆက်ပြီးဟန်ဆောင်ဘဝနဲ့ လိုက်ပေးနိုင်ပါတယ်။ လာစောင့်နေပါ့မယ်"

❦ ✻ ❦



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၅

အဲဒီနေ့ကစပြီး ရွှေကျေးဟာ ဆိုင်းဆိုင်းရဲ့ရုံးဆင်းချိန်တွေမှာ လာစောင့်နေတတ်တာကို မလုပ်တော့ပါ။ တစ်ရက်ခြားဆိုသလို တစ်ခါတလေလည်း နေ့စဉ်ရက်ဆက်လိုလို ရောက်ရောက်လာတတ်သော လူတစ်ယောက်ကို မတွေ့ရတော့သောအခါ ဆိုင်းဆိုင်းသည် သူ့ကို သိသိသာသာပင် မျှော်မိလာသည်။

ရုံးဆင်းခါနီး နာရီဝက်လောက်ဆိုရင် ဆိုင်းဆိုင်းမှာ အလုပ်လုပ်ရတာ စိတ်မဖြောင့်တော့ဘဲ ပြတင်းပေါက်မှန်များမှတစ်ဆင့် တစ်ဖက်ကားလမ်းဘေးမှာ ဝင်ရပ်လာမဲ့ အနက်ရောင် YAMAHA ဆိုင်ကယ်လ်တစ်စီးကို မျှော်လင့်တကြီး ရှာဖွေမိတတ်လေသည်။

နယုံးရိုးယားညကျရင် လာခဲ့ပါ့မယ် ပြောထားပေမဲ့ သူ စိတ်ပြောင်းပြီး မလာတော့မှာကို စိုးရိမ်မိနေပြန်သည်။





ဆိုင်းဆိုင်း ဘယ်လောက်အော်အော်၊ ဘယ်လောက်ဆူဆူ အပြုံးမပျက် ခံယူတတ်ပြီး ဘယ်လောက်ပဲ နာအောင်ပြောပြော စိတ်မဆိုးတတ်သော ရွှေကျေး၏ ပါးဖောင်းဖောင်းမျက်နှာပြည့်ပြည့်နှင့် အပြုံးချိုချိုကို မကြာခဏမြင်ယောင်ရင်း သတိရနေမိသည်။

"ငါ ဘာများဖြစ်နေပါလိမ့်၊ သူ့လိုလူကို ငါ ဘာကြောင့် သတိရနေရမှာလဲ"

လို့ ကိုယ့်ဘာသာ မချင့်မရဲ ရေရွတ်ပြီး ကြိုးစားမေ့ပျောက်ပေမဲ့ ခဏသာ မေ့လို့ရပြီး ပြန်ပြန်သတိရနေတတ်လာသည်။

ဆိုင်းဆိုင်းလို မိန်းကလေးတစ်ယောက်ကို "ချစ်တယ်"လို့ ပြောခဲ့ဖူးတဲ့ ယောကျ်ားလေးတွေ ရှိခဲ့ဖူးပါတယ်။ ဒါပေမဲ့ ရွှေကျေး ဆိုတဲ့ ယောကျ်ားတစ်ယောက်ကပြောတဲ့ "ချစ်တယ်"ဆိုသော စကားသံကိုသာ အထပ်ထပ် ကြားယောင်ရင်း ကိုယ့်ကိုယ်ကိုယ်ပဲ ပြန်ပြီးတော့ မုန်းလာသလိုလို။ ဒေါသဖြစ်လာသလိုလို။

"ဒီပြဿနာကြီး ဖြစ်ခဲ့တာကို ဒီတိုင်းထားလိုက်ရင်ကောင်းသား။ ငါ ဘာဖြစ်လို့ သူ့ကို သွားဆက်သွယ်ပြီး သူနဲ့ ဇာတ်လမ်းဆက်ရအောင် လျှောက်လုပ်ခဲ့မိပါလိမ့်။ တကယ်တော့ ဘာမှအဓိပ္ပာယ်မရှိခဲ့ဘူး။ ဖူးပွင့် ရေ့မှာ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပြပြီး သူ့ရဲ့အောင်မြင်သွားမှုတွေကို ကြွားပြတော့ရော ဘာများထူးခြားမှာမို့လဲ၊ ငါ ဘာကြောင့် စိတ်ကူးအမှား၊ အတွေးအမှားတွေ လျှောက်လုပ်ခဲ့ပါလိမ့်။ အခုတော့ မရတော့ဘူး လွန်ကုန်ပြီထင်တယ်၊ အားလုံးက လွန်သွားပြီ"

ဟူသော အတွေးကို အကြိမ်ကြိမ် ပြန်တွေးမိရင်း နောင်တရမိလာသည်။

ဒီကိစ္စဖြစ်ခဲ့ရင် ဖြစ်ခဲ့တဲ့အတိုင်း ထားလိုက်လည်း ရသားနဲ့ ရွှေကျေးကို တစ်ခါပြန်ဆွဲခေါ်ပြီး ကိုယ့်စိတ်ကူးနဲ့ကိုယ် လျှောက်လုပ်မိသည်မှာ တကယ်တော့ အမှားကြီးကို မှားသွားခဲ့ပါသည်။ သူနဲ့ ထပ်မတွေ့ခဲ့ရင် အကောင်းသား။ သူ့ကို ငါ့အနား ပိုရောက်လာအောင် မလုပ်ခဲ့ရင် အကောင်းသား။

အခုတော့ သူလည်း အသည်းကွဲရပြီ။ ငါလည်း ဝေခွဲမရ ဖြစ်ရပြီလားတော့ မသိ။ ဆိုင်းဆိုင်း တကယ်ပဲ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်နေမှန်းပင် မသိတော့ပါ။

ပြန်တွေးကြည့်ရင် သူ့လိုရုပ်ကြီးများ သူ့လိုလူများ သူ့လိုပုံကြီးများ ငါက ကြိုက်စရာလားလို့ အသိစိတ်က ငြင်းပယ်နေဆဲ။ ဒါပေမဲ့ ဆိုင်းဆိုင်း မသိသော စိတ်တစ်ခုကတော့ ရင်ဘတ်ထဲကနေ တိုးသဲ့သဲ့လေး အော်နေခဲ့ပြန်သည်။

"ရွှေကျေးကို ငါ့အနားမှာ ရှိနေစေချင်ကယ်"တဲ့လေ။





အဲဒီ တိုးသဲ့သဲ့အသံကို ပြန်ကြားတိုင်း ကြောက်လန့်တကြား ခေါင်းခါပစ်မိပေမဲ့လည်း ထိုအသံဟာ တိုးသဲ့သဲ့သာ ဆိုသော်လည်း ပျောက်မသွားပါ။ ရှိမြဲ ...။ ရှိဆဲ ...။ ကြားနေရဆဲ။

ဒီနေ့ ရုံးဆင်းတော့ ရုံးထဲမှာ အတူတူ အလုပ်တွဲလုပ်ရသည့် အစ်မကြီးတစ်ယောက်ပါ ဆိုင်းဆိုင်းနဲ့အတူတူအောက်ဆင်းလာလျှင် ရုံးအောက်ရောက်တော့ ...

"ညို့ဆိုင်းဆိုင်း ကောင်လေး ဒီနေ့မလာဘူးလား"

ဟု မေးတာကြုံရသည်။

ဆိုင်းဆိုင်း ဘာဖြေရမှန်း မသိသဖြင့် ပြုံးရုံတုံ့ပြန်မိလျှင် ထိုအစ်မကြီးက ဆက်ပြောလေသည်။

"သူ့ကြည့်ရတာ သဘောကောင်းပုံရတယ်၊ မျက်နှာလေးက ကြည်နေတာပဲ။ အရုပ်အရှင်း အပူအပင်ကင်းတဲ့ပုံလေး ပေါ်နေတယ်နော်၊ ညို့ဆိုင်းဆိုင်းကိုလည်း သူ တော်တော်ချစ်ပုံရတယ် အစ်မ သတိထားမိတယ်။ ဘာပဲဖြစ်ဖြစ် ကံကောင်းပါတယ် ညီမရေ။ ကိုယ့်ကို သိပ်ချစ်တဲ့ရည်းစားရထားတာ ကံကောင်းတာပဲ။ ဘာကြောင့်လဲ ဆိုတော့ ကိုယ်ကချည်း အနိုင်ပဲလေ၊ သူက ကိုယ့်ကိုသိပ်ချစ်ထားတော့ ကိုယ်ဘာလုပ်လုပ် သူက အပြစ်ကိုမမြင်တော့ဘူး ချစ်နေတာပဲ။ ဘဝတစ်လျှောက်လုံး ကိုယ့်ခြေ၊ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com

ချည်းပဲ ဖြစ်ရမှာ သိလား။ ညို့ဆိုင်းဆိုင်း အရွေးတော်သွားတာပေါ့"

ဆိုင်းဆိုင်းမှာ ထိုသို့ပြောသံကြားလိုက်ရမှ ဘာကို လွမ်းမှန်းမသိလွမ်းပြီး ငေးငိုင်သွားရတော့သည်။

အပြန်လမ်းတစ်လျှောက်လုံး ဆိုင်းဆိုင်း တွေဝေစွာ ပြန်လာခဲ့ရသည်။ အခုထိ ဆိုင်းဆိုင်း ဘာဆိုဘာမှ မဝေခွဲနိုင်သေး။ သူ့ကို ချစ်လို့ရသလား မရဘူးလား။ အဲဒါကို လုံးဝအဖြေမရှာ တတ်သေး။

ဒါပေမဲ့ သူက ဆိုင်းဆိုင်းကို အလိုလိုက်တာ။ အရေး ပေးတာ။ ဦးစားပေးတာ။ ဆိုင်းဆိုင်း ဘာလုပ်လုပ် ခွင့်လွှတ်ပေးတတ်တာတွေကိုကျတော့ ဆိုင်းဆိုင်း လွမ်းဆွတ်မက် မောမိလေသည်။ သူ ဆိုင်းဆိုင်းကို သိပ်ချစ်နေမှန်း သိရက်နဲ့ မောစောတည်းက ရှောင်မထွက်သွားဘဲ သူ ချစ်တာကို လက်ခံကြည့်ချင်နေခဲ့သည်ကကော ဆိုင်းဆိုင်း ဘာကြောင့် အဲဒါကို မက်မက်စက်စက် ခံယူချင်နေပါသနည်း။

အဲဒီလို စိတ်ရှုပ်စရာတွေ၊ စိတ်ဝေခွဲမရတာတွေနဲ့ လုံးပန်းနေရတုန်းမှာ မထင်မှတ်ဘဲ ဆိုင်းဆိုင်းရဲ့ e-mail ထဲသို့ ဒေါ်မိုးမြတ်နွယ် e-mail ပို့ပြီး ဆက်သွယ်လာတာကို ကြုံရသည်။

မနက်အလုပ်ရောက်တော့ e-mail စစ်လိုက်လျှင် ပို့ထားသူတွေထဲမှာ ဒေါ်မိုးမြတ်နွယ်၏ e-mail ပါနေတာတွေ့ရ





ပြီး ခေါင်းစဉ်က "ဆိုင်းဆိုင်းအတွက်" လို့သာ တပ်ထားတာ တွေ့ ရသည်။ ထို e-mail ကိုဖွင့်ပြီးဖတ်လျှင် ...

"Hello ဆိုင်းဆိုင်း ...

နှစ်သစ်ကူးခါနီးတော့ တို့ မင်းကို အလိုလို သတိ ရသွားတာနဲ့ နှုတ်ဆက်တာပါ၊ မင်း အခု အလုပ်မှာပျော် နေပြီလား။

အဆင်တော့ ပြေမှာပါလေ၊ မင်းက အလုပ်လုပ်ရင် စိတ်ဝင်တစားနဲ့ တိတိကျကျ စေတနာပါပါ လုပ်ပေးတတ် တဲ့သူဆိုတော့ ဘယ်အလုပ်မှာပဲလုပ်လုပ် အဆင်ပြေမှာပါ။

တို့ မင်းကို မင်္ဂလာနှစ်သစ်အတွက် မင်္ဂလာရှိတဲ့ ကမ်းလှမ်းချက်တစ်ခု အသိပေးချင်ပါတယ်။

အဲဒါကတော့ တို့ရဲ့ personal assistance နေရာ မှာ မင်းကလွဲရင် ဘယ်မိန်းကလေးကိုမှ စိတ်တိုင်းကျလို့ မရတာမို့ အဲဒီနေရာကို စိတ်ဝင်စားသေးတယ်ဆိုရင် အချိန် မရွေး ပြန်ယူဖို့ ဝင်လာခဲ့နိုင်ပါတယ်ဆိုတဲ့ ကမ်းလှမ်းချက် ပါ။ တို့ အခုမှ စိတ်ပြောင်းသွားတာလည်း ပြောင်းသွား တာ တစ်ပိုင်းပေါ့။ ဒါပေမဲ့ ဖြစ်ပျက်ခဲ့တာတွေ ပြန်စဉ်း စားကြည့်တယ်၊ သုံးသပ်ကြည့်တယ်၊ အဲဒီအခါမှာ ဘာ ကိုတွေးမိသလဲဆိုတော့ တို့ မင်းရဲ့ကိုယ်ရေးကိုယ်တာကို သိပ်ဝင်စွက်ဖက်ခဲ့မိတယ် ဆိုတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ဟာ သူ့ပင်ကိုဗီဇအရ အလုပ်လုပ်တဲ့နေရာမှာ သိပ်တော်နေတာရှိမယ်၊ အဲဒီလူကို သူ့ကိုယ်ကျင့်တရားကိုကြည့် ဆုံးဖြတ်ပြီး သူ့ရဲ့တက်လမ်းကို ပိတ်မပစ်သင့်ဘူးလို့ တို့ တဖြည်းဖြည်းနဲ့ တွေးမိလာတယ်။

တို့ မှားခဲ့တာတွေလည်း ရှိရင်ရှိမယ်။ အဲဒါကိုလည်း ဝန်ခံပါတယ်။

အဆုံးသတ်အနေနဲ့ တို့ ပြောချင်တာကတော့ မင်းကို တို့ရဲ့ PA နေရာမှာ ပြန်ရာထူးပေးပြီး တို့ကုမ္ပဏီဘက်မှာ ပြန်လာလုပ်ဖို့ ဖိတ်ခေါ်ချင်တာပါပဲ။

အိုကေ ... ဒီကိစ္စအတွက် စိတ်ဝင်စားရင်တော့ အကြောင်းကြားပါ။ စိတ်မဝင်စားရင်တော့ ဘာမှအကြောင်းပြန်ဖို့ မလိုပါဘူး"

မမမိုးမြတ်နွယ်

MD

ဟူသော စာရှည်ကြီးကို ဖတ်ပြီးသောအခါ ဆိုင်းဆိုင်းမှာ အံ့သြပြီး နောက်တစ်ခေါက်ပင် ပြန်အစအဆုံး ဖတ်ကြည့်မိပါသည်။

ဒေါ်မိုးမြတ်နွယ် ဘာစိတ်ကူးနဲ့များ ဒီစာကိုရေးပြီး e-mail ပို့လိုက်သလဲ။ ဘာတွေစိတ်ကူးပြောင်းသွားပြီလဲ။ တစ်စုံတစ်ယောက် လုပ်ကြံပြီး ပို့ထားတဲ့ ဓာတ်ပုံကို မေ့လိုက်ပြီလား။





ဆိုင်းဆိုင်း ဒီတိုင်း တွေးကြည့်မနေနိုင်တော့ဘဲ ချက်ချင်းပဲ e-mail တစ်စောင် ကောက်ရိုက်ပြီး ဒေါ်မိုးမြတ်နွယ်ဆီ ပို့လိုက်ပါသည်။

"မမ ...

ဆိုင်းဆိုင်းကို သတိတရရှိတယ်ဆိုတာ သိရလို့ ဝမ်းသာမိပါတယ်။

မမ ဆိုင်းဆိုင်းကို အလုပ်ပြန်ခန့်ချင်တာကို ကြားရတော့ စိတ်ဝင်စားမိပါတယ်။

ဒါပေမဲ့ ဆိုင်းဆိုင်းကို မမ စိတ်ထဲမှာ ရှင်းရှင်းလင်းလင်း မမြင်သေးဘဲနဲ့ မမအနားမှာ ပြန်အလုပ်လုပ်ရမှာကို မဝံ့မရဲ ဖြစ်မိပါတယ်။

ဆိုင်းဆိုင်း လုံးဝ မဟုတ်မမှန်တာ မလုပ်ခဲ့ဘဲ လုပ်ကြံဓာတ်လမ်း ဖန်တီးခံခဲ့ရတာမို့ ဘယ်လိုမှလဲ ရှင်းပြလို့ရမယ် မထင်ပါဘူး။ မမလည်း ယုံမှာမဟုတ်ပါဘူး။

ဒါပေမဲ့ နည်းနည်းတော့ ရှင်းပြခွင့်ပြုပါ။ အဲဒီဓာတ်ပုံထဲမှာတုန်းက ဆိုင်းဆိုင်း အရမ်းမူးနေခဲ့တယ်။ ပိုင်ခွက်ထဲ ဆိုင်းဆိုင်း မသိအောင် မူးယစ်စေတဲ့ဆေးတစ်မျိုး ထည့်တိုက်ထားခဲ့လို့ ဘာမှမသိ၊ ဘာမှလဲ မမှတ်မိဘဲ ခေါင်းမထူနိုင်အောင် မူးလွန်းလို့ ဖူးပွင့် ခေါ်သွားတဲ့ အခန်းလွတ်တစ်ခုမှာ အိပ်နေခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ ဆိုင်းဆိုင်း အိပ်ရာကနိုးလို့ ကြည့်လိုက်ချိန်မှာ ဆိုင်းဆိုင်းဟာ အစက အိပ်နေခဲ့တဲ့ အခန်းထဲမှာ ရှိမနေတော့ဘဲ ဘယ်သူတွေက လုပ်ကြံတွဲခေါ်ပြီး ကောင်လေးတစ်ယောက်ရဲ့အိပ်ရာပေါ် ရောက်နေမှန်း မသိလိုက်ဘဲ လုပ်ကြံခံလိုက်ရတာပါ။

အဲဒီလို တွဲအိပ်ထားတဲ့ဓာတ်ပုံကို ရိုက်ယူပြီး မမဆီ e-mail ကတစ်ဆင့်ပို့သလို ဆိုင်းဆိုင်း; မိဘတွေဆီလည်း စာတိုက်ကနေ ပို့လိုက်လို့ ဆိုင်းဆိုင်းကို မိဘတွေကလည်း စိတ်ဆိုးတာ၊ အပြစ်တင် ဆူပူတာ။ အယုံအကြည်မရှိတော့တာတွေကို ရင်ဆိုင်ဖြတ်သန်းခဲ့ရတယ်။ ဒီအဖြစ်အပျက်ကို မမ ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ သေသေချာချာရှင်းပြချင်လို့ အခုလို စာပြန်ရေးပြီး ပို့လိုက်တာပါ မမ

လေးစားလျက်

ဆိုင်းဆိုင်း"

ဆိုင်းဆိုင်းသည် ထိုစာကို ပို့လိုက်ပြီးသောအခါ ရင်ထဲမှာ အစိုင်အခဲကြီးတစ်ခု လုံးဝပြေလျော့သွားသလို ခံစားလိုက်ရပါသည်။

လူတစ်ယောက်မှာ ဂုဏ်သိက္ခာက သိပ်အရေးကြီးပါတယ်။ အဲဒီဂုဏ်သိက္ခာကိုထိန်းဖို့ ဖြေရှင်းပြလိုက်ရတယ်ဆိုရင်ပဲ ရင်ထဲမှာ အတော့်ကို ငြိမ်းချမ်းသွားလိုက်တာ။





ဒီလို ဖြေရှင်းပြီးပြန်တော့ ဆိုင်းဆိုင်း ခေါင်းထဲမှာ တွေးစရာ ဝင်လာပြန်သည်။ အကယ်၍ ဒေါ်မိုးမြတ်နွယ်က နားလည်ပါတယ်၊ ယုံပါတယ် ပြောပြီး သူ့ဆီမှာ အလုပ်ပြန်လာလုပ်ဖို့ခေါ်ရင် ဆိုင်းဆိုင်း သွားလုပ်ရဲပါ့မလား။ ပြန်ဝင်ရဲပါ့မလား။ အလုပ်ထဲကလူတွေကတော့ တော်ကြာဝင်လာလိုက်၊ တော်ကြာပြန်ထွက်လိုက် လုပ်နေသော ဆိုင်းဆိုင်းကို မစပ်စုကြတော့ဘူးတဲ့လား။ အထူးသဖြင့် ဖူးပွင့်နဲ့ ပြန်ရင်ဆိုင်ရမှာ။ ဖူးပွင့်ကို ပြန်ပြိုင်ရမှာ အဲဒါတွေကို ဆိုင်းဆိုင်း လုပ်ချင်သေးရဲ့လား။

ကိုယ်ခံလိုက်ရတုန်းကတော့ ခံလိုက်ရတာ။ အဲဒီတုန်းကတော့ သွေးပူနေတာမို့ ဒေါသနဲ့ သူ့ကို လက်တုံ့ပြန်မဲ့နည်းတွေကို ရှာကြံလိုက်ရတာ။ အခုလို အချိန်ကြာလာတဲ့အခါမှာကျတော့ သွေးအေးသွားတာပဲလား၊ ဒါမှမဟုတ် စိတ်ပြောင်းသွားတာပဲလားတော့ မသိ။ ဖူးပွင့်ကို ပြိုင်ရမှာတွေ အနိုင်ပြန်ယူရမှာတွေကို စိတ်ထဲ သိပ်မပါတော့သလို ခံစားလာရသည်။

အခုချိန်မှာ ဆိုင်းဆိုင်း အလိုအပ်ဆုံးက ရွှေကျေးပဲဖြစ်လေသည်။ ရွှေကျေးကို အနားမှာ ပြန်ရှိနေစေချင်သည်။ တစ်ခုခု ပြောစရာ၊ တိုင်ပင်စရာ၊ ရင်ဖွင့်စရာရှိရင် ရွှေကျေးကိုပဲ ပြေးတွေ့ပြီး ပြောရတဲ့အဖြစ်ကို ပြန်လိုချင်နေမိသည်။

ထိုနေ့က တစ်နေကုန် အလုပ်ထိုင်လုပ်နေရသည့် ရုံးဆင်းခါနီးကျမှ e-mail ထပ်စစ်လျှင် ဒေါ်မိုးမြတ်နွယ် ပြန်ပို့

www.burmeseclassic.com

www.burmeseclassic.com



ထားတာကို ထပ်တွေ့လိုက်ရသည်။ ဆိုင်းဆိုင်း ဖတ်ကြည့်လိုက်တော့ ဆိုင်းဆိုင်း အတွက် အင်မတန်မှ တန်ဖိုးရှိသော အကြောင်းအရာတွေကို ဖတ်ခွင့်ရပါသည်။

"ဆိုင်းဆိုင်း ...

ခက်ပုံတွေအတွက် တို့ အာရုံထဲမှာ ဘာမှအမှတ်မထားတော့ဘူး။ ဒီခက်ပုံတွေ ပို့တဲ့သူ ဘယ်သူလဲဆိုတာ ဆိုင်းဆိုင်းကို တို့ အဲဒီတုန်းက မပြောခဲ့ဘူးနော်။

အခုတော့ ပြောပြမယ်။ ခက်ပုံပို့တဲ့သူက ဆိုင်းဆိုင်းသူငယ်ချင်း ဖူးပွင့်ပဲ။

သူ ဘာကြောင့်ပို့သလဲတော့ မသိပေမဲ့ ဆိုင်းဆိုင်းတို့ကိုရှက်ပြီး အလုပ်ကထွက်သွားတော့မှ တို့ ရိပ်မိလာတယ်။

သူက ဆိုင်းဆိုင်း မရှိရင် ဆိုင်းဆိုင်းနေရာကို သူရမှာပဲလို့တွက်ပြီး ဆိုင်းဆိုင်းနဲ့ တို့ကြားမှာ အထင်လွဲမှုတွေဖြစ်အောင် ဖန်တီးပြီး လုပ်လိုက်တာပဲပေါ့။

ဒါပေမဲ့ သူထင်သလို ဖြစ်မလာပါဘူး။ တို့ကအစကတည်းက သူ character ကိုမှ မကြိုက်တာ။ ပြီးခဲ့တဲ့လ,ကပဲ သူ့ကို အလုပ်ထဲမှာ ဖုန်းခဏခဏ အပြင်ကိုမပြောဖို့ warning ပေးခံရတာနဲ့ ရှက်ပြီး သူ့ဘာသာပဲထွက်စာတင်ပြီး ထွက်သွားပါပြီ။ သူ အဲဒီလို အလုပ်ချိန်





မှာ အလုပ်ကဖုန်းကိုသုံးပြီး သူ့ရည်းစားကောင်တွေဆီဆက်ဆက်နေတာကို သိတာကြာပြီ။ တိုင်တဲ့သူတွေကလည်းတိုင်ကုန်ကြပြီမို့ တို့ ခေါ်ပြောတော့ သူက သူ့သဘောနဲ့သူ နောက်တစ်ရက်ပဲ ထွက်စာတင်ပြီး ထွက်သွားပါတယ်။

ဆိုင်းဆိုင်းကို သိစေချင်လို့ပါ ... ဆိုင်းဆိုင်းကို သိက္ခာကျအောင် လုပ်ခဲ့တာ ဖူးပွင့်ကလွဲပြီး ဘယ်သူမှ မဖြစ်နိုင်ဘူးလို့ ထင်တယ်"

ဆိုင်းဆိုင်း ထိုစာကို ကော်ပီကူးယူလိုက်ပြီးနောက်စိတ်လက်ပေါ့ပါးစွာ အလုပ်ကပြန်ခဲ့သည်။ ရွှေကျေးတော့ ရောက်မလာပေမဲ့ ဆိုင်းဆိုင်း ရင်ထဲမှာ ဘယ်ကဘယ်လို ရောက်လာမှန်းမသိသော ဆုံးဖြတ်ချက် တစ်ခုကြောင့် ရင်ထဲမှာ မွန်းကျပ်ရမှုတွေ လျော့ပါးနေလေပြီ။

ဘာပဲဖြစ်ဖြစ် ဒီဇင်ဘာ(၃၁)ရက်နေ့ညမှာ လာခေါ်ပါ့မယ်လို့ ရွှေကျေး ကတိပေးခဲ့တာကို ယုံပါသည်။ အဲဒီနေ့ရောက်အောင် ရွှေကျေးကို စိတ်ချစွာ စောင့်ရပါမည်။ ရွှေကျေးကိုတွေ့ရင် ပြောရမဲ့စကားတွေ၊ ပြောစရာ အကြောင်းအရာတွေအများကြီးမှ တကယ်ကို အများကြီး ဖြစ်နေပေပြီ။

အိမ်ရောက်တော့ ဆိုင်းဆိုင်း ကော်ပီကူးယူလာသောဒေါ်မိုးမြတ်နွယ်၏ e-mail စာရွက်ရယ် ဆိုင်းဆိုင်း ရေးထားသောစာတစ်စောင်ရယ်ကို စာအိတ်ထဲထည့်ပိတ်၊ တံဆိပ်ခေါင်းအပ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သို့ ...

မဖူးပွင့်"

ဟု အမည်ရေး၊ လိပ်စာတပ်လိုက်သည်။

ဆိုင်းဆိုင်း ရေးလိုက်သော စာကတော့ ...

"ဖူးပွင့်ရေ ...

နင် ငါ့အပေါ် ဘာတွေလုပ်ထားသလဲဆိုတာ နင် သိပြီးသားမို့ အခုစာနဲ့ ပူးတွဲပါလာတဲ့ ဒေါ်မိုးမြတ်နွယ်ရဲ့ e-mail စာ ကော်ပီစာရွက်အကြောင်းကို ရှင်းမပြတော့ပါဘူးနော်။

ငါ ဒီတစ်နှစ်လုံးမှာ အခက်အခဲတွေ၊ စိတ်ဆင်းရဲရမှုတွေ၊ အရှက်တွေ တစ်ပုံကြီး ခံစားရပြီး နာလန်မထူနိုင်အောင် လုပ်ခဲ့ပေမဲ့ နင် ဘာကြောင့် ဒီလိုလုပ်ရသလဲဆိုတာ ငါ သဘောပေါက်ပါတယ်။

အချင်းချင်းပြိုင်လို့ နိုင်ချင်ရင် အဲဒီလို အောက်တန်းကျတဲ့နည်းကို မသုံးတာ အကောင်းဆုံးပဲလို့ အကြံပေးချင်တယ်။

တစ်ခါတလေကျ တစ်ဖက်လူကို မကောင်းတာဖြစ်အောင် လုပ်လိုက်ပေမဲ့ အဲဒီလူဆီမှာ ကောင်းတာတစ်ခု အဖတ်တင်သွားတတ်တယ်လေ။





အဲဒီကောင်းတာ တစ်ခုက ဘာလဲဆိုတာ နင့်ကို ငါ မပြောပြတော့ပါဘူး။

နင့်စိတ်ထဲမှာ အလိုလို သိနေမှာပါ။

ဆိုင်းဆိုင်း

P.S နင်ဟာ ငါ့သူငယ်ချင်း မဟုတ်တော့ဘူး။ ဒီတော့ လမ်းတွေ့ရင်တောင် ငါ့ကိုမခေါ်ပါနဲ့"

ဟူသော စာကြောင်းတွေကို ရေးထားတာဖြစ်သည်။

ဖူးပွင့် ဒီစာကို လက်ခံရရှိချိန်တွင် ဘယ်လိုမျက်နှာအမူအရာမျိုးနဲ့များ ရှိနေမှာပါလိမ့်လို့တော့ ဆိုင်းဆိုင်း သတိတရ မတွေးဖြစ်တော့ပါ။

❀ ✻ ❀



www.burmeseclassic.com

www.burmeseclassic.com








၁၆

(ဖိုင်ဘော(၃၁)ရက် မနက်ခင်း)

ရွှေကျေးတို့ဆိုင်ထဲက အလုပ်သမား ဝန်ထမ်းတွေ အကုန်တက်ကြွ ပျော်ရွှင်နေကြသည်။ အားလုံး သီချင်းတွေလိုက်အော်ဆိုပြီး အလုပ်ကို စိတ်ဝင်တစား လုပ်နေကြလေသည်။

ဘာကြောင့်လဲ ဆိုတော့ ရွှေကျေး မနေ့တည်းက ကြေညာထား၍ပင်။

"မနက်ဖြန် ညဘက် နယူးရီးယားပျော်ပွဲရွှင်ပွဲတွေလည်း လုပ်ကြတာဆိုတော့ မင်းတို့လည်း ပျော်ချင်ကြမှာပဲ။ ဒီတော့ ဆိုင်ကို နေ့တစ်ဝက်ပဲ ဖွင့်မယ်၊ နေ့လယ်နှစ်နာရီဆို ပိတ်မယ်။ ညနေပိုင်း ညပိုင်း မင်းတို့လည်းချင်[illegible] လည်း လည်။ မလည်ချင်ရင်တော့ ဒီမှာပဲ ကာရာ[illegible]ကြ



www.burmeseclassic.com

www.burmeseclassic.com



ဆိုကြ၊ စားကြ သောက်ကြ လုပ်ပေါ့၊ အားလုံး ငါ အကုန်ခံမယ်၊ ဟုတ်ပြီလား၊ ဒီည ပျော်ထားရတယ်၊ ညဥ့်နက်ထားရတယ်ဆိုတော့ မနက်ဖြန်(၁)ရက်နေ့မှာ မနက်အစောကြီးထပြီး အလုပ်လုပ်ချင်ကြမှာ မဟုတ်ဘူးဆိုတာလည်း ငါ နားလည်တယ်၊ ဒီတော့ မနက်ဖြန်ကို ဆိုင်လုံးဝပိတ်ပေးတယ်၊ ဟုတ်ပြီလား"

ရွှေကျေးလည်း လူငယ်တစ်ပိုင်းအရွယ် ဖြစ်တာမို့ ဆိုင်ဝန်ထမ်း လူငယ်လေးတွေရဲ့ စိတ်သဘောကို နားလည်ကာ ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

ဒါကြောင့် အားလုံး ဒီနေ့ နေ့တစ်ဝက်ပဲ ဆိုင်ဖွင့်မည်။ မနက်ဖြန် လုံးဝနားရမည်ဟူသော အသိဖြင့် ပိုပြီးပျော်ရွှင်တက်ကြွနေကြသည်ဟု ထင်သည်။

တကယ်တော့ ရွှေကျေးဟာ သူများတွေကိုပျော်ရ၊ စိတ်ချမ်းသာရအောင်သာ လုပ်ပေးတာ။ တကယ်တော့ ရွှေကျေးအတွက်ကတော့ ဘာမှပျော်စရာမရှိတော့ပါ။ အပျော်တွေ ဆိတ်သုဉ်းသလို ခံစားနေရသည်။

"ရှင့်ကို မချစ်နိုင်ဘူး"

လို့ မဆိုင်းမတွ ပြန်ဖြေလိုက်သော စကားသံတွေ။

"ခဏ ခဏ အဲဒီ 'ချစ်တယ်' ဆိုတဲ့ စကားကို မပြောပါနဲ့ မကြားချင်ဘူး"





လို့ ခါးခါးသီးသီး ကန့်ကွက်သောစကားသံတွေကို အခါခါပင် ပြန်ကြားယောင်မိပြီး ဒီရက်ပိုင်းအတွင်း ကုန်ခဲ့တဲ့ အချိန်တွေဟာ ရွှေကျေးကို ဘယ်လိုမှ စိတ်ချမ်းမြေ့မှု မပေးတော့သလို ခံစားရသည်။

ချစ်တယ် ဆိုသော စကားကို မကြားချင်သူ မိန်းကလေးအတွက် သူ့မှာ ပြောစရာစကားကလည်း အချစ်ကလွဲရင် မရှိတာမို့ သူတို့နှစ်ယောက်ဟာ ဆက်ပြီးဆုံတွေ့စရာ အကြောင်းအရာပင် မရှိတော့။ ဒါပေမဲ့ ဒီတစ်ရက်တော့ သွား တွေ့ရပါဦးမည်။ သူကလေး စိတ်ချမ်းသာ ပျော်ရွှင်ဖို့၊ အနိုင်ရရဖို့ အပြည့်ခံတစ်ယောက်အနေနဲ့ ပါဝင်ဟန်ဆောင်ကူညီပေးရဦးမည်။

ဒီတစ်ရက်ပြီးရင်တော့ ရွှေကျေးလည်း ဒီ့ထက်ပိုပြီး ဆက်မခံစားနိုင်တော့တာမို့ ...

"ကျွန်တော့်ကို သွားခွင့်ပြုပါတော့၊ ဟန်ဆောင်ဘဝနဲ့ ဆက်မနေနိုင်တော့တဲ့အတွက် ဆိုင်းဆိုင်း အနားကနေ သွားခွင့်ပြုပါ"

ဟုအပြီးအပိုင် ခွဲထွက်စကား ပြောဖို့ပင်ရှိတော့သည်။

ဆိုင်းဆိုင်း အနားမှာ နေရလေလေ တကယ်ချစ်ခွင့်မရဘဲ ဟန်ဆောင်ရတာကို ပိုပြီးခံစားရလေလေမို့ နောက်ဆုံးတော့ ရွှေကျေးပဲ အရင်ခွဲထွက်သွားလိုက်တာ အကောင်းဆုံးဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်နှစ်နာရီမှာ ဆိုင်ပိတ်ပြီးတာနဲ့ ရွှေကျေးရော အပုလေးပါ ကိုယ်တိုင်ပါဝင်ပြီး တစ်ဆိုင်လုံး သန့်ရှင်းရေးလုပ်ကြသည်။ သန့်ရှင်းရေးလုပ်ပြီး အားလုံး ရေမိုးချိုး တစ်ရေးအိပ်ခဏနားခိုင်းပါသည်။

အပြင်မှာလုပ်မဲ့ စတိတ်ရှိုးပွဲ ပျော်ပွဲရွှင်ပွဲသွားကြမည့်လူက သိပ်မရှိသလောက်ဖြစ်ပြီး ကိုယ့်ဆိုင်တွင်းမှာပဲ ပျော်ချင်ကြသူများသဖြင့် ဆိုင်ထဲမှာပဲ ကာရာအိုကေဆိုဖို့ ပြင်ဆင်ကြ၊ ဘီယာသောက်ချင်သူတွေသောက်ဖို့ ဝယ်ပြီးရေခဲစိမ်ကြလုပ်ပေးပြီး ညနေစာကိုလည်း တရုတ်စားသောက်ဆိုင်ကြီး တစ်ဆိုင်မှာမှာပေးခဲ့သည်။

ဆိုင်ဝန်ထမ်းတွေ ပွဲစနေတုန်း ရွှေကျေးက နာရီတကြည့်ကြည့်လုပ်ပြီး ထလျှင် ...

"ဟာ ... အစ်ကို၊ မပြန်နဲ့ဦးလေဗျာ၊ နည်းနည်းပါးပါး ဝင်သောက်ပါဦး"

ဟု ဝိုင်းတားကြတော့သည်။

အပုလေးက တဟဲဟဲရယ်ရင်း ...

"မတားကြနဲ့ကွ၊ သူ့ကောင်မလေးနဲ့ ချိန်းထားလို့ သွားတာကွ"

လို့ ပြောလျှင် အားလုံး "အိုး ... ဝိုး"နဲ့ ပြိုင်တူအော်သံတွေ ထွက်လာတော့သည်။





"ဆိုင်ဖွင့်ပွဲတုန်းက တစ်ခါတွေ့လိုက်တဲ့ အစ်မလေးလား"

တစ်ယောက်က အမှတ်တရရှိပြီး ထအော်မေးသည်။

"သူ့မှာ အဲဒီတစ်ယောက်ပဲရှိတာ"

အပုလေးကလည်း အခွင့်သာတုန်း ဝင်ပြောသည်။

"အဲဒီအစ်မလေးက ချောတယ်ဗျ"

ရွှေကျေး အားလုံးကို လက်ပြခဲ့ပြီး ကားသော့ကိုယူကာ ထွက်လာခဲ့သည်။ ရွှေကျေး ဆိုင်ကယ်ကို ရောင်းပစ်လိုက်ပြီး Lite Ace တစ်စီးသာ ထပ်ဝယ်ထားလိုက်ပါသည်။ ဆိုင်အတွက် လိုအပ်ရင်လည်း အသုံးဝင်တာမို့ တခြားဆလွန်းတွေ ဗင်တွေမဝယ်တော့ဘဲ ဒီကားမျိုးသာ ဝယ်ထားလိုက်သည်။ ဒါကြောင့် ဒီနေ့ ဆိုင်းဆိုင်းကို ခေါ်ပြီးသွားလျှင် သူ့မှာ ဆိုင်ကယ်ကြီးနဲ့မို့ ဆိုင်းဆိုင်း မလိုက်ချင်စရာလည်း မရှိတော့။ ကားရှေ့ခန်းမှာ အတူတူ ထိုင်ရုံသာ။

ဒါပေမဲ့ အဲဒီလို အတူတူသွားခွင့်၊ အတူတူတွဲခွင့်တွေဟာ နောက်ဘယ်တော့မှ ရှိလာမှာလဲ မဟုတ်တော့ပါ။ ဒါကိုသာယာပြီး သူ့အနားမှာ ဆက်နေရင် ကိုယ်ပဲ ခံစားပြီးပိုအသည်းကွဲရဖို့ပဲ ရှိတော့တာမို့ ကိုယ့်ဘက်ကပဲ စပြီးဖြတ်ပါမယ် ဆိုင်းဆိုင်းရယ်။

ဆိုင်းဆိုင်းတို့ ရုံးနားရောက်တော့ ရင်ခုန်လာမိပြန်သည်။ ရွှေကျေး သွားမတွေ့ဖြစ်တော့အောင် ကိုယ့်စိတ်ကို

www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပေးပြီး ရုံးဆင်းချိန်တွေမှာ သွားမစောင့်ခဲ့တာ ဆယ်ရက် တောင်ရှိပြီ။ တစ်ခါမှ ဒီလောက်ကြာကြာ မတွေ့ဘဲ မနေဖူးခဲ့ တာမို့ အခုလို ပြန်တွေ့ရတော့ ဆိုင်းဆိုင်းနဲ့ ဆုံရဖို့ကိုတော်တော် ရင်ခုန်ပါသည်။

ရုံးရှေ့ရောက်တော့ အံ့သြသွားသည်။ ဆိုင်းဆိုင်း ကြိုရပ်စောင့်နေ၍ပင်။ ကားကို ထိုးရပ်လိုက်ပေမဲ့ ဆိုင်းဆိုင်းက ရွှေကျေးမှန်း မသိဘဲ ဆက်ပြီးမျှော်ကြည့်နေဆဲ။

ရွှေကျေး ကားတံခါးဖွင့် ဆင်းလိုက်မှ ...

"ဟင် ... ရွှေကျေးပါလား"

ဟု အံ့သြပြီး အနားကို ပြေးလာပါသည်။

"အခုမှ ခုနစ်နာရီကျော်ပဲ ရှိသေးတာ။ ဆိုင်းဆိုင်းတို့ရုံးက ပွဲတောင် ပြီးဦးမယ် မထင်ဘူး။ အခု ပြီးနေပြီလား၊ ရပ် စောင့်နေရတာ တော်တော်ကြာသွားလား"

"ရုံးကပွဲ မပြီးသေးပါဘူး၊ ဆိုင်းဆိုင်း စိတ်မပါတော့လို့ အစောကြီး ဆင်းလာတာပါ"

"ညဘက်ကြီး ရပ်နေတာကွာ၊ တစ်ယောက်တည်း"

"တစ်ယောက်တည်းလည်း ဖြစ်ပါတယ်၊ ကားမှတ်တိုင်ဆီ လျှောက်သွားပြီး ခဏရပ်နေပါသေးတယ်၊ အခုလေးတင်မှ ဒီရုံးဘက် ခဏပြန်လာရပ်တာ၊ ဒါနဲ့ ရွှေကျေးက ဆိုင်ကယ် နဲ့မလာတော့ ဆိုင်းဆိုင်း သတိတောင်မထားမိလိုက်ဘူး"





"ဆိုင်ကယ်ရောင်းပြီး ဒါဝယ်လိုက်တာ"

"ဆိုင်ကယ်ပါလာခဲ့ရင်လည်း ဒီနေ့တော့ ဆိုင်းဆိုင်း လိုက် စီးမယ်လို့ စဉ်းစားထားတယ်"

"ဆိုင်းဆိုင်း ကြောက်တယ်ဆို"

ဆိုင်းဆိုင်းက မဖြေဘဲ ပြုံးနေသည်။ လမ်းမီးတိုင် ရဲ့အလင်းရောင်များ၊ ကားမီးရောင်များနှင့် ဆိုင်တွေဆီ ထွန်းထား သော မီးရောင်တို့မှတစ်ဆင့် မြင်ရသော ဆိုင်းဆိုင်း၏ အပြုံးကို မြင်တော့ ရွှေကျေး ရင်ထဲမှာ တုန်ခါသွားပြီး လွမ်းဆွတ်သွား သည်။ နောက်ဆို ဒီအပြုံးလေးကို မြင်ချင်လို့ မဖြစ်တော့ဘူးလေ။

"သွားကြတော့မလား"

"သွားမယ်လေ"

"ဒါဖြင့် ကားပေါ်တက်လိုက်နော်"

ဆိုင်းဆိုင်း ကားတံခါးကို အသာဆွဲဖွင့် ဝင်ထိုင် လိုက်သည်။ ရွှေကျေး ကားစက်နှိုးပြီး မောင်းထွက်လာခဲ့သည်။

နှစ်ယောက်သား ဘာစကားမှ မပြောဘဲ အကြာကြီး တိတ်ဆိတ်နေပြီးမှ ဆိုင်းဆိုင်း အသံထွက်လာသည်။

"ဆိုင်းဆိုင်း မနေ့ကပဲ ဆုံးဖြတ်လို့ ရသွားတယ်"

"ဘာများလဲ"

"ရွှေကျေးသာ ပါမယ်ဆိုရင် ... ..."



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဆိုင်း ဆက်မပြောသေးဘဲ ရှက်ပြုံး ပြုံးလိုက်မိသည်။ သူက ဘာမှ စ,မပြောဘဲ ငြိမ်နေလာတော့ ကိုယ့်ဘက်ကပဲစပြီး ကိုယ်ပြောချင်တာတွေ ပြောရမှာမို့ ရှက်ဖို့တော့ကောင်းသား။ ဒါပေမဲ့ ဘာမှမပြောလိုက်ပြန်ရင်လဲ သူက ကိုယ့်အနားကနေ အဝေးကို မကြာခင်မှာပဲ ထွက်သွားတော့မှာ သိနေတာမို့ သတ္တိမွေးပြီး ပြောကိုပြောရတော့မှာလေ။

"ဆိုင်ကယ်စီးဖို့ကို ဘာမှကြောက်စရာမရှိဘူးလို့ ထင်တယ်လေ။ ဘေးမှာ ဘယ်လောက်ပဲ အကာအကွယ် မရှိပါစေ၊ လေတိုးလို့ ဘယ်လောက်ပဲ အသည်းတအေးအေးနဲ့ ချမ်းတုန်ရပါစေ ရွှေကျေးက ဆိုင်းဆိုင်းနဲ့ ကပ်ရပ်မှာ ရှိနေတာပဲမို့ မကြောက်တော့ပါဘူးလို့"

ဆိုင်းဆိုင်း ဒီလောက်ပြောပေမဲ့လည်း ရွှေကျေးဆိုတဲ့ ငှ,အကတော့ ချက်ချင်း သဘောမပေါက်ချေ။ သူ့အရင်ကပုံစံအတိုင်း တည့်တည့်မပြောရင် ဒုံးဝေးပြီး ဒီ့ထက်လည်း ပိုမတွေးတတ်သူမို့ ...

"ကျွန်တော်က အဲဒီလောက် အားကိုးထိုက်တဲ့လူ မဟုတ်ပါဘူး ဆိုင်းဆိုင်းရဲ့"

ဟု အလိုက်သင့် ပြန်ပြောလေသည်။

ဆိုင်းဆိုင်း ဖြစ်စေချင်တာက ဒီလောက်လေး အရိပ်ပြရင် အကောင်မြင်ပြီး ဝမ်းသာအားရ လှည့်ကြည့်လိုက်စေချင်





တာပါ။ အခုတော့ သူက ကားကိုပဲ သဲကြီးမဲကြီးမောင်းပြီး စိတ်နဲ့လူနဲ့ မကပ်တဲ့ အသံကြီးနဲ့ ပြန်ပြောတာတဲ့။ ဘယ်လောက်မှန်းစရာကောင်းလိုက်လဲဆိုတာ။

မီးပွိုင့်ရောက်သောအခါ ရွှေကျေးက ကွေ့မဲ့လိုင်းယူဖို့ အချက်ပြလျှင် ဆိုင်းဆိုင်းက အလျင်အမြန်ပဲ ...

"မကွေ့နဲ့တော့ ရွှေကျေး။ တည့်တည့်ပဲ သွားရအောင်"

ဟု ပြောလိုက်လျှင် ရွှေကျေးက မရိပ်မိသေး။

"ပိုင်ပိုင်တို့အိမ် သွားမဲ့လမ်းက ဒီဘက်ကွေ့သွားမှ ရောက်မှာလေ။ တည့်တည့်ဆို မရောက်တော့ဘူး"

"တည့်တည့်ပဲ သွားမယ်"

"ဘာဖြစ်လို့လဲ၊ သူတို့ အဲဒီမှာ ပါတီမလုပ်ဖြစ်ဘဲ တခြားပြောင်းသွားလို့လား"

"မဟုတ်ဘူး"

"ဒါဖြင့် ဘာကြောင့်လဲ"

"ဆိုင်းဆိုင်းတို့ အဲဒီပါတီကို မသွားတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်"

ရွှေကျေးမှာ နားမလည်နိုင်အောင်ဖြစ်ပြီး ဆိုင်းဆိုင်းကို အခုမှပဲ လှည့်ကြည့်တော့သည်။

"ဆိုင်းဆိုင်း အိမ်ပဲပြန်တော့မှာပါ။ အိမ်အထိ လိုက်ပို့ပေးပါနော်။ အဖေ အမေတို့နဲ့ တွေ့ရအောင်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ၊ ဆိုင်းဆိုင်းပဲ ဒီရက်ရောက်အောင် စောင့်ခဲ့ရတာလေ။ ဒီပွဲသွားမှ ဆိုင်းဆိုင်း မဖူးပွင့်ကို ပြောချင်တာတွေပြောပြီး အနိုင်ယူနိုင်မှာလေ"

"ဟင့်အင်း ... ဆိုင်းဆိုင်း အခုချိန်မှာ နိုင်ကာတွေ ရှုံးတာတွေ မမက်မောတော့ပါဘူး"

ရွှေကျေးမှာ ဆိုင်းဆိုင်း၏ စိတ်အပြောင်းအလဲကို လိုက်မမီ။ နားလည်းမလည်နိုင်ဘဲ အကဲခတ်ရလည်း ခက်နေသည်။ ဆိုင်းဆိုင်း အလိုကျ တည့်တည့်လမ်းကိုသာ မောင်းလာရသည်။ အခုထိ ဆိုင်းဆိုင်း ပြောနေသော စကားတွေ၏ တည့်တည့်အဓိပ္ပာယ်ကို သူ လုံးဝမသိသေး။ အဖြေရှာမရသေး။ ဘာကြောင့်အဖေ၊ အမေနဲ့ ပေးတွေ့သလဲ မသိသေး။

ဆိုင်းဆိုင်းသည် ရွှေကျေး ခဏ ခဏ လှည့်ကြည့်နေသည်ကို သတိပြုမိပြီး ...

"သိပ်လှည့်မကြည့်နဲ့၊ ကားတိုက်မိနေဦးမယ်"

ဟု ပြုံးစစလေး ပြောမိသည်။

"လှည့်ကြည့်ချင်တာပေါ့၊ ဆိုင်းဆိုင်း ဘာတွေလုပ်နေမှန်း ကျွန်တော် လုံးဝမနားမလည်တော့ဘူး။ ဒီတစ်ခါတော့ ကျွန်တော်တုံးတာ၊ အ,တာတော့ မဖြစ်နိုင်ဘူး။ ဆိုင်းဆိုင်းက သိပ်ပဟေဠိလုပ်နေတာပါ"

"ပဟေဠိ မလုပ်ပါဘူး"





"ပဟေဠိ မလုပ်ရင်လည်း ကျွန်တော် ချက်ချင်း နားလည်မဲ့ စကားတစ်ခုကိုပဲ ရွေးပြောပါလား ဆိုင်းဆိုင်းရယ်"

"ကဲ ... ဒါဖြင့် စကားတစ်ခွန်း ပြောမယ်၊ အဲဒီစကားမှ နားမလည်ရင် ရွှေကျေး ဘယ်တော့မှ ဆိုင်းဆိုင်းကို နားလည်မှာ မဟုတ်တော့ဘူး"

ဒီတစ်ခါတော့ ရွှေကျေး တကယ့်ကို အာရုံစိုက်ပြီး နားထောင်လိုက်ဟန်ဖြင့် ကိုယ်ကို အနည်းငယ်စောင်း၊ နားကို ဒီဘက်ပိုတိုးလိုက်ပါသည်။

"မနေ့က ဖူးပွင့်ဆီကို စာရေးပြီး ပို့လိုက်တယ်၊ အဲဒီမှာ ဘာပါလဲဆိုတော့ ဖူးပွင့် လုပ်ကြံဖန်တီးခဲ့တာတွေ ဆိုင်းဆိုင်း သိပြီးပြီဆိုတဲ့ အကြောင်းပေါ့၊ ဩော် ... တစ်ခုဖြတ်ပြောရဦးမယ်၊ ဓာတ်ပုံတွေကို ဒေါ်မိုးမြတ်နွယ် e-mail ကို ပို့တာ ဖူးပွင့်ပဲလို့ ဒေါ်မိုးမြတ်နွယ် ကိုယ်တိုင် ဆိုင်းဆိုင်းကို အသိပေးတယ်လေ။ အဲဒါကြောင့် ဆိုင်းဆိုင်း သိပြီးပြီဆိုတာ သူ့ဆီ စာရေးတယ်"

ဆိုင်းဆိုင်း စကားခဏရပ်သွားတော့ ရွှေကျေးတစ်ယောက် ကမ္ဘူးရှူးထိုးနဲ့ ...

"ဒါလား ... အဲဒါလား ... ကျွန်တော့်ကိုပြောမဲ့ စကားတစ်ခွန်းက အဲဒါလား။ ဟာ ... ဒုက္ခပါပဲဗျာ၊ အဲဒါလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နားလည်ပေမဲ့ ဆိုင်းဆိုင်း ပြောချင်တဲ့ အဓိပ္ပာယ်က ဒီအကြောင်းအရာနဲ့ မဆိုင်ဘူးလို့ ထင်တယ်"

ဟူ၍ ဝင်ပြောတော့သည်။ သူ ဘာမှနားမလည်သေး၍ တော်တော်လည်း စိုးရိမ်နေဟန်ရှိပါသည်။

"အဲဒါ မဟုတ်ပါဘူး"

"အံမယ်လေး... တော်ပါသေးရဲ့၊ ကဲ ... ဒါဖြင့် ဘာများလဲ"

"ဆိုင်းဆိုင်း ဖူးပွင့်ကို ရေးလိုက်တဲ့ စာကြောင်းတစ်ကြောင်း ရှိတယ်လေ၊ အဲဒီစာထဲက စာကြောင်းတစ်ကြောင်းကတော့ နင်က ငါ့အပေါ်မှာ မကောင်းတာတွေ အများကြီးကြုံပြီး စိတ်ဆင်းရဲရအောင် လုပ်ခဲ့ပေမဲ့ အဲဒီမကောင်းတာ အများကြီးထဲမှာ ငါ့ဘဝအတွက် ကောင်းတာတစ်ခုကို ရလိုက်ပြီး ငါ့တစ်သက်လုံး စိတ်ချမ်းသာစေခဲ့တဲ့ တစ်ခုကို ပိုင်ဆိုင်ရလိုက်တယ်လို့လေ၊ ကဲ ... အဲဒါပဲ၊ ဆိုင်းဆိုင်း ပြောချင်တာ အဲဒါပဲ"

ရွှေကျေး ဘာမှန်းမသိဘဲ စဝေစဝါဖြင့် မျက်မှောင်ကြုတ်ပြီး တွေးနေပါသည်။

ဒီသလိုလို၊ မသိသလိုလိုနဲ့၊ ဒါပေမဲ့ သိလိုက်တဲ့ အရာကိုလည်း အတည်မပြုရဲသလို ဖြစ်နေပြန်သည်။

"မသိဘူး မဟုတ်လား"





"အခုထိ ပဟေဠိလုပ်တုန်းပဲ"

"မလုပ်ပါဘူး ရွှေကျေးရယ်။ ဒါ လုံးဝပဟေဠိဆန်တဲ့ စကားလည်း မဟုတ်ပါဘူး။ ရွှေကျေး သိမှာပါ"

ဆိုင်းဆိုင်းသည် ရင်ထဲမှလာသော အသံဖြင့် ...

"ရွှေကျေးနဲ့ ဆုံစည်းရတာဟာ ဆိုင်းဆိုင်း ရရှိလိုက်တဲ့ အကောင်းဆုံး အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့ပြီး ရွှေကျေး ဆိုင်းဆိုင်း အနားမှာ အမြဲရှိနေမယ်ဆိုရင် ဘဝတစ်သက်လုံး သိပ်စိတ်ချမ်းသာစရာ အကောင်းဆုံး ဖြစ်နေမယ်လို့ ပြောပြနေတာပါ ရွှေကျေးရယ်"

ဟု လှိုက်လှဲတမ်းတစွာ ပြောလိုက်ပါသည်။

ထိုစကားသံသည် ရွှေကျေး၏ ရင်ထဲကို နွေးထွေးစွာ စီးဝင်သွားလျက် ရင်ခုန်သံတွေကို ပြန်ပြီး အဓိပ္ပာယ်ရှိလာစေတော့မှာဖြစ်ကြောင်း ရွှေကျေး နားလည်သွားနိုင်ခဲ့ပါပြီ။

✻



www.burmeseclassic.com

www.burmeseclassic.com



(အဓိပ္ပာယ်ရှိတဲ့ ရင်ခုန်သံ)

"သူတို့နှစ်ဦးဟာ အဓိပ္ပာယ်ရှိနေခဲ့တဲ့
ရင်ခုန်သံပိုင်ရှင် အသီးသီးအဖြစ်နဲ့
တစ်ဦးလက်ကို တစ်ဦး မြဲမြဲတွဲလို့"

BURMESE CLASSIC .com




ရှင်မိုး

(ဆေးတက္ကသိုလ်)
19th January
Saturday
2008.

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com